DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

# နိယျာနိကသာသနာ

နှင့်

# ဖြစ်ဒေသနာများ


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်မှ တင်ဆက်သည်။

# နိယျာနိကသာသနာ
## နှင့်
# မြတ်ဒေသနာများ

အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ (Ph.D)

TYping - Nyein

PDF & Proof - ရေဘဲ

1-Jan-2013

http://mmteashop.com

## မာတိကာ

၁။ နိယျာနိကသာသနာ

၂။ အစွမ်းတန်ခိုးများနှင့် သာသာန

၃။ ၁၂-နှစ်ကြာအဖြေရှာခဲ့ရသောမေးခွန်းများ

၄။ ဒက္ခိဏဝိဘင်္ဂသုတ် အနှစ်ချုပ်

၅။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်

http://mmteashop.com

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၂)ရက်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပေါင်းလည်းတိုက်၊ မဟာအောင်မြင် ရွှေသာလျောင်းဓမ္မဗိမာန်တော် အတွင်းဆင်ယင် ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ မန်းမြို့ဈေး၊ သီရိရွှေစင် ရွှေဆိုင်၊ သုဓမ္မမဏ္ဍာဇေတရေ ဦးအောင်နိုင်ဆွေ၊ သီရိသုဓမ္မသီဂီ ဒေါ်မြင့်မြင့်နွယ်၊ သားမောင်ဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော် မိသားစုတို့၏ အမတဒါနဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော "**နိယျာနိကသာသနာ**" အကြောင်းတရားဒေသနာတော်။



http://mmteashop.com

## နိယျာနိကသာသနာ

ရှေးတုန်းက "နိယျာနိက သာသနာတော်မြတ်ကြီးနှင့် ကြုံတွေ့သည့် အခါမှာ" စသဖြင့် မြန်မာစာပေမှာ နိယျာနိက သာသနာဆိုတဲ့ အသုံးရှိတယ်။ ယနေ့ခေတ် ဘာသာတရားတွေမှာ သူကလည်းသာသနာ၊ ကိုယ်ကလည်း သာသနာဆိုပြီး သာသနာဆိုတဲ့ နာမည်ကို အသုံးပြု ဖော်ပြကြတယ်။

အဲဒီသာသနလို့ ဖော်ပြကြတဲ့ ဘာသာတရားတွေထဲမှာ ဗုဒ္ဓမြတ်စွာရဲ့ သာသနာက တခြားဘာသာတွေနဲ့ မတူတဲ့ **နိယျာနိကသာသနာ** ဖြစ်တယ်လို့ ဒီလို မှတ်ရမယ်။ **နိယျာနိက**နဲ့ **အနိယျာနိက**ဆိုတဲ့ ဒီစကားလုံးနှစ်လုံးဟာ ပါဠိစကားဖြစ်သည့် အတွက်ကြောင့် မြန်မာလိုအဓိပ္ပာယ် ရှင်းအောင် ပြောကြားရမယ် ဆိုရင် **နိယျာနိက** ဆိုတာ တကယ်လုပ်ရင် တကယ်ဖြစ်တဲ့ အဆုံးအမ ဩဝါဒလို့ ဒီလိုဆိုလိုတယ်။

အဲဒီတော့ မှန်ကန်တဲ့ အဆုံးအမ ဩဝါဒသည်သာလျှင် တကယ်လုပ်လျှင် တကယ်ဖြစ်တယ်။ မှားယွင်းတဲ့ အဆုံးအမ ဩဝါဒတွေ လိုက်နာပြီး လုပ်မိလို့ရှိရင် ကိုယ့်ရည်ရွယ်ချက်အတိုင်း ဖြစ်ချင်မှ ဖြစ်တယ်။ မြတ်စွာဘုရား သာသနာတော်ကတော့ ဒီလိုမဟုတ်ဘူး။ ဘုရားအဆုံးအမ၊ အေးဒါနကောင်းမှု ပြုရင် ဘယ်လိုအကျိုး ရတယ်၊ သီလဆောက်တည်ရင် ဘယ်လိုအကျိုးရတယ်၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ်ရင် ဘယ်လိုအကျိုးရတယ်၊ ဘယ်ကုသိုလ်က ဘယ်လိုအကျိုး ရတယ်ဆိုတာ ဟောပြထားတဲ့အတိုင်း တကယ် လိုက်နာပြီးလုပ်တဲ့ ပုဂ္ဂိုလ်တွေဟာတကယ် အကျိုးရနိုင်တယ်။ **"နိယျာတိတိနိယျာနိကော"** မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ တကယ့်ကို သံသရာဝဋ်က သတ္တဝါတွေကို ထုတ်ဆောင် ကယ်တင်ပေးနိုင်မယ့် သာသနာဖြစ်တယ်။ လိုက်နာကျင့်သုံးရင် တကယ်ဖြစ်တယ်၊ ဒီအဓိပ္ပာယ်မျိုးရှိတယ်။

**အနိယျာနိကသာသနာ**လို့ဆိုတာ သာသနာလို့ ခေါ်ပေမယ့်လို့ တကယ်လုပ်လဲ ဖြစ်တာမဟုတ်ဘူး။ မျှော်မှန်းချက် အတိုင်းဘယ်တော့မှ ရောက်မလာဘူး။ မှားယွင်းစွာ ညွှန်ပြထားတဲ့ အဆုံးအမတွေကျတော့ သူတို့ ပြောတဲ့အတိုင်း ရောက်ချင်မှ ရောက်မယ်။ ဥပမာမယ် ဒီကောင်းမှုလုပ်ရင် ထာဝရဘုံဗိမာန်နဲ့ ထာဝရနိဗ္ဗာန်မှာ စံစား ခံစား ရမယ်လို့ ဒီလိုပြောထားတာ။ အဲဒီလိုပြောထားလို့ တကယ်လုပ်ပြီဆိုလို့ရှိရင် ထာဝရဗိမာန် မရောက်ဘဲနဲ့ ထာဝရငရဲ ရောက်သွားတာမျိုးတွေ ရှိသေးတယ်။

အဲဒီလိုပြောတဲ့အတိုင်း ထုတ်ဆောင်နိုင်စွမ်း မရှိတဲ့ သာသနာမျိုးကို **"အနိယျာနိကသာသနာ"** လို့ခေါ်တယ်။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာသာသနာတော်က သာသနာလို့ ဆိုတဲ့ အထဲမယ် နိယျာနိကသာသနာ။ မြတ်စွာဘုရားက ထိုထိုသုတ္တာန်တွေထဲ ဟောလေ့ရှိတယ်။ **"နိယျတိတက္ကရဿ သမ္မာဒုက္ခဿ အန္တကိရိယာယ"** ဟောထားတဲ့အတိုင်း လိုက်နာကျင့်သုံးရင် တကယ့်ကိုဒုက္ခ အဆုံးသတ်ဖို့၊ တကယ့်ကို စစ်မှန်တဲ့ နည်းလမ်းအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်လို့ရှိရင် တကယ့်ကို ဒုက္ခဟာ အဆုံးသတ်ဖို့အတွက် ဒီတရားတော်က ထုတ်ဆောင်ပေးနိုင်တယ်လို့ ဒီလိုဆိုတာနော်။

အဲဒီတော့ ထုတ်ဆောင်ပေးနိုင်ပုံ ကြည့်လေ။ အားလုံးသိကြတဲ့ ဇာတ်လမ်းကိုပြောမယ်။ **"ပဋာစာရီ"**ဆိုတဲ့ သူဌေးသမီးဟာ ကံမကောင်း အကြောင်းမလှ ဖြစ်ရှာတယ်။ အိမ်ထောင်ရေးလည်း ကံမကောင်းဘူး။ အိမ်ထောင်ရေး ကံမကောင်းရုံတင်မကဘူး "ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ" ဆိုတဲ့ အတိုင်း တစ်လမ်းလုံး ဒုက္ခတွေ ရောက်ပြီးမိမိရဲ့ အိမ်ထောင်ဘက်ကလည်း မြွေကိုက်လို့သေ၊ လမ်းမှာ မွေးဖွားလာတဲ့ သားလေးနဲ့ လူမမယ် သားလေး နှစ်ယောက်ကလည်း လမ်းမှာတင် ဆုံးသွားတယ်။ အားကိုးစရာမဲ့လို့ အိမ်ပြန်လာတယ်။ အိမ်မှာရှိတဲ့ အားကိုးရမယ့် အဖေ၊ အမေ၊ မောင်ကလည်း ကံမကောင်း အကြောင်းမလှလို့ တစ်ရက်ထဲမှာ ဆုံးသွားတယ်။ သူ့ဘဝဟာ နောက်လှည့်ကြည့် ဘာမှ မရှိတော့တဲ့ အနေအထား။ ဒီလို အခြေအနေမျိုးကြုံသူမှ မရူးရင် ဘယ်သူ ရူးမလဲပေါ့။ အဲဒီလောက်ထိအောင် စိတ်ဆင်းရဲစရာတွေ ကြုံရတယ်။ အဲဒီလို စိတ်ဆင်းရဲမှုတွေက လွတ်မြောက်အောင် လုပ်ဆောင်ပေးနိုင်တယ်ဆိုတာ မြတ်စွာဘုရား သာသနာတစ်ခုပဲရှိတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ရဲ့ တရားဓမ္မအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ ပထမဘုရားနဲ့တွေ့တော့ စိတ်သက်သာရာရတယ်၊ နောက်တစ်ခါ မြတ်စွာဘုရားက စိတ်သက်သာရအောင် ဘယ်လို တွေးခိုင်းတာလဲဆိုတော့ အားလုံး သိကြတဲ့အတိုင်း "ဒီဘဝမှာ ပျက်စီး ဆုံးရှုံးရတယ် ဆိုတာတဲ့ တစ်အိမ်ထောင်ထဲလဲ မဟုတ်ဘူး၊ မိသားစုတစ်စုထဲလဲ မဟုတ်ဘူး ၊ လောကကြီးတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ တရားဖြစ်တယ်ပေါ့။ ဒါတွေလိုက်တွေးပြီး စိုးရိမ်နေမယ်ဆိုရင် လောကကြီးမှာမသေတဲ့ ပုဂ္ဂိုလ်၊ အခုလိုဗျသနတရားတွေနဲ့ မကြုံတဲ့ ပုဂ္ဂိုလ်လို့ လောကကြီးမှာရှိမှ မရှိတာ။ မကြုံသေးတဲ့ ပုဂ္ဂိုလ်သာရှိတာ၊ မကြုံရမယ့် ပုဂ္ဂိုလ်ဆိုတာ မရှိနိုင်ဘူးနော်။

အဲဒီတော့ မကြုံသေးတဲ့ ပုဂ္ဂိုလ်သာ ရှိတာကို ကြည့်ပြီး လူတိုင်းလူတိုင်းဟာ ကြုံရတဲ့ဟာအတွက် စိုးရိမ်သောက ရောက်နေမယ် ဆိုလို့ရှိရင် ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာမှု ရနိုင်မလဲလို့ဆိုတဲ့ မြတ်စွာဘုရားရဲ့ စိတ်ရဲ့ ဖြေရာအဆုံးအမ ဩဝါဒလေးနဲ့ပဲ စိတ်ချမ်းသာမှု ရသွားတယ်။ အဲဒီစိတ်ချမ်းသာမှု ရသွားတာလေးကို အခြေခံပြီး သတိပဋ္ဌာန် တရား ကျင့်ကြံ ပွားများလိုက်တဲ့ အခါမှာ နောက်ဆုံးမှာ သောကဆိုတာ အမြစ်အငုတ်ပါ မကျန်တော့ဘူး၊ လုံးဝချမ်းသာသွားတဲ့ အဆင့် ရောက်သွားတယ်ပေါ့ နော်။ ဘယ်လိုဒုက္ခတွေ ကြုံကြုံ သောကဆိုတာ မလာတော့ဘူး။

လောကမှာ ဘုန်းကြီးတို့တစ်တွေ စဉ်းစားထားရမှာသောက ဖြစ်စရာဆိုတာလောကထဲမှာ ရှိရင် မကြုံဘူးလို့ ပြောလို့မရဘူး။ အဲဒီတော့ ကိုယ်လုပ်နိုင်တာက ဘာလဲ ဆိုရင် ဖြစ်လာတဲ့ သောက ဘယ်လို ဖြေဖျောက်မလဲ၊ ဒါက အဓိကကျတယ်ပေါ့။ ဖြစ်လာတဲ့သောကကို ဖြေဖျောက်ဖို့အဓိက။ ဘဝတစ်ခု ရလာပြီဆိုရင် မအိုအောင်လဲ လုပ်လို့မရဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ ဘုန်းကြီးတို့ တစ်တွေရထားတဲ့ ခန္ဓာကိုယ်က အိုမယ့် ခန္ဓာ၊ နာမယ့် ခန္ဓာ၊ သေမယ့် ခန္ဓာပဲ။ အိုနာသေရေးလွတ်ဖို့ ကြိုးစားလို့ရှိရင် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒီတော့ ဘာကို ကြိုးစား ရမလဲဆိုရင် သဘာဝတရားကြီးပေါ် လိုက်ပြီစိတ်ပူပန် နေတာကိုဘုန်းကြီးတို့ တစ်တွေဟာ ဖျောက်နိုင်အောင် ကြိုးစားဖို့ပဲ။

myanmar tea shop www.mmteashop.com

အေး၊ ဒါကြောင့် မြတ်စွာဘုရား တရားတော်က တကယ် နှလုံးသွင်းလိုက်ပြီဆိုရင် တကယ် လုပ်ဆောင်ပေးတယ်၊ ဆွဲထုတ်ပေးတယ်။ စိတ်ရဲ့ အခက်အခဲတွေ၊ စိတ်ရဲ့ ပူပန် သောကတွေထဲက ဆွဲထုတ်ပေးတယ်။ ငိုကြွေးနေရတဲ့ အနေအထားထဲက ဆွဲထုတ်ပေးတယ်။ **ဒုက္ခဒေါမနဿ**တွေထဲက ဆွဲထုတ်ပေးတယ်တဲ့။ နှလုံးသားတွေဟာ ပူလောင်ပြီးတော့ တပူပူ တပင်ပင် ဖြစ်နေတဲ့ အပူသည်ဘဝက ဆွဲထုတ်ပေးနိုင်တာ ဒါ ဘုရားတရားတော်ရဲ့ ခွန်အားပေါ့။ အဲဒါကို ပြောတာ၊ **နိယျာနိက** ဆိုတာ။

ဒီဘဝမှာ စိတ်ဆင်းရဲမှုတွေက ဆွဲထုတ် လိုက်သလို နောက်ဆုံးမှာ အိုခြင်း၊ နာခြင်း၊ သေခြင်းလို့ဆိုတဲ့ ဒီခန္ဓဒုက္ခတွေက ဆွဲထုတ်လိုက်ပြီး နိဗ္ဗာန်ထိအောင် ပို့ဆောင် ပေးနိုင်သေးတယ်ပေါ့။ ခန္ဓာ မရှိတော့ဘူးဆိုရင် ခန္ဓာနဲ့ ပက်သတ်တဲ့ဒုက္ခ ရှိပါဦးမလား၊ မရှိဘူး။ အဲဒီ ဒုက္ခက လွတ်ချင်လို့ ရရဲ့လားဆိုတော့ နည်းစနစ်အတိုင်း မကျင့်သုံးရင် ဘယ်လိုမှ မရနိုင်ဘူးပေါ့။ မှန်ကန်တဲ့ နည်းစနစ်နဲ့မှ ဒီခန္ဓာက လွတ်ကင်းနိုင်မယ်။ မြတ်စွာဘုရားက တိတိကျကျ ဒီသာသနာတော်မှာ ဟောထားတယ်။ "**ဥပဓိ ဒုက္ခဿ မူလံ**" ဒီနေရာမှာ ဥပဓိ ဆိုတာ ခန္ဓာပဲ။ ခန္ဓာရှိနေလို့ရှိရင် ဒုက္ခရှိမယ်ပေါ့။

အဲဒီခန္ဓာကို ဘယ်သူက ထုတ်လုပ်နေတာတုန်း ဆိုတော့ နန္ဒီလို့ခေါ်တဲ့ တွယ်တာမှု တဏှာက ထုတ်လုပ်နေတာ။ အဲဒီ တွယ်တာမှု တဏှာကို ဖယ်လိုက်လို့ ရှိရင် ဒုက္ခ အစုအဝေးကြီး ဖြစ်တဲ့ ဒီခန္ဓာဟာ နောက်ထပ် မလာတော့ဘူး။ ဒုက္ခက လွတ်သွားတာတဲ့။ အဲဒီလို ထုတ်ဆောင်ပေးနိုင်တဲ့ သာသနကို **နိယျာနိကသာသန**လို့ခေါ်တယ်။

ဒီကနေ့ခေတ်မှာ ဘုန်းကြီးတို့ တစ်တွေ နားမယောင်ကြဖို့ အရေးကြီးတယ်။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ဟောဒီ မန္တလေးမှာပဲ မှတ်မိသေးတယ်။ မျက်စေ့အထူးကု ဆရာဝန်တစ်ယောက်ကို သွားပြတယ်။ သူက ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ ဘာသာခြား။ ဘုန်းကြီးတို့က ငယ်သေးတော့ ဘာသာတရားအကြောင်းလဲ ကောင်းကောင်း မသိ သေးဘူးပေါ့နော်။ သူက ဘာတွေလာပြောတုန်း ဆိုတော့ လောကမှာ ဘုရားဆိုတာ တစ်ဆူပဲရှိတယ်။

သူပြောလိုတဲ့ ဘုရားက ဂေါတမဗုဒ္ဓကိုပြောတာ မဟုတ်ဘူးနော်။ ကမ္ဘာမှာ ဘုရားဆိုတာ တစ်ဆူပဲရှိတယ်၊ ပြောချင်တဲ့ ဘုရားက ဘာတုန်းဆို God ဆိုတဲ့ ဘုရားပဲပေါ့။ အဲဒီ God ဆိုတဲ့ ဘုရားကို မြင်ဖူးတဲ့ ပုဂ္ဂိုလ် ဘယ်သူမှ မရှိဘူးပေါ့နော်။ အဲဒီ ဘုရားကလဲ တစ်ခါမှ သူတို့ကို တရားဟောတာလဲမရှိဘူး။ အေး၊ တမန်က တစ်ဆင့် ဘုရားသခင်က ပြောတယ်လို့ဆိုတယ်။ ကဲ၊ ဘုရားသခင်က ပြောတာ ဘယ်သူ ကြားသလဲလို့ မေးလို့ရှိရင် ဘယ်သူမှ ကြားတဲ့လူမရှိဘူးနော်။ အဆင့်ဆင့် ပြောလာတာဟို လက်ညှိုးထိုး ဒီလက်ညှိုးထိုးနဲ့ နောက်ဆုံးကျတော့ မရှိတဲ့ လမ်းကြောင်းပေါ် ရောက်သွားတာပဲ။ တရားခံ လက်သည် ရှာမရတဲ့ လမ်းကြောင်းပေါ် ရောက်သွားတာပဲ။ ဘယ်သူမှ သိတာမဟုတ်ဘူး။

ဘုန်းကြီးတို့တစ်တွေ ကိုးကွယ်နေကြတဲ့ ဗုဒ္ဓမြတ်စွာဆိုတာ ဒါမျိုးမဟုတ်ဘူးလေ။ လူသားထဲက တရားကျင့်ပြီး ထူးထူးခြားခြား အသိဉာဏ်တွေရလို့ မှန်ကန်တဲ့ လမ်းစဉ် တစ်ခု ချမှတ်ပြီး ဒုက္ခတွေ အဆုံးသတ်ရေးကို ဟောပြောတာ။ အဲဒီလို ယုံကြည် စိတ်ချရတယ်။ သူပြောတာလဲ မဟုတ်ဘူး၊ ကိုယ်ပြောတာလဲ မဟုတ်ဘူး၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အတိအကျ ဟောထားတာ ရှိတယ်လေ။ "**သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေမိ**" ကိုယ်တိုင်သိပြီးတော့ ကိုယ်တိုင်လက်တွေ့ကျင့်သုံးပြီးတော့မှ အတွေ့အကြုံအတိုင်း ဟောပြောတာပါတဲ့။ အစဉ်အလာ traditionကို ဟောပြောတာလဲ မဟုတ်ဘူး၊ စာအုပ်ထဲပါလို့ ဟောတာလဲ မဟုတ်ဘူး၊ စိတ်ကူးပြီးတော့ အကြံရလို့ ဟောတာလဲ မဟုတ်ဘူးတဲ့။ ဟော၊ တစ်ဆင့်စကား ဘယ်တမန်က ပြောလို့ ဆိုတာလဲ မပါဘူး၊ အဲဒီတော့ လက်တွေ့ ကျင့်သုံးတယ်၊ မြတ်စွာဘုရား ကိုယ်တိုင်ကို အာမခံချက် ပေးတယ်လေ။ ငါဟောတဲ့အတိုင်း လိုက်နာ ကျင့်သုံးမယ်ဆိုရင် "**သန္ဒိဋ္ဌိကော**" မင်းတို့ ကိုယ်တိုင် သိနိုင်တယ်လို့ ဟောတာ။ ဒီထက်ကောင်းတဲ့ warranty ဘယ်မှာရှိမလဲနော်။ ကိုယ်တိုင် လုပ်ကြည့်ရင် ကိုယ်တိုင်ရမယ်ဆိုတာ warranty ပဲပေါ့။ အဲဒါကြောင့် ဒီသာသနာကို "**နိယျာနိက သာသနာ**" လို့ခေါ်တာ။

တစ်ခါတလေ အသံတူတာတွေ ခုခေတ်မှာ တော်တော်များတယ်။ သူကလည်း သာသနာ၊ ငါကလည်း သာသနာ၊ သူကလည်း သာသနာရေး၊ ငါကလည်း သာသနာရေးနော်။ သူကလည်း ဘုရား။ ဘုရားဆိုတာ အတူတူပါပဲလို့ ပြောတဲ့လူကလည်းပြောတယ်။ သူတို့လည်း ဥပုသ်စောင့်တယ်၊ ကိုယ်လည်း ဥပုသ်စောင့်တယ်။

ဘုန်းကြီးတို့တစ်တွေ သတိထားရမှာက "အသံတူပေမယ့် အဓိပ္ပာယ်တူရဲ့လား" ဆိုတာကို သတိထားဖို့လိုတယ်။ အဲ၊ အသံကတော့ တူလိမ့်မယ်၊ သူကလည်း ကမ္မဋ္ဌာန်း အားထုတ်တယ်၊ ကိုယ်ကလည်း ကမ္မဋ္ဌာန်း အားထုတ်တယ်၊ သူကလည်း ပုတီးစိပ်မယ်၊ ကိုယ်ကလည်း ပုတီးစိပ်မယ်၊ သူကလည်း ဘုရား ဂုဏ်တော်ပွားမယ်၊ ကိုယ်ကလည်း ဘုရားဂုဏ်တော် ပွားမယ်။ ဟော၊ သေသေချာချာကြည့်ရင် မသိတဲ့ သာမန် ပုဂ္ဂိုလ်တွေကတော့ ဘာသာရေးဟာ အတူတူပဲလို့ ဒီလိုထင်သွားမယ်။ အင်မတန်မှ ကွဲပြားခြားနားမှုတွေ ရှိတယ်။ အခြေခံ ကွဲပြားခြားနားမှုကို မသိရင် ရောယောင်ပြီး ဘာသာရေး ဆိုတာ အတူတူပဲလို့ ထင်မှာပဲ၊ မဟုတ်တာကို အဟုတ်ထင်ပြီး လုပ်မိလို့ရှိရင် ဒုက္ခရောက်မယ်၊ အဲဒီတော့ လုံးဝ မတူဘူးဆိုတာ အနှစ်သာရပိုင်းကို ကြည့်ရမယ်။

ဥပုသ်စောင့်တာ တစ်ခုပဲကြည့်လေ။ ဘုန်းကြီးတို့ "**ဥပုသ်စောင့်ခြင်း အဓိပ္ပာယ်**" ဆိုတာ အရင်တုန်းက ဟောထားဖူးတယ်။ အဲဒီ ဥပုသ်စောင့်တယ် ဆိုတာကိုက အင်မတန်မှ ကွာခြားတယ်။ ဗုဒ္ဓဘာသာတွေ ဥပုသ်စောင့်တယ်ဆိုတာက ကိုယ်ကျင့် တရားနဲ့ နေထိုင်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ကိုယ်ကျင့်တရားကို ကျင့်သုံးပြီး နေထိုင်ခြင်းကသာ ဥပုသ်၊ အစားမစားရုံ သက်သက်မဟုတ်ဘူး၊ လူတွေက ညနေစာ ထမင်း မစားတာလေးကို ဥပုသ်လို့ ထင်နေတာနော်။ ကိုယ်တည်ဆောက်ထားတဲ့ ကိုယ်ကျင့်တရား၊ ကိုယ်ရဲ့ အဓိဋ္ဌာန်ချက်။ "ဒီကနေ့ ငါဘာမလုပ်ဘူး၊ ဘာလုပ်ခြင်းမှ ရှောင်မယ်" ဆိုတဲ့ အဲဒီ ရှောင်ကြဉ်တဲ့ အချက်တွေက အဓိက။ ရှစ်ပါးသီလ ဥပုသ်စောင့်တယ် ဆိုတာ ကြည့်၊ "ဒီကနေ့ သူများ အသက်သတ်ခြင်းမှ ရှောင်မယ်၊ သူများ ဥစ္စာခိုးခြင်းမှ ရှောင်မယ်၊ သူများသားမယား ပြစ်မှားခြင်းမှ ရှောင်မယ်" ဆိုတဲ့ ဒီကျင့်စဉ်တွေဟာ အရေးကြီးတယ်။ ဒီအကျင့်တွေဟာ ရဟန္တာ ပုဂ္ဂိုလ်တွေကျင့်တဲ့ အကျင့်မျိုးကို သာမန်ပုဂ္ဂိုလ်တွေ ကျင့်ဖို့ခက်တယ်လေ။

"ရဟန္တာတွေကျင့်တဲ့ အကျင့်မျိုးကို ဒီကနေ့ တစ်ရက်တာ တို့တစ်တွေ ကျင့်လိုက်ရပြီ" ဆိုတာဟာ ဘယ်လောက်မွန်မြတ်သလဲ၊ တစ်သက်လုံး မလုပ်နိုင်တောင်မှ တစ်ရက် လုပ်လိုက်ရတယ်ဆိုရင် အလွန်မွန်မြတ်တယ်လေ။ အေး၊ အစာငတ်ခံရုံ သက်သက် ဥပုသ်စောင့်တာ မဟုတ်ဘူး။

ဗုဒ္ဓဘာသာတွေ ဥပုသ်စောင့်လို့ နေ့လွဲညစာ အစာမစားဘူးဆိုတာ အငတ်ခံတာ မဟုတ်ဘူး၊ မနက်မှာ ဝအောင်စားထားတာ၊ (၁၂) နာရီပိုဘက် မစားဘူးဆိုရင် မအိပ်ချင်တော့ဘူး၊ အစာအတွက် အလုပ်မရှုပ်တော့ဘူး၊ မလုပ်မရှုပ်တော့ ဘာလုပ်တုန်း၊ တရားနှလုံး သွင်းနိုင်တယ်၊ ပိုပြီးတော့ စိတ်ရဲ့ အညစ်အကြေးတွေကို သန့်ရှင်းအောင် လုပ်နိုင်တယ်၊ တရားနှလုံး သွင်းခြင်းဖြင့် စိတ်ထဲမှာ ပေါ်လာတဲ့ စိတ်ရဲ့ အညစ်အကြေးတွေကို သန့်ရှင်းရေး လုပ်တယ်။ အဲဒါ တကယ့်ဥပုသ်ရဲ့ အနှစ်သာရပဲ။

အဲဒီတော့ သူလည်း ဥပုသ်စောင့်တယ်၊ ကိုယ်လည်း ဥပုသ်စောင့်တယ် ပြောပေမယ့် အနှစ်သာရချင်း တူရဲ့လား တိုက်ကြည့်ပေါ့။ မတူဘူးဆိုရင် အသံသာ တူတယ်ဆိုတာ သိရလိမ့်မယ်။ ကိုယ့်သာသနာရဲ့ အနှစ်သာရကို သိဖို့ အင်မတန်မှ အရေးကြီးတယ်ပေါ့။ အနှစ်သာရကို မသိလို့ရှိရင် ဒီကနေ့ ခေတ်မှာ ဘာသာတရားတွေ ရောယောင်ပြီးတော့ ဟိုလူကလည်းဒါ၊ ဒီလူကလည်း ဒါဆိုတော့ အဟုတ် ထင်နေတတ်ကြတယ်ပေါ့။ မတူဘူး၊ သူတို့မှာ ဘုရားရှိတယ်၊ သူတို့မှာလည်း တရားရှိတယ်၊ သူတို့မှာလည်း သံဃာရှိတယ်၊ ဘုန်းကြီးရှိတယ်နဲ့ ဆိုပြီးတော့ ဟုတ်ကဲ့လား၊ အေး၊ တူလားလို့ဆိုရင် အနှစ်သာရချင်း မတူတဲ့ အခြေအတွေကို အခုမှ ပြောပြရတာ မဟုတ်ဘူး၊ မြတ်စွာဘုရား လက်ထက်ကလည်း ဒီလိုပဲ၊ တို့လဲ အတူတူပါပဲလို့ ပြောခဲ့တာတွေ အများကြီးရှိတယ်။

http://mmteashop.com

မြတ်စွာဘုရားက **စူဠသီဟနာဒသုတ်**ကို ဟောခဲ့တယ်။ ဒီ မဇ္ဈိမနိကာယ်ထဲမှာ မှတ်တမ်း တင်ထားတာရှိတယ်။ အဲဒီ **စူဠသီဟနာဒသုတ်** အရ **သီဟနာဒ** ဆိုတာ မကြောက်မရွံ့ ရဲရဲကြီး ပြောရမယ့်စကား။ ရဲတင်းတဲ့စကား ပြောရတယ်၊ ကိုယ့်ဖက်က မသေချာဘူးဆိုရင် ရဲရဲ မပြောရဲဘူးလေ။ ကြောက်ရွံ့ ကြောက်ရွံ့နဲ့ပြောရတယ်။ ကိုယ့်ဖက်က သေချာပြီဆိုရင် ရဲရဲပြောရဲတာပေါ့။ အဲဒီလို ရဲရဲတင်းတင်း မကြောက်မရွံ့ ပြောရမယ့်အချက်ဆိုပြီးတော့ မြတ်စွာဘုရား သွန်သင်ပေးထားတာ ရှိတယ်ပေါ့။

ဘာဖြစ်လို့ ဒီဟာကို သွန်သင်ပေးရသလဲ ဆိုလို့ရှိရင် မြတ်စွာဘုရားလက်ထက်က သာသနာတော်ဟာ အင်မတန်မှ ထွန်းကားတယ်။ ဘုရားဟောတဲ့ တရားတော်တွေကို လူတွေက သဘောကျပြီး လိုက်နာ ကျင့်သုံးကြလို့ အောင်မြင်ကြတယ်၊ အရက်သမားတွေလဲ အရက်ပြတ်ပြီး အကျွတ်တရား ရသွားကြတယ်။ လူ့အလွှာ အဆင့်ဆင့် လူတွေက လူကောင်း သူကောင်းဖြစ်သွားကြတာ အများကြီးပဲနော်။

အဲဒီလို အများကြီးဖြစ်လာတော့ မြတ်စွာဘုရားသာသနာက တကယ်လုပ် အဟုတ်ဖြစ်တယ် ဆိုတော့ လူတွေရဲ့ စိတ်ဝင်စားမှုဟာ ပိုများလာတယ်။ ပိုများလာတဲ့ အခါ ဘုရားသာသနာနဲ့ ယှဉ်ပြီး တစ်ဖက်က ဘာသာတရားလုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ယှဉ်ပြိုင်လာတယ်။ ဒါက သဘာဝအတိုင်းပဲ၊ ယှဉ်ပြိုင်လာပြီဆိုတဲ့အခါ ကိုယ့်ထက် သာလို့ ရှိရင် လူဆိုတာ မနာလိုစိတ် ပေါ်လာတတ်တယ်ပေါ့။ ယှဉ်ပြိုင်မှု ရလာလို့ ကိုယ်က ရှုံးနိမ့်သွားပြီဆိုရင် မနာလိုတဲ့ အခါမှာ ဘယ်လိုပြောတုန်း၊ အရင်လူနဲ့ နောက်လူ ဆိုရင် ပြောလေ့ရှိတယ်။ "အမလေး၊ နောက်မှ ပေါ်တင် ရွှေကြာပင်ကို အလေးပြုရမလား။ တို့က ရှေးတုန်းကတည်းက ပေါ်လာတာတို့၊ သာသနာဆိုတာ ခေတ်ဦး ကတည်းက၊ ကမ္ဘာဦးကတည်းက ပေါ်တာ၊ အခုမှ မနေ့ တစ်နေ့ကမှ ဂေါတမသာသနာဆိုတာ ပေါ်လာတာ ဘာကြာသေးလို့တုန်း" နဲ့ ဒီလို အပြောမျိုးတွေ ပြောလာတယ်။

ဒီကနေ့ခေတ် မြန်မာနိုင်ငံမှာလည်း ဒါမျိုးပြောတာ ရှိတာပေါ့။ "နောက်မှ ပေါက်တဲ့ ရွှေကြာပင်" တဲ့။ နောက်မှ ပေါ်လာပြီးသာသွားရင် မကြိုက်ကြဘူး။ ဒါက ဒီလို ပြောတတ်ကြတယ်။ တခြား ဘာသာဝင်တွေက အဲဒီလို အပြစ်စကား ပြောလာတဲ့ အခါမှာ မြတ်စွာဘုရားက အေး၊ အသံတူပေမယ့်လို့ အနှစ်သာရချင်း မတူဘူးဆိုတာကို ပြောကြ။

ပြောဖို့ဆိုပြီးတော့ဒီ **စူဠသီဟနာဒသုတ်**မှာ မြတ်စွာဘုရားသင်ပေးတဲ့ စကားလုံးက ဘာလဲဆိုရင် "**ဣဓေဝ သမဏော၊ ဣဓ ဒုတိယော သမဏော**" မြတ်စွာဘုရားက ရဟန်းတော်တွေကို ရဲရဲတင်းတင်း ပြောခိုင်းတဲ့ စကားတစ်ခု။ ဒီဗုဒ္ဓမြတ်စွာရဲ့ သာသနာအတွင်းမှာသာ တကယ့်ကို ကိလေသာ ငြိမ်းတယ်ဆိုတဲ့ ကိလေသာကို ငြိမ်းစေနိုင်တဲ့ **သမဏ** ဆိုတာရှိတယ်။

ဆိုလိုတာက ပဌမသမဏ ဆိုတာက သောတာပန်ပုဂ္ဂိုလ်ကိုပြောတာ၊ ဒုတိယသမဏ ဆိုတာ သကဒါဂါမ်ကိုပြောတာ တတိယသမဏဆိုတာက အနာဂါမ်ကို ပြောတာ၊ စတုတ္ထသမဏဆိုတာ ရဟန္တာကို ပြောတာ။ **သမဏ** ဆိုတဲ့ အဓိပ္ပာယ်က "**ပါပေ သမေတီတိ သမဏော**" စိတ်ထဲမှာ မကောင်းတဲ့ သဘောထားတွေ၊ စိတ်ရဲ့ စိတ်ယုတ်မာတွေ၊ မကောင်းတဲ့ သဘောထားတွေ၊ စိတ်ရဲ့ အညစ်အကြေးတွေ၊ အဲဒါတွေဟာ လုံးဝငြိမ်းသွားပြီး၊ ငြိမ်းသွားတယ်ဆိုတာ နောက်ထပ် မပေါ်လာအောင် ငြိမ်းသွားတာနော်။ အဲဒါတွေကို ဖယ်ရှား ပစ်လိုက်နိုင်လို့ စိတ်နှလုံးရဲ့ ပူလောင်မှုတွေ၊ ကိလေသာတွေ လုံးဝ ကင်းသွားတဲ့ ပုဂ္ဂိုလ်တွေကို (သို့မဟုတ်) ကင်းအောင် လုပ်နေတဲ့ ပုဂ္ဂိုလ်တွေကို သမဏ လို့ခေါ်တာ။

အဲဒီ ရာဂ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေကင်းတဲ့ သမဏ အစစ်ဆိုတာ ဒီသာသနာမှာသာရှိတယ်။ တခြားသာသနာမှာ နာမည်လောက်ပဲ ရှိတယ် ဒီလို ဆိုလိုတာပေါ့။ ဘာဖြစ်လို့တုန်းဆို ရှေးခေတ်က သူလည်း **သမဏ**၊ ငါလည်း **သမဏ**လို့ ပြောတာရှိတာကိုး။ အဲဒီတော့ **သမဏ**လို့ဆိုလိုက်တိုင်း တကယ် ကိလေသာ ငြိမ်းသလားဆိုတော့ တကယ်ငြိမ်းတာ မဟုတ်ဘူး။ တကယ် ကိလေသာအာသဝတွေ တကယ်ငြိမ်းတာ မဟုတ်ဘူး။ တကယ် ကိလေသာအာသဝတွေ တကယ်ငြိမ်းသွားတဲ့ **သမဏ** အစစ်ဆိုတာ ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်းမှာသာ ရှိတယ်လို့ မြတ်စွာဘုရားက ရဲရဲဝံ့ဝံ့ ပြောကြလို့ ရဟန်းတော်တွေကို အဲဒီ သုတ္တန်မှာ ဟောကြားထားတာ ရှိတယ်ပေါ့။

ဘာဖြစ်လို့ ဒီလို မြတ်စွာဘုရားက အခုလို ပြောနိုင်ရတာလဲ၊ ဘာရည်ရွယ်ချက်နဲ့ ပြောရတာလဲ၊ အားကိုးက ဘာလဲ၊ လောကမှာ လူတွေက ပြောပြီဆိုလို့ ရှိရင်လည်း အားကိုးစရာတော့ ရှိရမယ်။ ယုံကြည်ချက်ဆိုတာ အားကိုးစရာလေးနဲ့မှ ပြောလို့ရတယ်၊ သေသေချာချာ သိပြီး၊ အားကိုးစရာရှိပြီဆိုမှ လူတွေဟာ ပြောလို့ ရတာကိုး။ အခုလို ပြောနိုင်တာက ဘာအားကိုးနဲ့ ပြောတာတုန်း ဆိုလို့ရှိရင် ဗုဒ္ဓသာသနာတော်မှာ ထူးခြားတဲ့ အချက်ကြီး (၄)ချက်ရှိတယ်။

ဘာလဲဆိုရင် မြတ်စွာဘုရားအပေါ်မှာ နှစ်နှစ်ကာကာ ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရား၊ တရားဓမ္မအပေါ်မှာ နှစ်နှစ်ကာကာ ယုံကြည်မှု ဆိုတဲ့ သဒ္ဓါ၊ ကိုယ်ကျင့် သီလနဲ့ ပတ်သတ်ပြီး ပြည့်ပြည့်ဝဝ ဖြည့်ကျင့်မှုနဲ့ သီတင်းသုံးဖော် တစ်ဦးနဲ့ တစ်ဦးခင်မင်မှု၊ ဒီဘဝတင် ခင်မင်တာမဟုတ်ဘူး၊ ဘဝအဆက်ဆက် ခင်မင်မှု မပျက်ဘူး၊ စွဲမြဲတယ်လို့ ဆိုတဲ့ ဒီအချက်လေးချက်ဟာ ဒီသာသနာမှာပဲ ရှိတယ်။ တခြား သာသနာမှာ မရှိနိုင်ဘူးတဲ့၊ ဒီလိုပြောတာနော်။

ဘာသာတရားတစ်ခုခုကို ဦးဆောင်ပြီးတော့ နေတဲ့ ပုဂ္ဂိုလ်၊ ဗုဒ္ဓသာသနာတော်မှာဆိုရင် မြတ်စွာဘုရား။ ဆုံးမသွန်သင်ပြီး တရားဓမ္မကို လမ်းညွှန်ပြတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်ပေါ်မှာ ယုံကြည်ချက်။

ဘုန်းကြီးတို့ တစ်တွေဟာ ဘုရားပေါ်မှာ ယုံကြည်ချက် အပြည့်အဝ ရှိထားတယ်။ အဲဒီတော့ ပုထုဇဉ်ဆိုတာ ယုံကြည်ချက် အပြည့်အဝ ရှိတယ်လို့ ပြောရသော်လည်း သောတပန်မှာ ရှိသလို ရှိတာတော့ မဟုတ်သေးဘူးနော်။ သောတပန် ပုဂ္ဂိုလ်ကျတော့ လုံးဝ ပြည့်စုံတဲ့ ယုံကြည်ချက်ကြီး ရှိတယ်။ ဒါကြောင့် မို့လို **အဝေစ္စပသာဒ** လို့ခေါ်တာ။ အသိဉာဏ်နဲ့ သက်ဝင်ပြီးတော့ ယုံကြည်တာ၊ ဘုရားရဲ့ အရည်အချင်းကိုသိပြီး ယုံကြည်တာ။

တရားရဲ့ အနှစ်သာရကို ကိုယ်တိုင် နှလုံးသွင်း ဆင်ခြင်ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီး ယုံကြည်တာ၊ ကိုယ်ကျင့် သီလ ပေါ်မှာ တန်ဖိုးထားတာ၊ သီတင်းသုံးဖော်ချင်းမှာ ချစ်ခင်မှု ခိုင်မြဲတာ ဒီလေးချက်ဟာ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာသာ ရနိုင်တယ်လို့ ဒီလိုပြောတာနော်။

အဲဒီတော့ သူတို့က ပြောလိမ့်မယ်တဲ့။ သူတို့မှာလည်းပဲသူတို့ ဘုရားပေါ်မှာ သူတို့ ယုံကြည်မှု ရှိပါတယ်ပေါ့။ သူတို့ တရားပေါ်မှာလည်း သူတို့ ယုံကြည်မှု ရှိပါတယ်ပေါ့။ သူတို့မှာလည်း ကိုယ်ကျင့်သီလဆိုတာ ရှိတယ်ပေါ့။ နောက် သူတို့လည်း ဘာသာဝင်အချင်းချင်း ရိုင်းပင်းမှု ဆိုတာ ရှိတယ်ပေါ့။ ဒီလို ပြန်ပြောစရာတော့ ရတာပေါ့။

သို့သော် သူတို့ရဲ့ ယုံကြည်မှုဆိုတာ အရိယာ ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို ခိုင်မြဲတာမဟုတ်ဘူး။ ဒီနေရာမှာ ဆိုလိုတာ ပုထုဇဉ်ရဲ့ သဒ္ဓါတရားက မခိုင်သေးဘူး။ အခု ဗုဒ္ဓဘာသာဝင် ဖြစ်ချင်ဖြစ်မယ်၊ တော်ကြာ တခြားဘာသာဝင် ဖြစ်ချင်ဖြစ်သွားတာနော်။ အဲ၊ သောတပန်ဖြစ်သွားလို့ အမှန်အတိုင်း သိသွားပြီ ဆိုရင် ယုံကြည်ချက် ဘယ်တော့မှ မပြောင်းဘူး။ အဲဒါမျိုးကို **အဝေစ္စပသာဒ** လို့ခေါ်တာ။

တရားဓမ္မသိတဲ့ ပုဂ္ဂိုလ်ကလည်း ကိုယ်တိုင်သိထားတဲ့ တရား ဖြစ်သည့် အတွက်ကြောင့် တရားနဲ့ ပတ်သတ်ပြီး ယုံကြည်ချက်က ပြောင်းလွဲစရာကြောင်း မရှိတော့ဘူး။



myanmar tea shop www.mmteashop.com
http://mmteashop.com

myanmar tea shop
www.mmteashop.com

ကိုယ်ကျင့်သီလ ဆိုတာလည်း ဒီဘဝတင်လုံတာ မဟုတ်ဘူး၊ ပုထုဇဉ်ဆိုတာ သီလ ဒီဘဝ လုံကောင်းလုံမယ်၊ နောက်ဘဝ လုံချင်မှ လုံတာ။ ဒီဘဝမှာ ကိုယ်ကျင့်သီလ လုံနေတာဟာ ပတ်ဝန်းကျင် အခြေအနေကောင်းလို့ လုံနေတာဖြစ်မယ်။ နောင်ဘဝ ရောက်လို့ရှိရင် မသေချာဘူး။ ဆိုပါစို့ ၊ ဗမာစကားပုံရှိသည့် အတိုင်း "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" တဲ့။ မုဆိုးအိမ်မှာ လူသွားဖြစ်ရင် အကောင်တွေ ဖမ်းဦးမှာပဲ။ တံငါ အိမ်မှာ လူသွားဖြစ်လို့ ရှိရင်လည်း ငါးဖမ်းဦးမှာပဲ။ ကိုယ်ကျင့်သီလ ဆိုတာ ပုထုဇဉ်တွေမှာ ခိုင်မြဲခြင်း မရှိဘူး။

အရိယာ သူတော်စင် ဖြစ်သွားပြီဆိုလို့ ရှိရင် မွေးလာကတည်းက ဘယ်လို ပတ်ဝန်းကျင် အခြေအနေထဲပဲဖြစ်ဖြစ် ပြောင်းလဲမှု မရှိတော့ဘူးလို့ ဒီလိုဆိုလိုတယ်။ ဒါကြောင့်မို့ **အရိယကန္တသီလ** ဆိုတာ ငါးပါးသီလကို ပြောတာ။ အဲဒီ ငါးပါးသီလကို ဘဝကူးသွားတောင်မှ ၊ နောက်ဘဝ ရောက်သွားတောင်မှ လွန်ကျူးမှု မလုပ်တော့ဘူး။

အခုခေတ်လည်း ကလေးလေးတွေရှိတယ်။ မွေးလာကတည်းက အကောင်လေးတွေ မသတ်ဘူး၊ အင်မတန်မှ အကျင့်သီလကောင်းပြီး ငယ်ငယ်လေး ကတည်းက စိတ်ကောင်း နှလုံးကောင်းထားတဲ့ ပုဂ္ဂိုလ်လေးတွေရှိတယ်။ သောတာပန်ကလည်း လူပြန်ဖြစ်တာဆိုတော့ သောတာပန်လေး မွေးလာတာလို့ မပြောနိုင်ဘူးလား၊ ပြောနိုင်တယ်။ မဟုတ်ဘူးလို့ မပြောနိုင်ဘူးပေ့ါ။ အဲဒီတော့ ထူးခြားတဲ့ အရည်အသွေး၊ ကိုယ်ကျင့်တရားကောင်းတဲ့ လူငယ်လေးတွေ လူ့လောကမှာ မွေးဖွား လာတာရှိတယ်။ ဒီဘဝမှာ ကိုယ်ကျင့် သီလမြဲတဲ့ ပုဂ္ဂိုလ်တွေ သောတာပန် ဖြစ်သွားပြီဆိုရင် နောင်ဘဝမှာလည်း ကိုယ်ကျင့်သီလ မြဲတဲ့ ပုဂ္ဂိုလ် ဖြစ်တာပဲ။ ခိုင်မြဲတယ်။ ဒါကြောင့် **အရိယကန္တ** အရိယာတွေက အလွန်နှစ်သက်တဲ့ သီလကို ဒီလိုပြောတာ။

တခြား ဘာသာဝင်တွေမှာ သဒ္ဓါတရားရှိတယ် ဆိုပေမယ့် သဒ္ဓါတရားချင်း မတူဘူး၊ တရားအပေါ် ယုံကြည်မှုဆိုတာလည်း မတူဘူး၊ ကိုယ်ကျင့် သီလ ဖြည့်ကျင့်မှုလဲ မတူဘူး။ ဟော၊ ဘာသာဝင် အချင်းချင်း ချစ်ခင်ရင်းနှီးခြင်း ဆိုတာလည်း မတူဘူး။

ဘာဖြစ်လို့ မတူတုန်းဆိုရင် ဒီဘဝမှာတော့ ဘာသာဝင်အချင်းချင်း ချစ်ခင်ကြတယ်၊ ရိုင်းပင်ကြတယ်ထား၊ (စာပေထဲမှာ ရေးထားတာကြည့်။) နောင်ဘဝ ရောက်တဲ့ အခါမှာ သံသရာလည်ပြီ ဆိုလို့ရှိရင် အဲဒီ ဘာသာရေး ခေါင်းဆောင်တစ်ယောက်က အကုသိုလ်ကံကြောင့် ကျားတစ်ကောင်ဖြစ်မယ်၊ သူ့ကို ကိုးကွယ်ယုံကြည်တဲ့ ဘာသာဝင်က သမင်ဖြစ်မယ်ဆိုလို့ ရှိရင် သတ်စားမှာပဲ။ "ငါ့ကို တစ်ချိန်တုန်းက ကိုးကွယ်ခဲ့တာ" လို့ သူသိနိုင်ပါ့မလား၊ အေးအရင်တုန်းက ခင်မင်ခဲ့တဲ့ စိတ်ဓါတ်ကော အဲဒီ အချိန်မှာ ရှိနိုင်ပါ့မလား၊ အေး မရှိသည့် အတွက်ကြောင့် ဒီဘဝတုန်းက ဘာသာရေး ခေါင်းဆောင်က နောင်ဘဝကျ သူ့ရဲ့ နောက်လိုက်တွေကို ကိုက်သတ်စားသောက်တဲ့ အနေအထားမျိုး ရောက်သွားတယ်တဲ့။

ဗုဒ္ဓဘာသာကျတော့ မြတ်စွာဘုရားတရားကို ယုံကြည်လို့ သောတာပန်ဖြစ်သွားလို့ရှိရင် အဲဒီလို ကျားဘဝ ဆိုတာ ရောက်နိုင်ပါဦးမလား၊ ကျားဘဝ မရောက်လို့ ရှိရင် ကိုယ့်ကို ယုံကြည်ကိုးကွယ်တဲ့ ကိုယ့်နောက်လိုက် ပုဂ္ဂိုလ်တွေကို စားတဲ့ သတ္တဝါမျိုး ဖြစ်ပါ့မလား၊ မဖြစ်ဘူးဆိုတော့ ချစ်ခင်မှုတွေ မေတ္တာဟာ အင်မတန်မှာ ခိုင်မြဲ တယ်လို့ ဒီလို ပြောတာနော်။

ဘဝဟာ တရားဓမ္မကို သိသွားတဲ့ ဘဝမျိုးမှ ခိုင်မြဲတယ်၊ ကျန်တဲ့ ဘာသာမှာ ဒီလို ပထမသမဂ္ဂ လို့ဆိုတဲ့ သောတပန် ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ရှိကို မရှိဘူး။ မရှိသည့် အတွက်ကြောင့် သံသရာကျင်လည်တဲ့ အခါမှာ ဒီဘဝရဲ့ ခင်မင်မှုတွေဟာ နောင်ဘဝထိ ပါတာ မဟုတ်ဘူးတဲ့။ အဲဒါကြောင့် မသေချာ မရေရာဘူးလို့ ဆိုလိုတာနော်။

ကဲ၊ ကောင်းပြီ၊ မြတ်စွာဘုရားက ကြွေးကြော်ခိုင်းတာက "**သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ** ဆိုတဲ့ ဒီ **သမဂ္ဂ** လေးမျိုးဟာ တို့သာသနာမှာသာ ရှိနိုင်တယ်" လို့ ဒီလို ပြောတာဟာ ခုနက အချက်လေးချက် ခိုင်မာမှုကို အခြေခံပြီးပြောတာ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ကတည်းက နောင်ဘဝမှာ ရက်စက်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ဖြစ်စရာအကြောင်း မရှိဘူးလေ။

အဲဒီမှာ တခြားဘာသာဝင်တွေက သူတို့မှာလည်း သူတို့ ဘုရားကို ယုံကြည်တာရှိမယ်၊ တရားကို ယုံကြည်တာရှိမယ်၊ သူတို့မှာလဲ ကိုယ့်ကျင့် သီလရှိတယ်၊ သူတို့ဘာသာဝင် အချင်းချင်းလည်း ရိုင်းပင်းမှုတွေ ရှိတယ်လို့ ပြောလာမယ် ဆိုလို့ ရှိရင် သူတို့ကို မေးခွန်းထုတ်ဖို့ လိုအပ်တယ်။

ဘယ်လိုမေးခွန်း ထုတ်မတုန်းဆိုရင် " မင်းတို့ရဲ့ ပန်းတိုင်ဟာ တစ်ခုထဲလား၊ အမျိုးမျိုးရှိသလား" လို့မေးရင် သူတို့က သူတို့မှာ ပန်းတိုင်ဆိုတာ တစ်ခုထဲရှိတယ်။ ဘယ်သူဖြစ်ဖြစ် ဘယ်သာသနာပဲ ဖြစ်ဖြစ် ပန်းတိုင်ဟာ တစ်ခုပဲရှိတယ်။ ဗုဒ္ဓဘာသာတွေရဲ့ ပန်းတိုင်ဟာ နိဗ္ဗာန် ဆိုပါစို့။ **အရဟတ္တမဂ်၊ အရဟတ္တဖိုလ်** ဆိုတဲ့ ဒီတရားထူး တရားမြတ်ရရင် ဒါ ဗုဒ္ဓဘာသာဝင်တွေရဲ့ လမ်းဆုံးခေါ်တာပေ့ါနော်။ "**အရဟတ္တဖလ ပရိယောသာနံ သာသနံ**" မြတ်စွာဘုရား သာသနာတော်ရဲ့ နောက်ဆုံးပန်းတိုင်ဟာ ဘာလဲဆိုရင် အရဟတ္တဖိုလ်ပဲပေ့ါ။ အရဟတ္တဖိုလ်ရပြီးတဲ့ နောက်ပိုင်းမှာ တရားကျင့်စရာ မရှိတော့ဘူး၊ ကုန်သွားပြီ၊ အပြီးသတ် ကျင့်ပြီးသွားပြီ။

ဒါကြောင့်မို့ အရဟတ္တဖိုလ် ရပြီးသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ "**ကတံ ကရဏီယံ**" လုပ်စရာတွေ လုပ်ပြီးပြီလို့ ပြောလို့ရတယ်။ "**ဝုသိတံ ဗြဟ္မစရိယံ**" မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အပြည့်အစုံကျင့်ပြီးပြီလို့ ပြောလို့ရတယ်။ ကျန်တဲ့ အချိန်မှာ ပြောလို့ မရသေးဘူး။ သောတာပန်ပုဂ္ဂိုလ်တောင်မှ ပြောလို့ မရသေးဘူး။ ကျင့်စရာတွေ ကျန်သေးတယ်။ သကဒါဂါမ်၊ အနာဂါမ် ဆိုတာလည်း ပြောလို့ မရသေးဘူး၊ ရဟန္တာဖြစ်ပြီ ဆိုမှ ပြည့်စုံပြီလို့ ပြောလို့ရတယ်ပေ့ါ။ အလုပ်ဆိုတာ မပြီးသေးတဲ့ အလုပ်ရှိသလို ပြီးသွားတဲ့ အလုပ်ရှိတယ်ပေ့ါ။ အဲဒါကြောင့်မို့ ဗုဒ္ဓဘာသာရဲ့ အလုပ်ပြီးတယ်ဆိုတာ ဘာကိုပြောတာတုန်း ဆိုရင် နောက်ဆုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ပြောတယ်လို့ မှတ်ရတာပေ့ါ။ မပြီးမချင်း ဒီပန်းတိုင်ကို ရောက်အောင် သွားနေရတာပေ့ါနော်။

အဲဒီတော့ ဘဝမှာ အဆုံးသတ်မှုတွေ၊ ပန်းတိုင်တွေက အမျိုးမျိုးရှိတယ်။ မြတ်စွာဘုရား လက်ထက်က (ဒီကနေ့လည်း အတူတူပဲ။) တခြား ဘာသာဝင်တွေရဲ့ ပန်းတိုင်၊ သူတို့ရဲ့ နောက်ဆုံး မျှော်မှန်းချက်ဆိုတာရှိတယ်။ ဗုဒ္ဓ ဘာသာဝင်တွေက ဘာကောင်းမှု လုပ်လုပ် "**ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယောဟောတု**" လို့ ဒီလိုဆိုကြတာလေ။ နောက်ဆုံး ပန်းတိုင်တစ်ခုကို ရည်မှန်းပြီးလုပ်ကြတာ။

မြတ်စွာဘုရား လက်ထက်တုန်းက Braman လို့ခေါ်တဲ့ ပြဟ္မဏတွေပေ့ါ။ ဗမာလို ပုဏ္ဏားလို့ခေါ်တာပေ့ါ။ အဲဒီ Braman တွေမှာလည်း ပန်းတိုင်ရှိတယ်။ သူတို့ ပန်းတိုင်၊ သူတို့ရဲ့ နောက်ဆုံးမျှော်မှန်းချက်က ဘာလဲဆိုရင် ပြဟ္မာပြည်ပဲ။ ပြဟ္မာ့ပြည် ဆိုတာ သက်တမ်းအင်မတန်မှ ရှည်တယ်ပေ့ါ။ ကမ္ဘာနဲ့ချီပြီးတော့ နေရတယ်။ သူတို့ ကိုယ်သူတို့လည်း ပြဟ္မာမင်းကြီးရဲ့ ခံတွင်းက မွေးဖွားလာတဲ့ ပုဂ္ဂိုလ်တွေလို့ ယုံကြည်ကြတယ်။ ပြဟ္မာမင်းကြီးက ဖန်ဆင်းလို့ ပြဟ္မာခံတွင်းက သက်ဆင်းလာတဲ့ ပုဂ္ဂိုလ်တွေလို့ ပြဟ္မာကို တန်ဖိုးထားပြီး ပြဟ္မာဘုံကို ပန်းတိုင်အဖြစ်ထားတယ်။

ဗုဒ္ဓဘာသာတရားတော်အရ ပြဟ္မာဆိုတာ သတ္တဝါတစ်မျိုးပဲပေ့ါ။ သမထကျင့်စဉ် တစ်ခုကို ကျင့်လို့ သမာဓိ စွမ်းအားတွေနဲ့ ထိုစျာန်အဘိညာဉ်တွေ ရပြီးတော့ သက်ဆိုင်ရာ စျာန် အားလျော်စွာ ဘုံဘဝတွေမှာ သွားဖြစ်တာ။ အဲဒီစျာန် အရှိန်တွေ၊ ကုသိုလ်တွေ ကုန်သွားတဲ့အခါ ကျတော့ ပြန်ရောက်လာတာပဲ။ ဒါကြောင့်မို့ ဗမာစကားမှာ ရှိတယ်လေ။ "ပြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စာကျင်းမှာ တရှုတ်ရှုတ်" ဆိုတာနော်။ ပြဟ္မာ့ပြည် ရောက်ပေမယ့်လို့ တစ်ချိန် အပါယ်ငရဲ ပြန်ရောက် နိုင်တယ်လို့ ပြောတာ။ အဲဒီ အဓိပ္ပာယ်ကို ဆိုလိုတာ။ ပြဟ္မာဘဝဟာ လမ်းဆုံး မဟုတ်သေးဘူးပေ့ါ။ သို့သော် သူတို့ရဲ့ ရည်မှန်းချက် ဦးတည်ချက်ဟာ ပြဟ္မာ့ဘုံမှာ လမ်းဆုံး ထားတယ်ပေ့ါ။


http://mmteashop.com

နောက်တစ်ခါ ရှေးတုန်းက **တာပသ** ဆိုတဲ့ ရသေ့တွေ ရှိတယ်။ အဲဒီရသေ့တွေရဲ့ မျှော်မှန်းချက် လမ်းဆုံးကလည်း ဖြဟ္မာ့ဘုံပဲ။ ဒါပေမယ့် ဖြဟ္မာ့ဘုံထဲက သူတို့ရဲ့ ရည်မှန်းတဲ့ ဖြဟ္မာ့ဘုံက **အာဘဿရ** ဆိုတဲ့ ဖြဟ္မာ့ဘုံ။ အဲဒီ ဖြဟ္မာ့ဘုံဟာ သူတို့ရဲ့ လမ်းဆုံးပဲ။

နောက်ပြီးတော့ ပရိဗိုဇ် ဆိုတာ မြတ်စွာဘုရား လက်ထက်ကရှိတယ်။ **သစ္စကပရိဗိုဇ်**တို့ တခြား **ပရိဗိုဇ်** တွေပေ့ါလေ။ ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာမောဂ္ဂလာန်တို့ဟာ သဥ္စယပရိဗိုဇ်ကြီးရဲ့တပည့်အဖြစ် ခံခဲ့ဖူးတာ။ အဲ၊ သူတို့ရဲ့ လမ်းဆုံးက ဘာလဲ ဆိုရင် **သုဘကိဏှာ**လို့ ခေါ်တဲ့ ဖြဟ္မာ့ဘုံပဲ။ အဲဒါ သူတို့ရဲ့ လမ်းဆုံး။

နောက်**အာဇီဝက** လို့ဆိုတဲ့ အသက်မွေးမှု ပြင်းထန်ပြီး ပင်ပင်ပန်းပန်းကျင့်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ ဗမာတွေကတော့ တက္ကတွန်းလို့ ခေါ်တာပေ့ါနော်။ **ဉပက**တို့လို တက္ကတွန်းတွေ၊ ဟိုနိ**ဂဏ္ဍနာဋပုတ္တ** လို ဂိုဏ်းတွေပေ့ါ။ သူတို့ရဲ့ ပန်းတိုင်က ဘာတုန်းဆိုရင် အသညသတ်ဆိုတဲ့ ဘုံပဲ။ **အနန္တမာနသ**လို့ ခေါ်တဲ့ စိတ်ကို ဖယ်ခွာထားနိုင်ပြီး ရုပ်တရားချည်း သက်သက်ဖြစ်တဲ့ **အသညသတ်ဘုံ**ဟာ သူတို့ရဲ့ ပန်းတိုင်ပဲ။

ဗုဒ္ဓဘာသာဝင်တွေ သတ်မှတ်တာကတော့ အရဟတ္တဖိုလ်ပဲ။ အရဟတ္တဖိုလ် ရောက်ရင် လမ်းဆုံးတယ်။ ဒီနောက် ကျင့်စရာမရှိဘူးဆိုတာလို အဲဒီလို အမျိုးမျိုး ပန်းတိုင်တွေကို သတ်မှတ်ပြီးတော့ ကျင့်ကြတာပေ့ါ။ တခြားစကားလုံးနဲ့ ပြောမယ်ဆိုရင် ဗုဒ္ဓဘာသာမှာတော့ **နိဗ္ဗာန** သို့မဟုတ် **မောက္ခ**လို့သုံးတယ်။ တခြားဘာသာမှာတော့ **မောက္ခ** နဲ့ ဆင်ဆင်တူတဲ့ **မောက်ခရှ** ဆိုတဲ့ စကားလုံးကို သုံးတယ်။ လွတ်မြောက်ခြင်းပေ့ါ။

ဘဝ လွတ်မြောက်ခြင်းဆိုတာ သူတို့က အခုပြောတဲ့ ပန်းတိုင်တွေကို ဘဝ လွတ်မြောက်ခြင်းလို့ ဒီလိုပြောတာနော်။ ဒီကနေ့ခေတ် ဘာသာတွေလဲ ကြည့်လေ။ ဒီကနေ့ခေတ် ထင်ရှားရှိတဲ့ ဘာသာကြီးတွေထဲက တချို့ ဘာသာက သူတို့ရဲ့လမ်းဆုံး ဘယ်မှာတုန်းဆိုရင် ကောင်းကင်ဘုံပဲလေ။ ဒီလို ပြောတာမို့လား။ ကောင်းကင်ဘုံလို့ ဒါတွေကို ရည်ညွှန်းပြီးတော့ ပြောကြတယ်။ အဲဒီလိုပဲ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ့်ဘာသာတရားကို လုပ်ဆောင်ကြတယ်၊ ကျင့်ကြံကြတယ်။ ဒီလို ကျင့်ကြံတဲ့အခါမှာ ဘာသာတရားရဲ့ လမ်းဆုံး ရောက်တယ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးမှာ ရောက်တာလဲလို့ လေ့လာ ကြည့်မယ်ဆိုရင် တကယ် ကိုယ့်ရည်ရွယ်ချက် လမ်းဆုံးကို ရောက်ဖို့ဆိုတာဟာ တွယ်တာမှု တဏှာမရှိမှ ရောက်တယ်။ တွယ်တာမှု တဏှာရှိတဲ့ ပုဂ္ဂိုလ်တွေ မရောက်နိုင်ဘူးနော်။

အဲဒီ **နိဋ္ဌာ** ဆိုတဲ့ ဘဝလမ်းဆုံး တစ်ခုကို **သရာဂ** လို့ခေါ်တဲ့ တဏှာ အတွယ်အတာရှိတဲ့ ပုဂ္ဂိုလ်တွေ မရောက်ဘူး။ ဝီတရာဂ လို့ဆိုတဲ့ တဏှာကင်းတဲ့ ပုဂ္ဂိုလ်မှ ရောက်တယ်။ သဒေါသဆိုတဲ့ စိတ်ထမှာ အလိုမကျတဲ့ ဒေါသရှိတဲ့ ပုဂ္ဂိုလ်တွေ မရောက်ဘူး။ ဝီတဒေါသ လို့ခေါ်တဲ့ ဒေါသ ကင်းစင်တဲ့ ပုဂ္ဂိုလ်တွေမှ ရောက်တယ်။ လုပ်သင့်တာနဲ့ မလုပ်သင့်တာ ခွဲခြားမသိဘဲနဲ့ တွေဝေနေတယ်၊ မလုပ်သင့်တာ လုပ်သင့်တယ်ထင်တယ်၊ လုပ်သင့်တာကို မလုပ်သင့်ဘူးလို့ ထင်တယ်ဆိုတဲ့ အမှန်တရားကို မမြင်တဲ့ သမောဟ ဆိုတဲ့ မောဟ ရှိတဲ့ ပုဂ္ဂိုလ်တွေ မရောက်နိုင်ဘူးတဲ့။ ဝီတမောဟ ပုဂ္ဂိုလ်တွေမှ ရောက်မယ်။

အကယ်၍ ဒေါသ၊ မောဟ မရှိတဲ့ **ရာဂ** ရှိတဲ့ ပုဂ္ဂိုလ်တွေ ရောက်မယ်ဆိုလို့ရှိရင် တိရစ္ဆာန်တွေမှာ **ရာဂ** ရှိတာပဲ၊ တိရစ္ဆာန်တွေမှာ **ဒေါသ** ရှိတာပဲ၊ **မောဟ** ရှိတာပဲ။ တိရစ္ဆာန်တွေမှာ ဒေါသရှိတာပဲ၊ မောဟ ရှိတာပဲ။ တိရစ္ဆာန်တွေကော မရောက်ပေဘူးလား။ ရောက်ကုန်မှာပေ့ါ။ ဟုတ်ကဲ့လား။ အဲဒါကြောင့် မို့လို့ ရာဂ၊ ဒေါသ၊ မောဟ ရှိတဲ့ ပုဂ္ဂိုလ်တွေ မရောက်နိုင်ဘူးတဲ့။

နောက်တစ်ခုက ဘဝကို တွယ်တာတဲ့ တဏှာရှိတဲ့ ပုဂ္ဂိုလ်တွေ မရောက်နိုင်ဘူး။ အစွဲအလမ်း ဉပါဒါန်ရှိတဲ့ ပုဂ္ဂိုလ်တွေ မရောက်နိုင်ဘူး။ အသိဉာဏ်ပညာ ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေ မရောက်နိုင်ဘူး။ အသိပညာရှိတဲ့ ပုဂ္ဂိုလ်မှ ရောက်နိုင်တယ်။

လောကမှာ အကောင်းအဆိုးနဲ့ ပတ်သတ်လာလို့ရှိရင် လူ့ရဲ့စိတ်ဟာ နှစ်မျိုး ရှိတယ်နော်။ ကောင်းတာ ဆိုလို့ရှိရင် လိုက်လျောတယ်၊ မကောင်းတာဆိုရင် ဆန့်ကျင်တယ်။ ဆိုပါစို့၊ လောဘဖြစ်တယ်၊ ဒေါသ ဖြစ်တယ်ဆိုတဲ့ဘက် လိုက်နေတဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ်မျိုး မရောက်နိုင်ဘူးတဲ့။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် လိုက်လျောခြင်း၊ ဆန့်ကျင်ခြင်းဆိုတဲ့ စိတ်ပြောင်းလဲမှု မရှိတဲ့ ပုဂ္ဂိုလ်မျိုးမှာသာ ရောက်နိုင်တယ်။

နောက်တစ်ခုက **ပပဥ္စရတိ** လို့ခေါ်တယ်။ **ပပဥ္စ**တရားတွေ ပေါ်မှာ ပျော်မွေ့နေတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ လမ်းဆုံးကို မရောက်နိုင်ဘူးတဲ့။ **ပပဥ္စရတိ** ဆိုတာ **ပပဥ္စ** ဆိုတာ သံသရာကြီးကို ကျယ်သွားစေတယ်၊ ဘဝကို တာရှည်သွားစေနိုင်တဲ့ တရား။ အဲဒီတရားဆိုတာ သုံးမျိုးရှိတယ်။ **တဏှာ**ရယ်၊ **မာန**ရယ်၊ **ဒိဋ္ဌိ**ရယ်။ တဏှာရဲ့ အတွေးက အမြဲတမ်း **ဇတာ မမ** "ငါ့ဟာ" ဆိုတဲ့ အတွေးနဲ့တွေးတယ်၊ ဘာကိုပဲ ဖြစ်ဖြစ် အပြင်က ပစ္စည်းကိုပဲ ဖြစ်ဖြစ်၊ ကိုယ့်ခန္ဓနဲ့ ပတ်သတ်တာပဲ ဖြစ်ဖြစ် ငါ့ဟာ၊ ခန္ဓာကိုယ်နဲ့ ပတ်သတ်တာ ဆိုလို့ရှိရင် ငါ့မျက်လုံး၊ ငါ့နှာခေါင်း စသဖြင့် တွေးတယ်။ ပစ္စည်းကျတော့ ငါ့ဉစ္စာ၊ ငါ့ရွှေ၊ ငါ့ငွေ။ အဲဒီအမြင်ဟာ တဏှာရဲ့ အမြင်ဖြစ်တယ်။ အဲဒီအမြင်ရှိနေသေးသမျှ သံသရာကြီးဟာ မဆုံးနိုင်ဘူးလို့ပြောတာ။

နောက်တစ်ခုက **မာန**တဲ့။ မာနဆိုတာ အရာရာ "ငါ" လို့ ထင်တယ်။ ရုပ်တရားပဲဖြစ်ဖြစ်၊ နာမ်တရားပဲ ဖြစ်ဖြစ် ကိုယ့်ကို ကိုယ် "ငါ"လို့ ဒီလို သတ်မှတ်တယ်။ "ငါ" ဆိုတာ အရည်အချင်း တစ်ခုပေါ်မှာ မူတည်ပြီးတော့ အထင်ရောက်မှုကို ပြောတာ။ တကယ်တော့ "ငါ" ဆိုတာ ဘယ်ဟာကိုပြောတာတုန်း၊ ရုပ်ကိုပြောတာလား၊ နာမ်ကို ပြောတာလား။ သဘာဝတရားနဲ့ ကြည့်လိုက်မယ်ဆိုရင် "ငါ" လို့ပြောစရာ တစ်ခုမှ မရှိဘူး။

"ငါ" လို့ ပြောစရာမရှိဘူးဆိုတာ ဘာဖြစ်လို့တုန်းဆိုရင် သူ့အကြောင်းနဲ့သူ ဖြစ်နေတဲ့သဘော၊ သင်္ခါရသဘောတရား သက်သက်မျှသာ ဖြစ်တယ်၊ ဘယ်ဟာကိုမှ "ငါ" လို့ ပြောလို့မရဘူး။ အဲဒီပြောလို့ မရတာကို အထင်အမြင်ရောက်ပြီး "ငါ" လို့ ထင်နေတာ မာနတဲ့။ တစ်ခါ "ငါ"ရဲ့ အတ္တ၊ ကိုယ်လုပ်ချင်တာ လုပ်လို့ ရတယ်၊ အဲဒီတော့ "ငါ"မရှိဘူးဆိုရင် "ငါ့ဟာ" ဆိုတာလည်း ရှိနိုင်မှာ မဟုတ်ဘူးလေ။ "ငါ" မရှိရင် "ငါ့ဟာ" မရှိဘူး။ "ငါ့ဟာ" မရှိရင်လည်း "ငါ"ဆိုတာ မရှိနိုင်ဘူးပေ့ါ။

ဩော်၊ ငါရဲ့ အတ္တ ကိုယ်လုပ်ချင်တိုင်း လုပ်လို့ရတယ်၊ ကိုယ့်ရဲ့အလိုကျ ဖြစ်တယ်၊ ထာဝရမြဲတယ်ဆိုတဲ့ အတွေးတွေနဲ့ ဒီလိုမှားယွင်းတဲ့ အမြင်တွေ ရှိနေတာ ဒိဋ္ဌိ။ အဲဒီ **ပပဥ္စ** တရားတွေက စိတ်ကို လွှမ်းမိုးထားရတဲ့ ပုဂ္ဂိုလ်ဆိုရင် လမ်းဆုံးဆိုတာ မရောက်နိုင်ဘူး။

အဲဒီတော့ ဗုဒ္ဓတရားတော်အရေ ဒီ **ပပဥ္စ** တရားကင်းတဲ့ ပုဂ္ဂိုလ်တွေမှသာလျှင် လမ်းဆုံးဆိုတာ ရောက်နိုင်တယ်တဲ့။ အဲဒီလို ထူးခြားတဲ့ အရည်အသွေးတွေ ကြည့်လိုက်တဲ့ အခါမှာ အေး၊ တခြား ဘာသာတွေမှာ ဒါမျိုးက ရှိနိုင်မှာ မဟုတ်ဘူးတဲ့။

အဲဒီမှာ မြတ်စွာဘုရားက သံသရာဝဋ္ဋ်က လွတ်ခြင်း၊ မလွတ်ခြင်းနဲ့ ပတ်သက်ပြီးတော့ အမြင်နှစ်မျိုးကို ရဟန်းတော်တွေကို ဟောကြားထားတာ ရှိတယ်။ လောကဟာ အမြင်နှစ်မျိုး ရှိတယ်။ မတူညီတဲ့ အမြင်နှစ်မျိုး။ ဘုန်းကြီးတို့ တတွေဟာ ဘယ်အမြင်မျိုး ကိုယ့်မှာ ရှိသလဲဆိုတာ စဉ်းစားကြည့်ဖို့ လိုအပ်တယ်ပေ့ါနော်။

အဲဒီ အမြင်နှစ်မျိုးဆိုတာ ဘာကိုပြောတာတုန်း ဆိုတော့ **ဘဝဒိဋ္ဌိ** အမြင်နဲ့ **ဝိဘဝဒိဋ္ဌိ** အမြင်ပဲ။ **ဘဝဒိဋ္ဌိ** ဆိုတာ ကိုယ်ဖြစ်တဲ့ဘဝဟာ ကိုယ်ရထားတဲ့ ခန္ဓ သို့မဟုတ် ကိုယ့်သန္တာန်မှာ ရှိတဲ့ သဘာဝတရားဟာ ထာဝရလို့ ယူဆလို့ရှိရင် ဒါ **ဘဝဒိဋ္ဌိ**ပဲပေ့ါ။

ဆိုပါစို့၊ မြန်မာလူမျိုးတွေ စွဲလမ်းပုံ ပြောမယ်ဆိုလို့ ရှိရင် မြန်မာလူမျိုးတွေက သေရင် ဝိဉာဉ်လေးက ထွက်သွားတယ်လို့ ယူဆတယ်။ ဒီဝိဉာဉ်လေးက နောက်ခန္ဓာ ကိုယ်ထဲမှာ ဝင်စားတယ်လို့ ယူဆတယ်။ အဲဒီတော့ သေလို့ရှိရင် ဝိဉာဉ်လေး ကျန်နေတယ်လို့ မြင်တာကိုက **ဘဝဒိဋ္ဌိ**ပဲ။ သေသွားတယ်ဆိုတာ ရုပ်ရော နာမ်ရော ဒီဘဝမှာ ခေတ္တ အတိုင်းအတာတစ်ခု အရ ဘဝဟောင်း တစ်ခု ချုပ်သွားတယ်လို့ မယူဘဲ ဝိဉာဉ်လေးက နောင်ဘဝကို ကူးသွားတယ်လို့ ယူဆလို့ရှိရင်

http://mmteashop.com

**သဿတဒိဋ္ဌိ**လို့ ခေါ်တာပဲ။ အဲဒီ **သဿတဒိဋ္ဌိ**ဟာ **ဘဝဒိဋ္ဌိ**ပဲ။ အဲဒီတော့ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေဟာ **သဿတဒိဋ္ဌိ ဘဝဒိဋ္ဌိ**နဲ့ အင်မတန်မှ နီးတယ်။ ဒီဘက်ကို ဦးလှည့်နေတာများတယ်ပေါ့။

သေသေချာချာ ဒီသဘာဝတရားတွေကို လေ့လာ လိုက်စားထားခြင်း မပြုဘူးဆိုရင် ဒီ **သဿတဒိဋ္ဌိ** အယူအဆတစ်ခုဟာ ရှိနေမယ်။ ဘာဖြစ်လို့ **သဿတဒိဋ္ဌိ** အယူအဆ ရှိသလဲ ဆိုလို့ရှိရင် လောကမှာ ထာဝရမြဲတဲ့ အရာကလေးတစ်ခု ရှိတယ်၊ **အတ္တ**လို့ခေါ်ရတဲ့ အရာလေးတစ်ခု ရှိတယ်။ အဲဒီ **အတ္တ**လို့ ဆိုတာ ဘယ်လိုဟာကို ခေါ်တာတုန်းလို့ **သာတိ** ရဟန်းပြောတဲ့ စကားနဲ့ ပြောမယ်ဆိုရင် သူက **ဝဒေါ ဝေဒေယျော** တဲ့နော်။ စကားပြောတတ်တဲ့ အရာ၊ ကုသုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးတရားကို ခံစားတတ်တဲ့အရာ၊ လောကလူတွေက နာမည်အမျိုးမျိုး တပ်ပြီးတော့သာ ခေါ်နေတာလေ။ ဒီဘဝမှာ ကုသိုလ်ကောင်းမှုတွေ လုပ်ပြီးတော့ နောင်ဘဝ ကျတော့ ငါခံစားရမယ်ဆိုတဲ့ အတွေးတွေ မတွေးကြဘူးလား။ ကဲ၊ နောင်ဘဝ ခံစားမှာ ဘယ်သူလဲ မေးကြည့်လိုက်၊ ကိုယ့်ဟာကိုယ် သေချာ စစ်ဆေးမေးကြည့်၊ ဒီဘဝ ကုသိုလ်ကောင်းမှု လုပ်တယ်၊ လုပ်တာဘယ်သူလဲ၊ နောက်ဘဝ ခံစားမယ်ဆိုတာ ခံစားမှာ ဘယ်သူလဲလို့ သေသေချာချာ မေးကြည့် လိုက်မယ်ဆိုရင် တွေ့လာမှာပဲ။ ကိုယ့်သန္တာန်မှာ အမြင်ရှင်းဖို့ လိုအပ်တယ်ပေါ့။

**သမ္မာဒိဋ္ဌိ** အမြင်နဲ့ ကြည့်မယ်ဆိုရင် ဒီဘဝလုပ်တာ ဘယ်သူလဲလို့ မေးလို့ရှိရင် စေတနာနဲ့ သဘာဝ တရားတွေက လုပ်တာ၊ "အကြောင်းတရားတွေ ဖြစ်ပေါ်တာကို ပြုလုပ်သူ" လို့ သတ်မှတ်တယ်။ "အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားပေါ်လာတာကို ခံစားသူ" လို့ သတ်မှတ်တယ်။ တကယ်တော့ ခံစားသူလည်း မရှိဘူး၊ ပြုလုပ်သူလည်း မရှိဘူးလို့ ဒီလိုဆိုလိုတယ်။ အဲဒါကြောင့် "**ကမ္မဿ ကာရကော နတ္ထိ ဝိပါကဿ စ ဝေဒကော**" တဲ့။ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိဘူး။ သဘာဝတရားတွေက ပြုလုပ်သွားတာ။ အဲဒီ အထဲမယ် ဘယ်သူ့ကို "ငါ" လို့ပြောမှာလဲ။ ဥပမာမယ် အခုလို တရားဓမ္မနာကြတယ်၊ ဒါန ကောင်းမှုတွေ လုပ်ကြတယ်။ အရပ်စကားနဲ့ ပြောမယ်ဆိုရင် နာမည်နဲ့ပေါ့လေ၊ ဘယ်သူက ကုသိုလ် ကောင်းမှုတွေလုပ်တယ်၊ ဘယ်သူက လှူတယ်ဆိုတဲ့ နာမည်လေးနဲ့တော့ ပြောတာပေါ့နော်။ တကယ်တော့ လှူသူဟာ ဘယ်သူလဲလို့ လိုက်ပြီး စစ်ကြည့် လိုက်မယ်ဆိုရင် သူ့ သန္တာန်မှာဖြစ်တဲ့ သဒ္ဓါစွမ်းအား၊ စေတနာ စွမ်းအားနော်။ သဘာဝတရားတွေက တွန်းအားပေးလို့ လှူတယ်ဆိုတာ ဖြစ်လာတာလေ။

အဲဒီအထဲမယ် စေတနာကို လှူသူလို့ ပြောမှာလား၊ သဒ္ဓါတရားကို လှူသူလို့ ပြောမှာလား၊ အလောဘကို လှူသူလို့ ပြောမှာလားလို့ ဆိုလို့ရှိရင် ပြောလို့ မရဘူးလေ။ အဲဒီ သဘာဝတရားတွေက စုပြီးတော့ လှူမှု တစ်ခုကို ဖြစ်အောင် လုပ်လိုက်တာပဲပေါ့။

အကျိုးခံစားတော့ ဘယ်သူ ခံစားတာတုန်းလို့ မေးလိုက်တဲ့အခါဟော၊ အကျိုးခံစားတဲ့အချိန်မှာ ဒီဘဝချင်း ဆက်စပ်ပြီးတော့နေတဲ့ ဝေဒနာဆိုတဲ့ သဘာဝ တရားက အကျိုးခံစားသွားတာ။ အဲဒါကြောင့် "ပြုလုပ်သူ" ဆိုတာလဲ တကယ်မရှိဘူး၊ သဘာဝ တရားသက်သက်ပဲလို့ အဲဒီမှာ အကြောင်းတရား ဖြစ်ပေါ်တာကိုပဲ ပြုလုပ်တယ်လို့ ပြောတယ်။ အကျိုးတရား ဖြစ်ပေါ်လာတာကိုပဲ ခံစားတယ်လို့ ပြောရတယ်တဲ့။ ဒီကြားထဲမှာ ခံစားတတ်သူလို့ သီးသန့်ဘာတစ်ခုမှ မရှိဘူး။ အဲဒါကို ပြောတာ "**ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော**" တဲ့။

အဲဒါကြောင့် ဒီဘဝ ဒိဋ္ဌိဆိုတဲ့ နေရာမှာ ခုနက ဒီမှန်ကန်တဲ့ အမြင်တစ်ခုကို မရလိုက်ဘူး၊ သဘာဝတရားကို သဘာဝတရားလို့ မမြင်ဘဲနဲ့ ကိုယ့်ရဲ့ အတ္တလို့ စိတ်ထဲမှာ တွေးထင်ကြံစည်တဲ့ အရာလေးတစ်ခု သို့မဟုတ် ဝိဉာဉ်၊ ဒီဝိဉာဉ်လေးဟာ ဒီဘဝမှာ ကုသိုလ်လည်း လုပ်တယ်၊ အကုသိုလ်လည်း လုပ်တယ်။ သေတဲ့ အခါကျတော့ အဲဒီဝိဉာဉ်လေးဟာ ထွက်သွားပြီးတော့ ကုသိုလ်ကံကြောင့် နတ်ပြည် ရောက်သွားတယ်၊ အကုသိုလ်ကံကြောင့် ငရဲပြည်ရောက်သွားတယ်ဆိုရင် ဒါ **ဘဝဒိဋ္ဌိ**လို့ ခေါ်တာပဲ။ ဘဝနဲ့ ပတ်သတ်ပြီးတော့ မြဲတယ်ဆိုတဲ့ **သဿတ** အယူအဆနဲ့ အယူအဆတစ်ခု။

နောက်တစ်ခုက **ဥစ္ဆေဒဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ** ဆိုတာ **ဝိဘဝဒိဋ္ဌိ** အဲဒီတော့ **ဝိဘဝ**ဆိုတာ ဘဝပြတ်စဲခြင်းကို ပြောတာ။ တချို့က **ဝိဘဝ**ဆိုတာ ဘဝပြတ်စဲခြင်းကို ပြောတာ။ တစ်ချို့က **ဝိဘဝ**ကို စည်းစိမ်ဥစ္စာလို့ အဓိပ္ပာယ်ဖော်တာ ရှိသေးတယ်။ အဲဒါ မမှန်ကန်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ပဲ။ **ဝိဘဝ** ဆိုတာ ဘဝကင်းပြတ်တာကို ပြောတာ။ **ဝိ** ဆိုတာ ကင်းပြတ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဒီဘဝသေသွားလို့ရှိရင် ပြတ်တာပဲ၊ နောက်ဘဝဖြစ်တာ သူမဟုတ်ဘူး၊ တစ်ဘဝဟာ တစ်ခါတည်းပဲလို့ ဒီလိုလက်ခံတဲ့ အယူအဆကို **ဝိဘဝဒိဋ္ဌိ**လို့ခေါ်တယ်။

လောကမှာ ကြည့်လိုက်မယ်ဆိုရင် **သဿတဒိဋ္ဌိ ဘဝဒိဋ္ဌိ** အယူရှိတဲ့ပုဂ္ဂိုလ်နဲ့ **ဝိဘဝဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ**အယူရှိတဲ့ပုဂ္ဂိုလ်ဒါပဲရှိတယ်။ အဲဒီတော့ **သဿတဒိဋ္ဌိ**ကို **ဘဝဒိဋ္ဌိ** လို့လည်းခေါ်တယ်။ **ဥစ္ဆေဒဒိဋ္ဌိ** ကို **ဝိဘဝဒိဋ္ဌိ** လို့လည်း ခေါ်တယ်ပေါ့နော်။ လောကမှာ အဲဒီအမြင် နှစ်မျိုး **သဿတ** အမြင်နဲ့ **ဥစ္ဆေဒ** အမြင်၊ ဒီနှစ်ခုကို လက်ခံလိုက်ရင် တစ်ခုနဲ့ တစ်ခု ဆန့်ကျင်မှု ရှိသလား၊ မရှိဘူးလား၊ မြဲတယ်လို့ ယူဆတဲ့ ပုဂ္ဂိုလ်က မမြဲဘူးဆိုတဲ့ ပုဂ္ဂိုလ်နဲ့ မဆန့်ကျင်ဘူးလား။ မမြဲဘူးလို့ ယူဆတဲ့ ပုဂ္ဂိုလ်က မြဲတယ်လို့ ယူဆတဲ့ ပုဂ္ဂိုလ်နဲ့ မဆန့်ကျင်ပေဘူးလား။ အဲဒီလို ဆန့်ကျင်တယ် ဆိုကတည်းက ဒီအယူအဆနှစ်ခုဟာ ပဋိပက္ခ ဖြစ်နေတဲ့ အယူအဆနှစ်ခုပဲပေါ့။

အဲဒီ အယူအဆ နှစ်ခုကို ယူဆနေကြတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ဘာဖြစ်လို့ ဒီအယူအဆ နှစ်ခုကို လက်ခံသလဲလို့ဆိုရင် ဒီအယူအဆဟာ ဘာကြောင့် ဖြစ်တယ် ဆိုတဲ့ အကြောင်းတရားကို မသိလို့ပဲနော်။ ဖြစ်ကြောင်းတရားကို မသိဘူး၊ ချုပ်ကြောင်းတရားကို မသိဘူး။ အဲဒီ အယူအဆရဲ့ သာယာဖွယ်၊ အဲဒီ အယူအဆရဲ့ အပြစ်အနာအဆာ၊ အဲဒီ အယူအဆရဲ့ ထွက်ပေါက်ဆိုတာတွေကို အမှန်အကန် မသိသည့်အတွက်ကြောင့် ဒီမိစ္ဆာ အယူဝါဒတွေဟာ ပေါ်လာရတာ။

အဲဒီတော့ လောကမှာ ဗုဒ္ဓဘာသာဝင်ပဲဖြစ်ဖြစ်၊ တခြားဘာသာဝင်ပဲဖြစ်ဖြစ် ဒီနှစ်ခုက လွဲပြီး ဘယ်ဟာမှ မရှိဘူး။ ဒီနှစ်ခုထဲအကျုံးဝင်တယ်။ သတိထားဖို့ရာနော်။ မှန်မှန်ကန်ကန် တရားဓမ္မကို မမြင်ဘူး၊ မဆင်ခြင်နိုင် ဘူးဆိုရင် ဒီနှစ်ခုထဲက တစ်ခုခုထဲ ဝင်သွားနိုင်တယ်ပေါ့။ အဲဒီလို ဝင်သွားပြီ ဆိုတာနဲ့ တစ်ပြိုင်နက် လမ်းလွဲပြီ။

အဲဒီ အမြင်ရှိသမျှ ပုဂ္ဂိုလ်တွေဟာ ဘယ်တော့မှ **သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသ** ဆိုတဲ့ ဆင်းရဲဒုက္ခတွေက မလွတ်နိုင်ဘူးတဲ့။ အဲဒါတွေမှ လွတ်ဖို့ရန်အတွက် ဟောဒီနှစ်ခုစလုံးကို ရှောင်ရှားဖို့ လိုအပ်တယ်လို့ မြတ်စွာဘုရားက ဒီလိုဟောတာနော်။

အဲဒီနှစ်ခုကို ရှောင်ရှားတယ်ဆိုတာ ဘယ်လိုနည်းနဲ့ ရှောင်ရှားရမလဲ၊ အဲဒီနှစ်ခုကို ရှောင်ရှားဖို့အတွက် **ပဋိစ္စသမုပ္ပါဒ်**ကို ဆင်ခြင်နှလုံးသွင်းရမယ်။ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင် နှလုံးသွင်းတယ်ဆိုတာ "ဒီအကြောင်းရှိရင် ဒီအကျိုးရှိလိမ့်မယ်။ ဒီအကြောင်းမှ မရှိဘူးဆိုရင် ဒီအကျိုးမရှိနိုင်ဘူး" နော်။ **ပဋိစ္စသမုပ္ပါဒ်**နဲ့ ပတ်သက်လာလို့ ရှိရင် စာပိုဒ်လေး လေးပိုဒ်ကို မှတ်ထားရမယ်။

စာပိုဒ်လေး လေးပိုဒ်က "**ဣမသ္မိံ သတိ ဣဒံ ဟောတိ**" တဲ့။ "**ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ**" တဲ့။ ဒါရှိနေလို့ ဟိုဟာရှိတယ်။ ဆိုပါစို့၊ ကြည့် အခု လျှပ်စစ်မီးရှိနေလို့ အလင်းရောင် ရှိမနေဘူးလား၊ အလင်းရောင်ရှိနေတယ်။ ဘာဖြစ်လို့ ရှိနေလဲ၊ လျှပ်စစ်မီးရှိနေလို့။ လျှပ်စစ်မီး မရှိဘူးဆိုရင် အလင်းရောင်မရှိတော့ဘူး။ ဒါ၊ ဒါရှိလို့ ဟိုဟာရှိတယ် ဆိုတာ အကြောင်းနဲ့အကျိုးကို နားလည်တာ။ ဒါမရှိရင် ဟိုဟာမရှိတော့ဘူး၊ ဟော ထင်ရှားတယ်နော်။ "**ဣမသ္မိံ သတိ ဣဒံ ဟောတိ**" ဒီအကြောင်း ရှိနေသည့် အတွက်ကြောင့် ဒီအကျိုးတရားဟာ ရှိနေတာ။ ဒီအကြောင်းတရား ဖြစ်ပေါ်လာသည့်အတွက်ကြောင့် ဒီအကျိုးတရား ဖြစ်ပေါ်လာတယ်။ ဘယ်အရာပဲဖြစ်ဖြစ် အကြောင်းတရား ရှိနေသေးလို့ရှိရင် အကျိုးတရားက ပေါ်နေဦးမှာပဲဆိုတာ ရှင်းတယ်။ အဲဒီတော့ အကြောင်းရှိလို့ အကျိုးရှိနေရတယ် ဆိုကတည်းက လုံးဝ ပျောက်ဆုံး



http://mmteashop.com

ကွယ်သွားတယ်ဆိုတဲ့ **ဥစ္ဆေဒ**အမြင်၊ သေပြီးနောက် ဘယ်တော့မှ ပြန်မဖြစ်ဘူးဆိုတဲ့ အယူအဆ တစ်ခုဟာ မှန်ပါ့မလား၊ မမှန်ဘူး။ အကြောင်းရှိရင် အကျိုးရှိဦးမှာပဲ။ အကြောင်းဖြစ်ရင် အကျိုးဖြစ်ဦးမှာပဲ။ ဒီလိုပဲ ယူရမယ်။ ဟုတ်ကဲ့လား။

ကဲ နောက်တစ်ခုက "**ကမ္မသ္မိ အသတိ ဖလံ န ဟောတိ**" ဒါမရှိတော့ဘူးဆိုရင် ဟိုဟာမရှိတော့ဘူး။ အကြောင်းမရှိတော့ ဘူးဆိုရင် အကျိုးတရားမရှိတော့ဘူး။ အကြောင်းဆိုတဲ့ လျှပ်စစ် မရှိတော့ဘူးဆိုရင် အလင်းရောင်ဆိုတဲ့ အကျိုးတရား မရှိတော့ဘူး။ "**ကမ္မဿ နိရောဓါ ဖလံနိရုဇ္ဈတိ**" ဒါငြိမ်းသွားရင် ဟိုဟာလည်း ငြိမ်းသွားပြီ။ အဲလိုဆိုတော့ အကြောင်းငြိမ်းရင် အကျိုးငြိမ်းတာဖြစ်သောကြောင့် ထာဝရ မြဲတယ်ဆိုတဲ့ **သဿတ** အယူအဆလည်း မမှန်ဘူး။ ဘာဖြစ်လို့လဲဆိုရင် အကြောင်းချုပ်ရင် သူ မရပ် တည်နိုင်ဘူးပေါ့။ **ဥစ္ဆေဒဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ** ဆိုတာ မမှန်ဘူး။ ဘာဖြစ်လို့လည်းဆိုရင် အကြောင်းရှိရင် ရှိဦးမှာပဲ၊ ပြတ်သွားတယ်ဆိုတာ မဟုတ်ဘူးပေါ့နော်။

ဒါကြောင့် ဒီမှားယွင်းနေတဲ့ အမြင်နှစ်ခုကို ရှောင်ကွင်းဖို့ရာ အတွက် **ပဋိစ္စသမုပ္ပါဒ်**ကို မြတ်စွာဘုရား ဟောတာလေ။ **ပဋိစ္စသမုပ္ပါဒ်**ဟာ အလယ်လမ်းလို့ ဒီလိုပြောတာ။ အခုပြောတဲ့ ထာဝရ ရှိတယ်ဆိုတာကို ငြင်းပယ်တယ်၊ ထာဝရ မရှိတော့ဘူးဆိုတာကိုလည်း ငြင်းပယ်တယ်။ အကြောင်းရှိရင် ရှိဦးမယ်၊ အကြောင်းမရှိရင် မရှိတော့ဘူးပေါ့ ။ အကြောင်းပေါ်မှာ မှီတည်နေတယ်ဆိုတဲ့ အဓိပ္ပာယ် ပြောတာနော်။ အဲဒီလို မမြင်လို့ ရှိရင်တဲ့ ဆင်းရဲဒုက္ခ မလွတ်နိုင်ဘူးတဲ့။

အေး၊ ဗုဒ္ဓသာသနာတော်ရဲ့ ထူးခြားချက်က အဲဒီနှစ်ခုကို ရှောင်ကွင်းနိုင်တယ်ပေါ့။ ဒါကြောင့်မို့ သံသရာဝဋ်ဆင်းရဲက လွတ်နိုင်တယ်။

နောက်တစ်ခု ကြည့်ဦးမယ်ဆိုရင် မြတ်စွာဘုရားက အစွဲလေးမျိုးကိုဟောတယ်။ **ဥပါဒါန်** လို့ခေါ်တယ်။ **ဥပါဒါန်** ဆိုတာ **ဥပအာဒါန**၊ **ဥပ** ဆိုတာ ပြင်းပြင်းထန်ထန်၊ **အာဒါန** ဆိုတာ ဆုပ်ကိုင်ထားတာ။ ဘုန်းကြီးတို့တစ်တွေ စာလိုပြောနေလို့ ငါတို့မှာ ဥပါဒါန် မရှိဘူးလို့ မထင်နဲ့နော်။

**ဥပါဒါန်** အပြင်းအထန် စွဲကိုင်ထားတယ်ဆိုတဲ့ သဘာဝတရားဟာ နှစ်ခုရှိတယ်။ ဘာလဲဆိုရင် တွယ်တာမှုဆိုတဲ့ တဏှာနဲ့ ဒိဋ္ဌိဆိုတဲ့အမြင်။ လူတွေမှာ တွယ်တာမှုကလည်းပဲ ပြင်းထန်တယ်နော်။ အမြင်ကလဲ ပြင်းထန်တယ်။ တွယ်တာမှုကို ဖြတ်ဖို့ဆိုတာ အလွန်ခက်တယ်။ အမြင်ကိုစွန့်ဖို့ ဆိုတာလည်း အလွန်ခက်တယ်။ အဲဒီနှစ်ခုဟာ ဥပါဒါန်နော်။ ပြင်းပြင်းထန်ထန် စွဲကိုင်ထားတဲ့ ဥပါဒါန်။

အဲဒီဥပါဒါန်ကို မြတ်စွာဘုရားက လေးမျိုးခွဲဟောတယ်။ ကာမဂုဏ် နဲ့ ပတ်သတ်ပြီးတော့ စွဲလန်းမှုကို **ကာမုပါဒါန်** လို့ ခေါ်တယ်။ ကိုယ့်ဘာသာကိုယ် ပြန်ပြီးတော့ စစ်ဆေးကြည့်၊ **ကာမုပါဒါန်** ဆိုတဲ့ နေရာမှာ ကာမဆိုတာ လိုချင်စရာအာရုံတွေကို **ဥပါဒါန်**က စွဲလမ်းနေတဲ့တဏှာ။ စွဲလမ်းနေတဲ့ တဏှာ။

တစ်နည်း အားဖြင့် ပြောမယ်ဆိုရင် **ကာမ**ဆိုတာ လိုချင်စရာ အာရုံတွေကို လိုချင်နေတဲ့ တဏှာသည်၊ **ဥပါဒါန်** စွဲလမ်းနေတဲ့ အရာဖြစ်တယ်ပေါ့။ ကဲ၊ ဘုန်းကြီးတို့ တတွေ လွယ်လွယ်လေးနဲ့ ခွါလို့ ရမလား ကိုယ့်ဟာကိုယ် စဉ်းစားကြည့်။ နှစ်သက်စရာ အာရုံလေးတစ်ခုကို နှစ်သက်တယ် ဆိုတဲ့နေရာမှာ အဲဒီနှစ်သက်မှု မဖြစ်အောင် လွယ်လွယ်လေးနဲ့ ခွါလို့ ရမလား၊ မရဘူး။

မျက်စေ့ကမြင်တဲ့ အာရုံပေါ်မှာ နှစ်သက်တယ်၊ နားကကြားတဲ့ အသံပေါ်မှာ နှစ်သက်တယ်၊ နှာခေါင်းက ရှူရတဲ့ အနံ့ပေါ်မှာ၊ လျှာက ခံစားရတဲ့ အရသာပေါ်မှာ။ နေ့စဉ်နဲ့အမျှ ဘုန်းကြီးတို့ တတွေရဲ့ သန္တာန်မှာ ကာမဂုဏ်အာရုံတွေနဲ့ တွေ့တိုင်း မျက်စေ့ကမြင်၊ နားကကြား၊ အဲဒီအာရုံတွေပေါ်မှာ သွားပြီး တွယ်တာ နေတာပေါ့။ အဲဒါတွေကို မစွန့်လွှတ်နိုင်ဘူး။ အဲဒါတွေကို **ကာမုပါဒါန်** လို့ခေါ်တယ်။

**ကာမုပါဒါန်**ကြောင့် ဒီအာရုံမြင်ရင် နောက်ထပ်ရဖို့အတွက် ကြိုးစားတယ်။ မျက်စေ့က မြင်ရတဲ့ အာရုံအတွက် နောက်ထပ်ရဖို့၊ နားက ကြားရတဲ့ အသံအတွက် နောက်ထပ် ရဖို့၊ နှာခေါင်းက နမ်းရှူရတဲ့ အနံ့အတွက် နောက်ထပ်ရဖို့၊ ဘယ်လောက်များ စွဲလမ်းမှု ရှိသလဲဆိုရင် ကြည့်လေ ရွှေဆိုင်တွေ ချမ်းသာနေတာ။ အဲဒါဘာလဲ၊ မျက်စေ့က မြင်တဲ့အပေါ်မှာ လိုချင် နေကြတာတွေမို့လား။ အေး၊ ကတ်ဆက်တွေတို့၊ Mp3တွေတို့ အခု သီချင်းတွေ ဟုတ်လား။ CDတွေ၊ DVDတွေ ထုတ်နေတာ၊ ဘာကြောင့်တုန်း။ အသံကို တွယ်တာလို့လေ။ ရေမွှေးတွေတို့၊ မိတ်ကပ်တွေတို့ ဘာတို့၊ ဒီအနံ့နဲ့ ပတ်သတ်တာတွေကော ဘယ်လောက်ရောင်းကောင်းနေလဲ။

လောကလူတွေမှာကြည့်၊ စားသောက်ဆိုင်တွေမှာဆို၊ ဟော၊ ရသနဲ့ ပတ်သက်လာရင် စားသောက်ဆိုင်တွေ ဘယ်လောက်ကြီးပွား နေတုန်းနော်။ မြန်မာပြည် ဆိုလို့ရှိရင် ပိုတောင်ပေါသေးတယ်။ ကိုယ့်နိုင်ငံက အစားအသောက်တင် မကဘူး၊ ကိုးရီးယားတဲ့၊ ဗီယက်နမ်တဲ့၊ ဟိုက ဒီက အစားအသောက်တွေကိုပြည့်နေတာပဲ။

အဲဒီတော့ ဒါတွေအားလုံးကို ပေါင်းလိုက်တဲ့ အခါမှာ တွယ်တာမှုဆိုတာ ရှိနေတယ်ဆိုတာ ထင်ရှားတယ်။ ကဲ၊ အဲဒီ လူတွေဟာ အစားမစားရင် ခန္ဓာကိုယ် မတည်တံ့မှာမို့ စားတာလား၊ ကြိုက်လို့စားတာလား။ ကြိုက်လို့စားတာ၊ **ကာမုပါဒါန်** ဆိုတာ လွယ်လွယ်နဲ့ ခွါလို့ရတာမဟုတ်ဘူးတဲ့နော်။

ကဲ၊ တခြားဘာသာတွေမှာလည်း **ကာမုပါဒါန်**ကို ပယ်ခွာဖို့ ဟောတာ ရှိပါတယ်။ **ကာမုပါဒါန်**ကို ပယ်ခွါနိုင်ကြတယ်။ စွန့်လွှတ်နိုင်ကြတယ်။ တချို့များဆို အဝတ်တောင် မဝတ်ဘူး။ အိန္ဒိယမှာဆို ဂျိန်းဘုန်းကြီးတွေဆိုတာ ပိုင်ဆိုင်မှုတွေ အကုန် စွန့်လွှတ်ပြီးတော့ အဝတ်တောင်မဝတ်ဘဲနဲ့နေတယ်။ **ကာမုပါဒါန်**ကိုတော့ သူတို့ ပယ်ခွါနိုင်တယ်ပေါ့။

ကဲ၊ နောက် **ဥပါဒါန်**တစ်ခုကိုကြည့်ရအောင်၊ **ဒိဋ္ဌုပါဒါန်** အမြင်နဲ့ ပတ်သတ်တဲ့ **ဥပါဒါန်** အစွဲအလမ်းတစ်ခု။ အဲဒီ **ဒိဋ္ဌုပါဒါန်**ဆိုတာ တခြားဟာ ပြောတာမဟုတ်ဘူး၊ ကံ၊ ကံ၏ အကျိုးကို ငြင်းပယ်တာ၊ **နတ္ထိကဝါဒ** လို့ခေါ်တယ်။ ကုသိုလ်ကံရဲ့ အကျိုးဆိုတာ မရှိဘူး။ လှူတာတန်းတာရဲ့ အကျိုးဆိုတာ မရှိဘူး။ ဒီလောက မရှိဘူး၊ တမလွန်လောက မရှိဘူး၊ အမေ မရှိဘူး။ အဖေမရှိဘူး၊ အမေတွေ အဖေတွေကို အသိအမှတ်မပြုဘူး ဆိုတဲ့ သဘောပေါ့။ **နတ္ထိမာတာ၊ နတ္ထိပိတာ**။ အမေ အဖေကို အသိအမှတ် မပြုဘူးဆို ကတည်းက အမေ အဖေ အပေါ်မှာ စော်ကားတာတို့၊ အမေ အဖေအပေါ်မှာ ပြုစုတာတို့ ကုသိုလ် မရဘူးဆိုတာ ငြင်းပယ်တာပဲ၊ အတူတူပဲ ဟုတ်ကဲ့လား။ အဲဒီလို မရှိဘူး ဆယ်ချက်နဲ့ ငြင်းပယ်တာကို **ဒိဋ္ဌုပါဒါန်** လို့ခေါ်တယ်။ အထူးသဖြင့် ရုပ်ဝါဒကို စွဲလမ်းတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီ အယူအဆ ရှိတယ်။ အဲဒီ ဒိဋ္ဌုပါဒါန် ကလည်း လွယ်လွယ်နဲ့ ဖြုတ်လို့မရတဲ့ ဥပါဒါန်တစ်ခုပဲ။

နောက်တစ်ခုက အဲဒီ**ဒိဋ္ဌုပါဒါန်** ဖြုတ်နိုင်တော့ ဘာကျန်သေးတုန်းဆိုတော့ သံသရာဝဋ်က လွတ်ရာ လွတ်ကြောင်း၊ သံသရာဝဋ် အကျင့်တွေ ကျင့်တယ်၊ ဘာအကျင့်တွေ ကျင့်တုန်း ဆိုရင် ခွေးအကျင့်၊ နွားအကျင့် ကျင့်တယ်။ ဒီအကျင့်နဲ့ သံသရာဝဋ်က လွတ်တယ်လို့ ယုံကြည်ယူဆတယ်။

ဒါကြောင့်မို့လို့ ခွေးလိုကျင့်တယ်၊ နွားလိုကျင့်တယ်၊ ဟော မျောက်လိုကျင့်တယ်။ ဝတ်လိုကျင့်တယ်၊ မျိုးစုံပေါ့လေ။ ဥဒေါင်းလို ကျင့်တာတို့၊ အဲဒီလိုကျင့်တာတွေ အများကြီးပဲ၊ မျိုးစုံပဲ။ အဲဒီလိုကျင့်တာတွေ လင်းနို့ကြီးလို တွဲလောင်းဆွဲပြီးတော့ နေတဲ့ အကျင့်လည်းရှိတာပဲ။ **ဝတ္တလိဝတ** လို့ခေါ်တယ်နော်။ အဲဒီလို အကျင့်မျိုးစုံတွေနဲ့ သံသရာဝဋ်က လွတ်နိုင်တယ်လို့ မှားမှားယွင်းယွင်း မြင်တဲ့ အမြင်က **သီလဗ္ဗတပရာမာသ**။

ဟော နောက်တစ်ခုက ဘာတုန်းဆိုရင် **အတ္တဝါဒုပါဒါန အတ္တဝါဒုပါဒါန** ဆိုတာ **သက္ကာယဒိဋ္ဌိ**ကိုပြောတာ။ **သက္ကာယဒိဋ္ဌိ** ဆိုတာ ခန္ဓာငါးပါးထဲက တစ်ပါးပေါ်မှာ အတ္တလို့ ယူဆတယ်။ အတ္တဆိုတာ "ငါ" လို့ယူဆတယ်ပေါ့။ ပြောမယ်ဆိုရင် တစ်ခါတစ်ခါ "**အတ္တ**" နဲ့ "**အဟံ**" တွဲပြီး ပြောတာရှိတယ်နော်။ "**အဟံ မမ**" ငါသို့မဟုတ် ငါ့ဉစ္စာ။ ကဲ ဘုန်းကြီးတို့တတွေ ကိုယ့်ကိုယ်ကို စဉ်းစားကြည့်။ ငါဆိုတဲ့ စကားကို အရပ်စကားအနေနဲ့သာ ငါလို့ပြောတာ၊ ကဲ ဘယ်ဟာကို ငါခေါ်တာလဲလို့ ကိုယ့်ဟာကိုယ်

http://mmteashop.com

မေးကြည့်ပေါ့။ "ငါ့ဟာ" လို့ပြောတယ်၊ ဘယ်ဟာကို ငါ့ဟာလို့ပြောမှာလဲလို့ သေချာ မေးကြည့်လိုက်ရင် ခန္ဓာငါးပါးထဲက လွတ်ပြီး ငါလို့ ပြောလိုရရဲ့လား၊ မရဘူး။ အေး ခန္ဓာငါးပါးက လွဲပြီး ငါ့ဟာလို့ ပြောလို့ရရဲ့လား။ မရဘူး။ အဲဒီတော့ ခန္ဓာ ငါးပါးထဲက တစ်ခုခုကိုပဲ ငါလို့လည်း ပြောတယ်၊ ငါ့ဟာလို့လည်း ပြောတယ်ပေါ့။

အဲဒီတော့ တကယ် "ငါ" ဆိုတာ ဟုတ်ရဲ့လား ဆိုတော့ မဟုတ်ဘူး။ သူ့သဘာဝအတိုင်း သူ့ဟာသူဖြစ်နေတာ။ "ငါ့ဟာ" ဆိုတာကော ဟုတ်ရဲ့လား။ မဟုတ်ဘူး။ တကယ် ဝိပဿနာ ဉာဏ်အမြင်နဲ့ ကြည့်လိုက်မယ် ဆိုလို့ရှိရင် အရာခပ်သိမ်းက ထာဝရ ရွေ့လျားနေတာ။ ဆိုပါစို့၊ မြစ်ရေတွေ စီးနေတာ ကြည့်လိုက်မယ်ဆိုရင် အဲဒီ စီးနေတဲ့ ရေကလေးကို သေသေချာချာ တည့်တည့်လေး ချိန်ထား၊ ချိန်ထားပြီးတော့ "ငါ့ရေ" လို့ပြောလိုက်၊ အဲဒီပြောပြီးတဲ့ အချိန်လေးမှာ ဒီရေဟာ ရှိသေးလား၊ မရှိတော့ဘူး။ နောက် တစ်ခုဖြစ်သွားပြီး။ ဟုတ်ကဲ့လား။ ပြောင်းသွားပြီ။

အဲဒီလို ပြောင်းတာထက်တောင် မြန်သေးတယ်။ ကိုယ့် ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တွေ နာမ်တွေက "ငါ" လို့ ပြောလိုက်တဲ့ အချိန်လေးမှာပဲ သူက နောက်တစ်ခု ဖြစ်သွားပြီ။ ဒီတစ်ခုက ပျက်သွားပြီလေ။ အဲဒီတော့ "ငါ"လို့ပြောလိုက်တဲ့ ဟာလေးက ပျက်သွားပြီ၊ နောက်တစ်ခါ ဖြစ်တဲ့ဟာလေးက "ငါ"လို့ပြောတဲ့ဟာ မဟုတ်တော့ဘူး၊ တခြားဟာ ဖြစ်ပြီ။ သို့သော် copy ဖြစ်တော့ လူတွေက မျက်စေ့ လည်နေတာပေါ့။ ဒါလို့ပဲ ထင်တော့တာပေါ့ ဟုတ်ကဲ့လား။

အဲဒါကြောင့် ခန္ဓာ ငါးပါးထဲက တစ်ခုခုကို "ငါ"လို့ပြောရတဲ့ အတ္တဝါဒ။ **သက္ကာယဒိဋ္ဌိ သက္ကာယ**ဆိုတာ တကယ်ထင်ရှားရှိတဲ့ ခန္ဓာ၊ အဲဒီခန္ဓာပေါ်မှာ လွဲမှားစွာ ထင်တာက ဒိဋ္ဌိ။ ခန္ဓာငါးပါးလို့ မြင်ရင် မှန်တယ်နော်။ ရုပ်ကို ရုပ်လို့ပဲမြင်တယ်၊ နာမ်ကို နာမ်လို့ပဲ မြင်တယ်၊ "ငါ"လို့ မမြင်ဘူးဆိုရင် မှန်တယ်။ အဲဒီ ရုပ်နာမ် နှစ်ပါးထဲက တစ်ခုခုကို "ငါ"လို့ အမြင်ဟာ မှားတယ်ပေါ့။ အဲဒီလို မြင်တာကို အတ္တ၊ အဲဒီ အတ္တအကြောင်းပြောတဲ့ ဝါဒကို အတ္တဝါဒ။ အဲဒီ အတ္တဝါဒပေါ်မှာပဲ စွဲလမ်းမှုက ဥပါဒါန်။ ဘာသာတရားတွေ အားလုံးဟာ (မြတ်စွာဘုရားက ထောက်ပြတယ်) ဒီဥပါဒါန်တရားတွေကို ကျော်လွှားဖို့ ကြိုးစားကြတယ်။ တချို့ ဘာသာတွေက ကာမုပါဒါန်ကို ကျော်လွှားနိုင်တယ်၊ ကာမဂုဏ်အာရုံတွေကို ဖယ်ရှားနိုင်တယ်။ နောက်တချို့ ဘာသာတွေက ကာမဂုဏ် အာရုံတွေအပြင် **ဒိဋ္ဌုပါဒါန်**ကိုလည်း ကျော်လွှားနိုင်တယ်တဲ့။ နောက်တချို့ ဘာသာတရားတွေက **ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်** နှစ်ခု တင်မကဘူး၊ **သီလဗ္ဗတုပါဒါန်** ဆိုတဲ့ အကျင့်သီလနဲ့ ပတ်သတ်တဲ့ မှားယွင်းတဲ့ အယူအဆပေါ်မှာလည်း ကျော်လွှားနိုင်တယ်တဲ့။

သူတို့ မကျော်လွှားနိုင်တာက ဘာတုန်းဆိုရင် **အတ္တဝါဒုပါဒါန်**ပဲ။ **အတ္တဝါဒုပါဒါန်**ကို မကျော်လွှားနိုင်ဘူးတဲ့။ ဆိုလိုတာက မြတ်စွာဘုရားလက်ထက်က ဘာသာတရားတွေ မှန်သမျှမှာ "ငါ"ဆိုတာ ပယ်ဖျက်လို့မရဘူး။ သူတို့မှာ နောက်ဆုံး အတ္တလေး ကျန်နေတယ်လို့ ဒီလိုပြောတာနော်။ အဲဒါလေးမှ မပျောက်ဘူး ဆိုရင်တဲ့ မြတ်စွာဘုရားက သံသရာ ဝဋ္ဋကလွတ်လို့ မရဘူးတဲ့။

အဲဒီတော့ တခြား ဘာသာတရားတွေဟာ အဲဒီအဆင့်ကို ဘယ်ဘာသာမှ မကျော်နိုင်ဘူး။ ဆိုပါစို့၊ **ပုရာဏ ကဿပ**တို့၊ **မက္ခလိ ဂေါသာလ**တို့၊ **အဇိတ ကေသကမ္ဗလ၊ နိဂဏ္ဌ နာဋပုတ္တ**တို့၊ **သဉ္စယ ဗေလဋ္ဌပုတ္တ**တို့ ဘုရားလက်ထက်တုန်းက ထင်ရှားတဲ့ ဘာသာရေး ဂိုဏ်းဆရာကြီးတွေဟာ အမျိုးမျိုးသော အယူဝါဒတွေ ဟောနေပေမယ့် နောက်ဆုံးမှာ သူတို့ မကျော်လွှားနိုင်တာ အတ္တပဲ။ အဲဒီ အတ္တဆိုတဲ့ အယူအဆကို နိဗ္ဗာန်ဆိုတာ ဘယ်လို့မှ ရှာတွေ့မသွားကြဘူးပေါ့။ ဒီ**အတ္တဝါဒ** ထဲမှာပဲ ပြန်နှစ်ပြီးတော့ **အတ္တဝါဒ**ထဲမှာပဲ ပြန်ပေါ်လာတာပဲ။

မြတ်စွာဘုရားသခင် ပွင့်ပြီ ဆိုတဲ့ အခါကျတော့ဟောဒီ အတ္တဆိုတဲ့ အယူအဆလေးတစ်ခုကို ငြင်းပယ်လိုက်တယ်။ "**သဗ္ဗေ ဓမ္မာ အနတ္တာ**" ဟို ဟောနိုင်တာ မြတ်စွာဘုရားတစ်ပါးပဲ ရှိတယ်ပေါ့။ ကျန်တဲ့ ပုဂ္ဂိုလ်တွေက အနိစ္စ၊ ဒုက္ခ ဟောကောင်း ဟောလိမ့်မယ်။ အနတ္တဆိုတာ မဟောနိုင်ကြဘူးပေါ့။

အဲဒီတော့ ဘယ်လောက်ပဲကောင်းတဲ့ ဘာသာတရားပဲ ဖြစ်ဖြစ် နောက်ဆုံးမှာ အတ္တကို မပယ်ဖျက်နိုင်သမျှ၊ အတ္တဆိုတဲ့ အယူအစွဲကြီးကို မရှောင်ရှားနိုင်သေးသမျှ၊ မကျော်လွှား နိုင်သေးသမျှ သံသရာဝဋ္ဋဆင်းရဲက ဘယ်သူမှ မလွတ်ဘူးတဲ့။ အဲဒီအတ္တကို ကျော်ဖြတ်ဖို့၊ ဖယ်ရှားနိုင်ဖို့ အမှန်တရားကို သိဖို့လိုတယ်။ အမှန်တရားကို မသိတဲ့ **အဝိဇ္ဇာ**ကို ဖယ်ရှားနိုင်ဖို့ အမှန်တရားကို သိတဲ့ **အသိဉာဏ်ဝိဇ္ဇာ** လိုတယ်။

ဗုဒ္ဓဘာသာတရားတော်မှာ **ဝိဇ္ဇာ**ဟာ အဆင့်ဆင့်ထားတာ နောက်ဆုံးမှာ ဒီ မဂ်ဉာဏ်တွေကို **ဝိဇ္ဇာ**လို့ခေါ်တယ်။ **အရဟတ္တမဂ္ဂဝိဇ္ဇာ**လို့ဆိုတဲ့ ဒီအသိဉာဏ်ရလိုက်ပြီ ဆိုလို့ရှိရင်တော့ **မောဟ** ဆိုတဲ့ တွေဝေတဲ့ အဝိဇ္ဇာဆိုတဲ့ အသိရဲ့ ဆန့်ကျင်ဘက် သဘာဝ တရားတစ်ခုဟာ လုံးဝရှင်းသွားတယ်။ လုံးဝ ရှင်းသွားတော့ **အဝိဇ္ဇာ** ကင်းသွားလို့ **ဝိဇ္ဇာ**လဲ ပေါ်လာရော။ ဘာဖြစ်လိုလဲဆိုရင် အဲဒီ **အဝိဇ္ဇာ** ကင်းသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက် **အဝိဇ္ဇာ** ပျောက်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် အမှန်တရားကို သိမြင်သွားပြီ။ သိမြင်သွားတဲ့ အခါကျတော့ တွယ်တာမှုတွေ အားလုံးကို ဖယ်ရှားနိုင်တဲ့ အချိန်မှာ ဘာဖြစ်လဲလို့ဆိုရင် တွယ်တာမှုတွေ ကုန်သွားတာနဲ့ တစ်ပြိုင်နက်  သူ့ကိုယ်သူ သိလာတယ်၊ **ခဏာဇာတိ၊** ဘဝဆိုတာ နောက်ထပ် ပြန်လည်မွေးဖွားမှု ငါ့မှာ မရှိတော့ဘူး၊ လုပ်စရာတွေ လုပ်ပြီးပြီ၊ "**ဝုသိတံ ဗြဟ္မစရိယံ**" ကျင့်စရာတွေ ကျင့်ပြီးပြီ။ "**ကတံ ကရဏီယံ**" လုပ်စရာတွေ လုပ်ပြီးပြီ။ "**နတ္တိ**" နောက်ထပ်ဘဝသစ် ဆိုတာ ငါ့မှာ မရှိတော့ဘူး။ ဒီအကျင့်တရားအတွက် နောက်ထပ် ထပ်ပြီးတော့ ကျင့်စရာ မရှိတော့ဘူးဆိုတာ လုံးဝ ရှင်းရှင်းကြီး မြင်လာပြီ။ အဲဒီ အဆင့်ထိအောင် မပို့နိုင်တဲ့ သာသနာဟာ ပြည့်စုံတဲ့ သာသနာလို့ မခေါ်နိုင်ဘူးတဲ့နော်။ ဒါကြောင့်မို့လို့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်သည် "**နိယျာနိက သာသနာ**" တကယ့် သံသရာ ဝဋ္ဋဆင်းရဲကနေ ထုတ်ဆောင်ပေးနိုင်တဲ့ သာသနာ၊ တကယ်ပြည့်စုံတဲ့ အသိဉာဏ် တစ်ခုကို ပေးပြီးတော့ မသိမှုဆိုတဲ့ **အဝိဇ္ဇာ**ကို ဖယ်ရှားပစ်နိုင်တဲ့ သာသနာဖြစ်တယ် ဆိုတာ ကိုယ်စီကိုယ်စီ သဘောကျပြီးတော့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ အဓိက ပန်းတိုင်ဟာ **အရဟတ္တမဂ်၊ မရဟတ္တဖိုလ်** ဖြစ်တယ်။ ထို **အရဟတ္တမဂ်၊ အရဟတ္တဖိုလ်** ရဖို့ရာအတွက် မှားယွင်းတဲ့ အမြင်တွေကို အဆင့်ဆင့် ဖယ်ရှားလို့ အသိဉာဏ် မိမိတို့ သန္တာန်မှာ ရအောင် ကြိုးစားအားထုတ်ရမှာ ဖြစ်တယ်လို့ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု

http://mmteashop.com

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅)ရက်၊ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဒုတိယအကြိမ် ဝိသုဒ္ဓိသံဃဒါန ဆွမ်းလောင်းအသင်း၊ အထူးဓမ္မ ပူဇာဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော "**အစွမ်းတန်ခိုးများနှင့် သာသနာ**" တရားဒေသနာတော်။

http://mmteashop.com

myanmar tea shop
www.mmteashop.com

## အစွမ်းတန်ခိုးများနှင့် သာသနာ

မိမိတို့ ကြည်ညိုကိုးကွယ် မြတ်နိုးရာ ဘာသာတရား ထွန်းကားဖို့ရန်အတွက် ဆိုင်ရာ ဆိုင်ရာ ဘာသာတရားတွေမှာ ယုံကြည်မြတ်နိုးကြတဲ့ ပုဂ္ဂိုလ်အသီးသီးဟာ သူတို့ ဘာသာသာသနာ ကြီးပွား တိုးတက်ရေးအတွက် အစွမ်းတန်ခိုးနဲ့ သာသနာပြုဖို့ စိတ်ကူးကြတယ်။ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာလည်း ထို့အတူပဲ။ အချို့ အချို့သော ပုဂ္ဂိုလ်တွေရဲ့ စိတ်ထဲမှာ အစွမ်းတန်ခိုးပြပြီး သာသနာပြုရင် ကမ္ဘာလောကမှာ ရှိတဲ့ လူသားတွေအလားကို စည်းရုံး နိုင်လိမ့်မယ်လို့ ယုံကြည်ကောင်း ယုံကြည်ကြလိမ့်မယ်။ ဒါ ရိုးသားတဲ့ ယုံကြည်မှု တစ်ခုပေါ့နော်။

သို့သော် အဲဒီ အစွမ်းတန်ခိုးနဲ့ သာသနာပြုလို့ တကယ်ရနိုင်သလား။ အစွမ်းတန်ခိုးဆိုတာ ဘာကိုခေါ်တာလဲ၊ လူတွေ ထင်မြင်ယူဆထားတဲ့ တန်ခိုးအာဏာ ပါဝါတွေကို အစွမ်းတန်ခိုး ခေါ်တာလား ဆိုတာကို ဘုန်းကြီးတို့ ဒီနေ့ည ရှင်းရှင်းလင်းလင်း သိကြရအောင် ဗုဒ္ဓမြတ်စွာရဲ့ အာဘော်ကျ ဒီဃနိကာယ် **ကေဝဋ္ဋသုတ်** လာတဲ့အတိုင်း ဟောကြားမှာ ဖြစ်ပါတယ်။

## တရားဟောသူတို့ သတိထားစရာ

အားလုံးသော တရားဓမ္မဟာ ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ တရားဓမ္မဖြစ်တယ်။ ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ ထိုတရားဓမ္မကိုပဲ လွယ်လွယ်ကူကူနဲ့ ရှင်းရှင်းလင်းလင်း နားလည်အောင် ဘုန်းကြီးတို့က ထပ်ဆင့် ဟောပြောကြရတယ်။ တစ်ခါတရံမှာ ကိုယ်ရဲ့ အာဘော်နဲ့ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို ညစ်နွမ်းမသွားစေဖို့ သိပ်သတိ ထားရပါတယ်။

လောကကြီးမှာ pollution (ညစ်ညမ်းခြင်း) ဆိုတာ ရှိတယ် မဟုတ်လား။ air pollution ဆိုတာ လေထု ညစ်ညမ်းခြင်းပေါ့။ ရေညစ်ညမ်းခြင်းကို water pollution လို့ခေါ်တယ်။ အခုခေတ်တော့ pollutionတွေ ထပ်တိုးလာတယ်။ အသံတွေ ဆူညံတာကို noise pollution လို့ခေါ်တယ်။ အခုတစ်ခါ ကမ္ဘာမှာ pollution တစ်ခု ထပ်တိုးနေတယ်၊ light pollution တဲ့။ လျှပ်စစ်မီးတွေ သိပ်ပြီးအသုံးပြုတဲ့အခါ တစ်ချို့နိုင်ငံတွေမှ နေ့တွေ ညတွေ မကွဲတော့ဘူး။ အဲဒါကို light pollution လို့ခေါ်ကြတယ်။ အဲဒီ pollution တွေက ဆိုပါစို့ air pollution တို့ water pollution တို့ Light pollution တို့ လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေတယ်။

view pollution ဆိုတာကျတော့ ဘာသာတရားနဲ့ ပတ်သတ်ပြီးတော့ ကိုယ့်ရဲ့ အထင်အမြင် အယူအဆတွေ idea တွ ထည့်လိုက်သည့်အတွက် တကယ့်အစစ်အမှန် တရားတွေဟာ ညစ်နွမ်း သွားနိုင်တယ်။ ဒါကြောင့် တရားဟောတယ်ဆိုတာ အလွန် သတိထားရတယ်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါ ကာလတုန်းက ရာဇဂြိုလ်မြို့နဲ့ မလှမ်းမကမ်းမှာ နာလန္ဒာ ဆိုတဲ့ မြို့ကလေး တစ်မြို့ရှိတယ်။ နာလန္ဒာကို တက္ကသိုလ်အနေနဲ့ပဲ သိကြတယ်။ နာလန္ဒာ မြို့နားမှာ ကြီးကြီးမားမား တက္ကသိုလ်ကြီးတစ်ခု တည်ထောင်ထားလို့ အခုထိ နာလန္ဒာတက္ကသိုလ်လို့ ခေါ်နေကြတယ်။

အဲဒီ နာလန္ဒာဆိုတဲ့ မြို့ကလေးမှာ မြတ်စွာဘုရားနဲ့ ခေတ်ပြိုင် နိဂဏ္ဌဝါဒ ဆိုတာရှိတယ်။ ဒီကနေ့ ခေတ်တော့ ဂျိမ်းဝါဒလို့ခေါ်တယ်။ အိန္ဒိယမှာ ဗုဒ္ဓဝါဒနဲ့ ခေတ်ပြိုင် ပေါ်ထွန်းခဲ့တဲ့ ဝါဒတွေ အနက် ယခုထိ အိန္ဒိယမှာ ထွန်းကားနေဆဲ ဝါဒသည် ဂျိန်းဝါဒပဲဖြစ်တယ်။ ပါဠိစာပေအရ နိဂဏ္ဌနာဋပုတ္တ၊ သူတို့စာပေအရ မဟာဝီရလို့ ခေါ်တဲ့ နိဂဏ္ဌဘုရား (ဂျိန်းဘုရား)က နာလန္ဒမှာ နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင်ခဲ့တယ်။ နာလန္ဒာဟာ သူ့အတွက် အားအကိုးရဆုံးမြို့ တစ်မြို့ဖြစ်ခဲ့တယ်။

သို့သော်လည်း နောက်ပိုင်းမှာ နိဂဏ္ဌဘာသာဝင် (ဂျိန်းဘာသာဝင်) နာလန္ဒာရဲ့ သူဌေးကြီး ဥပါလိဟာ ဗုဒ္ဓကို ဝါဒပြိုင်ဖို့ သွားရင်း ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းသွားတယ်။ ဥပါလိသူကြွယ် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းသွားတဲ့အခါ အဲဒီ မဟာဝီရလို့ခေါ်တဲ့ နိဂဏ္ဌဘာသာရေးခေါင်းဆောင် ဂျိန်းဘုရားဟာ စိတ်ဓာတ်တွေကျပြီး ပါဝါမြို့ကို ပြောင်းရွှေ့သွားတယ်။ စိတ်ဆင်းရဲတော့ ရောဂါဝေဒနာတွေရပြီး မကြာခင် ပါဝါမှာပဲ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့တယ်။

ဥပါလိကသူကြွယ် ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ အချိန်ကနေစပြီး နာလန္ဒာတစ်မြို့လုံးနီးနီး ဂျိန်းဘာသာကိုးကွယ်ရာက ဗုဒ္ဓဘာသာအဖြစ် ပြောင်းလဲသွားကြတယ်။ မြတ်စွာဘုရားကိုလည်းပဲ အလွန်ကြည်ညို ကြတယ်။ အဲဒီအထဲမှာ ပစ္စည်းဥစ္စာ အတော်ကြွယ်ဝတဲ့ သူဌေးသား တစ်ယောက်ရှိခဲ့တယ်။ သူ့ရဲ့ အမည်က ကေဝဋ္ဋပုတ္တလို့ ခေါ်တယ်။ အဲဒီ သူဌေးသားကလည်း ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုတယ်။ ဘာသာရေးကို အလွန်စိတ်ဝင်စားတော့ နာလန္ဒမြို့ တစ်မြို့လုံး ဗုဒ္ဓဘာသာဘက်ကို ပိုပြီး စိတ်ဝင်စားစေချင်တယ်။ ဒါဟာ သူ့ရဲ့ဆန္ဒပဲ။

**သာသနာပြုတဲ့အခါမှာ သဒ္ဓါတရားတစ်ခုတည်းနဲ့ မဖြစ်ဘူး။** သူ့ရဲ့ သဒ္ဓါက သိပ်အားကောင်းသည့်အတွက် သူ့အတွေးတွေ ဘယ်လိုဝင်လာသလဲဆိုရင် "ဒီကနေ့ နာလန္ဒာမှာ ရှိတဲ့ ကိုယ်တော်တွေထဲက တစ်ပါးပါးက အစွမ်းတန်ခိုးတွေများပြမယ်ဆိုရင် ဟောဒီ နာလန္ဒာမြို့သူမြို့သားတွေ ဗုဒ္ဓဘာသာကို ပိုပြီးတော့ ကြည်ညိုကြမယ်၊ ဗုဒ္ဓဘာသာဝင်တွေ ပိုပြီးတော့ ခိုင်မြဲစွာဖြစ်လိမ့်မယ်" ဒါသူ့အတွေး။

ဒီကနေ့ခေတ်မှာလည်း ဒီလိုအတွေးမျိုး ရှိကောင်း ရှိလိမ့်မယ်။ တစ်ခါတုန်းက ဒကာကြီးတစ်ယောက်က ပြောဖူးတယ်၊ ဘုန်းကြီးတွေ ကောင်းကင်မှာစျာန်ပျံပြနိုင်မယ်ဆိုရင် တစ်ကမ္ဘာလုံး ဗုဒ္ဓဘာသာ ဖြစ်သွားမှာပဲလို့ အဲဒီဒကာကြီးက ပြောဖူးတယ်။ ဒီအတွေးမျိုးက အခုမှ ပေါ်တာမဟုတ်ဘူး။ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါကာလတုန်းက ကေဝဋ္ဋပုတ္တဆိုတဲ့ သူဌေးသားလေးက ဒီစိတ်ကူးမျိုး ရလာတယ်။

သူက စိတ်ကူးရရုံတင် မဟုတ်ဘူး။ မြတ်စွာဘုရားကို သွားလျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော် သာသနာတော်ကြီးပွား ထွန်းကားရေးအတွက် အကြံတစ်ခု လျှောက်ထားချင်ပါတယ်။ မြတ်စွာဘုရားက တန်ခိုး ဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတဲ့ ရဟန်းတစ်ပါးကို ဟောဒီ နာလန္ဒာအနှံ့ တန်ခိုးပြဖို့ ခန့်ထားပါဘုရား"တဲ့။ အဲဒီလို ခန့်ထားမယ်၊ ဒီကိုယ်တော် တန်ခိုးပြမယ်ဆိုရင် နာလန္ဒာ မြို့သူမြို့သားတွေက အတိုင်းထက် အလွန် ဗုဒ္ဓဘာသာကို ကြည်ညိုလာကြပါလိမ့်မယ်။ ဒါ သူ့အတွေး။

မြတ်စွာဘုရားက ဘာအမိန့် ရှိတုန်းဆိုရင် "ကေဝဋ္ဋ၊ ငါ ဒီလို တရားမျိုးကို မဟောဘူး၊ ရဟန်းတို့လာကြ၊ လူတွေကို တန်ခိုးပြကြဆိုတဲ့ ဆုံးမသြဝါဒမျိုး ငါဘယ်တော့မှာ မပေးဘူး" တဲ့။ ဘုရားက အဲဒီလို မိန့်တဲ့အခါမှာ သူက ဘာပြန်လျှောက်တုန်းဆိုတော့ "အရှင်ဘုရားတပည့်တော်က စိတ်ကောင်း စေတနာကောင်းနဲ့

http://mmteashop.com

ပြောတာပါ။ အရှင်ဘုရားကို နှစ်နာ ဆုံးရှုံးစေလို၍၊ အရှင်ဘုရားရဲ့ စည်းကမ်းချက်တွေကို ထိခိုက်စေလို၍ လျှောက်တာ မဟုတ်ပါဘူး"။ ဘာဖြစ်လို့တုန်းဆိုရင် မြတ်စွာဘုရားက ရာဇဂြိုလ်ပြည်မှာ ဝိနည်းစည်းကမ်းတစ်ခု ချထားတာရှိတယ်။ တန်ခိုးမပြရဘူးဆိုတဲ့ ဝိနည်းစည်းကမ်း ချမှတ်ထားခဲ့တယ်။

## တန်ခိုးမပြရ ဝိနည်းစည်းကမ်း ချမှတ်ရပုံ

ဘယ်တုန်းကစပြီး တန်ခိုးမပြရဘူး ဆိုတာကို ချမှတ်ခဲ့သလဲဆိုရင် ဘယ်ဘာသာဝင်မှ မဟုတ်တဲ့ non-religious beliver ရာဇဂြိုလ်က သူဌေးတစ်ယောက်က စန္ဒကူးနှစ်ကို သပိတ် လုပ်ပြီးအတောင် (၆၀) ရှိတဲ့ ဝါးလုံးမှာ ဆွဲထားပြီး "ဘာသာအမျိုးမျိုး ထွန်းကားနေတယ်၊ ကဲ၊ ဘာသာရေးသမားတွေ တန်ခိုးရှိကြတယ်၊ အစွမ်းသတ္တိတွေ ရှိကြတယ်ဆိုရင် ဘယ်ဘာသာဝင်ပဲ ဖြစ်ဖြစ် ကောင်းကင်မှာ ချိတ်ထားတဲ့ ဟောဒီ စန္ဒကူးသပိတ်ကို ယူပါ။ ယူနိုင်မယ်ဆိုရင် သားရော၊ မယားရော သူ့မှာရှိတဲ့ စည်းစိမ်တွေကိုပါ ပုံအပ်ပြီး အဲဒီ ဘာသာဝင်အဖြစ် ခံယူမယ်" လို့ ကြေငြာလိုက်တယ်။ သူကလည်း တန်းခိုးပြတာ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ပဲနော်။

အတောင် (၆၀) ရှိတဲ့ ဝါးလုံးထိပ်မှာ ချိတ်ဆွဲထားတဲ့ သပိတ်ကို ကောင်းကင်ပျံပြီး ယူနိုင်တဲ့ ပုဂ္ဂိုလ်ရဲ့ ဘာသာကို သူက ဆည်းကပ်မယ်လို့ ကြေငြာတာနော်။ ဒီလို ကြေငြာတဲ့အခါ တခြားဘာသာဝင် ခေါင်းဆောင်တွေက သွားပြီး စည်းရုံးကြတယ်။ ဒီသပိတ်ကလေးအတွက်နဲ့ တန်ခိုးပြဖို့ မတောင်းဆိုပါနဲ့။ ဒို့မှာ တန်ခိုးပါဝါတွေ ရှိနေတာမှန်တယ်။ ဒို့နဲ့ပဲ ထိုက်တန်ပါတယ်။ မင်းရဲ့ သပိတ်ကို ဒို့ကိုလှူပါ" လို့ သွားပြောတယ်။ သူဌေးက ခေါင်းမာမာပဲ။ အားလုံးကို လှူတယ်။ ဒီအတိုင်းတော့ ဘယ်သူ့မှ မပေးနိုင်ဘူး၊ ယူတဲ့ သူက ကောင်းကင်ကို ပျံပြီးမှသာ ယူရမယ်တဲ့။

နောက်ဆုံး ဘယ်သူတတ်ပြီး ယူလိုက်တုန်းဆို ရှင်ပိဏ္ဍောလဘာရဒွါဇပဲ။ ဗြဟ္မဏ အမျိုးကနေ ရဟန်းဝတ်လာတဲ့ ရှင်ပိဏ္ဍောလဘာရဒွါဇ ဆိုတဲ့ ရဟန္တာတစ်ပါးက ရှင်မဟာမောဂ္ဂလာန်နဲ့အတူ ဆွမ်းခံဝင်လာရင်း သတင်းကြားတယ်။ လမ်းမှာ လူတွေက ပြောကြတယ်ပေါ့။ "သူဌေးက ကြေငြာထားတာ (၇) ရက် ရောက်ပြီ၊ ဒီသပိတ်ကို ယူမယ့်သူ မရှိဘူး။ လောကမှာ သူကလည်း ရဟန္တာ၊ ငါကလည်း ရဟန္တာနဲ့၊ သူကလည်း တန်ခိုးရှင်၊ ငါကလည်း တန်ခိုးရှင်နဲ့ ပြောနေကြတာ အလကားပါ၊ လောကမှာ တကယ်စွမ်းတဲ့ တန်ခိုးရှင် မရှိပါဘူး" လို့ ပြောကြတယ်။ ရှင်မဟာမောဂ္ဂလာန်က ဒီစကားကြားသွားတယ်။ ကြားသွားတော့ ရှင်ပိဏ္ဍောလကို တိုက်တွန်းတယ်။ ငါ့ရှင်ပိဏ္ဍောလ ကြားလား။ ငါ့ရှင်တတ်နိုင်ပါတယ်။ အစွမ်းတန်ခိုးပြပြီးတော့ ဒီသပိတ်ကို တတ်ယူပါလို့ဆိုတော့ ရှင်မောဂ္ဂလာန်ရဲ့ တိုက်တွန်းချက်အရ ရှင်ပိဏ္ဍောလက အဲဒီ စန္ဒကူးသပိတ်ကို ကောင်းကင်ကကြွပြီး ရယူသွားခဲ့တယ်။ အဲဒီဇာတ်လမ်းကလေးရှိတယ်။

ကောင်းကင်ပျံပြီးတော့ စန္ဒကူးသပိတ်ကို ယူတဲ့အချိန်မှာ အုန်းအုန်းကျွတ်ကျွတ်ပေါ့။ အလုပ်ကိစ္စနဲ့ ခရီးသွားနေလို့ မကြည့်လိုက်ရတဲ့ လူတွေ၊ တခြား ရောက်နေလို့ မကြည့်လိုက်ရတဲ့လူတွေက ရှင်ပိဏ္ဍောလနောက်က လိုက်လာပြီး မမြင်လိုက်ရလို့ ပြပါဦး၊ ပြပါဦးနဲ့ တကောက်ကောက် လိုက်လာကြတယ်။ ကျောင်းထိအောင် လိုက်လာတယ်။ မြတ်စွာဘုရားက ဆူဆူညံညံ လုပ်တာဆိုရင် လုံးဝကို မကြိုက်ဘူး။ တိတ်ဆိတ်ငြိမ်သက်မှုကို မြတ်စွာဘုရားက အလွန်နှစ်သက်တယ်။

ရှင်ပိဏ္ဍောလနောက်က လူအုပ်ကြီးက တအုန်းအုန်းနဲ့ လိုက်လာတာ ကျောင်းတော်ထိအောင် ဆူဆူညံညံ ဖြစ်နေတော့ မြတ်စွာဘုရားက မေးတယ်။ မေးလို့ ဒီသတင်းကြားတော့ ရှင်ပိဏ္ဍောလကို ခေါ်ပြီးတော့ မြတ်စွာဘုရားက မှတ်လောက်သားလောက်အောင် ဆုံးမတယ်။ ဘာမှ တန်ဖိုးမရှိတဲ့ ဒီသပိတ်ကလေး အတွက်နဲ့ တန်ခိုး ပြရ မလားလို့ မြတ်စွာဘုရားက ဆုံးမပြီးတော့ "ဒီကနေ့ကနေ စပြီး ရဟန်းတွေ တန်ခိုးမပြရဘူး" လို့ ပညက်ခဲ့ဘူးတယ်နော်။

ဒါကြောင့် ဒီ ကေဝဋ္ဋက ဘုရားကို လျှောက်တဲ့အခါ "အရှင်ဘုရားရဲ့ စည်းကမ်း ဥပဒေတွေကို ဖျက်လို၍ တပည့်တော်က လျှောက်တာ မဟုတ်ပါဘူးဘုရား။ ဟောဒီ နာလန္ဒာမြို့သူမြို့သားတွေ ဗုဒ္ဓဘာသာကို ပိုပြီးတော့ စိတ်ဝင်စားလာအောင်၊ အရှင်ဘုရား သာသနာနဲ့ အရှင်ဘုရားအပေါ် ပိုပြီးတော့ ကြည်ညိုမှုတွေ ဖြစ်စေချင်လို့ တပည့်တော် လျှောက်တာပါ" တဲ့။ အဲဒီလို လျှောက်သော်လည်း မြတ်စွာဘုရားက "ငါဘယ်တော့မှာ ရဟန်းတွေကို တန်ခိုးပြဖို့ မတိုက်တွန်းဘူး" လို့ ပြန်ပြီး မိန့်ကြားတယ်။

http://mmteashop.com

## အစွမ်းတန်ခိုး (၃)မျိုး

အဲဒီလို မိန့်ကြားတဲ့အခါမှာ (၃)ကြိမ်တိုင်အောင် ထပ်ပြီး တောင်းပန်လျှောက်ထားတော့ မြတ်စွာဘုရားကမိန့်တယ်။ "ကဲ ကေဝဋ္ဋငါပြောမယ်။ လောကမှာ အစွမ်းတန်းခိုး (၃)မျိုးရှိတယ်။ အစွမ်းတန်ခိုး (၃)မျိုးက ဘာတုန်းဆိုရင် နံပါတ် (၁)က **ဣဒ္ဓိပါဋိဟာရိယ** နံပါတ် (၂) **အာဒေသနာပါဋိဟာရိယ** နံပါတ် (၃)က **အနုသာသနီပါဋိဟာရိယ၊ ဣဒ္ဓိပါဋိဟာရိယ** ဆိုတာက ပုံစံအမျိုးမျိုး ဖန်ဆင်းပြနိုင်တယ်။ **အာဒေသနာပါဋိဟာရိယ** ဆိုတာ လူတစ်ယောက်ရဲ့ စိတ်ကို အတတ်ဟောတာ။ **အနုသာသနီပါဋိဟာရိယ** ဆိုတာ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်တရားကိုကျင့်၊ ဘယ်လိုလိုက်နာရမလဲ ဆိုပြီးတော့ သွန်သင် ဆုံးမတာတဲ့။ အစွမ်းတန်ခိုး (၃)မျိုးတဲ့။

## ဆုံးမတာလည်း တန်ခိုးပဲ

လောကလူတွေက အမျိုးမျိုးလုပ်ပြ ဖန်းဆင်းပြမှ တန်ခိုးလို့ ထင်နေတယ်။ မြတ်စွာဘုရားက ဆုံးမတာလည်း တန်ခိုးပဲတဲ့။ ဆုံးမဩဝါဒ ပေးတာဟာ အစွမ်းတန်ခိုးလို့ မှတ်ထားရမယ်။ ဒီအစွမ်းတန်ခိုးတွေကို ပါဠိလို **ပါဋိဟာရိယ** မြန်မာလိုကျတော့ **ပြဋ္ဌိဟာ**လို့ သုံးလေ့ရှိတယ်။ **ပြာဋိဟာ**ဆိုတဲ့ စကားလုံးနဲ့**ပါဋိဟာရိယ** ဆိုတာဟာ အတူတူပဲ။ မြန်မာလိုက ပါဠိနောက်လိုက်ပြီးတော့ ပြာဋိဟာ ပြာဋိဟာနဲ့ ဒီလိုခေါ်တယ်။ အဓိပ္ပါယ်က ဆန့်ကျင်ဘက်တွေကို တွန်းလှန်ဖယ်ရှားနိုင်တဲ့ အစွမ်းသတ္တိလို့ ပြောတာနော်။ ဆန့်ကျင်လာတဲ့ အရာတွေကို တွန်းလှန် ဖယ်ရှားပစ်နိုင်တဲ့ အစွမ်းတန်ခိုးကို **ပါဋိဟာရိယ**လို့ ခေါ်တယ်။ မြန်မာလို အစွမ်းတန်ခိုးလို့ပဲ မှတ်ထားပေါ့။ စကားလုံးရဲ့ အဓိပ္ပါယ်ရင်းက ဆန့်ကျင်ဘက်ကို တွန်းလှန် ဖယ်ရှားပစ်နိုင်တဲ့ အစွမ်းသတ္တိကို အစွမ်းတန်ခိုးလို့ ခေါ်ပါတယ်။

အဲဒီလို အစွမ်းတန်ခိုးဟာ (၃)မျိုးရှိတယ်။ နံပါတ် (၁)က **ဣဒ္ဓိပါဋိဟာရိယ၊** ခုခေတ်လည်းပြောကြတယ် မဟုတ်လား၊ ဣဒ္ဓိတို့ မဟိဒ္ဓိတို့ ဆိုတာလေ၊ အစွမ်းတန်ခိုးတွေပေါ့၊ ဣဒ္ဓိတန်ခိုးဟာ မရှိဘူး မဟုတ်ဘူး ရှိတယ်။ ဘယ်လို လုပ်ရတုန်းဆိုရင် သမထ ကျင့်စဉ်တစ်ခုကို ပေါက်ပေါက်ရောက်ရောက် ကျင့်လိုက်လို့ ဈာန် (၄)ဆင့် (သို့) ဈာန် (၅)ဆင့် ရောက်တဲ့အခါမှာ ဖန်ဆင်းနိုင်တဲ့ ပညာရပ်တစ်ခုကို ဣဒ္ဓိလို့ခေါ်တယ်။ ပါဠိ စာပေအရ အဘိညာလို့ ခေါ်တယ်။ ထူးခြားတဲ့**ဣဒ္ဓိဝိဓ အဘိညာ။**

**ဝိဓ** ဆိုတာ အမျိုးမျိုးရှိတယ်တဲ့။ ဆိုပါစို့ တစ်ယောက်ထဲကနေပြီး တစ်ရာတစ်ထောင်ဖြစ်အောင် ဖန်ဆင်းလို့ရတယ်။ ရှင်စူဠပန်မထေရ်မြတ်က တစ်ပါးထဲက နေပြီး ရဟန်းတစ်ထောင်ဖြစ်အောင် ဖန်းဆင်းထားတယ်။ ဒီအစွမ်းတန်ခိုးနဲ့နော်။ မရှိမဟုတ်ဘူး၊ ရှိတယ်။ မရ မဟုတ်ဘူး၊ လုပ်လို့ရတယ်။ ရှင်စူဠပန်က သူ့ရဲ့ ကိုယ်ပွားတွေ တစ်ထောင် ဖန်ဆင်းပြထားတယ်။ ဘယ်ကိုယ်တော်ကိုပဲ မေးလိုက်မေးလိုက် အကုန်လုံး စူဠပန်ချည်းပဲ။ တစ်ပါးနဲ့ တစ်ပါး မတူအောင်လည်း ဖန်ဆင်ထားတယ်။ တစ်ပါးက ကမ္မဋ္ဌာန်း ထိုင်နေတယ်။ တစ်ပါးက တံမြက်စည်း လှည်းနေတယ်။ တစ်ပါးက ရေခပ်နေတယ်။ မေးလိုက်ရင်တော့ အကုန်လုံး စူဠပန်ချည်းပဲ။

ဒါမျိုးကို **ဣဒ္ဓိပါဋိဟာရိယ** ဣဒ္ဓိအစွမ်းတန်ခိုးလို့ခေါ်တယ်။ ဒါက အဘိညာန် တန်းခိုးနဲ့မှ ဖန်ဆင်းလို့ရတာ ဖြစ်တယ်။ တစ်ပါးထဲကနေ ရာထောင်ထိအောင် ဖန်ဆင်းလို့ ရသလို ရာထောင်ကို တစ်ဦးတည်းဖြစ်အောင် ချုံ့ပြီးတော့ ယူလို့ရတယ်။ ဘွားခနဲ ပေါ်လာအောင်လည်း ဖန်ဆင်းလို့ရတယ်။ ဖျက်ခနဲ ပျောက်သွားအောင်လည်း ဖန်ဆင်းလို့ရတယ်။ ကိုယ့်မျက်စိအောင်မှာ ဘွားခနဲ ပေါ်လာနိုင်သလို ဖျက်ခနဲလည်း ပျောက်သွားနိုင်တယ်။ ဟိုဘက်နံရံ၊ ဒီဘက်နံရံကို (တရုတ်ပြည်က မဟာတံတိုင်းကြီး ဖောက်ထွက်သွားသလိုမျိုး)လည်းပဲ ဖောက်ထွက်သွားနိုင်အောင် အစွမ်းတန်ခိုးတွေ ဖန်ဆင်းလို့ ရတယ်။ ဒါတင်မကဘူး ရေပေါ်မှာ လမ်းလျှောက်ပြတာ ကောင်းကင်ပေါ်မှာ ငှက်လိုပျံပြတာ တန်ခိုးအမျိုးမျိုး၊ မြေထဲမှာ လျှိုးပြတာ ကောင်းကင်ပေါ်မှာ ထိုင်ပြတယ်၊ တက်ပြတယ်၊ အမျိုးစုံပေါ့၊ ဒါတွေက အစွမ်းတန်ခိုးလို့ခေါ်တယ်။

အဲဒီ အစွမ်းတန်ခိုးတွေ ဖန်ဆင်းတဲ့အခါမှာလည်း သဘာဝကို ဆန့်ကျင်ပြီး လုပ်လို့မရဘူး။ စနစ်တကျ သဘာဝအတိုင်း လုပ်ရတယ်၊ သဘာဝဆန့်ကျင်လို့ရှိရင် မအောင်မြင်ဘူး။ အစွမ်းတန်ခိုးဆိုပေမယ့်လို့ လုပ်ချင်တာ လုပ်လို့မရဘူးနော်။ ဒါကြောင့် super natural power (သဘာဝလွန်စွမ်းအား) မဟုတ်ဘူး၊ super natural power (ပုံမှန်ထက်သာသော စွမ်းအား)၊ (သာမန်ထက်သာသောစွမ်းအား) ဖြစ်တယ်၊ nature (သဘာဝ)ကိုတော့ ကျော်လွန်လို့ မရဘူး။ natureကို ကျော်လို့ မရဘူးဆိုတာကြည့်၊ မြေလျှိုးချင်တယ်ဆိုရင် မြေဆိုတာ အပေါက်ရှိမှ လျှိုးလို့ရတယ် မဟုတ်လား၊ အပေါက်မရှိရင် လျှိုးလို့မရဘူးလေ၊ အဲဒီတော့ မြေလျှိုးချင်တယ်ဆိုရင် ပထမဆုံး ကိုယ်သွားမယ့် မြေကြီးမှာ လမ်းကြောင်းတစ်ခု ဖန်တည်းရမယ်၊ သဘောက လိုဏ်ဂူကြီး ဖြစ်အောင် အရင်ဖန်တည်းရမယ်၊ ပြီးမှ သွားလို့ရမယ်။

ကောင်းကင်မှာ လမ်းလျှောက် သွားချင်တယ်ဆိုရင် သဘာဝက လေဟာပြင်မှာ လမ်းလျှောက်လို့မရဘူး၊ အဲဒီတော့ လမ်းလျှောက်လို့ရအောင် အရင်ဆုံး လမ်းကို ဖန်ဆင်းရတယ်။ ဖန်ဆင်းပြီးတဲ့အခါမှ ကောင်းကင်မှာ လမ်းလျှောက်လို့ရမယ်။ သဘာဝကို ဆန့်ကျင်ပြီးလုပ်ရင် တန်ခိုးက မအောင်မြင်ဘူး။ ဆိုပါစို့ ဒိဗ္ဗစက္ခု အဘိညာဉ်နဲ့ တံတိုင်းကြီး ခြားနေတဲ့ ဟိုဘက်ကို လှမ်းကြည့်ချင်တယ်၊ ဒါမှမဟုတ် မြေကြီးထဲကို လှမ်းကြည့်ချင်တယ်။ ဘယ်လိုလုပ်ရမလဲ။ ပကတိမျက်စိရဲ့ သဘောက မှောင်နေရင် မမြင်ရဘူး၊ ထို့အတူပဲ ဒိဗ္ဗစက္ခုကလည်း မှောင်နေတာ ကြည့်လို့မရဘူး၊ ဒါကြောင့် ကိုယ်ကြည့်ချင်တဲ့နေရာကို အာလောကသိုဏ်းဆိုတဲ့ အလင်းရောင်ကသိုဏ်းကို အရင်ဝင်စားရတယ်၊ ဝင်စားပြီးတော့ ကိုယ်ကြည့်မယ့် နေရာကို မီးထိုးသလိုပဲ အလင်းရောင်နဲ့ အရင်ထိုးပေးရတယ်။ အဲဒီအလင်းရောင် ဖြန့်ကျက်ထားတဲ့ နေရာကိုသာ ကြည့်လို့ရတယ်တဲ့၊ ဖြန့်ကျက်ထားတဲ့ ဧရိယာ အတိုင်းအတာ တစ်ခုသာ မြင်နိုင်တယ်။ အလင်းရောင် မရောက်တဲ့နေရာကို ကြည့်လို့မရဘူး၊ ညမှောင်ထဲ ခရီး သွားတဲ့အခါ ဓါတ်မီးလေးနဲ့ ထိုးသွားကြတယ်မဟုတ်လား။ ဒိဗ္ဗစက္ခုကလည်း အဲဒီသဘောပဲဖြစ်တယ်။

ရှေးတုန်းက ရှင်သံဃရက္ခိတ ဆိုတဲ့ ကိုရင်လေးတစ်ပါး သမထကျင့်စဉ်တွေကျင့်လို့ တန်ခိုးအဘိညာဉ်တွေ ရတယ်၊ ဝိပဿနာ ကျင့်စဉ်တွေကျင့်လို့ ရဟန္တာ ဖြစ်သွားတယ်၊ ခုနစ်နှစ်သား ကိုရင်လေးက သာသနာတော်ရဲ့ အစွမ်းအစကို စနစ်တကျ မဟုတ်ဘဲနဲ့ သွားလုပ်ပြတာ သိကြားမင်းကြီးရဲ့ ဝေဇယန္တာ နန်းပြဿဒ် ဆောင်ကြီးကို လှုပ်ခါအောင် လုပ်တယ်၊ လုံးဝ လှုပ်လို့မရဘူး၊ တန်ခိုးတော့ရှိတယ် လှုပ်လို့မရဘူး၊ လှုပ်မရတော့မှ အရှက်ကွဲပြီး ပြန်လာတာ။ သူ့ရဲ့ ဆရာထံ ပြန်လာမေးတဲ့ အခါ သူ့ဆရာက ဥပမာနဲ့ ပြောလိုက်တယ်၊ သူသဘောပေါက်သွားပြီး တစ်ခါ ပြန်သွားပြီး လှုပ်ဖို့ကြိုးစားတယ်။

အဲဒီလောက်ကြီးမားတဲ့ အရာဝတ္ထုတစ်ခုလုံးကို လှုပ်ဖို့ဆိုရင် ပထမ သူရဲ့ foundation (အောက်ခြေ)ကြီး တစ်ခုလုံးကို ရေအဖြစ် ဖန်ဆင်းရဦးမယ်တဲ့၊ ရေပြင်ပေါ် ရောက်နေတဲ့ အရာက လွယ်လွယ်ကူကူနဲ့ လှုပ်လို့ရတယ်၊ ဒါလည်းဟုတ်တာပဲ၊ ရေပြင်ပေါ်မှာ ရှိနေမယ်ဆိုရင် ဘယ်လောက်ကြီးမားတဲ့ သင်္ဘောကြီးပဲဖြစ်ဖြစ် လှုပ်လို့ရတာပဲ၊ ကုန်းပေါ်မှာဆို လှုပ်လို့ မရဘူးလေ။ ဒါကြောင့် အာပေါကသိုဏ်းဝင်စားပြီးတော့ သိကြားမင်းကြီးရဲ့ ဝေဇယန္တ နန်းပြသာဒ်ဆောင်ကြီးရဲ့ အောက်ခြေကို ရေအဖြစ် ဖန်ဆင်းလိုက်တာ၊ အဲဒီကျတော့မှ လွယ်လွယ်ကူကူနဲ့ လှုပ်လို့ရတယ်။ ဒါဘာပြောတာလဲဆိုရင် ဘာလုပ်လုပ် စနစ်တကျ လုပ်ရမျာကိုပြောတာ။ တန်ခိုးဆိုပေမဲ့လို့ စနစ်တကျ မလုပ်ရင် မအောင်မြင်ဘူးပေ့ါ။ ဒီလိုပြတဲ့ တန်ခိုးမှန်သမျှကို **ဣဒ္ဓိပါဋိဟာရိယ**လို့ ခေါ်ပါတယ်တဲ့။ အဲဒီ အစွမ်းတန်ခိုးဟာ မရှိမဟုတ်ဘူး၊ ရှိတယ်။ အဲဒီ နည်းနဲ့ သာသနာ ပြုမယ်ဆိုရင် မြတ်စွာဘုရားက အေး၊ ကောင်းပြီ၊ ရဟန်းတစ်ပါးက အခုလို မြေလျှိုးမိုးပျံ တန်ခိုးချာန်တွေနဲ့ လုပ်ပြနေမယ်ဆိုရင် လူတိုင်းက ယုံမလား၊ ယုံကြည်မှု သဒ္ဓါ စွမ်းအားကြီးတဲ့ သူတွေကတော့ လက်ခံတာပေ့ါတဲ့၊ တန်ခိုးကြီးလိုက်တာ တန်ခိုး ကြီးလိုက်တာဆိုပြီးတော့ သိပ်တအံ့တသြ ဖြစ်ကြမှာပဲ။

အခု ခေတ်မှာလည်း ရှိတာပဲလေ၊ အစွမ်းတန်ခိုးလေးတစ်ခု လုပ်ပြလိုက်လို့ရှိရင် အကုန်လုံးက အထင်ကြီးကြတာပဲ။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက မြင်ဖူးတယ်၊ ဆရာတော်ကြီးတစ်ပါးက ရေကပ်စမ်းဟော့ဆိုတော့ ဖန်ခွက်ကလေးနဲ့ ရေကပ်လိုက်တဲ့အခါ အဲဒီ ရေဖန်ခွက်ထဲမှာ ခဲတ်လုံးလေးတွေ၊ လက်ဖွဲ့ ကလေးတွေ ဘယ်က ရောက်လာမှန်းမသိဘူး။ "ဟာ ခဲတ်လုံးလေးတွေ၊ လက်ဖွဲ့ကလေးတွေ ဘယ်က ရောက်လာမှန်မသိဘူး" ဆိုပြီး လူတွေက သိပ်အထင်ကြီးသွားတာပေ့ါ။ ကန်တော့ပွဲ ထိုးထားတဲ့ အထဲ ခဲတ်လုံးလေးတွေ ရောက်တာ တွေ့တော့လည်း သိပ်အထင်ကြီးတာပဲ။ ဘယ်က ရောက်လာမှန်းမသိဘူး။ အဲဒီလိုဟာမျိုးလေးတွေက သာမာန် ပုဂ္ဂိုလ်တွေကို စည်းရုံးလို့ ရတယ်တဲ့။ ယုံကြည်မှု မရှိတဲ့ လူတွေ ကျတော့ စည်းရုံးလို့ မရပြန်ဘူးနော်။

## တန်ခိုးရှိတိုင်း လုပ်ပေးလို့မရ

အဲဒီတော့ ဒီအစွမ်းတန်ခိုးတွေပြပြီး သာသနာပြု နည်းစနစ်ဟာ မမှန်ဘူး။ အဲဒီ အစွမ်းတန်ခိုးပြတဲ့ ဆရာတော်ကြီးဟာ အင်မတန်မှာ ရိုးသားဖြောင့်မတ်တဲ့ ဆရာတော်ကြီးဆိုတော့ ဘုန်းကြီးတို့နဲ့လည်း ရင်းနှီးပါတယ်။ အဲဒီဆရာတော်ကြီးက အမိန့်ရှိတယ်။ "ကိုယ်တော်၊ တပည့်တော်က ဒါလေးပြပြီး လူစုရတာပါ။ ဒါမှ ဘုရားတည်လို့ ရတာ၊ လူက ဒီလိုစုမှ လာတာ၊ နို့မိုဆိုမလာဘူးတဲ့" ။ သူ့အစွမ်းတန်ခိုးက ဒါပဲလေ။ ဒီလို ဟာလေးပြလိုက်ရင် ကျန်တဲ့လူတွေက အကုန်လုံး ပြီးတယ် ထင်ပြီး ဒီတန်ခိုးအာဏာ ပါဝါနောက် တကောက်ကောက်လိုက်တယ်။ ဒီလိုဟာမျိုးတွေ အများကြီးရှိတယ်နော်။

ဒါပေမယ့် ဒီထက်ပိုပြီး ဘာလုပ်ပေးနိုင်တုန်းဆိုတော့ ဘာမှ မလုပ်ပေးနိုင်ဘူး။ တန်ခိုးက မရှိမဟုတ်ဘူး၊ ရှိတယ်။ ရှိတိုင်းလည်း လုပ်ပေးလို့ ရတာ မဟုတ်ဘူး။ သို့သော် လူတွေက အဲဒီ တန်ခိုးအာဏာ၊ ပါဝါ နောက်ကိုပဲ လိုက်ကြတယ်။ အစွမ်းတန်ခိုး ကြီးတယ်၊ ဒီကနေ့ပဲ ဘာဖြစ်တော့မယ်။ မနက်ဖြန်ပဲ ဘာဖြစ်တော့မယ်ဆိုတဲ့ အထင်တွေ ဖြစ်လာတတ်တယ်တဲ့။ မြတ်စွာဘုရားက အဲဒီနည်းနဲ့ သာသနာပြုမယ်ဆိုရင် မမှန်ကန်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ တန်ခိုး အာဏာပါဝါတွေကို ပြပြီး စည်းရုံးမယ်ဆိုရင် ယုံကြည်တဲ့ လူစုက နောက်လိုက်လာပြီး မယုံကြည်တဲ့ လူစုက ဒါတွေက မျက်လှည့်တွေပါလို့ ပြောမှာပဲ။

**ဂန္ဓာရီဝိဇ္ဇာ** ဆိုတဲ့ အတတ်ပညာတစ်ခုရှိတယ်။ ဂန္ဓာရတိုင်းကလာတဲ့ ပညာပဲ၊ သို့မဟုတ် ဂန္ဓရဆိုတဲ့ ရသေ့က သူကိုယ်တိုင် ကျင့်ကြံအားထုတ်ရင်းကနေပြီး မန္တရား အတတ်ပညာတစ်ခု၊ ဝိဇ္ဇာ အတတ်ပညာတစ်ခု တတ်သွားတယ်။ အဲဒီ အတတ်ပညာတစ်ခုက တော်တော်လေး စွမ်းဆောင်နိုင်မှု၊ အံ့သြသွားအောင် လုပ်ဆောင်နိုင်မှုတွေ ရှိတယ်။ အဲဒီ အတတ်ပညာကို "**ဂန္ဓရီ**" လို့ခေါ်တယ်။ မြန်မာပြည်မှာလည်း "ဂန္ဓာရီဝိဇ္ဇာလိုင်း" လိုက်နေတဲ့ သူတွေရှိပါတယ်။

မြတ်စွာဘုရား လက်ထက်တော်အခါ ကာလတုန်းက ပိလိန္ဒဝစ္ဆဆိုတဲ့ မထေရ်ကြီး ဗုဒ္ဓဘာသာဝင်မဖြစ်ခင်က သူက "စူဠဂန္ဓာရီ ဝိဇ္ဇကြီး" အခုခေတ်အခေါ်နဲ့ ခေါ်ရင် ဘိုးတော်ပေ့ါနော်။ သူတစ်ပါး စိတ်ကိုသိတယ်၊ ကောင်းကင်ပျံနိုင်တယ်၊ သူက အကုန်လက်တွေ့ပြနိုင်တယ်။ မြတ်စွာဘုရားကြွလာတဲ့ အခါကျတော့ သူ့အတတ် ပညာတွေ ဘာမှ လုပ်လို့ မရတော့ဘူး။ သူ့ထက် အစွမ်းတန်ခိုးထက်တဲ့ မဟာဂန္ဓာရီဝိဇ္ဇာ ရောက်လာလို့ သူ့ရဲ့ တန်ခိုးတွေ မစွမ်းတော့ဘူးလို့ထင်တာ၊ ဘုရားကို ဂန္ဓာရီဝိဇ္ဇာလို့ ယုံမှတ်ပြီး ဝိဇ္ဇာအကျင့်ကို နည်းခံဖို့ ဘုရားထံသို့ ရောက်လာတာဖြစ်တယ်။ မြတ်စွာဘုရားက ကမ္မဋ္ဌာန်း ပေးလိုက်တဲ့ အခါမှာ ရဟန္တာ ဖြစ်သွားတယ်။ ရဟန္တာဖြစ်တဲ့ အခါမှာ ဒီဂန္ဓာရီဝိဇ္ဇာ အတတ်တွေဟာ ဘာမှ မဟုတ်ဘူးဆိုတာ သိသွားတယ်နော်။

ဂန္ဓာရီဝိဇ္ဇာ အတတ်တွေကို တတ်ပေမယ့် ကိုယ့်စိတ်လေးကို ဖြူစင်အောင် မထားနိုင်ရင် လောဘ၊ ဒေါသတွေ ဖြစ်မယ်။ သေရင် သံသရာထဲမှာလည်ဦးမယ်။ ဒုက္ခ၊ သုက္ခတွေ ရောက်ဦးမယ်။ မန္တာန်တန်ခိုး၊ အစွမ်းတန်ခိုးကိုမှီပြီး မဟုတ်တာလုပ်ရင် ငရဲကျဦးမယ်။ ဒါကြောင့် ဂန္ဓာရီဝိဇ္ဇာ ဆိုတဲ့ အတတ်ပညာတွေ ရှိပါတယ်။ သို့သော် ဒီအတတ်ပညာတွေကို မယုံကြည်တဲ့သူက လောကီ အတတ်ပညာ၊ မျက်လှည့်အတတ် ပညာတွေပါဆိုပြီး ဘယ်လိုပဲ စည်းရုံးစည်းရုံး၊ စည်းရုံးလို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဣဒ္ဓိဆိုတဲ့ အစွမ်းတန်ခိုး ပြပြီးတော့ သာသနာပြုတာ မမှန်ဘူးလို့ ဒီလိုပြောတာ။ မြတ်စွာဘုရားက ဒါကြောင့် ခွင့်မပြုတာ။

တချို့က တန်ခိုးအမျိုးမျိုး လုပ်ပြရင်တော့ အကုန်လုံးဗုဒ္ဓဘာသာတွေ ဖြစ်သွားလိမ့်မယ်လို့ ထင်လိမ့်မယ်။ မြတ်စွာဘုရားက ဒါဟာ မဖြစ်နိုင်ဘူးတဲ့။ လူရဲ့ သန္တာန်မှာ သဒ္ဓါတရား အစစ်ဆိုတာ ဖြစ်မလာနိုင်ဘူး၊ ကံ ကံရဲ့ အကျိုးကို ယုံကြည်လာတဲ့ သဒ္ဓါတော့ မဖြစ်ဘူး။ ထိုသူ့အပေါ်မှာ ယုံကြည်လာတဲ့ သဒ္ဓါတော့ ဖြစ်ကောင်း ဖြစ်မယ်ပေ့ါ၊ တန်ခိုးအာဏာ ပါဝါကို ယုံကြည်လာတာမျိုးတော့ ဖြစ်မယ်ပေ့ါ။ ကံ ကံရဲ့ အကျိုးကို တကယ်ယုံကြည်ပြီး တကယ့် အနှစ်သာရကိုရအောင် အားထုတ်လိုတဲ့စိတ် ရှိမှာမဟုတ်ဘူး။ ထိုတန်ခိုးကို အမှီပြုပြီးတော့ အသုံးချချင်တဲ့ စိတ်တွေတောင် ပေါ်ကောင်း ပေါ်လာနိုင်တယ်။ ဒါကြောင့် **ဣဒ္ဓိပါဋိဟာရိယ** လို့ခေါ်တဲ့ အဲဒီ အစွမ်းတန်ခိုးနဲ့ သာသနာပြုတဲ့နည်းက မမှန်ဘူးလို့ မြတ်စွာဘုရားက ဟောခဲ့တာဖြစ်မယ်။

(၂) နောက်တစ်ခုက **အာဒေသန ပါဋိဟာရိယ၊ အာဒေသနာ** ဆိုတာ လူတစ်ယောက်ရဲ့ အတွေးကို သိနိုင်တာ။ အခုခေတ်မှာလည်း ရှိပါတယ်။ အံ့သြစရာတွေပေ့ါ။ တချို့ ဝိဇ္ဇာလိုင်းလိုက်တဲ့ ပုဂ္ဂိုလ်တွေက "မင်းအခု ဘာကိစ္စနဲ့ ငါဆီကိုလာတာ မဟုတ်လား" ဆိုပြီးတော့ ကြိုပြောနိုင်ကြတယ်၊ ကြိုပြီးတော့ သိနေကြတယ်၊ ကြားရသူက သိပ်အံ့သြသွားတယ်။ တကယ့်တော့ ကြိုသိတာပဲရှိတယ်။ သူဘာလုပ် ပေးနိုင်သလဲ ဆိုတော့ ဘာမှတော့ လုပ်မပေးနိုင်ပါဘူး။ သို့သော် လူတွေက ထင်တယ်လေ၊ ဒီလို အကုန်ကြိုပြော နေတယ်ဆိုရင် အကုန်လုပ်ပေး နိုင်လိမ့်မယ်လို့ လူတွေက ယုံသွားကြပြန်ရော၊ တန်ခိုး အာဏာပါဝါနော်၊ ဘာမှ လုပ်ပေးနိုင်တာ မရှိဘူး။

http://mmteashop.com

## သိတာတစ်ခုပါပဲ ဘာမှ မတတ်နိုင်ပါဘူး

လူဟာ ကိုယ့်ကံကြမ္မာနဲ့ ကိုယ်ပဲ၊ ဒါတွေကို အကုန်လုံး လုပ်ပေးလို့ရတာ မဟုတ်ဘူး။ ဒါပေမယ့် ကံကံ၏ အကျိုးကို မယုံကြည့်တော့ဘူး၊ တန်ခိုးအာဏာပါဝါကိုပဲ ယုံကြည်တော့တယ်၊ **အာဒေသနာပါဋိဟာရိယ** ဆိုတာ "မင်းဘာတွေ တွေးနေတာမဟုတ်လား၊ ငါ့ဆီလာတာ မင်းဘာကိစ္စနဲ့ လာတာမဟုတ်လား၊ မင်းလမ်းမှာ ဘယ်သူနဲ့ တွေ့ခဲ့တယ်၊ မင်းလမ်းမှာ ဘာတွေ စိတ်ကူးခဲ့တယ်" ဒါတွေပဲ ပြောနိုင်တယ်။

ဘုန်းကြီးတို့ စစ်ကိုင်းမှာပဲ ဘိုးတော်တစ်ယောက် ရှိတယ်၊ သူ့ဆီလာရင် သူက ကြိုတင်ပြီး စာရွက်ကလေးတစ်ခု ရေးလိုက်တယ်၊ ဒီလူကို တစ်ခါမှ မတွေ့ဘူး ပေမယ့်လို့ ဘယ်ခုနှစ်၊ ဘယ်ရက်၊ ဘယ်လမှာ မွေးတာမဟုတ်လားဆိုပြီး Date of Birth အဲဒီလူရဲ့ မွေးလ၊ မွေးရက်၊ မွေးနှစ်ကို သူက ပြောပြနိုင်တယ်။ ဒါသူရဲ့ အစွမ်း၊ မရှိဘူး မဟုတ်ဘူး။ ရှိတယ်၊ ဒါပဲ၊ ဒီထက်ပိုပြီး မသိဘူး၊ အဲဒီလို သိတာကိုပဲ အထင်ကြီးပြီ နောက်ဆုံးကျတော့ စိန်လက်စွပ်တွေပါသွား၊ ရွှေတွေပါသွား ဘာတွေ ပါသွားနဲ့ ပါသွားကြတာ အများကြီးပဲ။ လူတွေက အပေါ်ယံလေးလောက်ပဲ ယုံကြည်ကြတာ များတာကိုး၊ အတွင်းအနှစ်သာရကို မသိကြဘူး။

**အာဒေသနာ ပါဋိဟာရိယ**နဲ့ လူ့ရဲ့ စိတ်ကို သူတို့ သိနိုင်တယ်၊ သိတယ်ဆိုတာ တကယ် ထူးခြားတဲ့ စေတောပရိယ အဘိညာဉ်မျိုးနဲ့ သိတာမဟုတ်ဘူး၊ တချို့ကျတော့ ဘာနဲ့ သိသလဲဆိုရင် သူတို့ မွေးထားတဲ့ မမြင်ရတဲ့ သတ္တဝါတွေ အကူအညီနဲ့ တဆင့် ပြောနေတာဖြစ်တယ်၊ တစ်ခါပြောသံကြားဖူးတယ်၊ ခါတ်လုံး ပေးတာတို့ လက်ဖွဲ့ ပေးတာတို့ဆိုတာ၊ ခါတ်လုံးတွေ လက်ဖွဲ့တွေကို တစ်နေရာရာမှာ ကြိုတင်စုထားရတာ၊ မရှိတဲ့နေရာက ပေးလို့မရဘူး၊ ရှိတဲ့ ဆီကနေ ယူပေးတာ၊ ယူတဲ့သူက ကိုယ်မမြင်ရတဲ့ သူဖြစ်နေတယ်၊ ဒါပေမယ့်လို့ လက်ထဲရောက်တဲ့အခါ ကျမှ ဒီ ခါတ်လုံးကိုမြင်ရတာ၊ ဒီခါတ်လုံးကို ဆောင်ထားရင် ဘာဖြစ်လဲဆိုတော့ ဘာမှ မဖြစ်ဘူး။ သို့သော် လူ့စိတ်မှာတော့ တကယ်ကို အစွမ်းသတ္တိ ရှိတယ်လို့ သူက ထင်သွားရော။ ထင်သွားတဲ့အခါ ဒါလေးအားကိုးပြီးနေတဲ့ အခါကျတော့ ကျန်တဲ့ အစွမ်းအစတွေ လူမှာ မရှိတော့ဘူး၊ ကိုယ်လုပ်ရမယ့် ကုသိုလ်တွေ မေ့သွားတယ်။ ကိုယ်လုပ်ရမယ့် အလုပ်တွေ၊ အစွမ်းသတ္တိတွေ အကုန်အသုံးမချတော့ဘူး။

ဘုန်းကြီးတို့ ကိုယ်တိုင်ကိုပဲ အာရုံကြောရောဂါ စပြီးဖြစ်ခါစ အင်မတန် သဒ္ဓါတရားကောင်းတဲ့ ဒကာမကြီးတစ်ဦးက ရောဂါ ပျောက်စေချင်လို့ ဆရာတစ်ယောက်ကို ပင့်ပေးတယ်။ ခါတ်နဲ့က နတ်နဲ့ကုပေ့လေ။ ဘုန်းကြီးတို့ကလည်း ယုံတာမယုံတာ အသာထား၊ ကဲ ကုချင်ရင်ကုပေ့ါ။ ကျောင်းခေါ်ကုရင် သူ့ကို တစ်သိန်းခွဲ ပေးရတယ်။ အဲဒီ ဒကာမကြီးကလည်း ရက်ရက်ရောရော တစ်သိန်းခွဲ ပေးပြီး ကျောင်းခေါ်ကုတယ်။

အဲဒီ ဆရာက စကားပီအောင် မပြောနိုင်ဘူး။ ဘိုးတော်ပေ့ါလေ၊ သူ့မှာ စကားပြန်ပါတယ်၊ သူဘာပြောချင်တယ်ဆိုတာ စကားပြန်တဲ့လူက သိတယ်၊ ဘာပြောပြတုန်း ဆိုတော့ သူပြောတာကတော့ လည်ချောင်းထဲမှာ ပညာသည်က တစ်ခုခု ထည့်ထားတယ်၊ အဲဒါကို ထုတ်လိုက်ရင် ပျောက်ပါတယ်ပေ့ါ။

ကဲ ကောင်းပြီ၊ ထွေးခံလေးတစ်လုံးယူပြီး ပါးစပ်ဟ၊ အာခေါင်ကို တူကလေးနဲ့ ကလိတယ်၊ အာခေါင်ကို ကလိတော့ အန်ချင်တာပေ့ါ၊ ဒါတော့ သဘာဝပဲ၊ ဒါနဲ့ အန်ချင်စိတ် ပေါက်တဲ့အခါ အန်ချလိုက် အန်ချလိုက်ဆိုတော့ အန်ချလိုက်တာပဲ၊ ဘာထွက် လာသလဲဆိုတော့ ထွေးခံထဲမှ ဝါးမျှင်ဖတ်ကြီးတွေ တွေ့တယ်၊ ဝါးအမျှင် အထွေးတွေပေ့ါ။

သို့သော် ဘုန်းကြီးက သတိထားနေတာဆိုတော့ "ပါးစပ်ထဲက ထွက်တာမဟုတ်ဘူး" လို့သိတယ်။ အန်ထုတ်လိုက်ဆိုပေမယ့် လွယ်လွယ်ကူကူပဲ ထွေးခံထဲ ရောက်သွားတယ်၊ ဘယ်က ရောက်လာတာလဲဆိုတာတော့ မသိလိုက်ဘူး၊ သို့သော် ကိုယ်က ယုံကြည်စိတ် သိပ်ရှိတာမဟုတ်ဘူး၊ ထွေးခံထဲမှာတော့ တွေ့တယ်၊ လည်ချောင်းထဲက ထွက်သွားတာ မဟုတ်ဘူးဆိုတာတော့ သေချာတယ်၊ အဲဒီ ဆရာက ဝါးဖတ်လေးကိုကြည့်ပြီး ဒါက အသည်းကို စူးသွားနိုင်တယ်၊ စူးသွားရင် ကုလို့မရတော့ဘူး၊ ဒါတွေက သူ့တို့ရဲ့စကားတွေပေ့ါ၊ ဒါဟာ ကိုယ်တွေ့။

နောက်ခါတ်လုံးလေးတစ်လုံး ပေးသွားတယ်။ ဘုရားစင်မှာတော့ တင်ထားလိုက်ပါတယ်။ အခုတော့ ရှိသေးလားမသိတော့ဘူး၊ အဲဒီတုန်းက သေတ္တာထဲမှာ ပိုးချည်ထွေး တစ်ခု ပါလာတယ်။ အဲဒီချည်ခင်ကို တစ်ပတ်လျှိုလေး လုံးပြီး ခါလိုက်တဲ့ အခါမှာ လက်ဖွဲ့တွေဖြစ်သွားတယ်။ ဒါကတော့ တကယ့် မျက်လှည့်ပေ့ါ။ ရှင်းရှင်းလင်းလင်းပဲ ပြသွားတယ်။ နောက်တစ်ခါ ထပ်ခါ လိုက်တဲ့ အခါကျတော့ လက်ဖွဲ့တွေက အရောင်ပြောင်းသွားတယ်။ အဝါရောင်လေး၊ အဲဒီ အဝါရောင် လက်ဖွဲ့က အစိတ်၊ ဘုန်းကြီးအတွက် စပယ်ရှယ်ပေးတာ၊ တစ်ခါမှာလည်း မသုံးဖြစ်ပါဘူး။

ကျန်တဲ့ လူတွေကိုတော့ လက်ဖွဲ့ တစ်ကုံး တစ်ကုံးကို ငွေ အစိတ်စီနဲ့ ရောင်းသွားတယ်။ တော်တော်လေး ရောင်းကောင်းလိုက်တာ၊ လက်ဖွဲ့ရတဲ့သူတွေ ဘာအကျိုးရသွားသလဲတော့မသိဘူး၊ ဘုန်းကြီးတော့ ဘာမှ မရပါဘူး။ ရောဂါကလည်း ဒီအတိုင်းပါပဲ။ အစွမ်းအစတစ်ခုလေးပဲပြနိုင်တာ၊ မပြနိုင်တာ မဟုတ်ပါဘူး ပြနိုင်တယ်။ အဲဒီ အစွမ်းအစ တစ်ခုပေါ်မှာ ယုံကြည့်လိုက်လို့ရှိရင် ကျန်တာတွေ အကုန်လုံးကို ကိုယ်က ယုံကြည်သွားရော။ လူတွေမှာ အဲဒီလိုဖြစ်တယ်။

## ကိုယ့်သတ္တိမဟုတ်ဘူး သူ့သတ္တိ

အဲဒီ **ဣဒ္ဓိပါဋိဟာရိယ**တို့ **အာဒေသနာပါဋိဟာရိယ**တို့နောက် လိုက်နေမယ်ဆိုရင် ဘာဖြစ်မှာတုန်းဆိုတော့ ဘာမှ မဖြစ်ဘူး။ ဒါက သေချာတယ်။ ဒါဖြင့် စွမ်းရည်သတ္တိ မရှိဘူး ဆိုတော့ ရှိပါတယ်။ သူတို့မှာ ရှိသင့်သလောက် ရှိပါတယ်။ ဒါပေမယ့် ကိုယ့်သတ္တိတော့ မဟုတ်ဘူး။ သူ့ သတ္တိလေ။ ကိုယ်ဒီလို သတ္တိမျိုး ရချင်ရင် ကိုယ့်ဘာသာကျင့်ရမယ်။ ဒါက လူတွေက မေ့နေကြတယ်။ မေ့တာမှ ဘယ်လောက်ထိအောင်မေ့လည်းဆိုရင် ဘုန်းကြီးတို့ကို တွေ့တဲ့အခါ ဒကာ၊ ဒကာမတွေက ဘာလျှောက်တုန်းဆိုတော့ "အရှင်ဘုရား၊ တပည့်တော်ကို မေတ္တာပို့ပေးပါဘုရား" ။ ဘုန်းကြီးတို့ စာထဲမှာ ပါတာက "မေတ္တာဆိုတာ ကိုယ်တိုင်ပွားမှ မေတ္တာရဲ့ အကျိုးကို ခံစားရတယ်။ သူများက ပို့ပေးတဲ့ မေတ္တာနဲ့ အကျိုးခံစားရတယ်လို့ မကြားဖူးဘူး"။

မြတ်စွာဘုရား ဟောကြားထားတာက မေတ္တာအကျိုး (၁၁)မျိုး ဆိုတာ ကိုယ်တိုင် ပွားများ အားထုတ်ထားပြီး ကိုယ့်နှလုံးသားထဲ မေတ္တာရောက်မှ အဲဒီမေတ္တာက အကျိုးပြုတာ ဖြစ်တယ်။ သူများက ပို့ပေးတဲ့ မေတ္တာက အကျိုးပြုတယ်လို့ မဟောဘူး။ အကျိုးမရှိဘူးလို့ ပြောတာ မဟုတ်ဘူး၊ ရှိသင့် သလောက်တော့ ရှိပါတယ်။ သူများဆီက တောင်းယူတာကျတော့ နည်းနည်းပဲ ရမှာပေ့ါ။ ကိုယ်တိုင်ပွားရမှာကို မေ့နေပြီး "အရှင်ဘုရား မေတ္တာလေး ပို့ပေးပါဦးဆိုတော့ ဘယ်လောက်ရမှာတုန်း။ ဘယ်လောက်မှ မရဘူးနော်။

မေတ္တာက တော်တော်ကြီးကြီးကျယ်ကျယ် ပို့ပေးရင်တောင်မှပဲ ကိုယ့်ရဲ့နှလုံးသားထဲက ပူနေရင် ပူနေမှာပဲ။ အဲဒီလူဟာ မေတ္တာဘယ်ရမလဲ။ မေတ္တာပို့တဲ့ ပုဂ္ဂိုလ်ရဲ့ အရှိန်အဝါကြောင့် ပတ်ဝန်းကျင်ရိုက်ခတ်မှု မရှိဘူးလား ဆိုတော့ ရှိပါတယ်။ ဥပမာ- တောထဲမှာ နေရင်း မေတ္တာ ဘာဝနာ ပွားနေမယ်ဆိုရင် တိရစ္ဆာန်တွေဟာ တစ်ကောင်နဲ့တစ်ကောင် မညှင်းဆဲကြဘူး၊ အေးအေးချမ်းချမ်း ဖြစ်သွားကြတယ်၊ အနိုင်မကျင့်ကြဘူး၊ ဒီလို အကျိုးသက်ရောက်မှုလေးတော့ ဖြစ်တယ်၊ ဒါက ဥပနိဿယ ပစ္စည်းလို့ခေါ်တယ်၊ ပတ်ဝန်းကျင်ရဲ့ အကျိုးပြုမှုလို့ခေါ်တယ်။

http://mmteashop.com

ဥပမာ ဘုန်းကြီးကျောင်း တစ်ကျောင်း ရောက်သွားတယ်၊ ကျောင်းကလည်း သာသာယာယာ၊ သံဃာတွေ အများကြီး မြင်ရတဲ့အခါ စိတ်ထဲမှာ ကြည်နူးသွားတယ်၊ ဒါမျိုး သာယာလှပတဲ့ နေရာရောက်ရင် လူ့စိတ်က တစ်မျိုးလေ၊ ရှုပ်ထွေးပွေလီမ် နေတဲ့နေရာ ရောက်သွားရင် လူ့စိတ်က တစ်မျိုး၊ ဒါက ပတ်ဝန်းကျင်ရဲ့ အကျိုးပြုမှုလို့ခေါ်တာ။ ဥပနိဿယ ပစ္စည်းပဲ။

အစွမ်းတန်ခိုးဆိုတာ မရှိဘူးလို့ပြောလိုတာ မဟုတ်ဘူး၊ ရှိတယ်၊ အဲဒီ အစွမ်းတန်ခိုးက ကိုယ်နဲ့ဆိုင်တာ မဟုတ်ဘူး။ ကိုယ့်အတွက် အကျိုးဖြစ်ချင်မှ ဖြစ်မယ်၊ အပေါ်ယံလေးလောက်ပဲ အကျိုးဖြစ်တယ်၊ ဘယ်အရာပဲ ဖြစ်ဖြစ် အစွမ်းသတ္တိက မရှိမဟုတ်ဘူး၊ ရှိတယ်၊ ဝမ်းလျှောတတ်တဲ့အရွက် သွားစား ဝမ်းလျှောမှာပဲ၊ ဒါက အဲဒီ အရွက်ရဲ့ အစွမ်းတန်ခိုးပဲလေ၊ အဆိပ်ဖြစ်တဲ့ အစာ သွားစားရင် အဆိပ်သင့်မှာပဲ။ ဒါက organism, non- organism တွေတောင်မှာပဲ အစွမ်းတန်ခိုးက ရှိတာပဲလေ။ သို့သော် အစွမ်းတန်ခိုးတွေဟာ သံသရာက လွတ်ဖို့အတွက် ဘာအသုံးကျသလဲဆိုတော့ ဘာမှ မသုံးမကျဘူး၊ ဒါတွေကို ယုံကြည်ပြီး လိုက်ကြည့်ရင် အသုံးကျတာကို မတွေ့ရဘူးတဲ့။

ဒါကြောင့် မြတ်စွာဘုရားက **အာဒေသနာပါဋိဟာရိယ** "မင်းဘာတွေတွေးနေတာ မဟုတ်လား" ဆိုပြီးတော့ ဒီအစွမ်းတန်ခိုးတွေကို အသုံးချပြီး သာသနာ ပြုတာဟာလည်း မအောင်မြင်ပါဘူးတဲ့၊ ဘာဖြစ်လို့လည်းဆိုရင် ယုံတဲ့ သူရှိတယ် မယုံတဲ့သူရှိတယ်၊ မယုံတဲ့သူကို သွားစည်းရုံးလို့ မရဘူးတဲ့။ မဏိကာဝိဇ္ဇာ လူရဲ့ စိတ်ကို သိတာဟာ သိတာက သိတာပဲလေ၊ သူဘာမှ လုပ်လို့ မရဘူးလေ၊ ဒီထက်ပိုပြီးတော့ အစွမ်းသတ္တိ မရှိပါဘူး။

ဒီလို အစွမ်းတန်ခိုးထက်တဲ့ ဘိုးတော်လို ဆရာတော်ကြီးတစ်ပါးနဲ့အတူ ဘုန်းကြီးတို့ နောင်တော်တစ်ပါး လိုက်သွားဖူးတာ ရှိတယ်၊ ဆရာတော်ကြီးရဲ့ ဝေယျာဝစ္စ လုပ်ပေးဖို့ လိုက်သွားရင်း ဘုန်းကြီးနောင်တော်က ပြန်ပြောပြတယ်၊ "ဆရာတော်ကြီးက ထူးထူးဆန်းဆန်းတွေ လုပ်ပြတယ်တဲ့၊ ဥပမာ ဖန်ခွက်ထဲ ဓါတ်လုံးရောက်နေတာတို့၊ လက်ဖွဲ့ ရောက်နေတာတို့၊ မမြင်ရပဲ ဖျတ်ခနဲ ပေါ်လာတာတို့၊ ဒါတွေကို ကြည့်ပြီး ဘုန်းကြီးရဲ့ နောင်တော်က စဉ်းစားတယ်၊ "ဆရာတော်ကြီး မျက်လှည့်တွေ လုပ်နေတာ ထင်ပါရဲ့"။

အဲဒီလိုတွေးနေတာကို ဆရာတော်ကြီးက စိတ်အကြံ သိသွားတယ်၊ ဘာပြောတုန်းဆိုရင် "ဘုန်းကြီးလေး၊ ဘုန်းကြီးလေး၊ မယုံမရှိနဲ့ဗျ၊ လောကီဟာ အကုန် လုပ်လို့ရတယ်" လို့ ပြောတယ်၊ ဒါလောကီနဲ့ လုပ်တာ။ ပွင့်ပွင့် လင်းလင်းပြောတတ်တဲ့ အဲဒီ ဆရာတော်ကြီးက "ကျုပ်ဗျာ ဒီနည်းနဲ့ လူစုရတာပါတဲ့၊ ခင်ဗျားတို့ရဲ့ ပရိယတ် ပဋိပတ် အလုပ်တွေကမှ တကယ့် သာသနာပြုတာပါ" လို့ အမိန့်ရှိတယ်၊ ဒါကလည်း အင်မတန် ရိုးသားတဲ့ ဆရာတော်ကြီးနော်၊ "ကျုပ်တို့က ဘုရားတည်ချင်တာကိုးဗျတဲ့။ ဘုရားတည်ချင်တာ အဲဒီလိုမှ လုပ်မပြရင် လူမလာဘူးတဲ့။ ဒါဟာ လူလာအောင် လုပ်ရတာ"တဲ့ ၊ ဒါ အမှန်ပဲလေ။

အဲဒီတော့ ဒီအလုပ်လုပ်လို့ ကုသိုလ်မရဘူးလား ဆိုတော့ ရတယ်၊ လှူကြတန်းကြတော့ ကုသိုလ်ရပါတယ်။ သို့သော် လောဘနဲ့ လှူရင်တော့ ကုသိုလ်က ညံ့သွားနိုင်တယ်။ စည်းစိမ်ဥစ္စာတွေ တိုးမယ်၊ ငါဒီလို လှူလိုက်သည့် အတွက်ကြောင့် ငါ့ကို "မ"လိမ့်မယ်၊ ငါ စီးပွားဥစ္စာတွေ တိုးပွားအောင် လုပ်ပေးလိမ့်မယ်လို့ အဲဒီလို ယုံကြည်နေရင်တော့ ဒါ ဖြစ်ချင်မှ ဖြစ်မှာပေါ့။ အတိတ်ကံ ရှိရင်တော့ဖြစ်နိုင်တာပဲ။

## ကံပါမှ ဖြစ်တာ

ဆိုပါစို့ ၊ သင်္ကန်း သပိတ် ပရိက္ခရာ လှူခဲ့ပြီး ဖေဟိဘိက္ခု ရဟန်းအဖြစ်နဲ့ ကျွတ်တန်းဝင်လိုပါတယ်လို့ ဆုပန်လာတဲ့ ပုဂ္ဂိုလ်များကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က လက်ယာလက်တော် ဆန့်တန်းပြီးတော့ **ဖေဟိဘိက္ခု** ခေါ်လိုက်တာနဲ့ တစ်ပြိုင်နက် လူ့အသွင်ပျောက်ပြီး ရဟန်းအသွင် ရောက်သွားတယ်ဆိုတာ ရှိတယ်။ ဒါဖြင့် မြတ်စွာဘုရားက လူတိုင်းကို အဲဒီလို ခေါ်ပေးလို့ ရသလားဆိုတော့ မရဘူး။ ဆုပန်ခဲ့တဲ့ ပုဂ္ဂိုလ်ကိုသာ ခေါ်လို့ရတယ်။ ဆုမပန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို **ဖေဟိဘိက္ခု** ခေါ်မပေးနိုင်ဘူး။ ခေါ်မပေးဘူးဆိုတာ မရနိုင်လို့။ ဆိုလိုတာက သူ့ကံကို ပွင့်သွားအောင်ပဲ မြတ်စွာဘုရားက လုပ်ပေးတာရှိတယ်၊ သာမန်အားဖြင့် ပြောမယ်ဆိုရင် ဘုရားက တန်ခိုးနဲ့ ဖန်ဆင်းပေးတယ်လို့ ထင်ကောင်း ထင်ကြမယ်၊ အမှန်ကတော့ မဟုတ်ဘူး။ ကံအကျိုး ပေးခွင့်ရအောင် မြတ်စွာဘုရားက ဖွင့်ပေးတာပဲရှိတယ်။ အကျိုး ပေးလိုက်တာက ဘယ်သူလဲ ဆိုရင် သူ့ကံက ပေးတာနော်။ သူ့မှာ ကံမပါဘူးဆိုရင် ဘာမှ လုပ်ပေးလို့ မရဘူး။

သိကြားမင်းကတောင် "မ" လို့ မရဘူးလေ။ အတိတ်ဘဝတုန်းက သူ့သား ဆိုးတေနေလိုက်တာ အရက်အိုး၊ အရက်သောက် မွဲတေပြီးတော့ ရှိသမျှ ပစ္စည်းတွေ ကုန်ပြီ၊ သူ့သား ဆင်းရဲနေတော့ သိကြားဘဝ ရောက်ပေမဲ့လို့ မကြည့်ရက်နိုင်ဘူး၊ သူ့သားကို သိကြားမင်းကချစ်တော့ "မ" "စ" ချင်တယ်။ ဒါနဲ့ အိုးလေးတစ်လုံး လာပေး ထားပြီးတော့ "မင်း ဂရုစိုက်နော်၊ မင်း ဒီအိုးလေး ရှိနေရင် စားစရာလည်း ရှိနေမှာပဲ၊ နေစရာတွေလည်း ရှိနေမှာပဲ အိုးကွဲသွားရင်တော့ ငါမတတ်နိုင်ဘူး" ဆိုပြီး ဣစ္ဆာသယ အိုးလေး ပေးထားတယ်၊ သူ့သားက အရက်မူးပြီးတော့ မြှောက်မြှောက်ပြီး ကစားလိုက်တာ အိုးက ကျကွဲသွားရော။ သိကြားမင်းတောင် လက်မြှောက်ရတယ်၊ "မ" ချင်ပေမဲ့လို့ အကုန်လုံးကို "မ" လို့ မရဘူးဆိုတဲ့သဘော။

အများစုကတော့ ဒီလို အစွမ်းတန်ခိုး ရှိလာပြီဆိုရင် အကုန်လုံးလုပ်လို့ ရတယ်ထင်ပြီး ပိုယုံကြတယ်။ ဒါဟာ သတိထားစရာပဲပေါ့။ မြတ်စွာဘုရားက **ကေဝဋ္ဋသုတ်**မှာ ဒါကို ဟောထားတာ။ သာသနာပြုပြီဆိုရင် အစွမ်းတန်ခိုးပြပြီး သာသနာပြုလို့ ရာခိုင်နှုန်းပြည့် မအောင်မြင်ဘူးတဲ့။

(၃) နောက် အစွမ်းတန်ခိုးတစ်ခုက **အနုသာသနီ ပါဋိဟာရိယ** ဆုံးမ ဩဝါဒပေးတာ၊ ဘယ်လိုနေရတယ် ဘယ်လို ထိုင်ရတယ် ဘယ်လိုတွေးရတယ် မတွေးရဘူး ဆိုပြီးတော့ နေပုံထိုင်ပုံ သင်ပေးတာပေါ့။ တရားအားထုတ်နည်း သင်ပေးတယ်၊ လှူနည်းတန်းနည်း သင်ပေးတယ်စသဖြင့် သင်ပေးတယ်၊ သင်ပေးလို့ အသိဉာဏ်တွေ ရလာပြီးတော့ လက်တွေ့ခံစားရတဲ့ အခါမှာ ဒါကတော့ တကယ့်ပါဝါပဲ၊ တကယ့် အစွမ်းတန်ခိုးပဲ။

ဒါကြောင့် မြတ်စွာဘုရားက ဣဒ္ဓိဆိုတဲ့ အစွမ်းတန်ခိုးကိုလည်း အသုံးမပြုနဲ့တဲ့။ တကယ့် အနှစ်သာရကတော့ **အနုသာသနီ** ဆုံးမဩဝါဒပေးတာ အကောင်းဆုံး ပါပဲတဲ့။ မြတ်စွာဘုရားဟောတဲ့ တရားဒေသနာတော်တွေ မှန်သမျှကို **အနုသာသနီ ပါဋိဟာရိယ** လို့ခေါ်တယ်။

http://mmteashop.com

## ဆုံးမသြဝါဒကြောင့် အရှုးဘဝမှ ရဟန္တာဖြစ်

လောကကြီးမှာ ဆုံးရှုံးမှုတွေ အားလုံးနဲ့ ကြုံရလို့ (ယောကျ်ားလည်းဆုံးတယ်၊ သားသမီးတွေလည်း ဆုံးကုန်တယ်၊ မိဘာ ဆွေမျိုးတွေ အားလုံးလည်း ဆုံးကုန်တယ်) အရူးမဘဝ ရောက်သွားတဲ့ ပဋာစာရီ၊ အရူးဘဝကနေ ကယ်တင်ပြီးတော့ ရဟန္တာ ဘဝရောက်သွားအောင် ဆုံးမသြဝါဒ ပေးလိုက်တာ။ တန်ခိုးပါဝါနဲ့ လုပ်တာ မဟုတ်ဘူးနော်၊ စဉ်းစားလို့ ရအောင် မြတ်စွာဘုရားက ဟောတာ၊ တရားပြလိုက်တဲ့အခါ လုံးဝ စိတ်ငြိမ်ချမ်းသွားတဲ့ ပုဂ္ဂိုလ်ဘဝ ရောက်သွားခဲ့တယ်၊ ဒါ **အနုသာသနီ ပါဋိဟာရိယ**ပဲ၊ ဒီထက် အစွမ်းထက်တာ ဘယ်ရှိမလဲ၊ ဒီလိုပဲ မြတ်စွာဘုရား လက်ထက်မှာ ဆင်းရဲ ဒုက္ခ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်ချမ်းသာမှု အပြည့်အဝ ရသွားကြတာဟာ **အနုသာသနီ ပါဋိဟာရိယ** ကြောင့်ပဲ။

အေး မြတ်စွာဘုရား တန်ခိုးမပြဘူးလားဆိုတော့ ပြတယ်၊ ဘာအတွက် ပြလည်းဆိုရင် စည်းရုံးဖို့ ပြတာမဟုတ်ဘူး၊ တို့သန္တာန်မှာ ဒီလို အစွမ်းသတ္တိတွေရှိတယ်၊ တို့သာသနာဟာ တို့တရားဟာ မှန်ကန်တယ် ဆိုတာပြတာ၊ အဓိက,ကတော့ တရားကျင့်ဖို့ရာ အတွက်ပဲ၊ မြတ်စွာဘုရား တန်ခိုးပြတယ်ဆိုတာ ဒါကြောင့်ပါ။

ရှင်မဟာမောဂ္ဂလာန်ဟာ တန်ခိုးအရာမှာ ဧတဒဂ်ရတယ် ဆိုပေမယ့် အားလုံးသိကြတဲ့ အတိုင်း ကာဠသိလာ ဆိုတဲ့ ကျောက်နက်တောင်ပေါ်မှာ သူခိုးဓားပြတွေ ဝိုင်းရိုက်လို့ ပရိနိဗ္ဗာန် စံသွားရတာပဲ၊ တန်ခိုးနဲ့ ကာကွယ်ဟန့်တားခြင်း မလုပ်ဘူး။ လုပ်ရင် မလွတ်ဘူးလားဆိုတော့ နှစ်ကြိမ်တိုင်တိုင် လွတ်ခဲ့တယ်။ သုံးကြိမ်မြောက်မှာ ဘာကြောင့် ကွင်းလုံးကျွတ်မလွတ်သလဲဆိုတော့ ကံကြမ္မာကို မလွန်ဆန်နိုင်လို့ လက်လျှော့လိုက်ရတာပဲ၊ အစွမ်းတန်ခိုးဆိုတာ ကံကြမ္မာ ဖိစီးလာပြီဆိုရင်တော့ တန်ခိုးကလည်း ကံကြမ္မာကို မလွန်ဆန်နိုင်လို့ လက်လျှော့လိုက်ရတာပဲ၊ အစွမ်းတန်ခိုးဆိုတာ ကံကြမ္မာကို မကျော်လွှားနိုင်ဘူး။ အဲဒီတော့ ကံရဲ့ အစွမ်းတန်ခိုးသာလျှင် ကိုယ့်ရဲ့ တကယ့် အစွမ်းတန်ခိုးပဲ၊ ကံကောင်းအောင် လုပ်ဖို့သာလျှင် အရေးကြီးတယ်။ အခုနက **အနုသာသနီပါဋိဟာရိယ** ဆုံးမသြဝါဒကို နားလည်ပြီး ကျင့်သုံးလိုက်နာရင် ကံကောင်းနိုင်တယ်။

ဒီကနေ့ ကမ္ဘာမှာ ဗုဒ္ဓဘာသာဝင်ဦးရေဟာ တဖြည်းဖြည်းတိုးလာတယ်၊ ဘုန်းကြီးတို့ နှစ်စဉ် နှစ်တိုင်း ဂျာမနီတို့ နယ်သာလန်တို့ စသည့်နိုင်ငံတွေ သွားပြီး အဘိဓမ္မာသင်တန်းတွေ ပို့ချတဲ့အခါ ဗုဒ္ဓဘာသာဦးရေ တိုးလာတာကိုတွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဖိစီးမှုတွေကို psycho therapist (စိတ်ကုထုံးပညာရှင်)တို့ psychiatrist (စိတ်ရောဂါ အထူးကု)တို့ psychology (စိတ်ပညာ) နည်းတွေနဲ့ ကုစားလို့ မရတော့ဘူး။

မရတော့ ဗုဒ္ဓဘာသာကဟောတဲ့ meditation ဆိုတာ ကောင်းမလားဆိုပြီး တရားထိုင်ကြည့်ကြတယ်၊ တရားထိုင်ကြည့်တဲ့အခါမှာ အထိုက်အလျောက် သူတို့ရဲ့ စိတ်ဖိစီးမှုတွေဟာ ပျောက်လာတယ်၊ ကမ္မဋ္ဌာန်းဆရာ သွန်သင် ဆုံးမတဲ့အတိုင်း လိုက်နာကျင့်သုံးပြီး တရား အားထုတ်လိုက်တဲ့အခါ စိတ်ဖိစီးမှုတွေ ပျောက်ပြီး စိတ်ချမ်းသာမှုတွေ ရကြတယ်ပေါ့။ စိတ်ချမ်းသာမှု ရလာသည့် အတွက်ကြောင့် မိရိုးဖလာ ဘာသာတစ်ခုကို စွန့်ပယ်ပြီး ဗုဒ္ဓဘာသာအဖြစ် ခံယူလာကြတယ်။ ဒါ **အနုသာသနီပါဋိဟာရိယ**ရဲ့ အစွမ်းပါပဲ။ လူက တန်ခိုးပြတာ မဟုတ်ဘူးနော်၊ တရားက တန်ခိုးပြတာလို့ ပြောချင်ပြောပေါ့။



http://mmteashop.com

## လမ်းမှန်ဖို့ အရေးကြီးတယ်

မြတ်စွာဘုရား ဟောတဲ့တရားဟာ လုံးဝမှန်တယ်၊ **သွာက္ခာတော** တကယ့် အမှန်အတိုင်း ဟောထားတာ။ တကယ်လုပ်ရင် အဟုတ်ဖြစ်တယ်။ လုပ်သူတိုင်း ဗုဒ္ဓဘာသာကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဒီလမ်းကြောင်းအတိုင်း လျှောက်ရင် ဒီလမ်းရောက်တာပဲ၊ ဆိုပါစို့၊ ဒီလမ်းကသွားရင် ရွှေတိဂုံဘုရား ရောက်တယ်လို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ယုံသည်ဖြစ်စေ၊ ရွှေတိဂုံဘုရားကို ဦးတည်ပြီး ဖောက်ထားတဲ့ လမ်းကြီးအတိုင်း လျှောက်ရင် ရွှေတိဂုံဘုရားကို ကျိန်းသေရောက်မှာပဲ။ ဆိုလိုတာက "လမ်းမှန်ဖို့ အရေးကြီးတယ်" လို့ ပြောတာနော်။

ဘုရားကိုယ်တော်တိုင်က ဗုဒ္ဓဘာသာကို ကူးပြောင်းပါလို့ မတိုက်တွန်းပါဘူး။ ဥဒုမ္ဗရိက သုတ်မှာ မြတ်စွာဘုရား အတိအလင်း ဟောထားတာရှိတယ်။ ပရိဗိုဇ်တွေကို  တရားဟောရင်း မြတ်စွာဘုရားက "ငါပြောတဲ့အတိုင်း လုပ်ကြည့်၊ အသင်တို့က ထင်လိမ့်မယ် ငါတရားဟောနေတာ ငါ့ဘာသာ ဘက်ဝင်အောင် စည်းရုံးတယ်လို့၊ ငါတပည့် ရှာတယ်လို့ ထင်နေလိမ့်မယ်၊ မင်းတို့ရဲ့ ဘာသာတရား အတိုင်းထား၊ မင်းတို့ဆရာနဲ့ မင်းတို့တပည့်အတိုင်းထား၊ ပြောင်းစရာမလိုဘူး၊ သို့သော် ငါပြောတာလေးကို မင်းတို့ (၇)ရက်လောက် စမ်းကြည့်" ဒီနေရာမှာ မြတ်စွာဘုရားက တရားကိုသာ စမ်းပြီးအားထုတ်ခိုင်းတာ၊ ဘာသာမပြောင်းခိုင်းဘူး။ **ဥဒုမ္ဗရိကသုတ်**မှာ ရှိတယ်။

အမှန်တရားဆိုတာ စည်းရုံးစရာ သိပ်မလိုဘူး၊ အသိဉာဏ်ရှိရင် သူ့ဟာသူ လက်ခံတယ်။ အခုနိုင်ငံခြားတွေ ဗုဒ္ဓဘာသာဖြစ်လာတယ်ဆိုတာ သူ့ဟာသူ လက်ခံလာတာ ဘယ်သူကမှ သွားစည်းရုံးပြီး လှုံ့ဆော်နေကြတာမဟုတ်ဘူး။ သူတို့ကိုယ်တိုင် ကမ္မဋ္ဌာန်းတရားကိုအားထုတ်ရင်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာကြတာ။ စိတ်ဝင်စားရာကနေပြီး တကယ့် ဗုဒ္ဓဘာသာဝင် ဖြစ်လာတာ။

ဘုန်းကြီးတို့ထံ အကြိမ်ကြိမ် အဘိဓမ္မာ သင်တန်းတက်ရင်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာတယ်။ သူကိုယ်တိုင် တရားအားထုတ်တယ်။ တရားအားထုတ်တော့ တရားရဲ့ အရသာတွေကို သိလာတယ်။ သိလာတဲ့အခါ ဗမာပြည်မှာ ရောက်နေခိုက် သီလရှင်ဝတ်တယ်။ ဟိုပြန်သွားတဲ့အခါ လူဝတ်ပြန်လဲတယ်။ သို့သော် ရှစ်ပါးသီလကို မချဘူး။ အဲဒီတုန်းက ဘုန်းကြီးဆီ စာရေးတာ"သူဟာ ကနေ့အထိ ရှစ်ပါးသီလ စောင့်တုန်းပါ" တဲ့။

နောက်တော့ ရှစ်ပါးသီလ မချရုံတင်မကဘူး ဘယ်သူတွေက ထူးဆန်းတဲ့ မျက်လုံးတွေနဲ့ ကြည့်ကြည့် ဘယ်သူကြည့်တာပဲ ဖြစ်ဖြစ် သူက ဂရုမစိုက်တော့ဘူး၊ သီလရှင်ဝတ်နဲ့ပဲ နေတော့တာ။ ယုံကြည်သွားပြီလေ။ လက်ခံသွားပြီ။ ယုံကြည်တယ်ဆိုတာ သဒ္ဓါစွမ်းအား တစ်ခုထဲနဲ့ မဟုတ်ဘူး။ သူကိုယ်တိုင် အသိဉာဏ်နဲ့ ယုံကြည်တာ။ သဒ္ဓါတစ်မျိုးထဲ စိတ်မချရဘူး။ အသိပညာပါမှာ။ ဒါကြောင့် "ပညာမဲ့ သဒ္ဓါ" ဆိုတာ အန္တရာယ် အလွန်များတယ်။ ပညာမပါပဲနဲ့ သဒ္ဓါတရား သက်သက် ဆိုရင် မှန်ကန်ဖို့ မဖြစ်နိုင်ဘူး။

ခုနက အစွမ်းတန်ခိုးတွေပြလို့ လက်ခံတယ်ဆိုတာ ပညာမဲ့ သဒ္ဓါမျိုးနဲ့သာ ဖြစ်နိုင်တယ်တဲ့။ ပညာ အပြည့်အဝရှိတဲ့ သဒ္ဓါမျိုးလိုအပ်တယ်။ **အဝေစ္စပသာဒ** ဆိုတာ အသိဉာဏ်နဲ့ ကြည်ညိုတာ။ ဘုရား တရား သံဃာကို အသိဉာဏ်နဲ့ ကြည်ညိုတာ။ ဒီကနေ့ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းလာကြတဲ့ နိုင်ငံခြားသားတွေက ဘုရား တရား သံဃာကို ကြည်ညိုတာ သူတို့ ကိုယ်တိုင် လေ့လာအားထုတ်ပြီးမှ ကြည်ညိုလာကြတာ များတယ်။

၂၀၀၃ ခုနှစ်က ဂျာမနီ နိုင်ငံ ဘာလင်မြို့မှာ Buddhism House ဆိုတဲ့ သီဟိုဠ်ဂျာမန် ဓမ္မဒူတကျောင်းမှာ (၃)ပတ် အဘိဓမ္မာသင်တန်းပို့ချတယ်။ နောက်ဆုံးနေ့မှာ သူတို့ရဲ့ (Feed bad ) တွေကို တင်ပြကြတယ်။ အမျိုးသမီးတစ်ယောက်က "ဒီသင်တန်း တက်လိုက်ရတာ သူ့ဘဝ လုံးဝ ပြောင်းလဲသွားပါတယ်" လို့ လျှောက်တယ်။ နောက် အမျိုးသမီးတစ်ယောက်က "သူ ဒီနေ့ ကစပြီး တိဘက်ဗုဒ္ဓဘာသာဝင် အဖြစ်ကနေ ထေရဝါဒ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလိုက်ပါပြီ" လို့ လျှောက်တယ်။ ဒါဟာ ထူးခြားချက်တွေပေ့ါ။

ကျန်တဲ့ သူတွေကတော့ အထူးအထွေ မလျှောက်ကြဘူး။ မလျှောက်ကြပေမယ့်လို့ တရားကိုရှင်းပြပြီး သူ့တို့ တရားကို သိလိုက်တဲ့ အချိန်မှာ ကျေနပ်မှုတွေ အများကြီး ရတယ်ဆိုတာ သိရတယ်။ ဒါတွေက အနုသာသနီ ပါဋိဟာရိယ ပဲ။ တန်ခိုးပြပြီး စည်းရုံးတာ မဟုတ်ဘူး၊ အမှန်တရားကို ထုတ်ဖော်ပြပြီး ဗုဒ္ဓသာသနာ ပြန့်ပွားအောင် လုပ်တာ။ ဒါကို အနုသာသနီ ပါဋိဟာရိယ လို့ခေါ်တယ်။

မြတ်စွာဘုရားက ဣဒ္ဓိခေါ်တဲ့ အစွမ်းတန်ခိုးတွေပြပြီး စည်းရုံးတာ မျိုးတို့၊ အာဒေသနာဆိုတဲ့ လူတစ်ယောက်ရဲ့ စိတ်ကို ရည်ညွှန်းပြောဆိုတဲ့ အတတ် ဟောတာမျိုးတွေ ဟောပြီးတော့ စည်းရုံးတာမျိုးတို့ တကယ် မအောင်မြင်နိုင်ဘူးတဲ့။ အနုသာသနီ လို့ခေါ်တဲ့ တကယ့် အစစ်အမှန် ဆုံးမသြဝါဒပေးခြင်း၊ တကယ့် တရားဓမ္မကို သင်ပြပေးခြင်းကသာလျှင် သာသနာပြုတာ စည်းရုံးတာဖြစ်တယ်။

ဘာကြောင့်လဲဆိုရင် ဒီလို ဟောပြောဆုံးမတာကြောင့် ပညာရသွားတယ်လေ။ ခုနကလိုဟာမျိုးတွေက သဒ္ဓါလောက်ပဲ ရနိုင်တယ်။ ပညာမရဘူး။ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဟောပြောဆုံးမပေးတဲ့ အခါကျတော့ သူ့ဟာသူ စဉ်းစားတတ်လာတယ်။ သူ့ဟာသူ စဉ်းစားတတ်လာတဲ့ အခါမှာ ယုံကြည်မှု ခိုင်မာလာတယ်၊ ပညာမပါတဲ့ ယုံကြည်မှုသည် မခိုင်မာဘူးတဲ့။

ခိုင်မာတဲ့ ယုံကြည်မှု ရဖို့အတွက် မြတ်စွာဘုရားက "အေး ကေဝဋ္ဋ၊ ဣဒ္ဓိဝိဓ လို့ ခေါ်တဲ့နည်းနဲ့ သာသာနာပြုလည်းပဲ မအောင်မြင်နိုင်ဘူး။ ငါခွင့်ပြုတာက အနုသာသနီ တစ်ခုထဲပဲ။ ဒို့လည်းပဲ အခု တန်ခိုး ပြနေတာပဲ" လို့ မိန့်တော်မူတယ်။ နာလန္ဒာမြို့မှာ မြေလျှိုးမိုးပျံ ဆိုတဲ့ တန်ခိုးတွေ လုပ်မပြပေမယ့်လို့ ဘယ်လိုနေရတယ် ဘယ်လို ထိုင်ရတယ်ဆိုတာ တရားဓမ္မတွေ ဟောနေတာဟာ အစွမ်းတန်ခိုးတွေ ပြနေတာပဲလို့ ပြောတာ နော်။ ဒါကြောင့် ဒီလိုတရားဓမ္မတွေ ဟောပြီး အစွမ်းတန်ခိုး ပြခြင်း ကသာလျှင် အလွန်ခိုင်မြဲတဲ့ စည်းရုံးမှုဖြစ်တယ်။ ဘာဖြစ်လို့တုန်းဆိုရင် တစ်ဖက်သားကို အသိဉာဏ်တွေ ပေးပြီးသား ဖြစ်သွားလို့ပါပဲတဲ့။

http://mmteashop.com

## တန်ခိုးရှိပေမယ့် အသိဉာဏ်နည်းရင် တလွဲဖြစ်

အဲဒီလို အသိဉာဏ် မပေးဘူးဆိုရင် ဘာဖြစ်နိုင်တုန်း။ အသိဉာဏ်မပါတဲ့ ယုံကြည်မှု ပညာမဲ့သဒ္ဓါဆိုတာ အရာရာ ယုံကြည်ပြီး လမ်းမှားသွားတတ်တယ်။ လမ်းမှားကို ရောက်သွားနိုင်တယ်။ အဲဒီ သုတ္တန်မှာ မြတ်စွာဘုရားက ဆက်ဟောထားသေးတယ်။ တန်ခိုး အဘိဉာဉ်တွေ ဘယ်လောက်ရှိရှိ အသိဉာဏ် အားနည်းရင် ပုဏ္ဏားတစ်ခုရဲ့ အဖြေမှန်ကို မထုတ်နိုင်ဘူး။ တန်ခိုးရှင် ရဟန်းတစ်ပါးဟာ ဓာတ်ကြီးလေးပါး ဘယ်မှာ ချုပ်ငြိမ်းသလဲ ဆိုတဲ့ မေးခွန်းရဲ့ အဖြေကို သိချင်လို့ နတ်တွေကို လိုက်မေးသတဲ့။

နတ်တွေက "တပည့်တော်တို့ မသိဘူး၊ ဒီဟာ တပည့်တော်တို့ထက် တန်ခိုးကြီးတဲ့ နတ်မင်းကြီး (၄)ယောက်ကို မေးကြည့်ပါ။ အဲဒါနဲ့ နတ်မင်းကြီး (၄)ယောက်ဆီ သွားတယ်။ ဓါတ်ကြီး (၄)ပါး ဘယ်မှာ ချုပ်သလဲ မေးတယ်။ နတ်မင်းကြီး (၄)ယောက်ကလည်း မဖြေနိုင်ဘူး၊ "တပည့်တော်တို့ ဘယ်သိမလဲ၊ တပည့်တော်တို့ထက် တန်ခိုးကြီးတဲ့ တာဝတိံသာ နတ်တွေဆိုတာ ရှိတယ်။ အဲဒီ သွားမေးပါ" တဲ့ ။ လွှဲချလိုက်ကြတယ်။

တစ်ဖန် တာဝတိံသာ သွားရောက်ပြီး နတ်တွေကို မေးတယ်၊ တာဝတိံသာ နတ်တွေက "တပည့်တော်တို့လည်း မသိဘူး၊ တပည့်တော်တို့ထက် တန်ခိုးကြီးတဲ့ သိကြားမင်း ရှိတယ်။ သူ့မေးကြည့်ပါ" ဆိုတော့ သွားမေးတယ်။ သိကြားမင်း ကလည်း ဒီအဖြေ သူမသိပါဘူးတဲ့။ အဲဒီလို နဲ့ပဲ အထက်ကို တက်သွားလိုက်တာ တာဝတိံသာကနေ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တိ နတ်ပြည်ခြောက်ထပ် ကုန်ရော၊ သူ့ရဲ့ မေးခွန်းဟာ အဖြေမထွက်ဘူး။

အဲဒီ ကနေ တစ်ခါထပ်ပြီး ဗြဟ္မာ့ပြည် ရောက်သွားတော့ ဗြဟ္မာတွေကလည်း အဲဒီ အဖြေ သူတို့ မသိဘူးတဲ့။ ဒါပေမယ့် သူတို့ထက် တန်ခိုးကြီးတဲ့ ဗြဟ္မာမင်းကြီး ဆိုတာ ရှိတယ်တဲ့။ အဲဒါနဲ့ အဲဒီကိုယ်တော်က နေပါဦး၊ အဲဒီ ဗြဟ္မာမင်းကြီးက ဘယ်မှာနေတာတုန်း ဆိုတော့ ဗြဟ္မာမင်းကြီး ဘယ်နေတယ် ဆိုတာ သူတို့ မသိပါဘူး။ ဘယ်တော့လာမှာလဲ ဆိုတော့လည်း သူတို့ မသိပါဘူးတဲ့။ "အလင်းရောင်ကြီးတွေ ပေါ်လာရင်တော့ မကြာခင်မှာ သူပေါ်လာတတ်တယ်" လို့ ပြောကြတယ်။

အဲဒီလို ပြောနေတုန်း မကြာခင်မှာပဲ အလင်းရောင်ကြီးတွေ ပေါ်လာတယ်။ ဗြဟ္မာမင်းကြီးက ဘွားခနဲ ပေါ်လာတယ်။ ဟန်ကျပြီ ဆိုပြီးတော့ အဲဒီကိုယ်တော်က ဗြဟ္မာမင်းကြီးဆီ ချဉ်းကပ်ပြီးတော့ မေးတယ်။ "ဓါတ်ကြီး (၄)ပါး ဘယ်မှာ ချုပ်လဲ" ဗြဟ္မာမင်းကြီးက ဒီမေးခွန်းကို မဖြေဘဲနဲ့ မကြားချင်ယောင်ဆောင်ပြီး "ကိုယ်တော် တပည့်တော်က လောကကြီးကို ဖန်ဆင်းတဲ့ ဗြဟ္မာမင်းကြီးပါ၊ အရာခပ်သိမ်းကို သိတယ်၊ အားလုံးကို မြင်တယ်၊ အားလုံးကို လွှမ်းမိုးနိုင်တယ်လို့ ပြောတယ်။ အဲဒီ ကိုယ်တော်က "ဗြဟ္မာမင်းကြီး၊ ကျုပ်က ခင်ဗျားရဲ့ အစွမ်းတန်ခိုး အစွမ်းသတ္တိတွေကို မေးတာ မဟုတ်ဘူး။ ကျုပ်သိချင်တာ ဓါတ်ကြီး (၄)ပါး ဘယ်မှာ ချုပ်သလဲဆိုတာ သိချင်တာ"

ဗြဟ္မာမင်းကြီးက မဖြေနိုင်ဘူး၊ သူက ဗြဟ္မာမင်းကြီးဖြစ်တဲ့ အကြောင်းကိုပဲ ထပ်ထပ်ပြောတယ်။ (၃)ခါတိတိ မေးတယ်။ အလိုက်မသိဘဲ ထပ်မေးနေတော့ ဗြဟ္မာတွေ ကြားထဲမှာ သူ့ကို လက်မောင်း ဆွဲခေါ်သွားတယ်။ ဗြဟ္မာတွေကြားထဲမှာ သူ့ကို အထင်သေးမှာ ကြောက်တယ်။ အဲဒီ ကိုယ်တော်ကို အဝေးကို ခေါ်သွားပြီး "ကိုယ်တော် ဒီပုစ္ဆာရဲ့ အဖြေကို တပည့်တော်လည်း မသိဘူး။ ဒါပေမဲ့လို့ ဒီနားရှိတဲ့ ဗြဟ္မာ ပရိသတ်တွေဟာ တပည့်တော်ကို တန်ခိုးအကြီးဆုံး၊ မသိတာ မရှိဘူးလို့ သူ့တို့က ထင်တာ၊ ဒါကြောင့် သူ့တို့ရှေ့မှာ မသိဘူးလို့ မပြောတာ"တဲ့။

လူတွေမှာ မဟုတ်ဘူး၊ ဗြဟ္မာတွေလည်း အထင်သေးခံရမှာ ကြောက်ကြတယ်။ အဲဒီ ဗြဟ္မာကြီးက ဘာပြောသလဲဆိုတော့ အဲဒါ ကိုယ့်တော်အမှားပဲ ဒီပုစ္ဆာရဲ့ အဖြေက ဘုရားက လွဲပြီး ဘယ်သူမှ မဖြေနိုင်ဘူးတဲ့။ ကိုယ်တော်က ဘုရားကို မမေးပဲနဲ့ ဒီအထိ ရောက်လာတာဟာ ကိုယ်တော့်အမှားပဲတဲ့။ သူက "ဘုရားကို မေးပါ" လို့ လမ်းညွှန်လိုက်တာ။ ဘုရားရှင်ဆီကို အဲဒီ ကိုယ်တော် ရောက်သွားပြီးတော့ "အရှင်ဘုရား ဓါတ်ကြီး(၄)ပါး ဘယ်နေရာမှာ အကြွင်းမဲ့ချုပ်ပါသလဲ" လို့ မေးတယ်။

မြတ်စွာဘုရားက "ရဟန်း မင်းမေးတဲ့ ပုစ္ဆာ မှားနေတယ်"။ ဓါတ်ကြီး (၄) ပါးဆိုတာ မပြည့်စုံဘူး၊ သူက organism, non-organism မခွဲဘူး၊ သက်ရှိ သက်မဲ့ မခွဲဘဲနဲ့ ဓါတ်ကြီး (၄)ပါး ဘယ်မှ ချုပ်သလဲမေးတာ၊ သူ့မေးခွန်းက သိပ်ကျယ်ပြန့် လွန်းအားကြီးနေတယ်၊ သက်မဲ့ ဓါတ်ကြီးလေးပါးတွေပါ မေးရာ ရောက်နေတယ်၊ သူ့မေးခွန်းက မှားနေတယ်၊ မေးရမှာက သက်ရှိသတ္တဝါတွေရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ ဓါတ်ကြီး (၄)ပါး ဘယ်နေရာမှာ ချုပ်သလဲ ဆိုတာ မေးရမှာဖြစ်တယ်။ ဒ့ါကြောင့် မြတ်စွာဘုရားက အဲဒီမေးခွန်းကို ပြင်ပေးလိုက်တယ်။

မေးခွန်းက မှားနေလို့ မြတ်စွာဘုရားက "ရဟန်း အဲဒီလို မေးရမှာ မဟုတ်ဘူး၊ ဓါတ်ကြီး (၄)ပါးနဲ့ ဓါတ်ကြီး (၄)ပါးကို အမှီပြုပြီး ဖြစ်နေတဲ့ ဒီ ဥပါဒါရုပ်တွေ အရှည်အတို အဆင်းလှမလှဆိုတဲ့ ဥပါဒါရုပ်တွေ နာမ်တွေ ဘယ်မှာ ချုပ်ငြိမ်းသလဲ" လို့ မေးရမှာတဲ့။ မေးခွန်းကို ပြင်ပေးပြီးတော့ "အဖြေက ဒီလို" ဆိုပြီး မြတ်စွာဘုရားက ဟောတယ်။

"**ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ**" ဆိုတာ ထူးခြားသော အသိဉာဏ်နဲ့သာ သိနိုင်သော နိဗ္ဗာန်။ နိဗ္ဗာန်ဆိုတာ ထူးခြားတဲ့ အသိဉာဏ်နဲ့ သိလို့ မရဘူးတဲ့။ **အနိဒဿန= နိဗ္ဗာန်** ဆိုတာဟာ ပုံပန်းသဏ္ဍာန်နဲ့ ဖော်ပြလို့ မရဘူးတဲ့။ **အနန္တံ= နိဗ္ဗာန်**မှာ ဖြစ်တဲ့ အစဆိုတာ မရှိဘူး၊ ချုပ်တဲ့ အစွန်းဆိုတာ မရှိဘူး အဆုံးအစ မရှိဘူးတဲ့။ **အန္တ** လို့ခေါ်တဲ့ ဖြစ်တဲ့အစ ချုပ်တဲ့ အစွန်း ထို အစွန်း (၂)ခု ရဲ့ အလယ်စပ်ကြား မရှိဘူးတဲ့။ **သဗ္ဗတော ပဘံ=နိဗ္ဗာန်**ဆိုတာ ဘယ်လမ်းကနေ လျှောက်လျှောက် နိဗ္ဗာန် ရောက်တာချည်းပဲ။ အဲဒီ နိဗ္ဗာန်ဆိုတဲ့ တရားမှသာလျှင် ဟောဒီ ဓါတ်ကြီး (၄)ပါးရော ၊ ဓါတ်ကြီး (၄)ပါးကို မှီပြီးဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေ အားလုံးချုပ်တယ်လို့ မြတ်စွာဘုရားက ဟောတယ်။

ကဲ ဒီကိုယ်တော် တန်ခိုးတော့ ရှိပါရဲ့၊ တရားဓမ္မကို စေ့စေ့ ငုငု မသိသည့် အတွက်ကြောင့် ဟောဒီ ပုစ္ဆာရဲ့ အဖြေကို မရှာရမယ့်နေရာ လိုက်ရှာတယ်။ မရှာရမယ့်နေရာ လိုက်ရှာလို့ သူ့ရဲ့ အစွမ်း တန်ခိုးသည် လမ်းဆုံးကို မပို့နိုင်ဘူးဆိုတာ ဒါကို ပြောတာနော်။ အစွမ်းတန်ခိုး ခုနက ပြောတဲ့ တန်ခိုး ဣဒ္ဓိပါဒ် တွေဟာ တကယ့် အစစ်အမှန် အသိဉာဏ်ကိုဘာမှ မပေးနိုင်ဘူး၊ အဆုံးအဖြတ် မပေးနိုင်ဘူး။ ဒါကြောင့် တန်ခိုးဆိုတာ အားကိုး စရာမဟုတ်ဘူး ယုံကြည်စရာမဟုတ်ဘူး။ တကယ့် အစွမ်းတန်ခိုး အစစ်သည် တရားဓမ္မကို မှန်ကန်စွာ သိခြင်းသာလျှင် ဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက **အနုသာသနီပါဋိဟာရိယ** ဆိုတဲ့ အစွမ်းတန်ခိုးနဲ့သာလျှင် သာသနာပြုတာ အကောင်းဆုံးတဲ့နော်။

မြေလျှိုး မိုးပျံဆိုတဲ့ တန်ခိုးတွေနဲ့ သာသနာ ပြုနေရင်လည်း မအောင်မြင်နိုင်ဘူးတဲ့။ သူတစ်ပါးရဲ့ စိတ်တွေ အတွေးအကြံတွေကို သိပြီး ရည်ညွှန်းပြောရုံနဲ့ လူအထင်ကြီးအောင် လုပ်ပြီး သာသနာပြုလို့လည်း မအောင်မြင်နိုင်ဘူးတဲ့။ သာသနာပြုတယ်ဆိုတာ စစ်မှန်တဲ့ တရားဓမ္မ တွေကို ဟောပြောပြသပြီး ထိုစစ်မှန်တဲ့ တရားတွေကို  လူတွေ နားလည်အောင် အသိဉာဏ်ပေးပြီး သာသနာပြုမှ တကယ့် အစစ်အမှန်ပါ။ လူတွေဟာ အသိဉာဏ် ရသွားပြီးတော့ ပညာပါတဲ့ သဒ္ဓါ စွမ်းအားတွေနဲ့မှ အမှန်တရားကို တွေ့ရှိနိုင်မျာ ဖြစ်ပါတယ်။



http://mmteashop.com

ဒါကြောင့် တရားချစ်ခင် သူတော်စင် ပရိသတ် တို့သည် "အစွမ်းတန်ခိုးများနဲ့ သာသန" ဆိုတဲ့ စကားမှာ တကယ့် အစွမ်းတန်ခိုး ဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတွေကို လေ့လာ သင်ယူခြင်းပဲ ဖြစ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတော်တွေကို ကိုယ်တိုင် သိရှိအောင် လေ့လာခြင်း၊ ဖတ်ရှုခြင်း၊ ကျင့်သုံးခြင်း၊ နာယူခြင်း ကသာလျှင် တကယ့် အစွမ်းတန်ခိုး၊ တန်ခိုးပါဝါ၊ တကယ့် ကြီးမားတဲ့ အစွမ်းတန်ခိုး နိဗ္ဗာန်ထိအောင် မျက်မှောက်ပြုနိုင်တဲ့ အစွမ်းရှိတဲ့ တန်ခိုးအစစ် ဖြစ်တယ် ဆိုတော့ ကေဝဋ္ဋသုတ်အရ ဆုံးဖြတ်ချက်ချပြီး ဘုရားရဲ့ တရားတော်တွေကို သိရှိအောင် လိုက်နာ ကျင့်သုံးနိုင်ကြပါစေကုန်သတည်း။ ။



http://mmteashop.com

myanmar tea shop
http://mmteashop.com

## မှတ်တမ်း

သာသနနှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်နေ့၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပေါင်းလဲတိုက်၊ မဟာအောင်မြေရွှေသာလျောင်း ဓမ္မဗိမ္မာန်တော်ကြီးအတွင်း မန်းမြို့ဈေး မိသားစုတို့၏ ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် အမတဒါန၊ ဓမ္မဒါနာ အဖြစ်ဖြင့် ဟောကြားအပ်သော **"၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ"** အကြောင်း တရားဒေသနာတော်။

myanmar tea shop www.mmteashop.com

## ၁၂နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

"၁၂နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ" တဲ့၊ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရတဲ့ မေးခွန်းတွေက ဘာတွေလဲ၊ ဘယ်သူတွေ ဒီမေးခွန်းရဲ့ အဖြေကို ရှာနေကြတာလဲ၊ ဘုန်းကြီးတို့ အားလုံး ကြားဖူး ကြလိမ့်မယ်၊ လောကမှာ မင်္ဂလာဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေကိုလည်း ၁၂-နှစ်ကြာအောင် စဉ်းစားခဲ့ကြရတယ်၊ အဖြေရှာမတွေ့ခဲ့ဘူး။ နောက်ဆုံးမှာ မြတ်စွာဘုရားထံ ရောက်လာကြတဲ့ အခါကျမှ ထိုမေးခွန်းရဲ့ အဖြေဟာ ထွက်လာတယ်။

ဒီကနေ့ တရားချစ်ခင် သူတော်စင် တို့ရဲ့ ရင်ထဲမှာလည်းပဲ မေးချင်နေတဲ့ မေးခွန်းတွေ ရှိပါလိမ့်မယ်။ သိချင်တဲ့အချက်တွေ၊ လူတိုင်း လူတိုင်းမှာ သိချင်တဲ့ မေးခွန်းတွေ ရှိနေတတ်တယ်။ လူတွေမှာသာ ဒီလိုမေးခွန်းတွေ ရှိတာ မဟုတ်ဘူး၊ နတ်တွေ မှာလည်း မေးခွန်းတွေ ရှိကြတာပဲ။

မေးခွန်းဆိုတာ တစ်ခါတစ်ရံ အဖြေက လွယ်လွယ်ကူကူနဲ့ ထွက်မလာဘူး။ ဘုန်းကြီးတို့ တစ်တွေ သာသနာတော်နှင့် ကြုံကြိုက်နေသည့် အတွက်ကြောင့် မမေးကို မတွေ့ရမီ အဖြေတွေ နဲ့ အရင် တွေ့နေကြတာမျိုးလည်း ရှိတယ်။ အကယ်၍ ဘုရားမပွင့်ဘူး ဆိုလို့ ရှိရင် ဒီမေးခွန်း ပုစ္ဆာတွေဟာ အဖြေတွေ့ဖို့ အင်မတန်မှ ခဲယဉ်းပါတယ်နော်။ အဖြေကို အရင်သိနေသည့် အတွက်ကြောင့် ခက်ခဲတဲ့ အဖြေ မဟုတ်ဘူးလို့ ထင်ကောင်း ထင်လိမ့်မယ်။

ဘုန်းကြီးတို့ စာပေထဲမှာ ရဟန်းတော် တစ်ပါးဟာ အင်မတန်မှာ သိချင်လှတဲ့ မေးခွန်းတစ်ခုရဲ့ အဖြေကို လိုက်ရှာလိုက်တာ အခုခေတ်စကားနှင့် ပြောရရင် ကမ္ဘာအနှံ့ပေါ့နော်။ သူက တန်ခိုးရှင်ပဲ၊ တန်ခိုးရှင်ဆိုတာ ဈာန် အဘိညာဏ်တွေ ရသည့် အတွက်ကြောင့် ဒီမေးခွန်းရဲ့ အဖြေကို လူ့ပြည်မှာတင် မကဘူး၊ နတ်ပြည် ဗြဟ္မာပြည် ထိအောင် တက်ပြီး ရှာတယ်၊ သူသည် မေးခွန်းရဲ့ အဖြေကို နောက်ဆုံးကျတော့ ဘယ်မှာ ရသွားသလဲဆိုတော့ လူ့ပြည်မှာပဲ အဖြေမှန်ရသွားတယ်။

အဲဒီမေးခွန်းက ဘာတုန်းဆိုလို့ရှိရင် "ဓါတ်ကြီး ၄ပါး၊ မဟာဘုတ် ၄ပါး လို့ ခေါ်တဲ့ ပထဝီ အာပေါ တေဇော ဝါယော ဆိုတာ ဘယ်နေရာမှာ အပြီးသတ် ချုပ်ငြိမ်းသွားသလဲ" ဆိုတဲ့ မေးခွန်းပဲ။ အဲဒီ မေးခွန်းရဲ့ အဖြေကို သူရှာလိုက်တာ၊ ဒီမေးခွန်းကို သူ့ အနီးအနားမှာ ရှိတဲ့ မြတ်စွာဘုရားဆီ မမေးဘူး၊ ဒီမေးခွန်းရဲ့ အဖြေကို သူစဉ်းစားလို့လည်း အဖြေမထွက်ဘူး။ အဖြေမထွက်သည့် အတွက်ကြောင့် တန်ခိုးကြီးတဲ့နတ်တွေ (နတ်ကို အထင်ကြီးတာတော့ ရှေးတုန်းကတည်းက ရှိတယ်နော်) တန်ခိုးကြီးတဲ့ နတ်တွေကတော့ ဒီအဖြေ ပေးနိုင်လောက်တယ်ဆိုပြီး နတ်တွေ ဆီ သွားအဖြေရှာတယ်။ ဒီမေးခွန်း မေးလိုက်တိုင်း သူတို့ မသိပါဘူး၊ မသိပါဘူးပဲ ဖြေကြတယ်။ နောက်ဆုံးမှာ စတုမဟာရာဇ်ကနေ တာဝတိံသာရောက်၊ တာဝတိံသာကနေ အဆင့်ဆင့် တက်သွားတာ နတ်ပြည် ခြောက်ထပ်သာကုန်ရော အဖြေမရခဲ့ဘူး။

အဖြေမရတော့ ဒီရဟန်းက မလျှော့သေးဘူး၊ ဗြဟ္မာ တွေက ဒီထက် တန်ခိုးကြီးတယ်။ ဗြဟ္မာ့ပြည်တက်ပြီး အဖြေရှာဦးမယ်လို့ဆိုပြီး ဗြဟ္မာ့ပြည်တက်ပြီး အဖြေရှာပြန်တယ်။ အဖြေရှာတဲ့ အခါမှာ (ဗြဟ္မာတွေမှာ သာမန် ဗြဟ္မာနဲ့ မဟာ ဗြဟ္မာဆိုတာ ရှိတယ်) အဲဒီ သာမန် ဗြဟ္မာ တွေဆီ မေးလိုက်တဲ့ အခါကျတော့ သာမန်ဗြဟ္မာတွေက အဖြေ မပေးနိုင်ဘူး၊ ဗြဟ္မာပါရိသဇ္ဇတို့၊ ဗြဟ္မပုရောဟိတာ တို့လိုဆိုတဲ့ အဲဒီဗြဟ္မာတွေက အဖြေမပေး နိုင်ဘူး။ မပေးနိုင်တော့ သူတို့က ဘယ်ကိုညွှန်းတုန်းဆိုတော့ မဟာဗြဟ္မာကြီးကို မေးရင်တော့ သိကောင်းသိမယ်တဲ့။

အဲဒီ မဟာဗြဟ္မာကြီးဆိုတာ ဒီကနေ့ ခေတ်က God ဆိုပြီး ကိုးကွယ် နေကြတာကြီးပဲ။ အမှန်ကတော့ ဗုဒ္ဓဘာသာကျမ်းစာမှာ အဲဒီ ဗြဟ္မာကြီးက သူ့ကိုယ်သူလည်း Creater လို့ ယူဆတယ်။ လူတွေကလည်း သူ့ကို creater အဖြစ် ဖန်ဆင်းရှင်အဖြစ် ယုံကြည်နေကြတယ်။ ဒီကနေ့ခေတ်မှာ ကမ္ဘာ့လူသားတွေရဲ့ ၅ ပုံ ၄ ပုံလောက်က God ကို ယုံကြည်နေကြတာ၊ ဖန်ဆင်းရှင် ကို လက်ခံနေကြတယ်။

အေး အဲဒီ ဗြဟ္မာကြီး ဘယ်နေတုန်းဆိုတာ ကျန်တဲ့ ဗြဟ္မာတွေက မသိဘူးတဲ့။ ဒါဖြင့် ဘယ်မှာနေတယ်ဆိုတာ မသိဘူး ဆိုရင် ဒီဗြဟ္မာကြီးနှင့်တွေ့ဖို့ ဘယ်လို လုပ်ရမလဲ ဆိုတော့ ဗြဟ္မာကြီးလာရင် အရောင်အလင်းတွေက အရင်ပေါ်လာတယ်၊ သူဘယ်နေတယ် ဆိုတာတော့ မသိဘူးတဲ့၊ အရောင်အလင်းတွေ ပေါ်လာလိမ့်မယ်၊ ပေါ်လာလို့ ရှိရင် တော့ ဗြဟ္မာမင်းကြီး ရောက်လာတတ်တယ်။

အဲဒီ ရဟန်းက အလင်းရောင်လေး ပေါ်တဲ့ အချိန် စောင့်လိုက်တယ်။ မကြာခင် အလင်းရောင် ပေါ်လာပြီးတာနဲ့ ဗြဟ္မာကြီးလည်း သူတို့ရှေ့ ဘွားကနဲ ပေါ်လာတယ်။ ပေါ်လာတဲ့အခါ အဲဒီ ရဟန်းက သူ့မေးခွန်းကို မေးတယ်။ "**မဟာဘုတ် ၄ပါး ဓါတ်ကြီး ၄ပါး ဘယ်မှာ အပြီးသတ်ချုပ်တုန်း**"

ဗြဟ္မာကြီးက ဒီမေးခွန်းရဲ့ အဖြေသူမသိဘူး၊ မသိတာကို မသိဘူးလို့ သူပြောရမှာရှက်တယ်။ သူတွေသာရှက်တာ မဟုတ်ဘူး၊ ဗြဟ္မာလည်း ရှက်တယ်လို့ ပြောရမယ်။ ဘာဖြစ်လို့တုန်း ဆိုတော့ ပတ်ဝန်းကျင်က သူ့ကို အထင်သေးသွားမှာ စိုးသည့် အတွက်ကြောင့် မသိဘူးလို့ မပြောချင်ဘူး။ မပြောချင်တော့ သူက ဘာတွေ ပြောတုန်းဆိုတော့ "**ကျုပ်ဟာ ကမ္ဘာကြီးကို ဖန်ဆင်းတဲ့ မဟာဗြဟ္မာဖြစ်ပါတယ်**" ဆိုတာကိုပဲ ထပ်တလဲလဲပြောနေတယ်။

ရဟန်းကလည်း မရဘူး ဖွတ်မေးတယ် ၊ "သင့်ကို မဟာဗြဟ္မာလည်း၊ ကမ္ဘာကြီးကို ဖန်ဆင်းတဲ့ ဖန်ဆင်းတဲ့ ဖန်ဆင်းရှင်လားလို့ ငါမေးတာ မဟုတ်ဘူး၊ မေးတာက ဓါတ်ကြီး ၄ပါး မဟာဘုတ် ၄ပါး ဘယ်မှာ ချုပ်တုန်း ငါသိချင်တာ" အဲဒီလို အတင်းအကြပ် မေးတဲ့ အခါ ဗြဟ္မာကြီးက သူမသိဘူးလို့လည်း ပြောချင်တယ်။ သူ့ပရိသတ် ရှေ့မှာလည်း သူအဖြေမပေးချင်ဘူး။

အဲဒါနဲ့ အဲဒီ ရဟန်းကို လက်ဆွဲပြီးတော့ တစ်နေရာ ခေါ်သွားတယ်တဲ့။ ခေါ်သွားပြီးတဲ့ အခါ သူ က တိုးတိုးပြောတယ်၊ "ဒီအဖြေလည်း သူလည်း မသိဘူး"တဲ့ ၊ "ဒါ ကိုယ်တော့်အမှားပဲ" တဲ့၊ "ဒီမေးခွန်းရဲ့ အဖြေကို ဖြေနိုင်တာက ကိုယ်တော်တို့ ဘုရားပဲ ရှိတယ်၊ အဲဒီကိုပြန်မေးပါ" လို့ ဆိုပြီး လူ့ပြည် ပြန်လွှဲချလိုက်တယ်။ အဲဒီ မေးခွန်းဟာ လည်းပဲ မြတ်စွာဘုရားကလွဲရင် မည်သူမျှ အဖြေမပေးနိုင်တဲ့ မေးခွန်းတစ်ခုဖြစ်တယ်။

မြတ်စွာဘုရားဆီ ပြန်ရောက်သွားတဲ့အခါ သူ့မေးခွန်းရဲ့ မပြည့်စုံမှု၊ မှားယွင်းမှုကို မြတ်စွာဘုရားက ပြင်ဆင်ပေးတယ်။ ပြီးတဲ့အခါကျမှ အဖြေပေးလိုက်တယ်တဲ့။ အဲဒီ သုတ္တန်ဟာ **ဒီဃနိကာယ်**မှာ ပါတယ်ပေါ့။

အဲဒီလိုပဲ လောကကြီးမှာ လူတွေပဲဖြစ်ဖြစ်၊ နတ်တွေပဲ ဖြစ်ဖြစ် ဘဝအရေးနဲ့ ပတ်သတ်ပြီး ကြုံတွေးတဲ့အခါ ကိုယ်သိချင်တဲ့ မေးခွန်းတွေ ရင်ထဲမှာ ပေါ်လာတတ်တယ်။ သူတော်စင် ပရိသတ်တို့ရင် ထဲမှာလည်း မေးခွန်းတွေ ရှိနေမှာပါ။ ဘာသာရေးဖြစ်ဖြစ်၊ လူမှုရေးဖြစ်ဖြစ် သိချင်တဲ့ မေးခွန်းတွေ ရှိနေမှာပါ။

အခု ၁၂ နှစ်ကြာသည်ထိအောင် အဖြေကို ရှာခဲ့ရတဲ့ မေးခွန်းဆိုတာ ဘာတွေလဲ၊ ဘယ်သူတွေက ၁၂ နှစ်ကြာအောင် ရှာခဲ့တာလဲ၊ ဆိုတော့ စတုမဟာရာဇ်၊ တာဝတိံသာမှာနေကြတဲ့ နတ်တွေ၊ လူ့ဘုံလူ့လောကနှင့် ဆက်ပြီး နေတဲ့ နတ်တွေပဲ။

http://mmteashop.com

မေးခွန်းတွေ ဖြစ်ပေါ်လာပြီး ထိုမေးခွန်းရဲ့ အဖြေကို ရှာကြတယ်။ ဖြေနိုင်မယ့် ပုဂ္ဂိုလ် ရှိမယ်ထင်တဲ့နေရာ၊ ဖြေနိုင်တဲ့ပုဂ္ဂိုလ်လို့ ထင်တဲ့သူတွေကို မေးခွန်းတွေ မေးတယ်။

ကျေနပ်လောက်တဲ့ အဖြေ မရဘူး၊ နောက်ဆုံး ဒီမေးခွန်းက ဘယ်ထိ ရောက်သွားတုန်း ဆိုတော့ အောက်ခြေနတ်တွေ သာမန်နတ်တွေက မေးလိုက်တာ နောက်ဆုံး သိကြားမင်းကြီးထိအောင် ဒီမေးခွန်း ရောက်သွားတယ်။

သိကြားဆိုတော့ အခြားနတ်တွေထက် သူက ဉာဏ်ရည်ဉာဏ်သွေး သာတာကိုး။ သိကြားမင်းက သိတယ်။ "ဒီမေးခွန်းက သာမန်ပုဂ္ဂိုလ်တွေ ဖြေနိုင်တဲ့ မေးခွန်းမျိုး မဟုတ်ဘူးတဲ့၊ ဘုရားဆီသွားမေးမှ ဖြစ်မယ်" နတ်ပရိသတ်တွေ အားလုံးခေါ်ပြီး မြတ်စွာဘုရားဆီ သွားပြီး မေးတာတဲ့။

သူတို့ ဒီမေးခွန်းရဲ့ အဖြေကို ရှာနေတာ ဘယ်လောက်ကြာတုန်းဆို ၁၂ နှစ်ကြတယ်နော်။ အဲဒီ ၁၂ နှစ်ကြတဲ့ မေးခွန်းဟာ အကယ်၍များ ဘုရားမပွင့်ဘူး ဆိုလို့ ရှိရင် ဒီမေးခွန်းကြီးဟာ မေးခွန်းအနေနဲ့ပဲ ရပ်နေမှာပဲ။ အဖြေမှန် ထွက်လာမှာ မဟုတ်ဘူး။ မြတ်စွာဘုရားဆီ ရောက်တဲ့ အခါကျတော့မှ အဖြေမှန် ထွက်လာတယ်။

ဒီကနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ရဲ့ ကြားမှာ အဖြေအနေနှင့် လူတိုင်းတော်တော် များများ ဒီမေးခွန်းရဲ့ အဖြေတွေကို သိနေကြတယ်၊ သို့သော် ရင်ထဲမှာ မေးခွန်းရှိချင်ရှိမယ်။

## မေးခွန်း -၁

နံပါတ်(၁)မေးခွန်းက ဘာတုန်းလို့ဆိုရင် "လက်ဆောင် ပေးတဲ့ အထဲမှာ အကောင်းဆုံးလက်ဆောင်ဆိုတာ ဘာဖြစ်မလဲ၊ ဟောဒီမေးခွန်းပဲ။

လူတွေ တစ်ဦးနှင့် တစ်ဦး ဆက်ဆံကြပြီးဆိုရင် ပေးကြ ကမ်းကြတယ်ဆိုတာ ရှိတယ်မဟုတ်လား။ ဒီကနေ့ ခေတ်မှာ အပေးအကမ်းတွေ ပိုတောင်များလာသေးတယ်နော်၊ ပေးရကမ်းရတယ် ဆိုတာတွေက အများကြီး ဖြစ်လာတဲ့အခါ ပေးရတဲ့ အထဲမှာ ဘာပေးတာ ပိုကောင်းလဲ၊ ဘယ်ဟာက  အကောင်းဆုံးလဲ ဆိုတဲ့ မေးခွန်းပဲ။ အဲဒီမှာ လူတွေသာမက နတ်တွေလည်းပဲ ပေးလို့သာ သူတို့ ဒီအတွေးပေါ်တာပေါ့။ နတ်တွေလည်း တစ်ဦးနဲ့တစ်ဦး လက်ဆောင် ပေးတာမျိုး ရှိမှာပေါ့။

ပေးတာကမ်းတာကို ပါဠိ စာပေမှာ "ဒါန" လို့ပြောကြတယ်။ ဒါနဆိုတဲ့ စကားလုံးလေး တွေ့လို့ရှိရင် ၂ မျိုး မှတ်ထားဖို့ လိုတယ်။

## ဒါနနှစ်မျိုး

**ဒါန**ဆိုတာ လှူစရာ ပစ္စည်းကိုလည်း **ဒါန** လို့ခေါ်တယ်၊ ဒါက နံပါတ်တစ်၊ နောက်တစ်ခုက အဲဒီ လှူစရာ ပစ္စည်းတွေကို လှူစေတတ်တဲ့ စေတနာကိုလည်း **ဒါန**လို့ ခေါ်တယ်။ ဟော **ဒါန** ဆိုတဲ့စကားလုံးလေးမှာ ဒီလို အဓိပ္ပါယ် နှစ်မျိုးရှိတယ် ဆိုတာကိုလည်း မှတ်ထားပါ။

"**ဒါနံ ဒေတွာ** - ဒါနကိုလှူ၍ " ဆိုတဲ့နေရာမှာ စေတနာကို လှူတာမဟုတ်ဘူး၊ လှူစရာပစ္စည်းကို လှူတာ၊ **ဒါနံ ဒေတွာ** ဆိုတဲ့ စကားမှာ **ဒါနံ**-အလှူဒါနကို၊ **ဒေတွာ**-ပေးလှူသောကြောင့်၊ အဲဒီစကားရပ်မှာ လှူစရာကို လှူသောကြောင့်လို့၊ ဒါနဝတ္ထုကို လှူသောကြောင့်လို့ ဒီလို အဓိပ္ပာယ်ယူရမယ်။

"**ဒါနတော ဘောဂဝါ**- ဒါနကြောင့် စည်းစိမ်ဉစ္စာ ကြွယ်ဝတယ်" ဆိုတာကျတော့ အဲဒီဒါနက စေတနာကိုပြောတာ၊ ကံတရားကိုပြောတာ၊ လှူလိုက်တဲ့ လှူစေတတ်တဲ့ စေတနာ စွမ်းအား ကံတရားသည် ဖြစ်လေရာ ဘဝမှာ ချမ်းသာကြွယ်ဝခြင်း၊ စည်းစိမ် ဉစ္စာ ပေါများခြင်း ဆိုတဲ့ အကျိုးကိုပေးတယ်။

ဒါကြောင့်မို့ ဒါနလို့ ဆိုတဲ့ နေရာမှာ စကားလုံးဆက်သွယ်မှု ကိုကြည့်ပြီးတော့ ဒီ ဒါနရဲ့ အဓိပ္ပာယ်ကို မှတ်သားရမယ်ပေါ့။

ဒါနဆိုတာ တစ်ဦးနှင့်တစ်ဦး လက်ဆောင်အဖြစ် ပေးကြတယ်၊ ကမ်းကြတယ်။ ကိုယ့်ရှိတဲ့ ပစ္စည်းကို အများအတွက် စွန့်ကြတယ်၊ အဲဒီလို ကိုယ့်ပစ္စည်း ကိုယ့်ရှိတာကို ပေးတယ် ဆိုတဲ့ နေရာမှာ ပေးတာ ကမ်းတာတွေ မြောက်များစွာ အမျိုးမျိုး ရှိတယ်ပေါ့။ ငွေကြေးပေးတာ ရှိတယ်၊ ပစ္စည်းဉစ္စာပေးတာ ရှိတယ်၊ မြေပေးတာ ရှိတယ်၊ တိုက်အိမ် ပေးတာရှိတယ်။ ပေးစရာတွေ အများကြီးပေါ့။ ဘုန်းကြီးတွေကျတော့ လှူတယ်ဆိုတဲ့ အဓိပ္ပါယ်ကို သုံးတယ်ပေါ့။ သင်္ကန်းလှူတယ်၊ ကျောင်းလှူတယ်ပေါ့။ လှူတာက ပေးတာချည်းပဲ။ အဲဒီ ပစ္စည်းဝတ္ထုတွေပေးတဲ့ အပေး လောကမှာ ရှိနေတယ်။

နောက်တစ်ခု ဘာတုန်း၊ ခုခေတ်သုံးကြတယ် မဟုတ်လား။ ပညာဒါနတဲ့၊ အသိပညာကို ပေးကြတယ်။ မသိသေးတဲ့လူကို သိအောင် ပြောပြတယ်။ အသိဉာဏ် ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးတယ်၊ ဒါလည်း ပေးတာပဲ။

ပညာပေးတယ်၊ အသိဉာဏ်ပေးတယ်၊ ကျန်းမာရေး စောင့်ရှောက်မှု ပေးတယ် စသည်ဖြင့် ပေးမှုတွေ များစွာရှိတဲ့ အထဲမှ ပစ္စည်းဉစ္စာ ပေးတာနဲ့ အသိပညာ ပေးတာ ဘယ်ဟာက ကောင်းသလဲ၊ ဆိုတဲ့ မေးခွန်းပဲ။ ပေးတာတွေ မြောက်များစွာ ရှိတဲ့ အထဲမှာ အတူတူပဲလား၊ ပစ္စည်းဉစ္စာပေးတာနဲ့ ပညာပေးတာ ဒီနှစ်ခုဟာ အတူတူပဲလား စဉ်းစားလာတော့ ဘယ်ဟာ ပိုကောင်းလဲ၊ ဒါ လူ့လောကမှာ စဉ်းစားထိုက်တဲ့ဟာ တစ်ခုပဲ။ သာမန်နေလို့ ရှိရင်တော့ မစဉ်းစားမိဘူးပေါ့။ ကျကျနန အလေးအနက် ထားလို့ရှိရင် ဘာပေးတာဟာ ပိုကောင်းသလဲ၊ ပညာပေးတာဟာ ပိုကောင်းတယ်ဆိုတော့ ဘာဖြစ်လို့ ကောင်းသလဲ၊ ဆိုတဲ့ နောက်မေးခွန်းတစ်ခု ထပ်တက်လာတယ်။ ကောင်းပုံ ကောင်းနည်းကျတော့ မတူပြန်ဘူးနော်၊ အဲဒီတော့ ကောင်းဆိုတာ ဘယ်ဘက်က ကြည့်တာလဲ၊ ရတဲ့ လူဘက်က ကြည့်တာ လား၊ ပေးတဲ့လူဘက်က ကြည့်တာလား၊ နှစ်မျိုးကြည့်ရမယ်။

ခု ဒါန ကောင်းမှုပြုနေတဲ့ ပုဂ္ဂိုလ်တွေ ကြည့်လေ လှူတဲ့ ပုဂ္ဂိုလ်ဘက်က ကြည့်တာလား၊ သို့မဟုတ် ရတဲ့ ပုဂ္ဂိုလ်ဘက်က ကြည့်တာလား၊ ကောင်းတယ်ဆိုတာ ဘယ်ဟာနဲ့ တိုင်းတာမှာလဲလို့ ဒီလိုပြောတယ်။

အဲဒီတော့ သဘောတရားတစ်ခု စဉ်းစားကြည့် - ပေးတယ် ဆိုတာ ပေးတဲ့လူ အတွက်လား၊ ယူတဲ့လူအတွက်လား၊ သေချာ စဉ်းစားကြည့်လိုက်နော်၊ ပစ္စည်းတစ်ခု ပေးလိုက်တယ်ဆိုရင် ဘယ်သူ့မှာ တိုက်ရိုက်အကျိုး ရှိသွားသလဲ၊ ပေးတဲ့သူက ပါသွားပြီလေ၊ ယူတဲ့လူက ရတာပေါ့ မဟုတ်ဘူးလား။ ပေးတဲ့လူက ကုန်သွားတာပဲလေ၊ ယူတဲ့ လူက ရတာလေ။ အဲဒီတော့ ယူတဲ့လူအတွက် အကျိုးလား၊ ပေးတဲ့လူတွေအတွက် အကျိုးလား (ပေးတဲ့လူတွေ အကျိုးပါဘုရား) အေး ဒါနဆိုတာ ပေးတဲ့သူအတွက် မဟုတ်ဘူး၊ ယူတဲ့လူအတွက်နော်၊ ဥပမာမယ် ပစ္စည်းဉစ္စာ တစ်ခု ပေးလိုက်ပြီဆိုရင် ဒီလူက သူ့ဆီက လျော့သွားပြီး ဟိုလူက ရလိုက်တာ၊ ဒါလက်တွေ့ကို ပြောပြတာပါ။

အဲဒီတော့ ဒါနဆိုတာ ယူမယ့် ပုဂ္ဂိုလ်အတွက် အကျိုးပြုတဲ့ ပစ္စည်းတစ်ပဲ၊ အကျိုးပြုတဲ့ လုပ်ရပ်တစ်ခုပဲ။ လှူတယ်ဆိုကတည်းက တစ်ဖက်သားရဲ့ လိုအပ်ချက်ကို ဖြည့်ပေးတယ်၊ ယူတဲ့သူက ရမသွားဘူးလား၊ နေစရာမရှိလို့ နေစရာပေးလိုက်တယ်၊ ယူတဲ့သူ ရသွားတယ်။

အသိပညာ မရှိလို့ အသိပညာ ပေးလိုက်တယ်၊ ယူတဲ့သူ ရသွားတာပဲ။ အဲဒီတော့ ကိုယ်ပေးလိုက်တာ၊ ကိုယ့်ရဲ့ပေးခြင်းဟာ ပေးသူကို အကျိုးပြုသလား၊ ယူသူကို အကျိုးပြုသလား ဆိုရင် ယူသူကို အကျိုးပြုတာနော်။


http://mmteashop.com

myanmar tea shop www.mmteashop.com

အေး တစ်ချို့ကတော့ ပြောမှာပေါ့၊ လှူတာ ကုသိုလ်ရတယ်။ ကုသိုလ်ဆိုတာ အသာထားလိုက်ပါ၊ ကိုယ့်ဆီက အရင် ကုန်သွားတာတော့ သေချာတယ်။ တကယ် လက်တွေ့ခံစား ရတာကတော့ ကြည့်-လှူတဲ့ သူလား၊ ယူတဲ့သူလား၊ ရတဲ့သူက တကယ်ရသွားတာလေ။ ဒါ့ကြောင့်မို့ ဒါနကောင်းမှုနဲ့ ပတ်သက်ပြီး ဘယ်စံနဲ့ ဆုံးဖြတ် မလဲတဲ့။ ပညာပေးတာနဲ့ ပစ္စည်းဝတ္ထု ပေးတာ ဘယ်ဟာ ပိုကောင်းလဲ ဆိုတာကို အဲဒီ စံနစ်ခုနှင့် ဆုံးဖြတ်မယ်၊ ကဲ- အဲဒီ မေးခွန်းလေးကို နတ်တွေက မေးလိုက်ကြတာ။

အချင်းချင်း မေးလို့ အဖြေမထွက်ဘူး၊ စတုမဟာရာဃ် နတ်မင်းကြီးဆီ သွားမေးလည်း အဖြေမထွက်ဘူး၊ သိကြားမင်း သွားမေးတော့လည်း အဖြေမထွက်ဘူး။ အားလုံးစုပြီးတော့ ဘုရားဆီ သွားလျှောက်တဲ့ အခါကျတော့ ဘုရားက အဖြေပေးလိုက်တယ်။ ဒီစကားလုံးလေးကို အားလုံးသိတယ်၊ မြန်မာပြည်က ဗုဒ္ဓဘာသာဝင်တွေတင် မကဘူး၊ နိုင်ငံခြားက ဗုဒ္ဓဘာသာဝင်တွေလည်း သိနေကြတယ်။

“**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**” တဲ့။ ဘုရားက အဖြေပေးလိုက်တဲ့ စကားလေ။ **သဗ္ဗဒါနံ**- အားလုံးသော ပေးမှုတွေကို၊ **ဓမ္မဒါနံ**-ဓမ္မကိုပေးခြင်းက၊ **ဇိနာတိ**- အနိုင်ရတယ်လို့ ပြောတာ။

ဘာပဲပေးပေး၊ ပေးတာတွေအားလုံးကို ဘယ်ဟာက အနိုင်ရတုန်း၊ ဘယ်ဟာက အုပ်စိုး ထားနိုင်တုန်းဆိုရင် ဓမ္မကိုပေးခြင်းက အုပ်စိုးထားနိုင်တယ်။ ဓမ္မလို့ ဆိုတဲ့ အထဲမယ် ခုနက ပညာပေးတာလည်း ပါတယ်ပေါ့။ ဒီနေရာမှာ “**ဓမ္မဒါန**” လို့ခေါ်တယ်။ အားလုံးနားလည်း နေကြတာတော့ တရားအလှူပေါ့နော်။

အလှူဒါနဆိုတာ နှစ်မျိုးရှိတယ်ဆိုတာ နဲနဲ ခွဲပြီးတော့ ကြည့်၊ နံပါတ်တစ်က **အာမိသဒါန**- အဆောက်အဦးပဲ လှူလှူ၊ စားစရာပဲ လှူလှူ၊ ဝတ်စရာပဲလှူလှူ၊ ဆေးပဲလှူလှူ ပစ္စည်းဝတ္ထု လှူတာတွေအားလုံးကို “**အာမိသဒါန**” လို့ခေါ်တယ်နော်။ အဲဒါက တစ်ခု။

အဲဒီလို အကောင်အထည် မရှိဘဲနဲ့ လူတစ်ယောက်ကို အသိဉာဏ် ပေးတယ်၊ ဓမ္မအသိ ပေးတယ်၊ လောကအသိ ပေးတယ်။ အဲဒီလို အသိဉာဏ်နဲ့ ပတ်သတ်တာတွေကို ဖြန့်ဝေပေးတယ် ဆိုတာကျတော့ **ဓမ္မဒါန**၊ “**ဓမ္မဒါန**” ဆိုတာက အကောင်အထည်ကြီးရှိတာ မဟုတ်ဘူးနော်၊ အသိကိုပေးတာ၊ ဟိုတစ်ဖက်သားက ပစ္စည်းဝတ္ထု ရသွားတာ မဟုတ်ဘူး၊ အသိဉာဏ်ပဲ ရသွားတာ။

အဲဒီနှစ်ခုကို နှိုင်းယှဉ်လိုက်မယ် ဆိုလို့ရှိရင်တဲ့ **သဗ္ဗဒါနံ** ပေးတာတွေအားလုံးကို (ဘာပဲပေးပေး၊ ပစ္စည်းဝတ္ထုတွေ ပေးတာတွေ၊ ပေးတာတွေအားလုံးကို) ဘယ်ဟာက အနိုင်ရထားတုန်း၊ ဘယ်အရာက အုပ်စီးထားတုန်းလို့ ဆိုရင် **ဓမ္မဒါန**လို့ ခေါ်တဲ့ ဓမ္မအလှူက အနိုင်ရပါတယ်၊ ပညာအလှူက အနိုင်ရပါတယ်လို့ ပြောတယ်။

နတ်တွေကတော့ မြတ်စွာဘုရား ဒီလောက် ဖြေလိုက်တာနဲ့ သူတို့ ကျေနပ်သွားတယ်၊ ဘုန်းကြီးတို့ တစ်တွေက မကျေနပ်သင့်သေးဘူး။ ဘာဖြစ်လို့ **ဓမ္မဒါန**က ဒါန အားလုံးကို အုပ်စိုးထားနိုင်သလဲ၊ ဓမ္မဒါနက ဘာကြောင့် အမြတ်ဆုံးလဲ ဆိုတာ ဆက်ပြီး စဉ်းစားရမယ်။ ဆက်မစဉ်းစားလို့ရှိရင် မသိနိုင်သေးဘူးနော်။

## ဓမ္မဒါန အမြတ်ဆုံးဖြစ်ရခြင်း

အဲဒါကို ဓမ္မပဒ အဋ္ဌကထာမှာ အဋ္ဌကထာ ဆရာကရှင်းထားတာ အချက် နှစ်ချက်ပေးထားတယ်။ အချက်နှစ်ချက်က ဘာလဲလို့ဆိုရင် “လောကမှာ”တဲ့ “လှူမှုတန်းမှု လုပ်နေကြတာတွေဟာ ဓမ္မဒါနဆိုတဲ့ အသိဉာဏ်ပေးလို့ အသိဉာဏ် ရထားတဲ့ အပေါ်မှာ အခြေခံပြီးတော့ လှူကြတာ”တဲ့။

ဆိုလိုတာက တရားဓမ္မ နာယူကြရလို့ လူတွေဟာ ဒါန လုပ်နေကြတာ။ တရားမှ မနာယူရရင် ဒါနမလုပ်ဘူး။ ဒါကြောင့် ဓမ္မဒါန ပိုပြီးတော့ အရင်းခံကျတာပေါ့၊ ဒါတစ်ခု မှတ်ထားပါနော်။ ဒါ အဋ္ဌကတာ ဆရာကြီးက ဖြေတာ၊ ပစ္စည်းဝတ္ထုတွေ ဘယ်လောက်ပဲ လှူလှူတဲ့၊ အခုလို တရားပွဲကြီးတွေ ကျင်းပပြီးတော့ အသိဉာဏ်ကို ပေးလှူ လိုက်တာက၊ ဓမ္မအသိကို ပေးလှူလိုက်တာက ပိုပြီးကောင်းတယ်တဲ့။ ဘာဖြစ်လို့ ကောင်းတာတုန်း ဆိုတော့ လူတွေက တရားနာရမှ သဒ္ဓါတရားတွေ ဖြစ်လာပြီး ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု ဆိုတာတွေ လုပ်တာတဲ့။ အဲဒီတော့ ဒီဓမ္မဒါနဆိုတဲ့ ဓမ္မအသိဉာဏ်ကို ပေးလှူတာဟာ ဒါနအားလုံးကို ဖြစ်ပေါ် စေတတ်သည့် အတွက်ကြောင့် အကောင်းဆုံးလို့ ပြောရတယ်။

ဒါ အဋ္ဌကထာဆရာကြီးက ရှင်းတဲ့ တစ်ချက်နော်။ ဒါဖြင့် သူရှင်းတာက အခြေခံကျတဲ့ အကြောင်းကို ရည်ရွယ်ပြောတဲ့ စကားတစ်ခုပဲနော်။ အခြေခံကျတယ် ဆိုတဲ့ အကြောင်းတစ်ခုပြောတာ။

နောက်အကြောင်းတစ်ခု ပေးလိုက်တာ ရှိသေးတယ်။ ဘာတုန်းဆိုတော့ အသိပညာဓမ္မ ဒါနလို့ ခေါ်တဲ့ တရားနာရလို့၊ တစ်ဦးတစ်ယောက်ကမှ တရားကို ရှင်းပြခြင်း (ရှင်းပြတယ် ဆိုတာ ဓမ္မကို ပေးတာပဲနော်) အသိပညာပေးခြင်း မရှိဘူးဆိုရင် ဘုရား၊ ပစ္စေကဗုဒ္ဓက လွဲရင် ဘယ်ပုဂ္ဂိုလ်မှ တရားထူး တရားမြတ်မရနိုင် ဘူးတဲ့။

ရှင်သာရိပုတ္တရာ မထေရ်မြတ်တောင် ရှင်အဿဇိရဲ့ ဖြန့်ဝေမှု ဓမ္မဒါနကို လက်ခံရရှိမှ သောတပန်ဖြစ်တာ။ ကြည့်လေ ရှင်သာရိပုတ္တရာရဲ့ အလောင်း ဥပတိဿ ပရိဗိုဇ်ကြီး အမတဆိုတဲ့ သေခြင်းကင်းရာ တရားကို လိုက်ရှာတယ်။ ရှာတဲ့အခါမှာ ထိုခေတ်က ခေတ်စားနေတဲ့ နာမည်ကြီးတဲ့ သဉ္စယဆိုတဲ့ ပရိဗိုဇ်ကြီးထံမှာ တပည့်ခံပြီး ပရိဗိုဇ် လုပ်နေတယ်။ သူ့ဆီက ပညာတွေ သင်လိုက်တယ်။ အဲဒီ သင်ယူလိုက်တဲ့ သူ့ဆီက ပညာတွေက သူလိုချင်တဲ့ အကျိုးကို ပေးနိုင်စွမ်းမရှိဘူး။ ပေးနိုင်စွမ်းမရှိလို့ တရားဓမ္မကို လှည့်လည်ပြီး ရှာရင်း စောင့်စားနေတာ အကြာကြီးပဲ၊ နောက်ဆုံးကျတော့ မြတ်စွာဘုရားပွင့်လို့ ပဉ္စဝဂ္ဂီ ငါးဦးကို တရားဓမ္မဟော၊ တရားဟောပြီး သာသနာပြုတွေ စေလွှတ်လိုက်တဲ့ နောက်မှာ ပဉ္စဝဂ္ဂီတွေထဲမှာ အငယ်ဆုံးဖြစ်တဲ့ ရှင်အဿဇိက တစ်ပတ်ပြန်ကျော့ပြီးတော့ ရာဇဂြိုဟ်ကို ရောက်လာတယ်။

အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က သွားတွေ့တယ်။ မြင်လိုက်တာနဲ့ပဲ ဒီပုဂ္ဂိုလ်ရဲ့ အနေအထားကို စိတ်ထဲမှာ ကျေနပ်သွားတယ်။ ရင်ထဲမှာ တရားရှိတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာအနေအထား၊ ကိုယ်က္ကန္ဓေ အမူအရာနဲ့ တရားမရှိတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာအနေအထား၊ ကိုယ်က္ကန္ဓေ အမူအရာက လုံးဝ မတူဘူး၊ ခြားနားတယ်။ အကဲခတ်တတ်တဲ့ ပုဂ္ဂိုလ်က သိတယ်။ ရင်ထဲမှာ အေးချမ်းနေလို့ ရှိရင် မျက်နှာမှာလည်းလာပြီး အရိပ်ထိုးနေတယ်။ အေးချမ်းတယ်။ ရင်ထဲမှာ ပူနေလို့ ရှိရင်လည်း မျက်နှာမှာ လာပြတယ်။ အေးချမ်းမှု ရှိမရှိ၊ တရားထူး တရားမြတ်ရှိ မရှိ ဆိုတာ သူ့ရဲ့ အမူအရာ ကြည့်တာနဲ့ အကဲခတ်လို့ရတယ်။

ရှင်အဿဇိကို မြင်လိုက်တာနဲ့ သူ့ဆရာကြီးထက် အဆပေါင်းများစွာ သာတယ်၊ မျက်နှာ အနေအထား ကြည့်လိုက်တာနဲ့ တရားထူးတရားမြတ် ရှိရမယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်ပြီးသား ဖြစ်သွားတယ်။ အဲဒီ ရှင်အဿဇိနောက် လိုက်ပြီးတော့ မေးတယ်။

“ဘယ်သူ့ကို ဦးတည်ပြီး သင်္ကန်းဝတ်တာလဲ၊ သင့်ဆရာ ဘယ်သူလဲ၊ သင့်ဆရာက ဘာတွေဟောလဲ” ပေါ့၊ သူသိချင်တာကတော့ “ဘာတွေဟောလဲ၊ သင့်ဆရာရဲ့ အယူဝါဒက ဘာတွေလဲ” ဒါသိချင်တာ၊ ဓမ္မကို ရှယ်ယာ လုပ်ခိုင်းတာပေါ့။ ရှင်အဿဇိက သူရဟန္တာ ဖြစ်နေပေမယ့်လို့ ထိုအချိန်မှာ ဓမ္မစကြာတို့၊ အနတ္တ လက္ခဏသုတ်တို့လောက်ပဲ မြတ်စွာဘုရား ဟောသေးတာနော်။ သုတ္တန်တွေ မြောက်မြားစွာ မထွက်သေးဘူး။ ဒါနဲ့ သူရှယ်ယာလုပ်တာ ဘာလုပ်လဲ၊ သစ္စာလေးပါးပဲ။

http://mmteashop.com

ဓမ္မစကြာမှာ အဓိက ဟောတာက သစ္စာလေးပါးပဲမို့လား၊ အဲဒီ သစ္စာလေးပါးကို အကျဉ်းချုံးပြီး ပြောလိုက်တာ။ **ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။**

ဒီဂါထာလေးက မြန်မာနိုင်ငံမှာ အခုခေတ် ပြည်လို့ခေါ်ပြီး ရှေးတုန်းက သရေခေတ္တရာရှိ ရှေးဟောင်းဌာန မှော်စာတို့ ခင်ဘကုန်းတို့မှာ တူးဖော်ရရှိတဲ့ ပုရပိုက်မှာ ဒီဂါထာလေး ရေးထားတာ တွေ့ရတယ်။ မြန်မာပြည် ဒီဂါထာလေး ရောက်လာတဲ့ သဘောရှိတယ်ပေါ့။

**ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။ တေသဉ္စယောနိ ရောဓော၊ ဧဝံဝါဒီ မဟာသမဏော။** မြတ်စွာဘုရားဟောတဲ့ သစ္စတရားကို ဂါထာလေး တစ်ပုဒ်နဲ့ အကျဉ်းချုပ် ပြောလိုက်တာ။

ဆိုလိုတာက "အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားတွေရဲ့ အကြောင်းကိုလည်း ဟောတယ်၊ အဲဒီ အကြောင်းတရားတွေ ချုပ်ငြိမ်းသွားလို့ အကျိုးတရားတွေ ချုပ်ငြိမ်သွားတာကိုလည်းဟောတယ်" လို့။ သြော် အကြောင်းရှိနေလို့ အကျိုးရှိနေတယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်မယ်ဆိုတဲ့ ဒီ philosophyကို ပြောလိုက်တာပဲနော်။ အဲဒါ သိဖို့ အင်မန်ခက်တာ၊ အဲဒါ ပြောလိုက်တာ ဒါ ရှယ်ယာ လုပ်လိုက်တာပဲ၊ သူသိတဲ့ ဓမ္မကို ပေးလိုက်တာ၊ အဲဒါ ဓမ္မဒါနလို့ခေါ်တယ်။

အဲဒီ ဓမ္မဒါနကို လက်ခံ ရရှိလိုက်တဲ့အခါ ကျတော့မှ ရှင်သာရိပုတ္တရာ မထေရ်မြတ်အလောင်းဖြစ်တဲ့ ဥပတိဿဟာ အသိဉာဏ် ပွင့်သွားတယ်။ အသိဉာဏ် ပွင့်သွားပြီး သံသယ ကင်းသွားတယ်။ အမြင်မှားတွေ ပျောက်သွားတယ်၊ အမြင်မှန် ရသွားတယ်၊ "သောတာပန်ဖြစ်တယ်ဆိုတာ အမြင်မှန်ရတာနဲ့ သံသယကင်းတာ" ဒီနှစ်ခုကို ပြောတာ။ အမြင်မှန်သွားပြီ၊ သံသယ ကင်းသွားပြီ။ သောတပန် မဖြစ်သေးရင် အမြင်မမှန်သေးဘူး၊ သံသယ မကင်းသေးဘူး၊ ဓမ္မနဲ့ ပတ်သက်လို့ သောတပန်ဖြစ်မှ အမြင်မှန်ပြီးတော့ သံသယကင်းတာ။

ကြည့် ရှင်အဿဇိက ဖြန့်ဝေလိုက်တဲ့ ဒီဓမ္မဒါနကို ရရှိပြီး ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ထူးခြားတဲ့ အသိဉာဏ်ကို ရတယ်။ နောက်ဆုံးမှာ အဂ္ဂသာဝက ဉာဏ်တွေပါ ရပြီး သာသနာတော်မှာ အင်မတန်မှ တန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်လာ တာတဲ့။

ကဲ ဒါဖြင့် ရှင်သာရိပုတ္တရာ အသိဉာဏ်တွေ ရသွားအောင် ဓမ္မဒါနတွေ ပေးတာက ရှင်အဿဇိ။ အဲဒီ ဓမ္မဒါနကြောင့် အကျိုးဖြစ်ထွန်း သွားတာက ရှင်အဿဇိလား၊ ရှင်သာရိပုတ္တရာလား၊ (ရှင်သာရိပုတ္တရာပါ ဘုရား)၊ ကဲ လှူတဲ့လူထက် ယူတဲ့လူက အကျိုးပိုရတယ်ဆိုတာ မှတ်ထားနော်။

ဒါနဆိုတာ ပေးသူအတွက် မဟုတ်ဘူး။ ယူသူအတွက် ဟုတ်ကဲ့လား၊ ဒါ မျက်မြင်အားဖြင့်လည်း ယူတဲ့သူက ရတာလေ၊ ပေးတဲ့သူက ပါသွားပြီလေ။ ကိုယ့်ဆီက ဟာ သူများ ပေးလိုက်တာကိုး၊ ယူတဲ့သူကရတာ သေချာတာပေါ့။ ကုသိုလ်ရတာတွေ ဘာတွေ အသာထားနော်။

အေး ဒါနဆိုတာ ပေးသူအတွက် အကျိုးဖြစ်ထွန်းတာထက် ယူသူအတွက် အကျိုးဖြတ်ထွန်းတာကို စံထားပြီး မြတ်စွာဘုရားက အဖြေထုတ်တာ။

ဘာကြောင့် ဓမ္မဒါန မြတ်သလဲလို့ မေးလိုက်လို့ရှိရင် ဥပမာမယ် - ရှင်အဿဇိက ရှင်သာရိပုတ္တရာကို သင်္ကန်းတစ်စုံ လှူလိုက်မယ်ဆိုရင် ဒီသင်္ကန်းက မဟောင်းခင်၊ မစုတ်ခင်လေးပဲ ဝတ်လို့ရမှာပေ့ါ၊ ဟုတ်ရဲ့လား၊ ဆွမ်းလှူလိုက်မယ် ဆိုရင်လည်းပဲ တစ်ရက်စာပဲ ရမှာပေ့ါ။ ဆွမ်းရဲ့ အကျိုးပြုမှုကလည်း ဒီလောက်ပဲရှိတယ်။ အဆောက်အဦး လှူလိုက်မယ် ဆိုရင်လည်း အဆောက်အဦးရဲ့ အကျိုးပြုမှုက ဒီလောက်ပဲရှိမယ်၊ ဓမ္မဒါနကြောင့် ဓမ္မကို ရသွားတဲ့အခါ အကျိုးပြုတာကျတော့ သံသရာဝဋ်ဆင်းရဲ ကလည်း လွတ်သွားတယ်၊ အသိဉာဏ်တွေလည်း ရသွားတယ်၊ နိဗ္ဗာန်ထိအောင်လည်း ရောက်သွားတယ်ဆိုတော့ ဘယ်က အကျိုးတွေများတုန်း၊ (ဓမ္မကို လှူတာက များတယ်)၊ ဒါကြောင့်မို့ **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ** လို့ ဒီလိုပြောတာနော်။

အဲဒီတော့ လှူသူနဲ့ယူသူ၊ ပေးသူနဲ့ ရသူ အဲဒီ နှစ်မျိုးထဲက ရသူမှာ ပိုပြီးတော့ အကျိုး ဖြစ်ထွန်းသည့် အတွက်ကြောင့် ဓမ္မဒါနက ပိုမြတ်တယ်လို့ ပြောတာ။ နှိုင်းစာလို့ မရဘူးနော်။

ဆိုပါစို့ ဘုန်းကြီးတစ်ပါးကို ကျောင်းကြီးဆောင် လှူလိုက်မယ်၊ ဒီဘုန်းကြီးကတော့ ကျောင်းပေါ်မှာ ချမ်းချမ်းသာသာ နေရမယ်၊ ကျောင်းရတာကို အကြောင်းပြုပြီး တိုက်ရိုက် နိဗ္ဗာန် မဂ်ဖိုလ် ရနိုင်ပါ့မလား၊ မရနိုင်ဘူး။ အဲဒီဘုန်းကြီးကို တရားပြလို့၊ ဓမ္မဒါန အလှူ လှူလိုက်လို့ အဲဒီဘုန်းကြီး တရားသိသွားလို့ရှိရင် သံသရာဝဋ်ဆင်းရဲက လွတ်တယ်ဆိုတာ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်ဘုရား)။ ဒါကြောင့် ဓမ္မဒါနက မြတ်တယ်လို့ပြောတာ။

အဋ္ဌကထာဆရာကြီးက အကြောင်းနှစ်ခုပြတဲ့ အထဲမယ် ခု ဒုတိယ အကြောင်းက ပိုပြီးတော့ သဘာဝနှင့် ပိုနီးစပ်တယ်။ ဟုတ်ရဲ့လား၊ ဒ့ါကြောင့်မို့ လူတိုင်း **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ** - ဒါန အားလုံးမှာ ဓမ္မဒါနဟာ အမြတ်ဆုံးလို့ ပြောနေကြတယ်။ ဘာကြောင့် မြတ်သလဲဆိုတာ စဉ်းစားမယ်ဆိုရင် ပေးသူနှင့် ယူသူမှာ ယူသူမှာ အကျိုးတွေ အတိုင်းအဆ မရှိလောက်အောင် များပြားလို့ မြတ်တယ်လို့ ပြောရတာ။ ဟော အကျိုးအမြတ်ရှိတာကို ကြည့်ပြီး ဆုံးဖြတ်တာ။

အဲဒီတော့ မြတ်စွာဘုရားဟောတဲ့ တရားက တကယ်ကို reasonable ဖြစ်တယ်။ အကြောင်းအကျိုး အင်မတန်မှ ဆီလျော်တယ်။ ဘယ်လို လှည့်ပြီး တွက်တွက် ဘုရားတရားက လုံးဝ မမှားဘူး၊ လုံးဝ ကျေနပ်စရာကောင်းတယ်။ ဘယ်ဘက်က ကြည့်ကြည့် ဘုရားတရားမှာ လိုသွားတယ်ဆိုတာ မရှိဘူး။

ကြည့် - ဓမ္မဒါန က ဒါန အားလုံးထက် မြတ်တယ်ဆိုတာ ဟုတ်တာပေ့ါ။ ကျန်တဲ့ ဒါနတွေ ခံစားပြီး နိဗ္ဗာန်ရတယ်လို့ ရှိမှ မရှိတာ။ ကျန်တဲ့ ဒါနကို ခံစား သုံးဆောင်ရတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဟာ အဲဒီ စားသုံးဆောင်မှုကို အကြောင်းပြုပြီး နိဗ္ဗာန်ရတယ်လို့ ရှိပါ့မလား။ အေး ဓမ္မကို ရလိုက်ပြီ ဆိုရင်တော့ နိဗ္ဗာန်ရတာ သေချာ သွားပြီ။

ဘုရားဟောတဲ့ တရားဟာ အရင်းကျကျ ဟောတာချည်းပဲ။ ဘယ်ဘက်က လှည့်တွေးတွေး မြတ်စွာဘုရားတရားတော်က အင်မတန်မှ ကျေနပ်စရာရှိတယ်။ လစ်ဟင်းသွားတယ်၊ ဟာသွားတယ်၊ ပြောစရာတွေ ဖြစ်သွားတယ်ဆိုတာ မရှိဘူး။ ကိုယ်မသိသေးရင်တော့ ဒါလေးတော့ လိုနေတယ်လို့ ထင်ကောင်း ထင်မယ်၊ ဟောကြည့် မြတ်စွာဘုရား အဖြေလေး ပေးလိုက်တာ **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊** "**သဗ္ဗဒါနံ**- ပေးတာတွေ အားလုံးကို၊ ဘာပဲပေးပေး၊ ပစ္စည်းတွေပဲပေးပေး၊ ပေးချင်တာတွေပေး၊ ပေးစရာ အားလုံးကို၊ **ဓမ္မဒါန ဓမ္မ**ကို ပေးလှူခြင်းကသာလျှင်၊ **ဇိနာတိ** အုပ်စိုးထားနိုင်တယ်" လို့ ဒီလိုဟောတာ။

ဘယ်ရှုဒေါင့်က ဟောတာတုန်းဆိုတော့ အကျိုးအမြတ် ရှုဒေါင့်က ဟောတာ။ တန်ဖိုးကို ဘယ်ကနေ ကြည့်ဖြတ်တုန်း ဆိုရင် အကျိုးအမြတ်ကနေ ကြည့်ဖြတ်တယ်။ ရွှေကို တန်ဖိုးဖြတ်ရင် ဘာနဲ့ဖြစ်တုန်း၊ စိန်ကို တန်ဖိုးဖြတ်ရင် ဘာနဲ့ ဖြတ်တုန်း၊ ဟော တန်ဖိုးဖြတ်ပုံခြင်းက မတူဘူးနော်၊ အခု ဟာက လက်ခံရရှိသူမှာ ရလိုက်တဲ့ အကျိုးနှင့်ကြည့်ပြီး တန်ဖိုးဖြတ်တာတဲ့။ ပေးတဲ့လူနဲ့ တန်ဖိုးဖြတ်တာ မဟုတ်ဘူးနော်၊ လက်ခံရရှိတဲ့ ပုဂ္ဂိုလ်မှာ ခံစားရတဲ့ အကျိုးကိုကြည့်ပြီး တန်ဖိုးဖြတ်လိုက် တယ်လို့ ဒီလို မှတ်ရမယ်၊ အဲဒါ မေးခွန်းတစ်ပုဒ် ရှင်းသွားပြီနော်။

http://mmteashop.com

**မေးခွန်း-၂**

နောက်ထပ် မေးခွန်းတွေ ဆက်မေးတယ်၊ ဘာမေးလဲလို့ ဆိုတော့ လူတွေမှာ စိတ်ထဲက ခံစားချက်ကလေးတွေ ရှိတယ်။ ခံစားချက်အမျိုးမျိုးတွေ ရှိကြတယ်။ နှစ်သက်စရာ၊ ကျေနပ်စရာ၊ ဝမ်းမြောက်စရာ အဲဒီ ခံစားချက်တွေ အရသာ ခံကြရတယ်။ "ခံစားချက် အရသာတွေထဲမှာ ဘယ်ခံစားချက် အရသာဟာ အကောင်းဆုံးလဲ" လူတွေမှာ မဟုတ်ဘူး၊ နတ်တွေမှာလည်း ခံစားချက် ရှိတာပဲ၊ ရသလို့ ခေါ်တယ်။ ရသဆိုတာ ကျေနပ်စရာ နှစ်သက်စရာ "**ရသိယတေ အဿာဒိယတေတိ ရသော**" လို့ ဆိုတယ်၊ စိတ်ထဲမှာ ကျေနပ်စရာပါ။

စာပေကျမ်းဂန်မှာ ရသနှင့် ပတ်သက်ပြီးတော့ ကိုးမျိုး ထုတ်ပြထားတာ ရှိတယ်။ လူတွေဟာ ရီတဲ့အခါရော အရသာမရှိဘူးလား (ရှိပါတယ်ဘုရား) အေး ဟာသ ရသပဲ၊ လူတွေက ရီစရာ မောစရာ အလွန်ကြိုက်တယ်၊ တရားပွဲတောင် ရီစရာလေး ပြောမှ၊ ရီရတယ်ဆိုရင် အရသာခံတယ်၊ တချို့ တရားသွားနာတာ ဘာလို့လဲ၊ ရီရလို့တဲ့၊ အဲဒီလို ပြောတဲ့သူက ရှိသေးတယ်။ တရားနာမှ ရီရမှာ မဟုတ်ပါဘူး၊ လူရွှင်တော်တွေ ပြောတာ သွားနားထောင်ရင်လည်း ရီရတာပါပဲနော်။ အေး တဟားဟားနဲ့ ရီရရင် လူတွေကလည်း ကျေနပ်နေတာပေါ့၊ အဲဒါလည်း ရသ တစ်မျိုးပဲ။

နောက်ပြီးတော့ တစ်ဦးနှင့် တစ်ဦး နှစ်သက်ပြီးတော့ ခင်မင်ကြတယ်၊ ချစ်ကြိုးသွယ်ကြတယ်။ ဒါကော ရသ မဟုတ်ဘူးလား။ အဲဒါလည်း ရသတစ်မျိုးပဲ။ ခင်ကြတယ်၊ မင်ကြတယ်၊ သံယောဇဉ် ဖြစ်ကြတယ်၊ ဒါလည်း ရသ တစ်မျိုးပဲ၊ အဲဒါကို "**သိင်္ဂါရရသ**" လို့ခေါ်တယ်။

နောက်ပြီးတော့ ရသတစ်မျိုး ရှိသေးတယ်။ ဆင်းရဲဒုက္ခ ကြုံနေတဲ့ ပုဂ္ဂိုလ် တစ်ယောက်ကို သနားလိုက်တာလို့ ရင်လေး မပြီးတော့ ပြောကြတယ်။ သနားလိုက်တာ သနားလိုက်တာနဲ့ ပွဲကြည့်ပြီးတော့ မျက်ရည်ကျတဲ့လူတောင် ရှိသေးတယ်နော်။

ရှေးတုန်းက ဇာတ်ခင်းတဲ့အထဲ ပုဏ္ဏားက မင်းသား မင်းသမီးကို နှိပ်စက်ရင် အဲဒါကို လူတွေက သဘောတွေကျလို့၊ အဲဒါလည်း အရသာခံတာပဲ။ ခုခေတ်တော့ အဲဒီအရသာ မခံရတော့ဘူးထင်တယ်။ ကိုရီးယားဇာတ်ကား ကြည့်ပြီးတော့ အရသာခံတယ်၊ "**ကရုဏာရသ**" လို့ခေါ်တယ်။ သနားစရာ ဝေဿန္တရာ ဇာတ်တော်ဆိုရင် ကဏှာ ဇာလီ သားသမီးတွေ လှူလိုက်တဲ့အခါ မယ်မဒီ မိဖုရားက တစ်ခါတည်း မေ့မျောသွားတာ။ ဒါတွေကိုကြည့်ပြီး သနားတယ်ပေါ့နော်၊ အဲဒီ သနားတဲ့ စိတ်ကလေး ပေါ်တာလည်း ရသတစ်ခုပဲ။

နောက်ဇာတ်လမ်းတွေထဲမှာ ကြည့်- ကြမ်းကြမ်းတမ်းတမ်း ကြမ်းပြတဲ့ လူကြမ်းဆိုတာ မပါဘူးလား၊ အေး -လူကြမ်းက ကြမ်းပြတာကိုလည်း လူတွေက ကြိုက်တယ်၊ ထိုးလားကြိတ်လား၊ တစ်ချိန်တုန်းက "ကျန်ကျောင်း" ခေတ်စား လိုက်သေးတယ်ပေါ့၊ ဟုတ်ရဲ့လား၊ အဲဒီလို ကြမ်းပြတာတွေကိုလည်း လူတွေက ကြိုက်တယ်၊ ဒါလည်း ရသတစ်ခုပဲ။

နောက်ရဲစွမ်းသတ္တိ ရှိတဲ့ သူရဲကောင်း၊ လူတွေ ကြောက်စရာကို သူက မကြောက်ဘူး၊ သတ္တိ အင်မတန်ကောင်းတယ်၊ သူရဲကောင်းကို ပြလို့ရှိရင်လည်းပဲ၊ သတ္တိ ရှိတာတွေ ပြလို့ရှိရင်လည်း လူတွေက သဘောကျတယ်၊ စိတ်ထဲမှာ ခံစားရတယ်၊ "**ဝီရရသ**" ပဲ

ရွံစရာတွေ တွေ့လို့ရှိရင်လည်း သူက ရသတစ်မျိုးပဲ၊ နောက်အံ့ဩ စရာတွေ တွေ့လို့ ရှိရင်လည်း ရသတစ်မျိုးပဲ၊ ကြောက်စရာတွေလည်း ရသတစ်မျိုးပဲ၊ တစ္ဆေပုံပြင် ဆိုရင် သိပ်နားထောင်လို့ ကောင်းတာ။ သို့သော် တစ္ဆေပုံပြင် ပြောရင်း ပြောရင်းနဲ့ ပြောတဲ့ လူရှေ့တိုးလာတယ်၊ လူကြားထဲ ဝင်လာတယ် နောက်ကြောမလုံဘူး၊ အဲဒီ နောက်ကြော မလုံတာလေးကိုပဲ တစ်မျိုးအရသာရှိတယ်။

လူတွေမှာ အဲဒီလို ရသာတွေဆိုတာ လူ့လောကမှာ မြောက်မြားစွာ ရှိတယ်တဲ့။ ဒီပြင် ရသတွေ အသာထား စိတ်ထဲမှာ ခံစားရတဲ့ ရသ ဟိုထမင်းဆိုင်က ကောင်းတယ်၊ ဒီထမင်းဆိုက အချက်ကောင်းတယ် ဆိုတဲ့ ရသတွေ၊ ကဲ ထားလိုက်တော့။

"လောကမှာ လူတွေ ကြုံတွေ့နေရတဲ့ ရသတွေထဲမှာ ဘယ်ရသ အကောင်းဆုံး လဲ၊ ဘယ်အရသာဟာ အကောင်းဆုံးလဲ" ဆိုတဲ့ မေးခွန်းတစ်ခု မေးလာတယ်။

မေးတဲ့အခါ မြတ်စွာဘုရားက ဒီမေးခွန်းကို ဖြေပေးလိုက်တာကတော့ "**သဗ္ဗရသံ ဓမ္မ ရသော ဇိနတိ**" ဒါလေးကို မှတ်ထားပေါ့၊ **သဗ္ဗရသံ** -ခံစားရတဲ့ အရသာ မှန်သမျှကို၊ **ဓမ္မရသော**- ဓမ္မနဲ့ ပါတ်သက်တဲ့ အရသာက သာလျှင်၊ **ဇိနာတိ**- အနိုင်ရတယ်။

ဘာဖြစ်လို့တုန်းဆိုတော့ ကျန်တဲ့ ရသတွေနဲ့ နောက်ကွယ်မှာ ရှုပ်ထွေးမှုတွေ၊ ပူလောင်မှုတွေ အများကြီး ပါလာတယ်။ ငြိမ်းချမ်းမှုဆိုတာ မရှိဘူး၊ သနားတဲ့ အချိန်မှာလည်း ရင်နာတာပဲ၊ ရီလာလို့ ရှိရင်လည်း ကြာတော့ မောလာတာပဲ။ ခုနကရသတွေဟာ သေချာကြည့်မယ်ဆိုလို့ ရှိရင် အဆုံးထိအောင် မကောင်းဘူး၊ ကြာရှည်လည်း မကောင်းဘူး။

တရားကို အာရုံပြုပြီး၊ တရားနဲ့ ပတ်သက်ပြီး သဘာဝ တရားလေးတွေ စဉ်းစားလို့ စိတ်ထဲမှာ ကြည်နူးလာတယ်။ ကမ္မဋ္ဌာန်း ထိုင်လိုက်ရလို့ သမာဓိစွမ်းအားတွေ ကောင်းလာလို့ စိတ်ထဲမှာ ကြည်နူးလာတယ်၊ သင်္ခါရတရားတွေ ချုပ်ငြိမ်းသွားပြီး နိဗ္ဗာန် အငြိမ်းဓါတ်ကြီးကို အာရုံပြုရလို့ စိတ်ထဲမှာ ချုပ်ငြိမ်း ချမ်းသွားတယ်၊ အဲဒီ ရသမှာ အရှုတ်အထွေး တစ်ခုမှ မပါဘူး။ ဘယ်လိုမှ အားရတင်းတိမ်ခြင်း မရှိနိုင်တဲ့ အမြဲတမ်းပဲ ခံစားချင်တဲ့ ဒီလို ဓမ္မရသမျိုးသာလျှင် ကျန်တဲ့ ရသတွေ အားလုံးကို သိမ်းချုပ်ပြီးတော့ အနိုင်ရပါတယ် ဆိုတော့ ဓမ္မ ရသဟာ အကောင်းဆုံးလို့ ဒီလိုပြောတာပါ။

ဓမ္မ ရသကောင်းလို့ ပွဲသွားမကြည့်ဘဲနဲ့ တရားပွဲ ရောက်လာတာ၊ ဓမ္မ ရသကောင်းလို့ အပျော်အပါးတွေ မလိုက်စားဘဲနဲ့ ရိပ်သာသွားပြီး တရားအားထုတ်တာ ဟုတ်ကဲ့လား။ သာမန် ပုဂ္ဂိုလ်တွေက ကြည့်မယ်ဆိုရင် "ဒီလူတွေ ဘာလုပ်နေတုန်း၊ ငုတ်တုတ်ကြီးတွေ ထိုင်နေတယ်"ပေါ့ ဒီလိုပဲထင်မယ်။ "ဘာများ ကောင်းတာရှိလို့တုန်း၊ ရိပ်သာသွားပြီး တစ်ယောက်တည်း ငုတ်တုတ်ကြီး ထိုင်နေတယ်" ပေါ့ အဲဒီလိုပဲ ထင်မယ်။ "ဘာများ ကောင်းတာရှိလို့တုန်း၊ ရိပ်သာသွားပြီး တစ်ယောက်တည်း ငုတ်တုတ်ကြီး ထိုင်နေလိမ့်မယ်၊ သူ့မှာလည်း အရသာရှိနေတာပဲ၊ ဟုတ်ကဲ့လား။

အဲဒီ ဓမ္မရသာ ဆိုတာကျတော့ တကယ့်ကို မဂ်ဖိုလ် နိဗ္ဗာန် အဆင့် ရောက်သွားပြီဆိုတဲ့ အခါ လုံးဝ ငြိမ်းချမ်းသွားတယ်။ ပဋ္ဌာစာရီတို့ကြည့်၊ သောက အပူမီးတွေနဲ့ပ ရူးသွားတဲ့အဆင့်၊ သောကုမ္မတ္တက ဆိုတဲ့ အရူးဘဝ ရောက်သွားတဲ့ အချိန်ထိအောင် သတိလက်လွတ် ဖြစ်သွားတယ်၊ ဓမ္မရသနဲ့ တွေ့လိုက်တဲ့အခါ ကျတော့ ပဋ္ဌာစာရီဟာ အရူးပျောက်ပြီးတော့ ထာဝရငြိမ်းတဲ့ အငြိမ်းဓါတ်ကို တွေ့သွားတာ မဟုတ်လား။

ဗုဒ္ဓမြတ်စွာ လက်ထက်တုန်းက သောက ရောက်နေတဲ့ ပုဂ္ဂိုလ်တွေလည်း သောက ပြေပျောက် သွားကြတယ်။ ဒါ ဓမ္မရသပဲ။ ဒီကနေ့ ခေတ်မှာလည်း မိမိတို့ စွမ်းအား သတ္တိ ရှိသလောက် တရားဓမ္မကို နှလုံးသွင်းကြလို့ သောက တွေကို ကျော်လွှားနိုင်ကြတယ်။ မြတ်စွာဘုရား ကိုယ်တိုင်ကလည်း ရင်ထဲမှာ အပူတွေကို ဖယ်ရှား ပစ်နိုင်တဲ့ တရားဟာ ဒီတရားပဲလို့ ပြောတယ်နော်။

ဒီဓမ္မဆိုတာ ဘာတွေတုန်း ဆိုတော့ ကိုယ့်ရင်ထဲမှာ ရှိပြီး ကြီးပွားလာအောင် လုပ်ရတဲ့ သတိပဋ္ဌာန်စတဲ့ ဗောဓိပက္ခိယ တရားတွေပဲ။ ဗောဓိပက္ခိယ ဆိုလို့ ဒီတရားတွေက ရိပ်သာမှာ ရှိတယ်လို့ သွားပြီး မအောက်မေ့နဲ့၊ လေ့ကျင့်ယူလို့ ရှိရင် ကိုယ့် ရင်ထဲမှာရမယ့် တရားတွေပေါ့။


http://mmteashop.com

သတိပဋ္ဌာန် သတိကို မွေးမြူပြီးတော့ ကာယပေါ်မှ လေ့ကျင့်ယူတယ်၊ ထွက်လေ ဝင်လေပေါ်မှာ အာရုံစိုက်ပြီးတော့ လေ့ကျင့်ယူတယ် **ကာယာနုပဿနာ၊** ကိုယ်ရဲ့ ခံစားမှုလေပေါ်မှာ အာရုံစိုက်ပြီးတော့ လေ့ကျင့်ယူတယ်- **ဝေဒနာနုပဿနာ** ကိုယ်ရဲ့ စိတ်အခြေအနေလေးပေါ်မှာ လေ့ကျင့်ယူတယ် **စိတ္တာနုပဿနာ** ကျန်တဲ့ သဘာဝ တရားတွေပေါ်မှာ လေ့ကျင့် ယူတယ်- **ဓမ္မာနုပဿနာ** အဲဒီလို သတိထားတတ်လာ ပြီဆိုရင် သတိနဲ့ ဉာဏ်က တွဲလာသည့် အတွက်ကြောင့် သတိထားလိုက် တာနဲ့ ဉာဏ်က သိသိလာတယ်။ သိလာသည့် အတွက်ကြောင့် ဘယ်ဟာ အမှန် ဘယ်ဟာ အမှား၊ ဘယ်ဟာက အကောင်း ဘယ်ဟာက အဆိုး ဆိုတာ ကွဲကွဲပြားပြားကြီး သိလာတယ်။ ဒါမှာ အရသာတွေကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြတယ်။

ဓမ္မ အရသာတွေကို ခံစားပြီ ဆိုလို့ရှိရင် မြတ်စွာဘုရားက ဟောတယ်လေ- "**ကောယနော် အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ**" ကြည့် ရင်ထဲမှာပူနေတဲ့ သောက၊ ပူတာကို မခံနိုင်လို့ မျက်ရည်ကျရတာ ပရိဒေဝ၊ အဲဒါတွေကို ငြိမ်းသွားစေနိုင်တာ ဟောဒီ ဓမ္မပဲ။ ဒါ့ကြောင့်မို့လို့ ဓမ္မရသဟာ ကောင်းတယ်လို့ ပြောတာနော်။ ကျန်တဲ့နည်းနဲ့ ငြိမ်းလို့မရဘူး၊ **ဒုက္ခ ဒေါမနဿ** ကိုယ်ဆင်းရဲမှုတွေ စိတ်ဆင်းရဲမှုတွေ လူတွေမှာ ကြုံတွေ့ရင် အဲဒီ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုဆိုတာ အပူတွေကိုလည်းပဲ ဟောဒီ ဓမ္မက ငြိမ်းစေနိုင်တယ်တဲ့။ ဒါကြောင့်မို့ ဓမ္မရသသည် ကျန်တဲ့ အရသာတွေ အားလုံးကို လွှမ်းမိုးထားနိုင်ပါတယ်လို့ ပြောတာ။ အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက "**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ**" ဆိုတဲ့ ဒီအဖြေကိုပေးတာ။

## မေးခွန်း-၃

ကဲ၊ နောက်တစ်ခု သူတို့က အမေးတစ်ခု တက်လာပြန်တယ်၊ လောက လူတွေဟာ စိတ်ရဲ့ ပျော်မွေ့ရာတွေ ရှိကြတယ်၊ စိတ်ရဲ့ ပျော်မွေ့ရာမှာ လူတွေဟာ ဘာနဲ့ ပျော်ကြသလဲ ဆိုရင် သားသမီးရှိတဲ့ ပုဂ္ဂိုလ်က သားသမီးနဲ့ ပျော်တယ်၊ ပစ္စည်း ရှိတဲ့ ပုဂ္ဂိုလ်က ပစ္စည်းဥစ္စာနဲ့ ပျော်တယ်၊ ပျော်စရာ အာရုံတွေနဲ့ ပျော်တယ်၊ လောကမှာ ပျော်စရာတွေ အမျိုးမျိုးရှိတယ် မဟုတ်လား။ လူတွေက တစ်ခုရိုးသွားရင် နောက်တစ်ခုရှာပြီး ပျော်ကြတာပဲ၊ ပျော်စရာအမျိုးမျိုး ရှာတယ်။ မျက်စေ့က ကြည့်ပြီး ပျော်စရာ ရှာတယ်၊ နားက နားထောင်ပြီး ပျော်စရာရှာတယ်၊ မျက်စေ့က ကြည့်ရတာ ညောင်းလို့ ရှိရင် နားက နားထောင်တယ်၊ လူတွေက အမြဲတမ်း ပျော်စရာလေးနဲ့ နေတယ်။

ဘုန်းကြီးတို့ စင်္ကာပူသွားတော့ ကောင်လေးတွေ ကောင်မလေးတွေ ဘာလုပ်လဲ ဆိုတော့ နားမှာ ကြိုးကလေးတွေ လှမ်းလှမ်း တွေ့တယ်၊ MP3 သီချင်းခွေလေးတွေ နားထဲမှာ နားကြပ်ကလေးတွေ ထည့်ထည့်ပြီးတော့ အဲဒါနဲ့ပဲ ပျော်နေတာ၊ ဒီတိုင်း မနေနိုင်ဘူး၊ လူက ပျော်စရာလေးနဲ့မှ နေနိုင်တာ။

တစ်ခါတုန်းက ဂျာမနီ သွားတုန်းကဆိုရင် ရထားပေါ်မှာ ဂျာမန်ကြီးတစ်ယောက် နားထဲမှာ နားကြပ်ကလေး ထည့်ပြီး တစ်ကိုယ်လုံးကို ရိုက်ဆွဲနေလိုက်တာ မပြောနဲ့တော့၊ ဘေးက လူတွေကိုလည်း မကြည့်အားဘူး၊ သူ့တစ်ကိုယ်လုံး လှုပ်နေတာပဲ၊ ဘာသီချင်းမှန်းတော့ မသိဘူး၊ သူ့ရဲ့ခံစားချက်ကတော့ အပြည့်ပဲနော်။

အဲဒီတော့ "လောကမှာ ပျော်စရာအမျိုးမျိုးနဲ့ လူတွေဟာ ပျော်နေကြတယ်၊ အဲဒီ ပျော်စရာအမျိုးမျိုးထဲမှာ ဘယ်ပျော်စရာက အကောင်းဆုံးလဲ" ဆိုတာကို မြတ်စွာဘုရားကို မေးတယ်။

သူတို့ နတ်ပြည်မှာလည်းပဲ ဥယျာဉ်တွေ လှည့်ပတ်ကြည့်လို့၊ နတ်ဆိုင်းတွေတီးလို့ နတ်ဂီတတွေနဲ့ ဒီလို ပျော်ကြတာတွေ ရှိတယ်။ ဒါတွေက နောက်ကျ ငြီးငွေ့သွားတယ်။ အသံဗလံတွေ ဆိုတာ ကြာလာတဲ့အခါက ငြီးငွေ့သွားတယ်။ ထာဝရ ပျော်မနေနိုင်ဘူး။ အဲဒီတော့ ပျော်စရာတွေထဲမှာ သူတို့ တွေ့နေတဲ့၊ ခံစားနေရတဲ့ ပျော်ရွှင်မှုတွေဟာ ငြီးငွေ့တယ်တဲ့၊ မပျော်နိုင်ဘူးပေ့ါ။

ဘုန်းကြီးတို့ ၂၀၀၃ ခုနှစ်က ဂျာမနီ ကို သွားတဲ့ အခါ ဂျာမနီက ဘာလင်မြို့။ အခုတော့ အရှေ့ဘာလင် အနောက်ဘာလင် ပေါင်းသွားပြီပေ့ါလေ။ ဘာလင်မြို့မှာ အင်မတန် ကြီးကျယ်တဲ့ ပွဲကြီး တစ်ပွဲကျင်းပတာနဲ့ သွားပြီးဆုံတယ်။ ဇွန်လထဲမှာ အဲဒီ ပွဲကြီးကျင်းပတယ်၊ ပွဲနာမည် ဘာခေါ်တုန်းဆိုတော့ Love Parade "ချစ်သူတို့ ချီတက်ပွဲ" ဆိုတဲ့ အဓိပ္ပါယ်ပဲ။ Love parade ဆိုတဲ့ပွဲ။ ဥရောပ နိုင်ငံတွေက အနယ်နယ် အရပ်ရပ်က လာကြတယ်။ လေယဉ်ပျံနဲ့ လာတယ်၊ ရထားနဲ့လာတယ်၊ ကားနဲ့ လာတယ်၊ ရထားတွေဆို လူပြည့်ညှပ်နေတာပဲ၊ လေယာဉ်ပျံဆို လက်မှတ်ဝယ်ဖို့ မလွယ်ဘူး။ အဲဒီ အချိန်မှာ ဘာလင်မြို့ကို စုလာကြတယ်၊ လူသန်းချီပြီးတော့ တက်တယ်။ တယ်လီဗီးရှင်းကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် အဲဒီ Love parade ဆိုတဲ့ပွဲမှာ ပျော်လိုက်ကြတာ၊ သီချင်းဆိုတဲ့သူက ဆို၊ ခုန်တဲ့သူက ခုန်၊ ပေါက်တဲ့သူက ပေါက်။ အဲဒီမှာ ပျော်လိုက် ရွှင်လိုက်ကြတာ။ အဲဒီမှာ အဲဒီလို ပျော်ရွှင်မှုမျိုးတွေ လောကမှာ ရှာပြီး ပိုက်ဆံ အကုန်ခံပြီး လာပျော်ကြတယ်။

ပျော်စရာတွေက ဒါတင်မကဘူး၊ ဘောလုံးဝါသနာပါတဲ့ လူက ဘောလုံးပွဲ ကြည့်ပြီး ပျော်တာပဲနော်။ အမျိုးကို စုံနေတာပေ့ါ။ အဲဒီလို လောကမှာ စိတ်ရဲ့ ပျော်ရွှင်စရာတွေ ရှာပြီး ပျော်ကြတာတွေထဲမှာ ဘယ်ဟာက ပျော်တာက ကောင်းသလဲ ဆိုတာကို မြတ်စွာဘုရားကို မေးတာ။

မြတ်စွာဘုရားက ဖြေလိုက်တယ်။ **သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။ သဗ္ဗရတိံ** - လောကမှ ပျော်စရာတွေ မှန်သမျှကို **ဓမ္မရတိ** ဓမ္မနဲ့မွေ့လျော် ပျော်ပိုက်ခြင်းကသာ၊ **ဇိနာတိ** အနိုင်ရတယ်။

**ဓမ္မရတိ** လို့ဆိုတဲ့ ဓမ္မနဲ့ ပျော်မွေ့ခြင်းက အလွန်ငြိမ်းချမ်းတယ်ပေ့ါ။ ဓမ္မနဲ့ ပျော်မွေ့တဲ့ နောက်ကွယ်မှာ သောကလည်း မလာဘူး၊ ပရိဒေဝလည်းမလာဘူး၊ ပင်ပန်း နွမ်းနယ်တာတွေလည်း မလာဘူး။ ခုနက Love parade မှာ ပျော်တဲ့လူတွေက နောက်တစ်ရက်ကျတော့ ပက်လက်ဖြစ်ကုန်ကြတယ်။ တစ်ညလုံး ကကြ ခုန်ကြ သောက်ကြ စားကြတာ နောက်တစ်ရက်ကျတော့ သွားရော။ ဓမ္မနဲ့ ပျော်တဲ့ ပုဂ္ဂိုလ်က အဲဒီလို မဟုတ်ဘူးတဲ့၊ ခုခေတ်မှာတောင် တစ်ချို့ ရှိပါတယ်၊ တရား မှတ်ကောင်းနေတယ်။ တစ်ညလုံး မအိပ်ဘူးတဲ့။ နောက်တစ်ရက်လည်း လန်းလန်းဆန်းဆန်းပဲ၊ တရားမှတ်လို့ သမာဓိတွေ ကောင်းတယ်၊ နောက်တစ်ရက်လည်း လန်းလန်းဆန်းဆန်းပဲ။ ငြီးငွေ့တာတို့ အိပ်ချင်တာတို့ ဒါမျိုးတွေ မရှိဘူးတဲ့။ တရားမှတ်လို့ ကောင်းနေတဲ့ ပုဂ္ဂိုလ်တွေ ဓမ္မနှင့် ပျော်တာဟာ နောက်ဆက်တွဲ ဘာမှ အပူအပင်တွေ မလာဘူးတဲ့။ ဒါကြောင့်မို့ "**ဓမ္မရတိ**" ဟာ အကောင်းဆုံးပဲလို့ မြတ်စွာဘုရားက ဟောတာနော်။

## မေးခွန်း-၄

နောက်ဆုံး မေးခွန်းလေးတစ်ခု သူတို့ကမေးကြတယ်။ လောကမှ ကုန်အောင် လုပ်စရာတွေ အများကြီးရှိတယ်။ အဲဒီ ကုန်အောင်လုပ်တဲ့ အထဲမယ် ဘာကုန်တာ ကောင်းသလဲပေ့ါ။ သူတို့ မေးတဲ့ မေးခွန်းကတော့ "တဏှာကုန်တာဟာ ဘာလို့ ကောင်းတာလဲ" မြတ်စွာဘုရားက တဏှာကို ကုန်အောင်လုပ်ရမယ်လို့ သိကြားမင်းကြီး လာတုန်းက **တဏှာသင်္ခယ** သုတ္တန် ဆိုတာ ဟောလိုက်တယ်။ အားလုံးပရိသတ်လည်း သိတယ်နော်၊ ဒုက္ခသမုဒယဆိုတာ တဏှာကို ပြောတာနော်။ လူတွေ မလိုချင်တာ ဘာတုန်း၊ ဒုက္ခ၊ အဲဒီ မလိုချင်တဲ့ ဒုက္ခကို ထုတ်လုပ်နေတာ ဘယ်သူတုန်းဆိုရင် တဏှာ၊ အဲဒီတော့ ဒီမေးခွန်းကို မေးတယ်။



http://mmteashop.com

ဘုန်းကြီးတို့ စဉ်းစားကြည့်တယ်၊ သူတို့ မေးတာ ဒီလိုလည်း ဖြစ်နိုင်တယ်၊ "ကုန်စရာတွေထဲမှာ တဏှာကုန်တာ ဘာလို့ ကောင်းတာလဲ" လောကမှာ ပစ္စည်းဥစ္စာတွေ ကုန်သွားတာ ရှိတယ်၊ စားစရာ သောက်စရာတွေ ကုန်သွားတာရှိတယ်၊ ကုန်တာတွေ အကုန်လုံး ကုန်ကြတာတွေ ရှိတာပဲ။ အဲဒီ ကုန်သွားတဲ့ အထဲမှာ အကောင်းဆုံး ကုန်ခြင်းက ဘာလဲ၊ ဘာ့ကြောင့် ကောင်းသလဲဆိုတာ၊ တဏှာကုန်တာ ဘာ့ကြောင့် ကောင်းသလဲဆိုတဲ့ မေးခွန်းကို မေးတာဖြစ်တယ်။

မြတ်စွာဘုရားက **တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ တဏှာက္ခယော** - တွယ်တာမှု ဆိုတဲ့တဏှာ ကုန်ခမ်းသွားခြင်းသည် (**တဏှာက္ခယ** ဆိုတာ တခြားကို ပြောတာ မဟုတ်ဘူး၊ **မရဟတ္တမဂ်** နှင့် **အရဟတ္တဖိုလ်**ကို ပြောတာ) **တဏှာ**က ဘယ်မှာ ကုန်သလဲ၊ ဘာနဲ့မှ ကုန်သလဲဆိုရင် **အရဟတ္တမဂ် အရဟတ္တဖိုလ်**ရမှ ကုန်မယ်၊ **အရဟတ္တမဂ်**ကသာလျှင် တဏှာကို အားလုံး ဖယ်ရှားပစ်နိုင်တယ်၊ ဒါ့ကြောင့်မို့ **အရဟတ္တမဂ်ရယ် အရဟတ္တဖိုလ်**ရယ် ဆိုတဲ့ အမြင့်ဆုံးဓမ္မ ဒီနှစ်ခုကို **တဏှာက္ခယ**လို့ ခေါ်တယ်နော်။

အဲဒီ **တဏှာက္ခယ** လို့ ဆိုတဲ့ တဏှာ ကုန်ဆုံးမှု၊ အတွယ်အတာ ကုန်ဆုံးမှုဟာ ဘာကြောင့် အကောင်းဆုံးလို့ ပြောရသလဲ ဆိုရင် မြတ်စွာဘုရားက **သဗ္ဗဒုက္ခံ ဇိနာတိ** တဲ့။ ဒုက္ခတွေ အားလုံးကို အနိုင်ရလိုက်လို့ပါတဲ့။ ဘုန်းကြီးတို့ တစ်တွေက တဏှာကို မပယ်နိုင်ဘဲနဲ့ ဒုက္ခက လွတ်မြောက်ချင်နေတာ၊ တဏှာကို မပယ်ဘဲနဲ့ ဒုက္ခက လွတ်မြောက်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။ တဏှာမပယ်ဘဲနဲ့ ဒုက္ခက လွတ်တယ်ဆိုတာ လုံးဝ မရှိဘူး။

ဒါ့ကြောင့်မို့ အားလုံး မကြိုက်မနှစ်သက်တဲ့ ဒီဒုက္ခကြီးက လွတ်ဖို့ ဆိုလို့ရှိရင် ဘာကို ကုန်အောင်လုပ်ရမလဲ။ ဒုက္ခကို ကုန်အောင် လုပ်ရမှာလား၊ တဏှာကို ကုန်အောင် လုပ်ရမှာလား၊ ဒုက္ခကို ကုန်အောင်လုပ်လို့ မရဘူးတဲ့၊ ဒုက္ခကို ကုန်စေချင်လို့ ရှိရင် တဏှာကို ကုန်အောင်လုပ်ရမယ်။ အတွယ်အတာကို မလျှော့ဘဲနဲ့ ဒုက္ခက လွတ်ချင်တယ် ဆိုရင်ကတော့ လုံးဝ မဖြစ်နိုင်ဘူး။

ဒါ့ကြောင့် **တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ တဏှာက္ခယော တဏှာ**ကို ကုန်စေတတ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ် ဆိုတဲ့ သဘာဝ တရားဟာ၊ **သဗ္ဗဒုက္ခံ** -ဒုက္ခမှန်သမျှကို၊ **ဇိနာတိ**- အနိုင်ရတယ်လို့ ပြောတယ်။ ဒုက္ခခပ်သိမ်းက လွတ်မြောက်ချင်လို့ ရှိရင် တဏှာကုန်အောင် လုပ်ရမယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဘုရားအဖြစ်သို့ ရောက်တဲ့ အချိန်မှာ ဥဒါန်းကျူးတဲ့ စကားလေးကြည့်၊ အားလုံးကြားဖူးကြလိမ့်မယ်၊ အိမ်တွေမှာ ဘုရားရုပ်ပွားတော် ပင့်ပြီး ကိုးကွယ်တဲ့အခါ "အနေကဇာတင်" တယ်ဆိုတာ ရှိတယ်နော်၊ အဲဒီ **အနေကဇာ** ဆိုတာ ပါဠိစကားကို ဖြတ်ခေါ်တာ။ **အနေကဇာတိ သံသာရံ** ဆိုတဲ့ ဒီဂါထာကို ဖြတ်ပြီးတော့ ကနေကဇာ တင်တယ်လို့ ပြောနေကြတာ၊ မြတ်စွာဘုရား ဖြစ်စက ဥဒါန်းကျူးတဲ့ ဂါထာလေး။ ဘာကို ဥဒါန်းကျူးခဲ့တာလဲ ဆိုရင် "ငါရဲ့ ခန္ဓာဒုက္ခကြီးကို ထပ်တလဲလဲ ဖြစ်စေတာ၊ ထပ်တလဲလဲ ဆောက်လုပ်နေတာ ဘယ်သူလဲဆိုတာ ငါရှာတာ မတွေ့ရလို့ ဘဝပေါင်းများစွာ သံသရာလည်ခဲ့ရတယ်" လို့ ပြောတယ်နော်။ **အနေကဇာတိ သံသာရံ သန္ဓာဝိဿံ**-ဘဝတွေ မြောက်များစွာ သံသရာ ထဲမှာ ပြေးခဲ့ရတယ်၊ လည်ခဲ့ရတယ်၊ ဘယ်သူက လုပ်နေတာလဲ ဆိုတာ ရှာမတွေ့လို့တဲ့၊ ဘာဖြစ်လို့ ရှာတုန်းဆိုတော့ **ဒုက္ခဇာတိ ပုနပ္ပုနံ** -ထပ်ထပ်ပြီးတော့ မွေးနေတာဟာ ဒုက္ခဖြစ်လို့ပဲ။

ဒုက္ခဖြစ်တယ်ဆိုတာ စဉ်းစားကြည့် - မွေးလာပြီးရင် ဒီအတိုင်း ရပ်နေတာ မဟုတ်ဘူး။ ကျန်တဲ့ ဒုက္ခတွေ အသာထား စီးပွားရေး ဒုက္ခ လူမှုရေး ဒုက္ခ ဘာဒုက္ခညာဒုက္ခတွေ အသာထား လူဟာ နေရင်း ထိုင်ရင်း အိပ်ရင်းနဲ့ ဘာဖြစ်လာတာလဲ၊ တဖြည်းဖြည်း အိုလာတာ မဟုတ်ဘူးလား။ အိုလာတယ် ဆိုတာကို အိုလာတယ်လို့ မပြောချင်ဘူး ဟုတ်လား။ ဘယ်နှစ်နှစ် ဘယ်နှစ်နှစ်နဲ့ နှစ်ကလေးလုပ်ပြီးတော့ မွေးနေ့ပွဲတွေ ကျင်းပနေတယ်။ တကယ်ကတော့ အိုလာတာပဲလေ getting older and older လူတွေက တဖြည်းဖြည်း အိုလာတာပဲ။ အဲဒီလို အိုလာတာကို ရပ်တန့်လို့ ရမလား၊ (မရပါဘုရား)၊ အဲဒါကိုက ဒုက္ခကြီးပဲ။

တစ်ခါ အိုလာပြီးတော့ မကြာခဏ နာရတယ်၊ ဆိုတာကော မလာဘူးလား၊ နာလို့ ဆေးရုံတွေ ဆေးခန်းတွေ ပြည့်နေတာပဲ၊ သွားကြည့်နော် ဆေးရုံဆေးခန်းတွေ ဆေးတွေ မလောက်ဘူး၊ ဒီဒုက္ခတွေ နောက်ဆုံးကျတော့ ဘာဖြစ်တုန်းဆိုရင် မရဏ ပြဟ္မာစိုရ် အဖွဲ့က အကူအညီပေးရတဲ့ အဆင့်ရောက်ရော၊ မရဏဒုက္ခ။

ကဲ မွေးတယ်ဆိုတာ မွေးရုံနဲ့ ရပ်နေမှာ မဟုတ်ဘူး၊ အိုမယ် နာမယ် သေမယ်၊ ဒီစခန်း ဒီလမ်းပဲ သွားနေတာဆိုတော့ အဲဒီလိုချည်းဖြစ်နေတာ ဘယ်လောက် စိတ်ပျက်စရာ ကောင်းလဲ။ ဒါ ဘုရားစဉ်းစားတာ အဲဒီအတိုင်းပဲနော်၊ **ဒုက္ခာဇာတိ ပုနပ္ပုနံ၊ ပုနပ္ပုနံ**- ထပ်တလဲလဲ၊ **ဇာတိ**- မွေးဖွားလာရတာဟာ၊ **ဒုက္ခာ** -သိပ်စိတ်ပျက်စရာ ကောင်းတယ်တဲ့။

အဲဒါကြောင့်မို့ ဒီလို ထပ်တလဲလဲ မွေးနေအောင် ဘယ်သူ လုပ်နေတာလဲလို့ ရှာလိုက်တာ နောက်ဆုံးကျတော့ တွေ့သွားတယ်။ အဖြေက ဘာတုန်းဆိုရင် "**ယာတံ တဏှာ ပေါနော ဗ္ဘဝိကာ**" ဘဝသစ်တွေကို တည်ဆောက် နေတာဟာ တဏှာပဲ ဆိုတာ သွားတွေ့တယ်။ လိုချင်တာတို့၊ တွယ်တာတာတို့၊ မက်မောတာတို့ ဆိုတဲ့ ဒီသဘာတရား လေးကို သွားတွေ့တယ်။

သွားတွေ့လိုက်တဲ့ အခါကျတော့ ဒါကို ဖယ်ရမှာပဲဆိုတာ သဘောပေါက်သွားတယ်။ တဏှာကို အဆင့်ဆင့် ဖယ်ရှားလိုက်တာ နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်တဲ့အခါ တဏှာ လုံးဝကုန်သွားပြီ။ ဒါ့ကြောင့်မို့ အဲဒီဂါထာမှာ နောက်ဆုံး ဘုရားက သူရလိုက်တာ ဘာတုန်းဆိုရင် **တဏှာနံ ခယမဇ္ဈဂါ** တဏှာကုန်ဆုံးမှုကို သူရတယ်၊ ကုန်တာကို ရတာနော်။

ဘုန်းကြီးတို့တစ်တွေဟာ ရှိတာလေး ကုန်သွားမှာကြောက်နေတာ။ မြတ်စွာဘုရားကတော့ ဒီအတွယ်အတာတဏှာလေးကို ကုန်အောင်လုပ်၊ ကုန်သွားတာလေး ရတာကိုပဲ သူ့မှာ သိပ်ဝမ်းသာ ရွှင်မြူးပြီး ဥဒါန်း ကျူးစရာကြီး ဖြစ်လာတယ်။ **တဏှာနံ ခယမဇ္ဈဂါ၊ တဏှာနံ ခယံ**-တဏှာတို့ရဲ့ ကုန်ဆုံးမှုဆိုတဲ့ ကုန်ဆုံးစေတတ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ သဘာဝတရားကို၊ မဇ္ဈဂါ ငါရလိုက်ပြီဆိုတာ ဒုက္ခကို ငါ အနိုင်ရလိုက်ပြီလို့ ပြောတာ၊ ဒါကြောင့်မို့ မြတ်စွာဘုရားက ဒီအဖြေကို ပေးတာ၊ လောကမှာ လုံးဝ ချုပ်ငြိမ်းဖို့ဆိုရင် ဘာကို ပယ်ရမှာလဲ၊ (တဏှာကို ပယ်ရမှာပါဘုရား) တဏှာကို မပယ်နိုင်သေးသမျှတော့ နိဗ္ဗာန်နဲ့ ဝေးနေဦးမှာပဲလို့ ဒီလိုဆိုလိုတယ်။

အခုပြောခဲ့တဲ့ မေးခွန်းလေးခုဟာ ၁၂နှစ်ကြာ အဖြေရှာခဲ့ရတဲ့ မေးခွန်းတွေပဲ။ (၁)ပေးကမ်းခြင်း အထဲမယ် ဘယ်ပေးကမ်းခြင်းဟာ အကောင်းဆုံးလဲတဲ့။ (၂)အရသာ တွေထဲမှာ ဘယ်အရသာက အကောင်းဆုံးလဲ။ (၃)ပျော်မွေ့စရာတွေထဲမှာ ဘယ်ပျော်မွေ့စရာက အကောင်းဆုံးလဲ။ (၄)တဏှာကုန်ခြင်းဟာ ဘာကြောင့် အကောင်းဆုံး ဖြစ်ရတာလဲ ဆိုတဲ့ အဲဒီ မေးခွန်းလေးချက်ကို နတ်တွေ ဆွေးနွေးကြတာ ၁၂ နှစ်ကြာသွားတယ် အဖြေမရဘူးတဲ့။ မြတ်စွာဘုရားနှင့် တွေ့တဲ့ အခါကျတော့မှ မှန်ကန်တဲ့ အဖြေတွေ ရသွားကြတယ်။

ဘုန်းကြီးတို့ တစ်တွေလည်း ဒီကနေ့ ဒီကဖြေတွေကို မှတ်သားထားဖို့ပဲ။ ဒီကနေ့ ဒီအဖြေတွေကို မှတ်သားထားပြီးတော့ ဘာကြောင့် ဓမ္မဒါနသည် ဒါနအားလုံးမှာ အမြတ်ဆုံး ဖြစ်သလဲဆိုရင် ဓမ္မဒါနရဲ့ အကျိုးပြုမှုက ကျန်တဲ့ ဒါနတွေရဲ့ အကျိုးပြုမှုထက် သာလွန်တယ်။

ကျန်တဲ့ အရသာတွေထက် ဓမ္မရသဆိုတာ လုံးဝ ဒုက္ခခပ်သိမ်း ကင်းငြိမ်းပြီး ရင်ထဲ အေးမြစေတာဖြစ်လို့ သူက အကောင်းဆုံးဖြစ်တယ်။

ပျော်မွေ့စရာတွေရဲ့ နောက်ကွယ်မှာ ပြဿနာတွေ အများကြီး တက်လာတဲ့ အတွက်ကြောင့် ဓမ္မရတိလို့ဆိုတဲ့ တရားနဲ့ ပျော်မွေ့ခြင်းဟာ လုံးဝပြဿနာ မတတ်တဲ့ အပြင်ထာဝရ ပျော်မွေ့ရမယ့် ပျော်မွေ့မှု ဖြစ်သောကြောင့် ဒါ အကောင်းဆုံးဖြစ်တယ်။

http://mmteashop.com

နောက်ဆုံး ဒုက္ခတွေ ပြဿနာတွေ အားလုံးကို ငြိမ်းချင်လို့ ရှိရင် အတွယ်အတာကို ဖယ်ရှားရမယ်။ ဒါပဲ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မရဲ့ အကျဉ်းချုပ်က အဲဒါပဲ။

ဘုန်းကြီးတို့ တစ်တွေဟာ နောက်ဆုံးမှာ တို့တစ်တွေရဲ့ ဦးတည်ချက်က ဘာလဲဆိုရင် တဏှာ ကုန်ဖို့ပဲ။ အဲဒီ တဏှာ မကုန်သေးသမျှ သံသရာထဲမှာတို့ တစ်တွေ လည်နေကြဦးမှာပဲ။ တဏှာဆိုတာ ကုန်သွားမှ ဟောဒီ ဒီဘဝကနေ ဟိုဘဝ၊ ဒုက္ခ မျိုးစုံထဲမှာ ကျင်လည်ရတဲ့ ဘဝ၊ သံသရာက လွတ်မြောက်ပြီး နောက်ဆုံး နိဗ္ဗာန် ဆိုတဲ့ အငြိမ်းဓာတ်ကို ရကြမှာ ဖြစ်တယ်။ အဲဒါကြောင့် တဏှာကုန်အောင် တို့တစ်တွေ ကြိုးစားအားထုတ်ကြရမယ် ကိုယ်စီကိုယ်ငှ သဘောကျပြီး ကြိုးစားအားထုတ်နိုင် ကြပါစေကုန် သတည်း။

သာဓု သာဓု သာဓု

http://mmteashop.com

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆို လဆန်း (၁၄)၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့၊ ရန်ကုန်မြို့၊ shwegonedine Special Clinic (S.S.C) မိသားစု၏ ဝါဆိုသင်္ကန်း ကပ်လှူသည့် အလှူတော်မင်္ဂလာ အခမ်းအနား၌ ဟောကြားတော်မူအပ်သော **"ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်"** တရားဒေသနာတော်။



http://mmteashop.com

## ဒုက္ခဏဝိဘင်္ဂသုတ် အနှစ်ချုပ်

"**ဒုက္ခဏဝိဘင်္ဂ**" မှာ ဒုက္ခဏ ဆိုတာ ဒါနကောင်းမှုကို ခေါ်တာဖြစ်တယ်။ သံယုတ်ဂုဏ်တော်တွေထဲမှာ **ဒုက္ခဏေယျော** ဆိုတဲ့ စကားပါတယ်။ တစ်စုံတစ်ခုကို ရည်စူးပြီးတော့ လှူတဲ့ အလှူမျိုးကို **ဒုက္ခဏ** လို့ခေါ်တယ်။ ဒါနဆိုတဲ့ စကားလုံးလောက်တော့ လူသိမများဘူး။ သို့သော် **ဒုက္ခဏ** စကားလုံးရဲ့ အဓိပ္ပာယ်အရင်းအမြစ်က လှူမှု တန်းမှု ဆိုတဲ့ ဒါန ကုသိုလ်ဟာ သတ္တဝါတွေကို အဆင့်မြင့် ကြီးပွားတိုးတက်စေတယ် ဆိုတာ ဖြစ်တယ်။

ဘဝမှာလည်း အဆင့်နိမ့်တဲ့ဘဝ၊ အဆင့်မြင့်တဲ့ ဘဝ ဆိုတာ ရှိတယ်။ အပါယ်လေးဘုံမှာ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ အဆင့်နိမ့်ကြတယ်၊ ဆင်းရဲဒုက္ခတွေ များကြတယ်။ လူ့ပြည်ဆိုရင် အဆင့်က မြင့်တယ်။ တစ်ခါ လူ့ပြည်ထက် နတ်ပြည်ခြောက်ထပ်က ချမ်းသာသုခအရ အဆင့်မြင့်တယ်။ တစ်ခါ နတ်ပြည်ထက် ဗြဟ္မာ့ပြည် နှစ်ဆယ်က အဆင့်မြင့်တယ်။ ဒီတော့ ကုသိုလ်ကံ အားလျော်စွာ တစ်ဦးနဲ့တစ်ဦး မတူတဲ့အဆင့်တွေရှိတယ်။

လူ့လောက ကြည့်မယ်ဆိုရင် အဆင့်အတန်းချင်းက အလိုလို ခွဲခြား ထားပြီးသား ဖြစ်နေတယ်။ ခွဲခြားထားတယ်ဆိုတာ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကံတွေရဲ့ အခြေအနေပေါ်မှာ အမှီပြုပြီး လူဆိုတဲ့ အနေအားဖြင့် တူညီသော်လည်းပဲ အဆင့်အတန်းချင်း ကွာခြားနေကြတယ်။ တမင်ခွဲတဲ့ အဆင့်အတန်းတော့ မဟုတ်ဘူး။ ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်တွေကနေ အဆင့်အတန်းကွဲစေတာ။

ဥပမာ ပညာတက်တဲ့ပုဂ္ဂိုလ် ပညာမတတ်တဲ့ပုဂ္ဂိုလ်၊ ရုပ်လှတဲ့ပုဂ္ဂိုလ် ရုပ်မလှတဲ့ပုဂ္ဂိုလ်၊ ပစ္စည်းဥစ္စာပေါများတဲ့ပုဂ္ဂိုလ် ပစ္စည်းဥစ္စာ မပေါများတဲ့ပုဂ္ဂိုလ်၊ ကျန်းမာတဲ့ ပုဂ္ဂိုလ် မကျန်းမာတဲ့ပုဂ္ဂိုလ် စသည်ဖြင့် ကွဲပြားကြတယ်။ ဒါတွေက တမင်တကာခွဲခြား ထားတာမဟုတ်ဘူး။ လူတွေက လူချင်းအတူတူပဲလို့ ပြောကြသော်လည်းပဲ ဒါတွေက သဘာဝက ခွဲခြားထားတဲ့ ခွဲခြားမှုတွေကတော့ ရှိနေတာဘဲဖြစ်တယ်။

## နိမ့်ရာက မြင့်သွားစေတာ ကုသိုလ်

ဒီခွဲခြားမှုတွေမှာ ကိုယ်က နိမ့်ကျနေလို့ရှိရင် မြင့်သွားစေတဲ့ ကုသိုလ်ကောင်းမှုတွေကို **ဒုက္ခဏ**လို့ခေါ်တယ်။ ဥပမာ မကျန်းမာတဲ့အဆင့်ကနေ ကျန်းမာတဲ့အဆင့်၊ ရုပ်ဆိုးတဲ့ အဆင့်ကနေ ရုပ်လှတဲ့အဆင့်၊ ဥစ္စာဓနေ မပြည့်စုံတဲ့ အဆင့်ကနေ ဥစ္စာဓနေ ပြည့်စုံတဲ့ အဆင့်ဆိုတဲ့ အဆင့်ကို တိုးမြှင့်ပေးနိုင်တဲ့ စွမ်းရည်သတ္တိဟာ ကုသိုလ်မှာပဲ ရှိတယ်။

ကုသိုလ်မှာပဲ ရှိတယ်ဆိုရင် တပည့်တော်တို့ အလုပ်ကြိုးစားရင်ရော မဖြစ်ဘူးလားဆိုရင် အလုပ်ကြိုးစားလို့ ဖြစ်တဲ့အရာရှိတယ်။ အလုပ်ကြိုးစားလို့ ဘဝမှာ တိုးတက်လာတယ်ဆိုတာ အထောက်အကူပဲဖြစ်တယ်။ ကံပေးလို့ရတာကမှ ပြည့်ပြည့်ဝဝရတာ။ ကံပေါ်မှာ အများကြီးမူတည်တယ်။ ဒါကြောင့် **ဒုက္ခဏ**ဆိုတဲ့ ကုသိုလ် ကောင်းမှုကို လုပ်ကြရတယ်။

**ဒုက္ခဏ** ဆိုတဲ့ အလှူဒါနနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုကို လုပ်ကြတဲ့အခါမှာ ဘယ်ကုသိုလ်က ပိုပြီး အကျိုးများနိုင်သလဲ။ **ဝိဘင်္ဂ** ဆိုတာ ခွဲခြမ်းစိတ်ဖြာ ဝေဖန်ပြီးတော့ ပြတာဖြစ်တယ်။ analyse လုပ်တယ်ခေါ်တယ်။ အလှူဒါနတွေ လုပ်ပြီဆိုရင် analyse လုပ်ကြရတယ်။ ကုသိုလ်ကောင်းမှုကိုလည်း analyse လုပ်ကြရတယ်။ analyse လုပ်ရင် ကုသိုလ်ကောင်းမှုဟာ တစ်ခုနဲ့တစ်ခု တူညီမှုရှိရဲ့လား၊ တူညီမှု မရှိနိုင်ဘူး။

တူညီမှု မရှိဘူးဆိုရင် ပိုပြီးတော့ ကောင်းကျိုး ချမ်းသာတွေရအောင် ဘယ်လိုလုပ်ရ မလဲဆိုတာ မြတ်စွာဘုရားက ဒီသုတ္တန်မှာ လမ်းညွှန်ပြတာ။ ဒါကြောင့် **ဒုက္ခဏဝိဘင်္ဂ** ဆိုတာ analysis of ဒုက္ခဏ၊ ဒုက္ခဏဆိုတဲ့ အလှူဒါနနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုကို analyse (ခွဲခြမ်းစိတ်ဖြာ ဝေဖန်မှု) လုပ်ပြတာ။ ဒီလို analyse လုပ်ပြတဲ့အခါမှာ အလှူခံပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး ဘယ်လိုပုဂ္ဂိုလ်မျိုးကို လှူမှ ပိုပြီးအကျိုးရှိသလဲ။ ဒါဟာ အလှူခံပုဂ္ဂိုလ် ဘက်က analyse လုပ်တာဖြစ်တယ်။ နောက်တစ်ခါ အလှူခံပုဂ္ဂိုလ်ကရော၊ အလှူဒါယကာတွေကရော အခြေအနေဘယ်လို ရှိရမလဲ ဆိုတာကိုရော analyse လုပ်ပြတယ်။

အလှူရဲ့ အကျိုးကျေးဇူးဟာ လုပ်တက်လို့ရှိရင် ပိုပြီး များများရတယ်။ အခြံအရံ အခြေအနေတွေကောင်းဖို့ အင်မတန်အရေးကြီးတယ်။ လောကမှာ အားလုံးဟာ အခြေ အနေပေါ်မှာမူတည်ပြီး လုပ်ကြရတာ။ စီးပွါးရေးဆိုတာလည်း အခြေအနေကောင်းမှ၊ နိုင်ငံရေးဆိုတာလည်း အခြေအနေကောင်းမှ၊ လူမှုရေးဆိုတာလည်း အခြေအနေကောင်းမှ လူတွေရဲ့ ကျန်းမာရေးဆိုတာလည်း အခြေအနေပေါ်မှာ မူတည်တာ။ အခြေအနေဆိုတာ condition တွေပေါ့။ ရာသီဥတုပေါ်မှာလည်း မှီတည်တယ်။ weather condition (မိုးလေ ဝသအခြေအနေ) မကောင်းဘူးဆိုရင် ဥပမာ - နွေတုန်းက အလွန်ပူတယ်။ လူတွေ ဒုက္ခ ရောက်ကြတယ်။ ဒီလိုအခြေအနေတွေ ရှိသလိုပဲ **ဒါန ကောင်းမှုလုပ်တယ် ဆိုတဲ့နေရာမှာ အခြေအနေကောင်းတွေ အင်မတန်မှ အရေးကြီးတယ်။**

အဲဒီအခြေအနေကောင်း ဆိုတဲ့ အထဲမယ် အတွင်းက အခြေအနေကောင်းလား၊ အပြင်က အခြေအနေကောင်းလား၊ ဒါကိုလည်း ထပ်ပြီး ခွဲရလိမ့်မယ်။ အပြင်က အခြေအနေကောင်းဆိုတာဟာ အလှူခံ ပုဂ္ဂိုလ်ရဲ့ အခြေအနေကောင်းမှု၊ အတွင်းက အခြေအနေကောင်းဆိုတာ လှူသူ အလှူရှင်ကိုယ်တိုင် အခြေအနေကောင်းမှု၊ အဲဒီလို အခြေအနေကောင်းတွေ ဆုံဆည်းမိပြီး ဆိုရင် လှူတဲ့ အလှူဒါနဟာ အလွန်ကျေးဇူးများတယ်။ အလွန်အကျိုးကြီးတယ်လို့ မြတ်စွာဘုရားက "**ဒုက္ခဏဝိဘင်္ဂ**" သုတ်မှာ analyse လုပ်ပြထားတယ်။ အဲဒါကို အနှစ်ချုပ်ပြီး ဟောမှာဖြစ်တယ်။

http://mmteashop.com

ဒီသုတ္တန် ဖြစ်ပေါ်လာပုံက မြတ်စွာဘုရား နေပြည်တော် ကပ္ပိလဝတ်ကို ကြွရောက်တဲ့အခါ ကပ္ပိလဝတ်အနီး နိဂြောဓ သာကီဝင်မင်းပိုင်းတဲ့ ဥယျဉ်ကြီးထဲမှာ ဆွေတော်မျိုးတော်တို့ စုပေါင်း ဆောက်လုပ်လှူဒါန်းထားတဲ့ နိဂြောဓါရုံ ကျောင်းဆိုတာ ရှိတယ်။ နိဂြောဓဆိုတဲ့ သာကီဝင် မင်းပိုင်တဲ့ ဥယျာဉ်ထဲမှာ ဆောက်လို့ ကျောင်း နာမည်ကိုလည်း "နိဂြောဓါရာမ" လို့ နာမည်ပေးထားတယ်။ မြတ်စွာဘုရားရှင် ကပ္ပိလဝတ်ကို ကြွတဲ့အခါ အဲဒီ ကျောင်းမှာ သီတင်းသုံးတယ်။

ဘုရား သီတင်းသုံးနေတဲ့ အချိန်မှာ ဘုရားရဲ့ မယ်တော်လည်း ဟုတ်တယ်ပေ့ါ။ မယ်တော်လို့လည်း ပြောလို့ရတယ်၊ မွေးစားမယ်တော်လို့လည်း ပြောချင်ပြော (သို့မဟုတ်) တချို့ အရပ်တွေမှာတော့ အရီးလေးလို့ ခေါ်တာလည်း ရှိတယ်။ အဲဒီအခေါ်တော့ ထားလိုက်။ အမေရဲ့ ညီမဆိုရင် ပါဠိ လို **မာတုစ္ဆာ**=မိထွေးက တစ်မျိုး ဖြစ်တယ်။ **မာတုစ္ဆာ** ဆိုတာ "**မာတုဘဂိနီ မာတုစ္ဆာ**" ဆိုတဲ့ အတိုင်း အမေရဲ့ ညီမ ကိုခေါ်တဲ့ မိထွေး၊ မိကြီး မိထွေး ဆိုတဲ့ အဓိပ္ပာယ်ကိုခေါ်တာ။ အဖေရဲ့ နောက်မိန်းမကို ခေါ်တာမဟုတ်ဘူး။ မိထွေးတော် ဂေါတမီကတော့ နှစ်မျိုးစလုံးကို ပြောလို့ရတယ်ပေ့ါ။

သို့သော် **မာတုစ္ဆာ** ဆိုတဲ့ စကားလုံးက အမေရဲ့ ညီမလို့ ဆိုလိုတာ။ မြတ်စွာဘုရားရဲ့ မိခင်အရင်းက မယ်တော်မာယာ၊ သူက မယ်တော်မာယာရဲ့ ညီမအရင်း ဖြစ်လို့ **မာတုစ္ဆာ** ဆိုတဲ့ အခေါ်နဲ့ ခေါ်တာ။ မြန်မာလို ပြန်တဲ့အခါကျတော့ မိထွေး။ သူ့ရဲ့ အမည်ရင်းက မဟာပဇာပတိ ဖြစ်တယ်။ ဘုရားလောင်းလေး မွေးဖွားလာပြီး ၃၊ ၄ ရက်လောက် နောက်ကျပြီး ပဟာပဇာပတိက သားလေး တစ်ဦးမွေးတယ်။ သူ့ကို နန္ဒ မင်းသားလို့ခေါ်တယ်။ အာနန္ဒနဲ့ မတူဘူး၊ နန္ဒမင်းသားဆိုတာ သီးခြားရှိတယ်။

မယ်တော် မာယာက ဘုရားလောင်း မွေးဖွားပြီးလို့ (၇) ရက်မြောက်မှာ ကံကုန်သွားတယ်။ မိထွေးတော် ဂေါတမီက သူ့ရဲ့ သားအရင်းလေး နန္ဒမင်းသားကို နို့ထိန်းတွေ လက်အပ်ပြီး သိဒ္ဓတ္ထမင်းသားကို သူကိုယ်တိုင် နို့တိုက်ပြီးမွေးခဲ့တယ်။ အဲဒီ ကျေးဇူးတရားတွေရှိတယ်။ ဘုရားလောင်း တိုင်းပြည်မှာ ရှိနေသမျှ အချိန် အသက် (၂၉) နှစ်ထိအောင် အနားက စောင့်ရှောက်တယ်။ သူကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးတယ်။ သူကိုယ်တိုင် အဝတ် ဆင်မြန်းပေးတယ်။ သူ့ရဲ့ "မွေးစားသား" လို့ ပြောလို့ ရတယ်။ "တူ" လို့လည်း ပြောမယ်ဆို ရတယ်ပေ့ါ။ အဲဒီ ဘုရားလောင်းလေးပေါ်မှာ သူက အဲဒီလို ပြုစုတယ်။

နောက် ဘုရားလောင်း တောထွက်သွားပြီး ၇နှစ်၊ ၈နှစ် လောက်ကြာမှ ဘုရားအဖြစ်နဲ့ နေပြည်တော်ကို ပြန်ရောက်လာတယ်။ မိထွေးတော် ဘိက္ခုနီ ဝတ်တာ ဘုရား (၅) ဝါရမှ ဆိုတော့ ဘုရားရှင် (၅)ဝါ မရမီ (ဘုရားဖြစ်ပြီး ၅နှစ် မကြာခင်အတွင်း) နေပြည်တော် ပြန်ရောက်တဲ့ တစ်ကြိမ်မှာ ကပ္ပိလဝတ်ပြည်၊ နိဂြောဓါရုံကျောင်းမှာ သီတင်း သုံးနေတဲ့အချိန် မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီက မြတ်စွာဘုရားဝတ်ဖို့ သင်္ကန်းကို ချည်ကအစ သူကိုယ်တိုင် ငွေးတယ်။ ကိုယ်တိုင် ချည်ငင်တယ်။ ကိုယ်တိုင် ချည်ငင်၊ ကိုယ်တိုင် ရက်ကန်းစင်တင်ပြီးတော့ ကိုယ်တိုင်ရက်တယ်။ ဘုရားကို လှူဖို့ သင်္ကန်းကို အဲဒီလို့ မြတ်မြတ်နိုးနိုး ရက်လုပ်ပြီးတဲ့အခါ သင်္ကန်းတစ်စုံစာ ရတယ်။

## သံဃာကိုလှူပါ ဂေါတမီ

ရှေးတုန်းကတော့ ယခုခေတ် လို့ Ready Made မရှိဘူး။ သင်္ကန်းတစ်စုံစာ အတိုင်းအတာအတွက် ပိတ်စ ပိတ်အုပ်ကို အခြံအရံ ပရိသတ်နဲ့ ယူလာပြီး မြတ်စွာဘုရားကို လျှောက်တယ်၊ "အရှင်ဘုရား၊ ဒီအဝတ်အထည်ဟာ တပည့်တော် ကိုယ်တိုင် ချည်ငင်ပြီး ကိုယ်တိုင် ရက်လုပ်တာပါ။ အရှင်ဘုရားကို လှူချင်လွန်းလို့၊ ကပ်ချင်လွန်းလို့ ကိုယ်တိုင် ရက်လုပ်ထားတဲ့ ဒီသင်္ကန်းလျာ အဝတ်ကို တပည့်တော်မအား ကရုဏာ ထားသော အားဖြင့် အလှူခံတော်မူပါလို့ လျှောက်တယ်။ ဒီလို လျှောက်တော့ မြတ်စွာဘုရားက "**သံဃေ ဂေါတမီ ဒေဟိ**" လို့ မိန့်တော်မူတယ်။

သူ့ရဲ့ မိထွေးတော်ကို ခေါ်တာ ဂေါတမီလို့ပဲ ခေါ်တယ်။ ဒါက အနွယ်နဲ့ခေါ်တာ။ မြန်မာပြည်မှာတော့ ဒီလို (အနွယ်နာမည်) surname ဆိုတာ မရှိဘူး။ အဲဒီအခါက အမည်မည့်တဲ့ အခါ surname တွေရှိတယ်။ မြတ်စွာဘုရားရဲ့ အမျိုးအနွယ်က ဂေါတမ အနွယ်နဲ့ခေါ်တာ အမည်နဲ့ ခေါ်တာမဟုတ်ဘူး။ နာမည်နှစ်မျိုး ရှိတယ်လို့ ပြောရမှာပေ့ါ။ တခြားနိုင်ငံတွေမှာလည်း အနွယ်တွေရှိတယ်လို့ သိရတယ်။ တရုတ်တို့ ကိုရီယားတို့မှာ အနွယ်တွေရှိတယ်။ "လီ" ဆိုရင် သူတို့ အကုန်လုံး လီနဲ့ စတဲ့ အနွယ်တွေ။ "ကျော့က်" ဆိုရင် ကျော့က်နဲ့စတဲ့ အနွယ်တွေ၊ ဒီလိုဟာ မျိုးပေ့ါ။ မြန်မာပြည်မှာတော့ အဲဒီလို ဟာမျိုးတွေ မရှိဘူး၊ ကိုယ်မှည့်ချင်တာ မှည့်ကြတယ်။

## သံဃာကို လှူလိုက်တာနဲ့ ဘုရားကိုလည်း လှူပြီးသားဖြစ်တယ်

ဂေါတမီလို့ ခေါ်လိုက်တာဟာ အနွယ်နဲ့ခေါ်လိုက်တာပဲ။ "ဂေါတမီ သံဃာကို လှူလိုက်ပါ" တဲ့။ "သံဃာကို လှူလိုက်မယ် ဆိုရင် ငါ့ကိုလည်း လှူပြီးသား ဖြစ်တယ်၊ သံဃာကိုလည်း လှူပြီးသားဖြစ်တယ်"။ မြတ်စွာဘုရားက သူကိုယ်တိုင် လက်မခံဘဲနဲ့ သံဃာကို လှူခိုင်းတယ်။ သံဃာကို လှူလိုက်တာနဲ့ ဘုရားကိုလည်း လှူပြီးသား ဖြစ်တယ်တဲ့။

မိထွေးတော်ကြီးက ဖွဲမလျှော့ဘူး။ "အရှင်ဘုရား၊ ဒါ တပည့်တော်ကိုယ်တိုင် ရက်ထားတာပါ။ အရှင်ဘုရားအတွက် တပည့်တော်ကိုယ်တိုင် ချည်က အစ ငင်ပြီး ကိုယ်တိုင် ရက်ကန်းစင် တင်ပြီး ရက်ထားတာဖြစ်ပါတယ်။ တပည့်တော်ကို သနားတဲ့ အနေနဲ့ အရှင်ဘုရားကိုယ်တိုင် ဝတ်ရုံပါ" တဲ့ ။

အခုခေတ် ဒကာ၊ ဒကာမတွေလည်း ဒီလို လျှောက်ကြတယ်။ "ဒီသင်္ကန်းလေး ကိုယ်တိုင် ဝတ်ပါဘုရား" ဒါစိတ်ဆန္ဒကို ဖော်ပြတာပေ့ါ။ မိထွေးတော် ကြီးကလည်း အဲဒီလိုပဲ ဒီစကားကို လျှောက်တော့ မြတ်စွာဘုရာကလည်း သံဃာကိုလှူပါလို့ ဒါပဲ ထပ်ပြောတယ်။ **သံဃာလှူရင် သံဃာကိုလည်း လှူပြီးသား ဖြစ်တယ်၊ ငါ့ကိုလည်း ပူဇော်ပြီးသားဖြစ်တယ်။** မိထွေးတော်က မလျှော့ဘူး၊ (၃)ကြိမ်ထိအောင် လျှောက်တယ်။ မြတ်စွာဘုရားကလည်း (၃) ကြိမ်ထိအောင် ပယ်တယ်။ သံဃာကိုပဲ လှူဖို့ခိုင်းတယ်။

ဒီနေရာမှာ တစ်ချို့က "သံဃာက ဘုရားထက်မြတ်လို့လား" ဆိုတဲ့ မေးခွန်းကို မေးတတ်ကြတယ်။ ဒီလိုအဓိပ္ပာယ် မဟုတ်ဘူး။ မြတ်စွာဘုရားက ကုသိုလ် ကောင်းမှု လုပ်တဲ့အခါမှာ လုပ်တဲ့ ပုဂ္ဂိုလ် ပိုပြီး အကျိုးကျေးဇူးတွေ ရစေချင်တယ်။ ဒီလို ရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ သံဃာကို လှူခိုင်းတာ ဖြစ်တယ်။

"**ပါဋိပုဂ္ဂလိကဒါန**" နှင့် "**သံဃိကဒါန**" လို့ (စာထဲမှာ ပါဋိပုဂ္ဂလိက ဒက္ခိဏနဲ့ သံဃဂတဒက္ခိဏာ ဆိုပြီးသုံးတယ်။ နှစ်မျိုးရှိတယ်။ အခုခေတ် လွယ်လွယ်ပြောရင် ပုဂ္ဂလိက ဒါနနဲ့ သံဃိက ဒါနပေ့ါ။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို လှူတဲ့ အလှူနဲ့ သံဃာကို လှူတဲ့ အလှူ ဒီနှစ်ခုကို မြတ်စွာဘုရားက ခွဲခြားပြီး ပြတယ်။ ပုဂ္ဂိုလ်ကိုလှူတဲ့ အလှူဆိုတာ ဥပမာ- မြတ်စွာဘုရားက လှူတဲ့ အလှူမျိုး၊ ဒါ ပုဂ္ဂိုလ်ကို လှူတယ်လို့ ခေါ်တယ်။

သံဃာဆိုတာ အဖွဲ့အစည်းကိုပြောတာ။ "သံဃာ " ဆိုတဲ့ အဓိပ္ပာယ်က အဖွဲ့အစည်းပဲ။ ဘုန်းကြီးတစ်ပါးတည်းဆိုရင် "သံဃာ" လို့ မခေါ်ဘူး။ သို့သော် လွယ်လွယ်ပဲ ဘုန်းကြီးမြင်ရင် သံဃာလို့ပဲခေါ်ကြတယ်။ သံဃ ဆိုတဲ့ စကားလုံးကို ပါဠိ စာပေမှာ ဗဟုဝုစ် (Plural ) နဲ့ မသုံးဘူး။ အမြဲတမ်း ဧကဝုဒ် (Singular )ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဖွဲ့တည်းဖြစ်လို့။ Unity ပေ့ါ။ Community (အစုအစည်း)။ တခုတည်းပဲရှိတယ်။ ဒီအဓိပ္ပာယ်နဲ့ Singular ပဲ သုံးတယ်။ Plural မသုံးဘူး။

သံဃာတွေလို့ မသုံးရဘူး။ သံဃာဆိုရင် အစုအစည်းတစ်ခုပဲ၊ ဘာတွေနဲ့ စုစည်းထားတာလဲ ဆိုရင် ကိုယ်ကျင့် တရားချင်း၊ အမြင်ချင်း တူတဲ့ တူညီမှု နဲ့ စုစည်းထားတာ။ အမြင်ချင်း၊ ကိုယ်ကျင့် တရားချင်းတူတဲ့ ပုဂ္ဂိုလ်တွေရဲ့ အစုအစည်းကို သံဃာလို့ ခေါ်တာ။

## ပုဂ္ဂလိကဒါန (၁၄)မျိုး

ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုလှူတဲ့ ပုဂ္ဂလိက ဒါနမျိုးကိုလည်း မြတ်စွာဘုရားက ခွဲခြားပြတယ်။ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု ဘုရားကို လှူတယ်ဆိုတာ ပုဂ္ဂလိကဒါန ဖြစ်တယ်။ ပစ္စေကဗုဒ္ဓကို လှူတာလည်း ပုဂ္ဂလိကဒါနပဲ။ မြတ်စွာဘုရားရဲ့ တပည့်သား ရဟန္တာကိုလှူတာလည်း ပုဂ္ဂလိကဒါနပဲတဲ့။ နောက် ရဟန္တာဖြစ်ဖို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူတာ၊ အနာဂါမ်ပုဂ္ဂိုလ်ကို လှူတာ၊ အနာဂါမ် ဖြစ်ဖို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူတာ၊ သကဒါဂါမ် ပုဂ္ဂိုလ်ကို လှူတာ၊ သကဒါဂါမ် ဖြစ်ဖို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူတာ၊ သောတပန်ပုဂ္ဂိုလ်ကို လှူတာ၊ သောတပန်ဖြစ်ဖို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူတာ အားလုံးဟာ ပုဂ္ဂလိကဒါနတွေပဲ။

သာသနပ အခါမှာ ကာမဂုဏ်အာရုံတွေက လွတ်ကင်းပြီး ဈာန် အဘိညာဉ်နဲ့ နေတဲ့၊ ကာမရာဂတွေ ဝိက္ခမ္ဘနပဟာန်အားဖြင့် ဖယ်ရှားထားပြီး ကာမဂုဏ်အာရုံ စိတ်တွေ ကင်းနေတဲ့ လူသူတော်ကောင်းကြီးတွေ၊ ရသေ့ သူတော်ကောင်းကြီးတွေ ရှိတယ်။ သူတို့ကို လှူလို့ရှိရင်လည်း ပုဂ္ဂလိက ဒါနပဲ။ တစ်ခါ ငါးပါးသီလလုံမယ်၊ ရှစ်ပါးသီလ လုံမယ်၊ ဆယ်ပါးသီလ လုံမယ် စသည်ဖြင့် သီလနဲ့ပြည့်စုံတဲ့ ပုထုဇဉ်ကို လှူရင်လည်း ပုဂ္ဂလိက ဒါနပဲ။ သီလမရှိတဲ့ ပုထုဇဉ်နဲ့ နောက်ဆုံး တိရစ္ဆာန် တစ်ကောင်ကို လှူတဲ့ ပုဂ္ဂလိက ဒါနလို့ ပုဂ္ဂလိက ဒါနက (၁၄) မျိုးရှိတယ်။

ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ဆိုတာ ထိပ်ဆုံး သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရား ကနေပြီး ရေတွက်လိုက်ရင် အောက်ဆုံး တိရစ္ဆာန် ထိအောင် လှူတဲ့ ပါဋိပုဂ္ဂလိက ဒါနက (၁၄)မျိုးတဲ့။ အဲဒီ (၁၄)မျိုး ကို မြတ်စွာဘုရားက **ဒက္ခိဏ ဆိုတဲ့ အလှူကို လှူလိုက်လို့ တစ်ခု နဲ့ တစ်ခု အကျိုးရတာချင်း မတူဘူးတဲ့။** အနိမ့်ဆုံးကစပြီးတော့ ပြတယ်။

တိရစ္ဆာန်ကိုလှူရင် ကိုယ်လှူတာထက် အဆတစ်ရာ ကောင်းကျိုးချမ်းသာရမယ်။ တချို့က ထင်ကောင်းထင်မယ်။ ကိုယ်က တစ်ခါလှူတာ သူတို့က အဆတစ်ရာ ဘယ်လိုလုပ် အကျိုးပေးမတုန်းဆိုတော့ ဒါက လက်တွေ့ပြဖို့ရန် လွယ်တယ်လေ။ ကိုယ်က တစ်စေ့ပဲ စိုက်ရတယ်၊ သီးတဲ့ အခါကျတော့ အများကြီးသီးတယ်။ ကိုယ်စိုက်တာ၊ ရင်းလိုက်တာက တစ်စေ့ပဲ ရင်းလိုက်တာပေါ့။ ရလာတဲ့ အခါကျတော့ အသီးပေါင်း မြောက်များစွာ။ အဲဒါလိုပဲ ဒါနကောင်းမှု ကိုယ်လှူလိုက်တာကတော့ တစ်ခါပဲ၊ သို့သော် ဒီ အလှူပေါ်မှာရှိတဲ့ စေတနာ စွမ်းအားတွေဟာ မျိုးစေ့တွေဖြစ်တာ။ ဒါကြောင့် မြန်မာစကားမှာ "ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက် အကျိုးရှိတယ်" ဆိုတာ ဒါပြောတာ။

အဲဒီမှာ မြတ်စွာဘုရားက တိရစ္ဆာန် တစ်ကောင်ကို လှူတယ် ဆိုတဲ့နေရာမှာ တိရစ္ဆာန်ကို သနားလို့ ကျွေးတဲ့ အလှူမျိုးဖြစ်တယ်၊ အိမ်မှာ မွေးတဲ့ တိရစ္ဆာန် တစ်ကောင်ကို ဥပမာ- အန္တရာယ် ကာကွယ်ဖော်ရတဲ့ ခွေးတွေ ဘာတွေ ကျွေးတာမျိုးကျတော့ ဒါက give and take (အပေးအယူ) ပုံစံမျိုးဖြစ်တယ်။ အိမ်မွေးထားလို့ ကျွေးတာမျိုးက ရည်ရွယ်ချက်နဲ့ ကျွေးတာ၊ ဒါမျိုးကျတော့ အလှူလို့ ခေါ်လို့ မရဘူးပေါ့။ သနားလို့ တိရစ္ဆာန်တစ်ကောင်ကို ကျွေးလိုက် မွေးလိုက်မယ်။ အဲဒီလို ကျွေးလိုက် မွေးလိုက်လို့ ရလာတဲ့ ဒါနကုသိုလ်ရဲ့ အကျိုးဟာ အဆတစ်ရာလောက် ရတယ်တဲ့။

ပုထုဇဉ်ဒုဿီလဆိုတာ တိရစ္ဆာန်ထက် နဲနဲအဆင့်မြင့်တဲ့ လူပဲ။ ကိုယ်ကျင့် တရားတော့ မရှိဘူး။ ဒါပေမယ့် သူဟာ လူသားဖြစ်တယ်။ အဲဒီလို လူသားဖြစ်ပြီးတော့ ကိုယ်ကျင့်တရား မကောင်းတဲ့ ပုဂ္ဂိုလ်ကို လှူလို့ရှိရင် အဆ တစ်ထောင် အကျိုးပေးတယ်။ သူက တိရစ္ဆာန်ထက်တော့ သာတာပေါ့။ ရလာတဲ့ အကျိုးက အဆတစ်ထောင် အကျိုးပေးတယ်။ တစ်ခါ သီလရှိတဲ့ ပုထုဇဉ်ကို လှူမယ်ဆိုရင် သီလရှိသည့် အတွက်ကြောင့် တန်ဖိုးက တက်သွားတယ်။ အဆတစ်သိန်း အကျိုးပေးတယ်။

တစ်ခါ သီလရှိရုံတင်မကဘူး၊ အောင်အောင်မြင်မြင်နဲ့ သမာဓိကျင့်စဉ်တွေ ကျင့်လို့ ကာမဂုဏ်စိတ်တွေ ကင်းပြီးနေတဲ့ တကယ့် သူတော်စင်ကြီးတွေကို လှူတဲ့ အခါ အဆပေါင်း ကုဋေတစ်သိန်း အကျိုးပေးတယ်တဲ့။ ကုသိုလ်ကောင်းမှုရဲ့ အကျိုး ကျေးဇူးကို analyse လုပ်ပြတယ်။

ဒီနောက် သောတာပန် ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့် သောတာပန် မဖြစ်သေးပေမယ့် သောတာပန် ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့် သောတာပတ္တိ မဂ္ဂဋ္ဌပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌပုဂ္ဂိုလ် ဆိုတာ ပြောရုံပြောရတာပါ။ အဲဒီ အချိန်ကို လှူလို့မှ မရပဲ။ သောတာပန် ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်လို့ပဲ ပြောမယ်။ သောတာပန်ဖြစ်အောင် ဝိပဿနာ ကျင့်စဉ် တစ်ခုကို ကျင့်နေတယ်။ သောတာပန်တော့ မဖြစ်သေးဘူး၊ အဲဒီ ပုဂ္ဂိုလ်ကို လှူလို့ရှိရင် မရေမတွက်နိုင်အောင် အကျိုးရတယ်။ အကျိုးကျေးဇူးတွေဟာ ဘယ်လောက်ရတယ်လို့ ဂဏန်းနဲ့ သတ်မှတ်ပြီး ပြောလို့ မရဘူး၊ မပွမေယျ အသင်္ချေယျ ရေတွက်လို့ မရဘူး၊ အတိုင်းအတာ အကန့်အသတ် မရှိဘူးလို့ ဒီလိုဟောတယ်။

နောက် သောတာပန် ပုဂ္ဂိုလ်ကို လှူလို့ ရှိရင် အကျိုးပေးအတိုင်းအတာ အကန့်အသတ် မရှိဘူးဆိုတော့ ပြောစရာမလိုဘူး။ သောတာပန်ထက် မြင့်တဲ့ သကဒါဂါမ် ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်၊ အဲဒီထက်မြင့်တဲ့ အနာဂါမ် ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ထက်မြင့်တဲ့ ရဟန္တာပုဂ္ဂိုလ်၊ သူ့ထက်မြင့်တဲ့ ပစ္စေက ဗုဒ္ဓါ၊ ပစ္စေက ဗုဒ္ဓါထက် မြင့်တဲ့ သမ္မာသမ္ဗုဒ္ဓဘုရား၊ အဲဒီ ပုဂ္ဂိုလ်တွေကို လှူတဲ့အခါ မရေမတွက်နိုင်အောင် အကျိုးကျေးဇူး တွေများတယ်။ ဒါက ပုဂ္ဂလိက ဒါနနဲ့ ပတ်သက်ပြီး ရရှိမယ့် အကျိုးကျေးဇူးတွေကို ခွဲခြမ်းဝေဖန်ပြတာဖြစ်တယ်။

မြတ်စွာဘုရားက **ဟောတယ်၊ ပုဂ္ဂလိကဒါနဟာ သံဃိကဒါနကိုတော့ ဘယ်နည်းနဲ့မှ မကျော်လွှားနိုင်ဘူး**တဲ့။ ပုဂ္ဂိုလ်ကို လှူတဲ့ဒါနက သံဃိကဒါနကို မကျော်လွှားနိုင်သည့် အတွက် သံဃာကို ရည်စူးလှူတာက ဒီ့ထက်ပိုအကျိုးများတယ်တဲ့။

## သံဃိကဒါန(၆)မျိုး

သံဃိကဒါန ဘယ်နှစ်မျိုးရှိသလဲဆိုတာ မြတ်စွာဘုရားက ခွဲပြီးတော့ဟောတယ်။ **သံဃဂတာဒက္ခိဏ** - သံဃာကို ဦးတည်ပြီး လှူတယ်။ မြတ်စွာဘုရား သက်တော် ထင်ရှားရှိနေတဲ့ အချိန်မှာ ဘုရားအမှူးရှိတဲ့သံဃာ "**ဗုဒ္ဓပ္ပမုခဉဘတောသံဃ**" ဘုရားအမှူးရှိတဲ့ ဥဘတောသံဃာ၊ ဘိက္ခုသံဃာနဲ့ ဘိက္ခုနီသံဃာကို ဥဘတောသံဃလို့ ခေါ်တယ်။

ယခု ဘုရားမရှိတော့ဘူး။ **ဗုဒ္ဓပ္ပမုခဉဘတောသံဃ** အလှူမျိုး ရနိုင်သလားလို့ဆိုတော့ မြန်မာပြည်မှာတော့ မကြိုးစားကြဘူး။ သီဟိုဠ်မှာတော့ **ဗုဒ္ဓပ္ပမုခဉဘတောသံဃိ**က ဒါနဖြစ်အောင် အိမ်မှာ ဆွမ်းစားပင့်တိုင်း ဘုရား ဓာတ်တော်ကြုတ်ကလေးကို ခေါင်းပေါ် တင်ပြီးတော့ ပင့်သွားတယ်။ သူတို့က **ဗုဒ္ဓပ္ပမုခ** ဘုရားအမှူး ရှိတဲ့သံဃာ ဆိုပြီးတော့ပင့်တာ။ ပင့်သွားပြီးတဲ့အခါမှာ အိမ်မှာကျကျနန ယာယီစံကျောင်းကလေး လုပ်ပြီးတော့ ယာယီစံကျောင်းကလေးပေါ် တင်ထားတယ်။ ဘုရားရှင်ကို ဆွမ်းတော်ကပ်တာတွေ ဘာတွေ လုပ်ပြီးမှ ဘုန်းကြီးတွေကို ဆွမ်းကပ်တယ်။ **ဗုဒ္ဓပ္ပမုခသံဃာ**ကို ဆွမ်းကပ်တာပေါ့။ သူတို့ဆီမှာ အဲ့ဒီလိုလုပ်တယ်။

မြန်မာပြည်မှာတော့ အဲ့ဒီလိုလုပ်တာ သိပ်မတွေ့ဘူး။ သီဟိုဠ်မှာ ဘုန်းကြီးတွေ ဆွမ်းစားပင့်တိုင်း ကျောင်းကဘုရားဓာတ်တော်ကြုတ်ကလေးကို ခေါင်းပေါ်တင်ပြီး ပင့်သွားလေ့ရှိတယ်။ သီဟိုဠ်တွေဟာ အိမ်မှာ ဘုရားထားကိုးကွယ်လေ့ မရှိဘူး။ အိမ်မှာဘုရားထားပြီး ကိုးကွယ်တာ မတွေ့ရဘူး။ ဘုန်းကြီးကျောင်းကပဲ ပင့်လာကြတယ်။ ဘုရားရှိခိုးချင်ရင် ဘုန်းကြီးကျောင်းပဲ သွားကြတယ်။ အိမ်မှာ ဘုရားရှိခိုးတယ်လို့ မရှိဘူး။ အိမ်မှာ ဘုရားခန်း မရှိဘူး။ အဲဒါ သူတို့ရဲ့ ဓလေ့ ထုံးတမ်းစဉ်လာဖြစ်တယ်။ အလှူအတန်းရှိပြီ ဆိုရင် ရုပ်ပွားတော်ကို မပင့်ဘူး။ ဓါတ်တော်ကြုတ်ကိုပဲ ပင့်တယ်။ ပင့်ပြီးတဲ့ အခါကျတော့ ကုလားထိုင်ကို ပိတ်ဖြူ ကလေးနဲ့ ယာယီ ဘုရားကျောင်းလေး လုပ်တယ်။ ဘုန်းကြီးတွေ ထိုင်စရာကို တတ်နိုင်တဲ့ လူကျတော့ တတ်နိုင်သလို၊ မတတ်နိုင်တဲ့ လူကျတော့ နံရံကပ်ပြီး ပိတ်ဖြူကလေး ခင်းထားလိုက်တယ်။ ဘုန်းကြီးတွေ ကြွလာလို့ ရှိရင် နံရံကပ်ပြီးတော့ အောက်ကြမ်းပြင်မှာ ခင်းထားတဲ့ ပိတ်ဖြူ ပေါ်မှာပဲ ထိုင်ရတယ်။ မြန်မာပြည်မှာလို ဆွမ်းပွဲတို့ ဘာတို့နဲ့ မကပ်ဘူး။

ဆွမ်းမကပ်ခင် ငါးပါးသီလ ဆောက်တည်ရတယ်။ ဘုရား ဆွမ်းတော်ကပ်ရတယ်။ ပြီးပြီဆိုမှ သံဃိက ဒါနလုပ်ပြီး ရေစက်ချတယ်။ အလှူအတန်းကို ကပ်တယ်။ ဆွမ်းကပ်တဲ့ အခါမှာ ဆွမ်းကပ်ထားပြီးတဲ့ ပန်းကန်ပြားတစ်ချပ်စီ ကပ်တယ်။ တစ်ပါးတစ်ချပ်ပဲ။ ကိုယ့်ပေါင်ပေါ် ကိုယ်တင်ပြီးစားရတယ်။ တင်စရာလည်းမပါဘူး။ လက်သုတ်ပုဝါတို့ ဘာတို့ဆိုရင် အဆင်မသင့်ရင် ကိုယ့်ကျောင်းက ကိုယ်ယူသွားရတယ်။ ဇွန်းနဲ့ စားချင်ရင်လည်း ကိုယ့်ဇွန်း ကိုယ်ယူသွားရမယ်။ မယူရင်တော့ ဒီအတိုင်းပဲ စားရတယ်။

ဆွမ်းပါတဲ့ ပန်းကန်ပြားတွေ ကပ်ပြီးတော့ နောက် လက်ဆေးဖို့ မြန်မာပြည်မှာ အလယ်တည် ဆိုတဲ့ ပန်းကန်စောက်တွေ တစ်လုံးစီ ချပေးထားတယ်။ အဲဒီထဲမှာ ရေထည့် ထားတယ်။ ဆွမ်းကပ်တဲ့ ဒကာတွေက ထွေးခံလေး ယူလာတဲ့ အခါကျမှာ အဲဒီ ပန်းကန်စောက်ထဲက ရေတွေနဲ့ ထွေးခံထဲကို လောင်းပြီးတော့ လက်ဆေးရတယ်။ ဆွမ်းပန်းကန်တွေ ကပ်ပြီးပြီဆိုမှ အိမ်သူ အိမ်သားတွေက ဟင်းတွေ လိုက်ထည့်ပြီးကပ်တယ်။ ဟင်းကိုလည်း သံဃာလှူဖို့ သတ်သတ်ခွဲပြီးတော့ သံဃာတွေရှေ့မှာ တစ်ခါတည်း ပြင်ထားတယ်။ သံဃာရှေ့မှာထားပြီး အဲဒါကို လှူတာ။ အိုးတွေထဲက ဟင်းကို မကပ်ဘူး။ အားလုံး သံဃာတွေ ရှေ့မှာချပြီး ပိတ်အုပ်နဲ့ အုပ်ထားတယ်။

သီဟိုဠ်နိုင်ငံမှာ လှူတာတန်းတာတွေကို ဘယ်တော့မှ ဖွင့်မထားဘူး။ အုပ်ပြီးတော့ လှူလေ့ ရှိတယ်။ သူတို့ရဲ့ ဓလေ့ ထုံးတမ်းစဉ်လာက ဒီလိုလားမသိဘူး။ အာဟာရ ဆိုလည်း အုပ်ထားတယ်။ ဒီအတိုင်းဖွင့်ပြီး လှူတာ မဟုတ်ဘူး။ သင်္ကန်းလှူလှူ ဘာလှူလှူ အကုန်လုံး ပိတ်တစ်ခုခုနဲ့ ဖြစ်ဖြစ်၊ စက္ကူနဲ့ ဖြစ်ဖြစ် ထုပ်ထားတာပဲ။ ဘာလှူတယ်ဆိုတာ ဖွင့်ကြည့်မှ သိတယ်။ ဆွမ်းတို့ ဟင်းတို့လည်း အုပ်ထားတယ်။

ဘုန်းကြီးတွေကို ဆွမ်းပန်းကန် တစ်ချပ် စီကပ်ပြီး ဟင်းတစ်ခွက်စီကိုင်ပြီး လိုက်ပုံပေးတော့တာပဲ။ ပွဲနဲ့ ကပ်တာ မဟုတ်ဘူး။ ဘုန်းကြီးက မလိုချင်ရင် လက်ကာပေါ့။ သူတို့က ပန်းကန်ထဲ ဟင်းတွေ တစ်ဇွန်းစီ နှစ်ဇွန်းစီ အဲဒီလို ထည့်တာ။ သီဟိုဠ် ဟင်းကလည်း ငရုတ်သီးစပ်လိုက်တာ မပြောနဲ့တော့။ တြိကဋုတ် (၃)ပါး အကုန်ပါတယ်။ ချင်းလည်းပါတယ်၊ ပိတ်ချင်းလည်း ပါတယ်၊ ငရုတ်လည်းပါတယ်။

ဘုန်းကြီးတို့ သီဟိုဠ်နေတုန်းက ဘယ်တော့မှ ဆွမ်းတစ်ပွဲ ကုန်အောင် စားခဲ့တယ်ဆိုတာ မရှိဘူး။ တစ်ဝက်လောက်စားပြီးရင် စပ်တာနဲ့ ရှေ့ဆက်ပြီး မစားနိုင်တော့ဘူး။ အလွန် အစပ်များတယ်။ ကြည့်လိုက်ရင်တော့ ငရုတ်သီး တစ်တောင့်မှ မပါဘူး၊ ဒါပေမယ့် ဆွမ်းဟင်းတွေက တအားစပ်တာ။ ပန်းကန်ထဲလောင်းထည့် သွားတယ်ဆိုတော့ ရွေးစရာလည်း မရှိဘူး။ ဟင်းတိုင်း ဟင်းတိုင်းကလည်း အစပ်တွေနဲ့ချည်းပဲ။

စပ်ရုံတင်မကဘူး၊ ဆန်က ပြုတ်ဆန်ကို စားကြတာ။ (pre-boiled rice ) ပြုတ်ထားတဲ့ ဆန်ဆိုတော့ အဲဒီ ဆန်တွေက အနံ့မကောင်းဘူး၊ မွှေးမွှေးကြိုင်ကြိုင် မရှိဘူး။ အနံ့က တော်တော်နံတယ်။ သီဟိုဠ် ရောက်စက အဲဒီ အနံ့ကြောင့် တော်တော် ဒုက္ခ ရောက်တယ်။ နောက်ပြီး ဟင်းချက်ပြီဆိုရင် အုန်းဆီနဲ့ ချက်တာ၊ စားအုန်းဆီ မဟုတ်ဘူး၊ သဘာဝ အုန်းဆီ။ မြန်မာပြည်မှာ ငယ်ငယ်တုန်းက အုန်းဆီကို ခေါင်းလိမ်းတာ။ အဲဒီ အနံ့ကြီးက စွဲနေတာ။ ပြုတ်ဆန်ရဲ့ အနံ့ရယ်၊ အုန်းဆီရဲ့ အနံ့ရယ် ဒီနှစ်ခုကို အတော်နဲ့ မယဉ်နိုင်ဘူး။ ပြီးတော့ လျှာက ငရုတ်သီးစပ်တာရယ်၊ အဲဒီ ဒုက္ခ (၃)မျိုးရှိတယ်။

ဘုန်းကြီးတွေကို ဟင်းတွေ အကုန် လိုက်ပုံပေးပြီးတဲ့အခါ ဘုန်းပေးကြရတယ်။ တစ်ပါးပြီးရင် တစ်ပါးကို စောင့်နေရတယ်။ ကိုယ်အရင်ပြီးရင် ဒီပန်းကန်ပြားကို မချရဘူး။ အကုန်လုံး မပြီးသေးရင် စောင့်ပြီးတော့နေ။ ပန်းကန်ပြားကို ကိုယ့်လက်ထဲမှာပဲ ထားရတယ်။ ပြီးတဲ့အခါကျတော့ တစ်ပြိုင်နက် ပန်းကန်ပြားတွေကို အောက်ချရတယ်။ အဲဒီတော့မှ ပန်းကန်ပြားတွေကို လာပြီးသိမ်းတယ်။ လက်ဆေးဖို့ ရေတွေ ဘာတွေ လာပြီးတော့ကပ်တယ်။

ပြီးတဲ့အခါ ခုနက လက်ဆေးဖို့ ချထားတဲ့ အလယ်တည်ပန်းကန်ထဲမှာ အုန်းရည်တွေ လိုက်ထည့်တယ်။ အဲဒီ အုန်းရည် ချိုချိုလေး သောက်လိုက်ရတဲ့ အခါကျမှ ခုနက စပ်တာတွေ အကုန်ပျောက်သွားတယ်။ အုန်းရည်သောက်တာ သူတို့ အဖြေပေါ့။ ပြီးပြီဆိုတဲ့ အခါမှာ ဒိန်ချဉ်ကပ်တယ်။ လက်ဖက်ရည်ပွဲလေးတွေ ကပ်တယ်။ တစ်ပါးတစ်ခုစီ ကပ်တယ်။ သီဟိုဠ်မှာက အဲဒီလိုပဲ ကပ်တယ်။ ကပ်ပြီးတဲ့ အခါ အနုမောဒနာနဲ့ ရေစက်ချတရားဟောရတယ်။

သူတို့နိုင်ငံမှာ ဗုဒ္ဓပ္ပမုခ သံဃဒါနဖြစ်အောင် ဘုရားရဲ့ ဓါတ်တော်ကို ပင့်လာပြီးတော့ ဒီလို ကပ်လေ့ရှိတယ်။ တတ်နိုင်ရင် တတ်နိုင်သလိုပဲ၊ တစ်ချို့ကလည်း ပုံတောင်ခေါက်ပြီး (ပုံတီးပြီး)တော့ပင့်တယ်။ သီဟိုဠ်နိုင်ငံမှာ ဗုဒ္ဓဘာသာတွေက ဒီလို ဆောင်ရွက်ကြတယ်။ အိမ်မှာ ဘုရားစင် မရှိဘူး၊ ကျောင်းကနေ ပင့်တယ်။

သံဃိကဒါန ဆိုတာ ဒက္ခိဏဝိဘင်္ဂသုတ်အရ (၁) ဘုရား အပါအဝင် ဖြစ်တဲ့၊ ဘုရားခေါင်းဆောင်တဲ့၊ ဘုရားအမှူးရှိတဲ့ ဥဘတောသံဃာအား လှူဒါန်းခြင်းဟာ ပထမ သံဃိကဒါနပဲ။ (၂) မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားတဲ့အခါမှာ နှစ်ဖက်သံဃာကို ပင့်ပြီးတော့ လှူရင်လည်း သံဃိက ဒါနပဲ ဖြစ်တယ်။ နောက် (၃) ဘိက္ခုသံဃာ သက်သက်ကို လှူရင်လည်းပဲ သံဃိကဒါနပဲ။ နောက် (၄) ဘိက္ခုနီ သံဃာ သက်သက်ကို လှူရင်လည်းပဲ သံဃိက ဒါနပဲ။ နောက်တစ်ခု (၅) ဘိက္ခုသံဃာထဲမှာ ရွေးချယ်ပြီးတော့ ဘယ်နှစ်ပါးကြွပါ၊ ဘယ်နှစ်ပါး ပေးပါဆိုပြီး လှူရင်လည်းပဲ သံဃိက ဒါနပဲ ဖြစ်တယ်။ နောက် (၆) ဘိက္ခုနီ သံဃာထဲကနေပြီး ရွေးချယ်ပြီး လှူရင်လည်း သံဃိကဒါနပဲလို့ သံဃိကဒါန (၆)မျိုးကို ဒက္ခိဏ ဝိဘင်္ဂသုတ်မှာ ခွဲခြားပြီးဟောတယ်။

ပုဂ္ဂလိက ဒါနနဲ့ သံဃိကဒါန ဒီနှစ်ခုအနက် **ပုဂ္ဂလိက အလှူဟာ သံဃိက အလှူထက် အကျိုးကြီးတယ်လို့ ငါဘုရား ဘယ်နည်းနဲ့မှ မဟောဘူး**လို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။ သံဃိက အလှူက ပိုပြီး အကျိုးကြီးတယ်။ ဒါကြောင့် မိထွေးတော် ဂေါတမီကို သံဃာကိုလှူလိုက်ပါလို့ ပြောတာ။

## အသွင်သစ်နဲ့

နောက်ဆုံးမှာ မြတ်စွာဘုရားက ဖြည့်စွက်ပြီး ဟောလိုက်တဲ့ တရားတစ်ခုရှိတယ်။ နောင်ခေတ်ရောက်လာတဲ့ အခါမှာ ဂေါတြဘူဆိုတဲ့ ရဟန်းတွေ ပေါ်လာလိမ့်မယ်တဲ့။ ဂေါတြဘူ ဆိုတာ ရဟန်းတွေရဲ့ အနွယ်သဘောလောက်ပဲ ရှိပါတယ်။ (သို့မဟုတ်) စစ်မှန်တဲ့ အနွယ်တွေကို ဖျက်ဆီးပြီးတော့ နောက်ထပ် ပေါ်လာတဲ့ အနွယ်သစ်ပေါ့။

ထေရဝါဒရဟန်းနဲ့ မဟာယာနရဟန်းပဲ ယှဉ်ကြည့်လိုက်။ ထေရဝါဒ ရဟန်းကလည်း ခေါင်းတုံးရတယ်၊ ရှေးကဝတ်တဲ့ အဝတ်အတိုင်းဝတ်တယ်။ မဟာယာန ရဟန်းတွေလည်း ခေါင်းတုံးတယ်။ သို့သော် အဝတ်ကိုတော့ ပြင်လိုက်ပြီ။ အဝတ်အစားတွေက ဘောင်းဘီရှည်တွေနဲ့ အင်္ကျီရှည်ကြီးတွေ ဝတ်တယ်။ အဝတ်အစား

myanmar tea shop
www.mmteashop.com

မတူတော့ဘူး။ ထေရဝါဒရဟန်းတွေ ကျတော့ ပုခုံး တစ်ဖက်ဖော်၊ အင်မတန်ရှေးကျတဲ့ ရှေးကျတဲ့ ပုံစံ အတိုင်း အဝတ်ကြီး ပတ်ထားတယ်။ ဒီလိုပုံစံက ပြောင်းပြောင်းလာလိုက်တာ ဂေါတြဘူ ဆိုတဲ့ မူလ အနွယ်ကိုဖျက်၊ အနွယ်သစ် တည်ဆောက်ကြသူများလို့ ပြောလို့ရတယ်။ နောက်ဆုံး ဘယ်အဆင့်ထိ ရောက်တုန်းဆိုရင် **"ကာသာဝကဏ္ဍာ"** သင်္ကန်းရောင်လေးကို လည်ပင်းမှာ စည်းထားတာလေးပဲ ရှိတယ်၊ ကျန်တာ လူဝတ်နဲ့ အတူတူပဲ။

ဘုန်းကြီးတို့ သီရိလင်္ကာမှာ နေတုန်းက ဂျန်က ဒေါက်တာမိုရီဆိုတဲ့ ပါမောက္ခတစ်ယောက် Zin Buddhism (ဇင် ဗုဒ္ဓ ဘာသာ)ကို လာရောက်ပို့ချတယ်။ သူ့ကို ကြည့်လိုက်ရင် ဘောင်းဘီရှည်နဲ့ အင်္ကျီနဲ့ ဘိုကေနဲ့ Necktile (လည်စည်း) နဲ့လာတာ။ သူ့ကိုခေါ်တော့ Reverend (ဘုန်းကြီးရှေ့မှ တပ်ခေါ်သောအခေါ်) နဲ့ခေါ်တယ်။ မေးကြည့်လိုက်တော့ သူက ဂျပန်ဘုန်းကြီးတဲ့။ ဘုန်းကြီးလို့သာပြောတာ ဘုန်းကြီးအသွင် တစ်ခုမှ မရှိဘူး။ အဲဒီ ဇင်ဘုန်းကြီးက ခေါင်းလည်းမတုံးဘူး။ ဒါပေမယ့် သူက လူဝတ်ကြောင်မဟုတ်ဘူး၊ ဘုန်းကြီး။

တစ်ခါတုန်းက မြန်မာပြည်ကိုလာတဲ့ ဂျပန် ဘုန်းကြီး တစ်ပါးရှိတယ်။ သူကတော့ ခေါင်းတုံးတယ်။ ဒီပြင် အချိန်မှာ လူဝတ်လူစားနဲ့၊ ဘာသာရေးကိစ္စဆောင်ရွက်တော့မယ် ဆိုတော့မှ သူတို့ မဟာယာနဝတ်တဲ့ အဝတ်ကြီးကိုဝတ်ပြီး ဘာသာရေး ကိစ္စလုပ်တယ်။ ကြည့်ရင် လူဖြစ်လိုက် ဘုန်းကြီးဖြစ်လိုက်ပေါ့နော်။ အိမ်ထောင်လည်း ပြုထားတာပဲ။ သူ အိမ်ထောင်ပြုထားတာ မြန်မာအမျိုးသမီး တစ်ယောက်ပဲ။ သားကလေး တစ်ယောက်ရှိတယ်။ ဒီမှာ လာပြီးတော့ ကိုရင်တစ်ပါးကို ရဟန်း ခံပေးတယ်။ အဲဒီ ဂျပန်ဘုန်းကြီးက အမည်က နာဂရီတတဲ့။ ဂျပန်သွားတုန်းက သူနဲ့တွေ့တယ်။

ကိုယာဇန်ဆိုတဲ့ တောင်ပေါ်မှာ ဘုန်းကြီးကျောင်းတွေ အများကြီးရှိတယ်။ သူတို့ ဘာသာရေး ဆောင်ရွက်ချက်က ရဟန်း အဖြစ်နဲ့ နာရေး ကိစ္စတွေမှာ ရွတ်ဖတ်သရဇ္ဈာယ် ပေးတာ၊ ဆုတောင်းပေးတာ၊ ဒီအလုပ်တွေကို လုပ်တာ။ အဲဒီ ဂျပန်ဘုန်းကြီးတွေက အမျိုးမျိုးရှိတယ်။ တစ်ချို့က ဘုန်းကြီးအသွင် မရှိတော့ဘူး။ မြတ်စွာဘုရားက လွန်ခဲ့တဲ့ နှစ် ၂၅၀၀ တည်းက ကြိုတင်ပြီး အမိန့်ရှိခဲ့တာ အမှန်ပဲ။

"ဂေါတြဘုနော ကာသာဝကဏ္ဍာ" လည်ပင်းလေးမှာပဲ သင်္ကန်းရောင်လေး ပတ်ထားတယ် (သို့မဟုတ်) ဘာသာရေး အခမ်းအနားလေးရှိမှ သင်္ကန်းကို ခြုံလိုက်တယ်။ ဒီပြင် အချိန်မှာ လူပဲ။ ဒုသီလာ ပါပဓမ္မာ ကိုယ်ကျင့်တရားလည်း မရှိဘူးတဲ့။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေ နောက်တစ်ခေတ်မှာ ပေါ်လာလိမ့်မယ်တဲ့။ ဒီလိုပေါ်လာတဲ့ အခါမှာတောင် သံဃိကဒါန လှူချင်တယ် ဆိုရင် သံဃာကို ရည်စူးပြီးတော့ အဲဒီ ပုဂ္ဂိုလ်တွေကိုလှူရင် အကျိုးရပါတယ်တဲ့။

ရည်စူးတယ်ဆိုတာက သံဃာအစစ်ကို ရည်စူးတာ။ သူတို့ကို အာရုံပြုစရာ အနေနဲ့သာထားတာ။ သူတို့ရဲ့(lineage) အနွယ်အဆက်က သံဃာအစစ်။ အနွယ်အဆက်မှာ ဆိုပါစို့၊ လူဆိုရင် ဘိုးဘွားမိဘ တီတွတ် ကျွတ်ဆက်၊ ကျွတ်ဆက်ကနေ သူတို့မျိုးရိုးကို လှမ်းပြီးတော့ ဂုဏ်ပြုတာမျိုးလိုပေါ့။ **"အစဉ်အလာက သံဃာအစစ်ဖြစ်ခဲ့ပြီး နောက်ဆုံးမှာ အကျင့်သီလ မရှိတော့တဲ့ လည်ပင်းကို သင်္ကန်းစလေး ပတ်ထားရုံ၊ ဘုန်းကြီးမှန်း သိရုံလေးလောက်တင်ရှိတဲ့ ပုဂ္ဂိုလ်မျိုးတွေကို သံဃာအစစ်ကို ရည်စူးပြီး လှူရင်တောင်မှ အဲ့ဒီ သံဃိကဒါနဟာ အတိုင်းအတာမရှိ၊ အတိုင်းမဲ့ အကျိုးရှိတယ်**"လို့ မြတ်စွာဘုရားက ဒက္ခိဏဝိဘင်္ဂသုတ်မှာ ဟောထားတယ်။

အဲ့ဒီတော့ မြတ်စွာဘုရားက သံဃိကဒါနထက် ပုဂ္ဂလိကဒါနက သာတယ်လို့ ငါဘုရား မဟောနိုင်ဘူး။ ဒါကြောင့် မိထွေးတော် ဂေါတမီကို သံဃာကိုလှူပါတဲ့။ ဒါ မြတ်စွာဘုရားရဲ့ကရုဏာပဲ။ ကရုဏာထားပုံချင်း မတူဘူး။ မိထွေးတော် ဂေါတမီက သူ့ကို သနားသောအားဖြင့် သူ့အဝတ်ကို အလှူခံပါ။ ကိုယ်တိုင်ဝတ်ပါတဲ့။ ဘုရားက ကရုဏာထားတာက ငါဝတ်ရင် ငါတစ်ယောက်တည်းပဲဖြစ်မယ်။ သံဃာကို လှူလိုက်မယ်ဆိုရင် သံဃိကဒါန ဖြစ်ပြီး သူ့မှာ နှစ်ဖက်ကအကျိုးရမယ်။ ငါ့အပေါ်မှာ စေတနာထားလို့ရတာက အကျိုးတစ်ခု၊ သံဃာအပေါ်မှာ စေတနာထားလို့ရတာကတစ်ခု၊ ပိုပြီးတော့ အကျိုးရစေချင်တဲ့ မြတ်စွာဘုရားရဲ့ ကရုဏာဟာ ပိုပြီးကြီးမားတဲ့ကရုဏာ ဖြစ်တယ်နော်။

ကရုဏာဆိုတာ နှစ်မျိုးရှိတယ်။ တစ်ခါတုန်းက ဆရာတော်ဦးဖုမ်နဲ့ ပတ်သက်တဲ့ အကြောင်းတစ်ခု။ ဆရာတော်ဦးဖုမ်ရဲ့ မယ်တော်ကြီးက ဆင်းရဲတယ်။ ဆရာတော်ဦးဖုမ်က နန်းမတော်မယ်နုက လှူထားတဲ့ အုတ်ကျောင်းကြီးမှာနေတာ။ အောင်မြေဘုံစံ အုတ်ကျောင်းကြီးဆိုတာ အင်းဝဘက်မှာ အခုအချိန်ထိ ရှိတယ်။ အဲ့ဒီ အုတ်ကျောင်းကြီးမှာ ကျောင်းထိုင်နေတဲ့ ဆရာတော်ဦးဖုမ်ထံ သူ့မယ်တော်ကြီးက တစ်နေ့တော့ ရောက်လာတယ်။ မယ်တော်ကြီးက ဆင်းရဲလွန်းလို့ သူ့ကို ထောက်ပံ့ဖို့ လာလျှောက်တာ။ တဘက်အနွမ်းလေးတစ်ခု သူ့ပခုံးပေါ် တင်ပြီးလာတယ်။ ဝတ်ချပြီး "အရှင်ဘုရား တပည့်တော်မ ဆင်းရဲလွန်းလို့ တစ်ခုခုချီးမြှင့်ပါ"လို့ တောင်းတာ။ ဆရာတော်ဦးဖုမ်က ဘာပြောတုန်းဆိုရင် "အဲ့ဒီတဘက်ကလေးကို လှူခဲ့"ဆိုပြီး တဘက်ကို အလှူခံလိုက်သေးတယ်။ ဘာမှ မပေးလိုက်တဲ့အပြင် အဲ့ဒီ ပခုံးပေါ်မှာ တင်ထားတဲ့ တဘက်အနွမ်းလေးကို အလှူခံလိုက်တယ်။

ဆရာတော်ဦးဖုမ်က ဘာဖြစ်လို့ ဒီလိုလုပ်ရတာတုန်း ဆိုရင် သူတစ်ခုခု ပေးလိုက်လို့ရှိရင် ဒကာမကြီးမှာ ကုသိုလ်မရဘူး။ သူ့ရဲ့ တဘက်အနွမ်းလေး လှူလိုက်လို့ရှိရင် ကုသိုလ်ရတယ်။ သံသရာထိအောင် ဒါနကုသိုလ်အကျိုး သူခံစားရမယ်။ ပစ္စည်းပေးလိုက်တာက ဒီဘဝ ဒီပစ္စည်းလေး မပျက်ခင်ထိပဲ သူရမှာ။ ခုနက တဘက်ကလေးကို လှူလိုက်ရတဲ့ ကုသိုလ်ကြောင့် ဘဝပေါင်းများစွာ အကျိုးရမယ်။ အဲ့ဒီလို ကရုဏာထားပုံချင်း မတူဘူး။

သာမန်ကြည့်မယ်ဆိုရင် မယ်တော်ကြီး ဒီလောက်ဆင်းရဲတာ အဝတ်ကောင်းလေး ရှာပြီးတော့ ပေးလိုက်ရောပေါ့လို့ အောက်မေ့မယ်။ သို့သော် ဆရာတော်ဦးဖုမ်က ဒီဘဝတင် မကြည့်ဘူး။ သံသရာကိုကြည့်တယ်။ ဒါကြောင့် သူ့ပခုံးပေါ်ပါတဲ့ တဘက်အနွမ်းကလေးကို အလှူခံလိုက်တာတဲ့။ အဲ့ဒီလို ကြားဖူးတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မိထွေးတော် ဂေါတမီ သူ့အတွက် ရည်စူးပြီးတော့ ရက်လုပ်ထားတဲ့ သင်္ကန်းကို လက်မခံဘဲနဲ့ သံဃာကိုလှူရင် ငါ့ကိုလည်း လှူပြီးသား ဖြစ်တယ်။ သံဃာကိုလည်း လှူပြီးသားဖြစ်တယ်။ ဒါကြောင့် "သံဃာကို လှူလိုက်ပါ"လို့ မိန့်တယ်။ ဘာဖြစ်လို့တုန်းဆိုရင် ဘုရားကိုလှူတဲ့ အလှူဒါနနဲ့ သံဃာကိုလှူတဲ့ အလှူဒါနကိုယှဉ်ရင် ဘုရားကိုလှူတာက ပုဂ္ဂလိကဒါန၊ သံဃာကိုလှူတာကတော့ သံဃိကဒါန။ အဲ့ဒါကြောင့် အကျိုးပေးတာချင်း၊ အကျိုးရတာချင်း မတူဘူးတဲ့။

## အလှူလေးမျိုး

နောင်တစ်ခါ မြတ်စွာဘုရားက အလှူရှင်တွေ စဉ်းစားဖို့ အလှူခံပုဂ္ဂိုလ်တွေ စဉ်းစားဖို့ "အလှူလေးမျိုး" ခွဲပြတယ်။ အဲ့ဒီလေးမျိုး ခွဲပြတဲ့အထဲမယ် အလှူတစ်ခု (သို့) ဒါနကောင်းမှုတစ်ခုရဲ့ အကျိုးပေးမှု မပေးမှုဆိုတာ ပုဂ္ဂိုလ်နှစ်ဦးပေါ်မှာ မူတည်တဲ့။ အလှူရှင်ပေါ်မှာလည်း တည်တယ်။ အလှူခံပုဂ္ဂိုလ်ပေါ်မှာလည်း တည်တယ်။ ဒါကို သတိထားရမှာနော်။

အလှူရှင်ကိုယ်တိုင် အပေါ်မှာလည်း တည်တယ်၊ အလှူခံပုဂ္ဂိုလ်ပေါ်မှာလည်း တည်တယ်။

အဲ့ဒီမှာ အကျိုးမရနိုင်တာနဲ့ အကျိုးပေးနဲ့တာကို ပြောရမယ်ဆိုရင် (၁)အလှူလှူသူ ကိုယ်တိုင်ကလည်း ကိုယ်ကျင့်သီလမရှိဘူး၊ အလှူခံပုဂ္ဂိုလ်ကလည်း ကိုယ်ကျင့်သီလ မရှိဘူးဆိုရင် ဒီအလှူဒါနဟာ ဘတ်စုံက မကောင်းတဲ့ ဒါနဖြစ်ပြီး အလွန်ညံ့တယ်၊ အကျိုးနည်းတယ်။ မရဘူးလို့တော့ မဟောဘူးနော်။ ဘာဖြစ်လို့တုန်း



http://mmteashop.com

ဆိုရင် condition(အခြေအနေ) တွေ မကောင်းလို့၊ အလှူခံတဲ့ပုဂ္ဂိုလ်ရဲ့ အခြေအနေကလည်း မကောင်း၊ အလှူလှူတဲ့ ပုဂ္ဂိုလ် အလှူ့ရှင်ကိုယ်တိုင်ရဲ့ အခြေအနေကလည်း မကောင်းဘူး။ နှစ်ဖက်စလုံး မကောင်းတဲ့အတွက် သူ့အလှူဟာ ကောင်းတဲ့ အကျိုးကျေးဇူးတွေကို ပေးနိုင်လောင်အောင် စင်ကြယ်မှာ မဟုတ်ဘူး။ မစင်ကြယ်နိုင်ဘူး။ မစင်ကြယ်ဘူးဆိုတာ ကောင်းကျိုး ချမ်းသာတွေ အများကြီးမရနိုင်ဘူးလို့ ပြောတာ။ ဒါက အညံ့ဆုံးဒါန ဖြစ်သွားပြီ။

(၂)နောင်ပြီးတော့ကြည့်လိုက်၊ အလှူဒါယကာက သီလရှိတယ်၊ အလှူခံပုဂ္ဂိုလ်က သီလ မရှိဘူး။ (၃)တစ်ခါ အလှူခံဘက်က သီလရှိတယ်၊ အလှူဒါယကာဘက်က သီလမရှိဘူး။ (၄)နောင်ဆုံးတစ်ခုက အလှူဒါယကာကလည်း ကိုယ်ကျင့်သီလရှိတယ်၊ အလှူခံပုဂ္ဂိုလ် ကလည်း ကိုယ်ကျင့်သီလရှိတယ်။ ဒီလို ထပ်ခွဲ လိုက်တဲ့ အခါကြတော့ အဲ့ဒီမှာ (၂)အလှူရှင်ဘက်က သီလရှိတယ်၊ အလှူခံဘက်က သီလမရှိဘူးဆိုရင် အလှူရှင်အကျိုးတရား ပြည့်ပြည့်ဝဝရတယ်။ အလှူခံကြောင့် မဟုတ်ဘူး။ အလှူရှင်ကြောင့် အကျိုးကျေးဇူး များများရတယ်။

နောင်တစ်ခု (၃)အလှူခံပုဂ္ဂိုလ်က သီလရှိတယ်၊ အလှူရှင်က သီလမရှိဘူး၊ အလှူခံပုဂ္ဂို လ်ကို အကြောင်းပြုပြီး အကျိုးကျေးဇူးရတယ်။ နောင်ဆုံးတစ်ခုကျတော့ (၄)အလှူဒါယကာကလည်း သီလရှိတယ်၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလရှိတယ်ဆိုတော့ နှစ်မျိုးလုံးကြောင့် အကျိုးကျေးဇူးတွေ မြောက်များစွာရနိုင်တယ်။ ဒီလိုပဲ ခွဲခြား မှတ်သားထားရမှာပေါ့။

မြတ်စွာဘုရားအလောင်း ဝေဿန္တရာမင်း လက်ထက်တုန်းက ဇူဇကာပုဏ္ဏားကြီးကို သားတော်နဲ့ သမီးတော်တွေ လှူလိုက်တုန်းက ဇူဇကာပုဏ္ဏားဟာ ဘယ်သီလရှိတဲ့ ပုဂ္ဂိုလ် ဟုတ်မှာလဲ၊ မိန်းမကြောက်လို့ ကလေးတွေကို အဝေးကြီးက လာပြီးတော့တောင်းတာ၊ သီလ လုံးဝမရှိဘူး။ အဲ့ဒီ သီလမရှိတဲ့ ပုဏ္ဏားကို မြတ်စွာဘုရားလောင်းက သားတော် သမီးတော်တွေကို ရက်ရက်ရောရော လှူလိုက်တယ်။ အဲ့ဒီ အလှူဒါနဟာ ဇူဇကာဆိုတဲ့ အလှူခံပုဂ္ဂိုလ်ကြောင့် အကျိုးကြီးတာ မဟုတ်ဘူး။ ဝေဿန္တရာမင်းဆိုတဲ့ ကိုယ်ကျင့် တရားကောင်းတဲ့ ဘုရားအလောင်းဘက်က အကျိုးကျေးဇူးဟာ အများကြီးရတာ။

အများကြီးရရုံတင် မဟုတ်ဘူး၊ သူ့ရဲ့စေတနာစွမ်းအားကြောင့် သားသမီးတွေ လှူလိုက်တဲ့အခါ မြေလျှင်တောင် တုန်ဟည်းသွားတယ်လို့ပြောတယ်။

လှူတဲ့အခါမှာ အလှူခံပုဂ္ဂိုလ်က ပိုပြီးတော့ အရေးကြီးသလား၊ အလှူဒါယကာကပိုပြီးတော့ အရေးကြီးသလားဆိုတော့ **နှစ်ဖက်စလုံး အရေးကြီးတယ်လို့တော့ ပြောရမယ်။ သို့သော် တကယ် ပြင်ရဆင်ရမှာက လှူတဲ့ပုဂ္ဂိုလ်က ပိုပြီးတော့ ပြင်ရဆင်ရမယ်။** အလှူခံပုဂ္ဂိုလ်ဆိုတာ ကိုယ်သိနိုင်တာ မဟုတ်ဘူး။ ကိုယ်ကျင့်သီလရှိသလား မရှိဘူးလား မသိနိုင်ဘူး။ မြတ်စွာဘုရားဟောထားတာ လောကမှာ "အပေါ်ယံ ရွှေမှုန်ကြဲ၊ အထဲက နောင်ချေးခံ"ဆိုတာလို **ကိုယ်ကျင့်တရား မရှိပေမယ့် ကိုယ်ကျင့်တရား ရှိတဲ့ အသွင်သဏ္ဍာန် ပေါ်နေတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်၊ ဒါကြောင့် အလှူခံပုဂ္ဂိုလ် သီလရှိမရှိ မသိနိုင်ဘူး။**

ဒါယကာ တစ်ယောက်က မြတ်စွာဘုရားကို လာပြီးတော့ ဖူးစဉ် မြတ်စွာဘုရားက မေးတယ် ဒါနကောင်းမှုတွေ ပြုသလားဆိုတော့ ပြုပါတယ်၊ တပည့်တော်ရဲ့ အလှူကိုကြွတဲ့ ပုဂ္ဂိုလ်တွေဟာ အကုန်လုံး ရဟန္တာတွေချည်းပဲ ဘုရား၊ တပည့်တော်က ရဟန္တာတွေမှ ရွေးလှူတာလို့ပြောတယ်။ အဲဒီတော့ မြတ်စွာဘုရားက သတိပေးတယ်။ ဒါယကာ၊ သင်လိုလူတစ်ယောက် အနေနဲ့ ဒီပုဂ္ဂိုလ်ဟာ ရဟန္တလား၊ ဒီပုဂ္ဂိုလ်ဟာ ရဟန္တာ မဟုတ်ဘူးလား ဆိုတော့ မသိနိုင်ဘူးတဲ့။ သံဃာကိုသာ ရည်စူးပြီး တော့ လှူပါလို့ မြတ်စွာဘုရားက ဆုံးမဖူးတယ်။ ရဟန္တာပုဂ္ဂိုလ်ဆိုပြီး ရွေးလှူတာမျိုး မလုပ်ပါနဲ့တဲ့။ သံဃာကိုသာ ရည်စူးပြီးတော့ လှူပါတဲ့။

## ဘက်စုံကောင်းလျှင် အတိုင်းအတာမဲ့အကျိုးရ

မြတ်စွာဘုရားက **ဒက္ခိဏဝိဘင်္ဂသုတ်** မှာလှူတဲ့ ပုဂ္ဂိုလ်ကလည်း ရဟန္တာ ဝီတရာဂ (ရာဂကင်းကွာတဲ့ ပုဂ္ဂိုလ်)၊ အလှူခံ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်နှစ်ဦးရဲ့ အလှူကျတော့ အကျိုးကျေးဇူးဟာ ဘက်စုံကောင်းနေသည့် အတွက် အတိုင်းအဆမဲ့ အကျိုးကျေးဇူးကို ရနိုင်တယ်တဲ့။ ဒီနေရာမှာလည်း အဋ္ဌကထာက ထပ်ပြီးတော့ စကားလေးတစ်ခု ဖြည့်စွက်ထားတာ ရှိသေးတယ်။ သတိထားစရာလေး တစ်ခုပေါ့။

ဆိုပါစို့၊ လှူတဲ့သူရော အလှူခံသူရော နှစ်ဦးစလုံးက အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ တစ်ဦးက မြတ်တယ်၊ နောက်တစ်ဦးကလည်း မြတ်တယ်။ ဥပမာ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကိုလှူမယ်၊ ဘုရားက အလှူဒါယကာ ဘက်က နေတယ်၊ ရှင်သာရိပုတ္တရာက အလှူခံ ဘက်က နေတယ်။ အဲဒီ အလှူက တစ်ခု။ တစ်ဖန် ရှင်သာရိပုတ္တရာက အလှူဒါယကာ ဘက်ကနေပြီး ဘုရားက အလှူခံ ဘက်ကနေမယ်။ အင်မတန်မှ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ ဘယ်သူ့အလှူက ပိုပြီးတော့ အကျိုး ကြီးနိုင်မလဲ။ ရှင်သာရိပုတ္တရာရဲ့ အလှူက ပိုအကျိုးကြီးသလား၊ မြတ်စွာဘုရားရှင်ရဲ့ အလှူက ပိုအကျိုးကြီးသလား။

ဒီလို မေးခွန်းထုတ်တဲ့အခါ မြတ်စွာဘုရားရဲ့ အလှူက ပိုအကျိုးကြီးပါတယ်။ မြတ်စွာဘုရားက အလှူခံဘက်က မနေဘဲနဲ့ အလှူဒါယကာ ဘက်ကနေပြီးတော့ လှူတဲ့ အလှူက ပိုအကျိုးကြီးတယ်တဲ့။ ဒီစကားအရ အလှူပေးတဲ့ ပုဂ္ဂိုလ်နဲ့ အလှူခံ ပုဂ္ဂိုလ် ဘယ်သူ အရေးပါလဲ ဆိုတာကို သိရမယ်။ မြတ်စွာဘုရားက လှူမယ်ဆိုရင် အလှူခံပုဂ္ဂိုလ်က မြင့်မြတ်တယ်။ သို့သော် ရှင်သာရိပုတ္တရာကို လှူတဲ့ ဒါနထက် မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို လှူတဲ့ ဒါနဆိုရင် အလှူခံ ပုဂ္ဂိုလ်က ညံ့တယ်၊ အလှူပေးပုဂ္ဂိုလ် ကသာတယ်၊ သာတော့ မြတ်စွာဘုရားရဲ့ အလှူဒါနက ရှင်သာရိပုတ္တရာရဲ့ အလှူဒါနထက် ပိုပြီးတော့ မြတ်တယ်တဲ့။ ဘာဖြစ်လို့မြတ်လဲ ဆိုတော့ အလှူခံ ပုဂ္ဂိုလ်က မြတ်လို့ မဟုတ်ဘူး၊ အလှူပေးပုဂ္ဂိုလ်က အရည်အချင်း ကောင်းလို့ပေါ့။

အဲဒါ ပိုပြီးတော့ သဘာဝကျတယ်။ ဘာဖြစ်လို့တုန်းဆိုရင် အကျိုးပေးမယ့် စေတနာက ဘယ်သူ့ သန္တာန်မှာ ဖြစ်တာတုန်းလို့ တွက်ကြည့်ပေါ့။ အကျိုးပေးတဲ့ စေတနာဟာ အလှူခံပုဂ္ဂိုလ်ရဲ့ သန္တာန်မှာဖြစ်တာ မဟုတ်ဘူး၊ အလှူရှင်ရဲ့ သန္တာန်မှာဖြစ်တာ။ ဒါကြောင့် **အလှူရှင်က ပြင်ပြင်ဆင်ဆင်နဲ့ လှူတတ်တယ်၊ စေတနာ ကောင်းတတ်တယ် ဆိုရင် အလှူရှင်ဘက်က ပိုပြီးတော့ ကောင်းဖို့ အရေးကြီးတယ်**လို့ ဒီစကားကို မှတ်သားရပါတယ်။

ဒါကြောင့် **ဒက္ခိဏဝိဘင်္ဂသုတ်** အနှစ်ချုပ်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဟောကြားထားတာ **ပုဂ္ဂလိက ဒါနနဲ့ သံဃိကဒါန**ကို ခွဲခြားသိရှိပြီး လှူသူနဲ့ အလှူခံသူ ဒီပုဂ္ဂိုလ်နှစ်ဦးဟာ ကိုယ်ကျင့် သီလတွေ ပြည့်စုံပြီဆိုရင် လှူတဲ့ အလှူဒါနနဟာ အလွန်တရာ အကျိုးကျေးဇူး များပါတယ်တဲ့။

ဒီကနေ့ ဝါဆို သင်္ကန်း ကပ်ကြရာမှာ သံဃာတော်တွေထဲက ငါးပါးပင့်တယ်ဆိုတာ သံဃာတွေထဲကနေ ရွေးထုတ်ပြီးတော့ လှူလိုက်တာဖြစ်သည့် အတွက်ကြောင့် **သံဃိကဒါန**မျိုးပဲ ဖြစ်တယ်။ ဒီ **သံဃိကဒါန** ဝါဆို သင်္ကန်းအလှူကို လှူတန်းကြရသဖြင့် တို့တစ်တွေဟာ မြတ်စွာဘုရား ဟောကြားထားတဲ့ **ဒက္ခိဏဝိဘင်္ဂသုတ်**နှင့် အညီ အတိုင်းအတာမဲ့ အကျိုးကျေးဇူးတွေကို ရကြမှာပါ။ ဒါကြောင့် ကုသိုလ် တရားများကို တို့တတွေ ဆက်ပွားပြီးတော့ ကြိုးစားအားထုတ် ကြရမယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကြိုးစားအားထုတ် နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

http://mmteashop.com

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၃)ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသာရေးဝန်ကြီးဌာန၊ ဇမ္ဗူ့သီရိဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနား၌ အနန္တငါးပါး ဦးထပ်တားလျက် မိဘဘိုးဘွားများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု (ကိုကျော်သင်း ဆေးဆိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး)၏ အမတဒါန၊ ဓမ္မဒါန အဖြစ် ပေါ်ကြား အပ်သော "**အနတ္တလက္ခဏသုတ် အနှစ်ချုပ်**" တရားဒေသနာတော်။

http://mmteashop.com

## အနတ္တလက္ခဏသုတ် အနှစ်ချုပ်

ဗုဒ္ဓမြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ဟာ "**သစ္စဒေသနာ**" ဓမ္မစကြာတရား ဟောကြားပြီးတဲ့နောက်မှာ ဗာရာဏသီမြို့အနီး ဘေးမဲ့ ပေးထားတဲ့ **ဣသိပတန** တောမှာ ပဉ္စဝဂ္ဂီတို့နှင့် အတူတကွ ဆက်လက် သီတင်းသုံးတော်မူတယ်။ "**သစ္စဒေသနာ**" ကို ဝါဆိုလပြည့်နေ့မှာ ဟောကြားပြီး ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှာ ထို "**သစ္စဒေသနာ**" ကိုပဲ ဆက်လက် ရှင်းလင်း ဟောကြားခြင်းဖြင့် သစ္စာလေးပါးတရားကို ပဉ္စဝဂ္ဂီ ငါးပါးထဲမှာပါတဲ့ ဒုတိယ ရဟန်းတော် "**ရှင်ဝပ္ပ**" သောတပန် ဖြစ်သွားတယ်။ ဆက်ပြီး မြတ်စွာဘုရားက နည်းလမ်းညွှန်ပြ ဆုံးမဟောကြားတဲ့အခါမှာ လပြည့်ကျော် (၂) ရက်နေ့မှာ "**ရှင်ဘဒ္ဒိယ**"၊ လပြည့်ကျော် (၃) ရက်နေ့မှာ "**ရှင်မဟာနာမ**" ၊ လပြည့်ကျော် (၄) ရက်နေ့မှာ "**ရှင်အဿဇိ**" တို့အသီးသီး သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကိုရပြီး သောတာပန် ဖြစ်သွားကြတယ်။

သူတို့ရဲ့ သဒ္ဓါတရားတွေ ခိုင်မာသွားပြီး။ သစ္စာလေးပါးနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိသွားကြပြီ။ သံသယ ဆိုတာ လုံးဝ မရှိကြတော့ဘူး။ မှားယွင်းတဲ့ အယူအဆဆိုတာလည်း လုံးဝမရှိကြတော့ဘူး။ အမြင်မှန်ပြီးတော့ သံသယ ကင်းသွားကြပြီလို့ ဒီလိုပြောတာဖြစ်တယ်။ အမြင်မှန်ပြီး သံသယ ကင်းသွားကြတဲ့ **ပဉ္စဝဂ္ဂီ** ငါးဦးကို သူတို့ သန္တာန်မှာ ကျန်နေသေးတဲ့ ကိလေသာတွေ ကုန်အောင် မြတ်စွာဘုရားက ဝါဆိုလပြည့်ကျော် (၅) ရက်နေ့မှာ ဟောဒီ "**အနတ္တလက္ခဏသုတ်**" ကိုဆက်ပြီး ဟောကြားတာ ဖြစ်ပါတယ်။

"**အနတ္တလက္ခဏသုတ်**"ကို ဟောတာဟာ ခန္ဓာငါးပါးနဲ့ ပတ်သတ်ပြီး အတ္တယူစွဲမှု "**အတ္တဒိဋ္ဌိ**" ပဉ္စဝဂ္ဂီတွေမှာ ရှိနေ သေးလို့လားလို့ တစ်ချို့က ဒီလိုမေးခွန်း ထုတ်ကြတယ်။ ပဉ္စဝဂ္ဂီတွေဟာ "**သက္ကာယဒိဋ္ဌိ**" လို့ဆိုတဲ့ **အတ္တဒိဋ္ဌိ** ကင်းသွားပြီ၊ သောတပန်ဖြစ်ပြီ။ **အတ္တဒိဋ္ဌိ** ကင်းကွာသွားတဲ့ ပုဂ္ဂိုလ်တွေကို **အနတ္တလက္ခဏသုတ်** ထပ်ဟောဖို့ လိုသေးသလားလို့ မေးစရာဖြစ်လာတယ်။

ဒီမေးခွန်းနဲ့ ပတ်သတ်ပြီး မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားဖြေရှင်းထားတာကတော့ "**ဒိဋ္ဌိ**ကိုတော့ အကြွင်းမဲ့ ပယ်လိုက်တာမှန်တယ်၊ သို့သော် "**အသ္မိမာန**" လို့ဆို တဲ့ မာနတရား ကျန်နေသေးတယ်။ အဲဒီမာနတရား ပျောက်ကင်းစိမ့်သောငှာ **အနတ္တလက္ခဏသုတ်**ကို ဆက်ဟောတယ်" လို့ ဒီလို ဖြေထားတယ်နော်။

နောက်တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် "**အနတ္တလက္ခဏ**" လို့ ပြောပေမယ့်လို့ အနတ္တအကြောင်း တစ်ခုထဲကို ဟောတာမဟုတ်ဘူး။ မြတ်စွာဘုရား **အနိစ္စ၊ ဒုက္ခ၊ အနတ္တ** ဝိပဿနာဉာဏ်ကို တိုးမြှင့်ပေးတဲ့အနေနဲ့ ဟောကြားပေးတာ ဖြစ်တယ်။ ဝိပဿနာဉာဏ် မပါဘဲနဲ့ ဘယ်မဂ် ဘယ်ဖိုလ်မှ မရနိုင်ပါဘူး။ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ရတုန်းကလည်း ဝိပဿနာဉာဏ်နဲ့ပဲ ရသွားတယ်။ အဲဒီ ဝိပဿနာဉာဏ်ရဲ့ အတိုင်းအတာသည် သကဒါဂါမိမဂ် အနာဂါမိမဂ်ဖိုလ်ကို ရစေနိုင်တဲ့ ဝိပဿနာဉာဏ်ရဲ့ အတိုင်းအတာလောက် အဆင့်မမြင့်သေးဘူးလို့ ဒီလိုပြောတာ ဖြစ်တယ်။

လက္ခဏာလဲဆိုရင် ရုပ်နာမ်ခန္ဓာတို့ရဲ့ လက္ခဏာပဲဖြစ်တယ်။ ဒုက္ခဆိုတာဟာလည်း ရုပ်နာမ်ခန္ဓတို့ရဲ့ လက္ခဏာပဲ။ အနတ္တဆိုတာလည်း ရုပ်နာမ်ခန္ဓာတို့ရဲ့ လက္ခဏာပဲ ဖြစ်တယ်။ လက္ခဏာ ရှုထောင့်ကနေပြီး သဘာဝတရားကို ရှုမြင်သုံးသပ် ကြရတယ်။ အဲဒီတော့ သဘာဝတရားကို ရှုတယ်ဆိုတာ လက္ခဏာရှုထောင့်ကနေ ရှုတာပါ။

ဒီနေရာမှာ လက္ခဏာ(၂) မျိုးရှိတယ်တယ်ဆိုတာ မှတ်ရမယ်။ နံပါတ်တစ်က "**သဘာဝလက္ခဏာ**" လို့ခေါ်တယ်။ တရားဓမ္မတွေမှာ အသီးသီး ကိုယ်ပိုင် လက္ခဏာလေးတွေရှိ။ Individual characteristic လို့ခေါ်တယ်။ ဥပမာ မာတဲ့သဘော၊ ပျော့တဲ့သဘောဟာ ပထဝီဓာတ်ရဲ့ ကိုယ်ပိုင်အမှတ်အသား ဖြစ်တယ်။ အာပေါတို့ တေဇောတို့ ဝါယောတို့နဲ့ မတူဘူး။ အာပေါက ယိုစီးတယ်၊ ဖွဲ့စည်းတယ်ဆိုတဲ့ အမှတ်အသား လက္ခဏာရှိတယ်။ တေဇောက ပူမှု အေးမှု ရင့်ကျက်စေမှုဆိုတဲ့ သဘာဝ လက္ခဏာ ရှိတယ်။ အဲဒီလို ကိုယ်ပိုင်အမှတ်အသား လက္ခဏာလေးတွေကို "**သဘာဝလက္ခဏာ**" လို့ခေါ်တာ ဖြစ်တယ်။ တရားကိုတွေ့တယ်ဆိုတာ ဒီသဘာဝလက္ခဏာကို တွေ့တာ။

ဝိပဿနာဉာဏ် ဖြစ်လာပြီဆိုတဲ့အခါ အဲဒီ သဘာဝလက္ခဏာကိုကျော်ပြီး တစ်ဆင့်တက်ပြီး ဘာမြင်တုန်းဆိုရင် "**သာမညလက္ခဏာ**" ကိုမြင်တယ်။ "**သာမညလက္ခဏ**" Universal characteristic လို့ ခေါ်တယ်။ အများဆိုင် ဖြစ်တယ်။ ဆိုပါစို့ အနိစ္စ ဆိုတာ ပထဝီနဲ့လည်းဆိုင်တယ်၊ တေဇောနဲ့လည်း ဆိုင်တယ်၊ အာပေါနဲ့လည်း ဆိုင်တယ်၊ ဝါယောနဲ့လည်း ဆိုင်တယ်၊ ကျန်တဲ့ နာမ်တရားတွေနဲ့လည်း ဆိုင်တယ်။ ဒုက္ခဆိုတာလည်းပဲ သဘာဝတရား အားလုံးနဲ့ ဆိုင်တယ်။ အနတ္တ ဆိုတာလည်းပဲ သဘာဝတရားအားလုံးနဲ့ ဆိုင်တယ်။ အဲဒါကြောင့်မို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟာ **သာမညလက္ခဏာ**။ အားလုံးဆိုင်တဲ့ အမှတ်အသားလို့ ဒီလိုပြောလို့တာပေ့ါ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ခေါ်တဲ့ ဒီသာမညလက္ခဏာကို ရှုမြင်ပြီဆိုတဲ့အခါကျမှာ ဝိပဿနာဉာဏ်ဟာ သဘာဝလက္ခဏာကနေ သာမညလက္ခဏာကို တက်ရောက်ပြီလို့ ပြောတာဖြစ်တယ်။ **ဝိသုဒ္ဓိမဂ်**မှာ ဘယ်လိုပြထားလဲဆိုရင် ပထမမှာ ဝိပဿနာ လုပ်ငန်းကို စပြီး အားထုတ်တဲ့အခါမှာ "**ပစ္စတ္တလက္ခဏ**" အသီးသီးသော ကိုယ်ပိုင် လက္ခဏာတွေကို ရှုမြင်ရတယ်။ အဲဒါက ရုပ်ကိုတွေ့တာ၊ နာမ်ကိုတွေ့တာ။ ရုပ်နာမ်ကို တွေ့တဲ့အချိန်မှာ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမပိုင်တဲ့ အနတ္တ သဘောတွေကို မတွေ့သေးဘူး။

ပထမ စစချင်းတွေ့တာက "**ပစ္စတ္တလက္ခဏ**" အသီးသီးကိုယ်ပိုင် သဘာဝ လက္ခဏာကိုသာတွေ့တာ ဖြစ်တယ်။ ပြီးတဲ့ အခါမှာ **သာမညလက္ခဏာ**တက်ကို ကူးပြောင်း သွားတာလို့ ဒီလို ပြောတာပေ့ါ။ ပြောင်းသွားတယ်ဆိုတာ အသိဉာဏ် ရောက်သွားတာ။ **သဘာဝလက္ခဏာ**ကို ကျော်ဖြတ်ပြီး **သာမညလက္ခဏာ** ထိအောင် အသိဉာဏ် ရောက်ရှိသွားတယ်။ အဲဒီ ကျတော့မှာ ယောဂီဟာ ဝိပဿနာလမ်းကြောင်းပေါ် ပြည့်ပြည့်ဝဝ ရောက်ရှိ သွားတယ်လို့ ဒီလို ဆိုလိုတာ ဖြစ်တယ်။

http://mmteashop.com

ဉာဏ်စဉ်နဲ့ ပြောမယ်ဆိုရင် **နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်** ဆိုတဲ့ ဒီဉာဏ်နှစ်ခုအဆင့်မှာ သဘာဝလက္ခဏာကိုသာ သိတယ်၊ သာမညလက္ခဏာကို မသိသေးဘူး။ ရုပ်နဲ့ နာမ်ကို သဘာဝ ရှုထောင့်ကပဲ မြင်သေးတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြင်သေးဘူး။ သဘာဝရှုထောင့်က ရုပ်၊ နာမ်၊ ဓမ္မတွေရဲ့အကြောင်းကိုပဲ သိသေးတယ်။ မမြဲတဲ့ သဘော၊ ဆင်းရဲတဲ့ သဘော၊ အစိုးမပိုင်တဲ့ သဘောတွေကို မမြင်သေးဘူး။

**သမ္မသနဉာဏ်** ရောက်တဲ့ အခါကျမှ မမြဲတဲ့ သဘောကို သုံးသပ်မိလာတယ်။ ဆင်းရဲတဲ့ သဘောကို သုံးသပ်မိလာတယ်။ အစိုးပိုင်တဲ့ သဘောကို သုံးသပ်မိလာတယ်။ သမ္မသနဉာဏ်က ထပ်တလဲလဲ သုံးသပ်ပေးလိုက်တဲ့အခါ ဥဒယဗ္ဗယဉာဏ်ကို ရတယ်။ အဲဒီအခါမှာ ပိုပြီးတော့ ပြတ်ပြတ်သားသား အဖြစ် အပျက် မြင်လာတယ်။ ဉာဏ်စဉ်က အဲဒီလို တက်သွားတာ။ အဖြစ်အပျက် မြင်လာတယ်၊ အဲဒါကြောင့် "**လက္ခဏာရမ္မဏိက ဝိပဿနာ**" ခေါ် သဘာဝတရားတွေကို အမှတ်အသား လက္ခဏာ ရှုထောင့်က မြင်တဲ့ အသိဉာဏ်တစ်မျိုးကို ဝိပဿနာလို့ ခေါ်တာပေါ့။

အဲဒီမှာ သောတာပန်ဖြစ်စေတဲ့ ဝိပဿနာကို ကျင့်ကြံအားထုတ်လို့ ပထမအဆင့်အနေနဲ့ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကို ဆိုက်ရောက်တယ်။ အဲဒီလို ဆိုက်ရောက်တဲ့အခါ သကဒါဂါမိမိမဂ်၊ သကဒါဂါမိမိဖိုလ်ကို တက်ဖို့ ဘာလုပ်ရတုန်းဆိုရင် ဒီဝိပဿနာ လမ်းကြောင်းပေါ်ကိုပဲ ပြန်လျှောက်ရတယ်။ ဒီဝိပဿနာက သောတပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကို ရစေတတ်တဲ့ ဝိပဿနာထက် ပိုအဆင့်မြင့်တယ်။ ဆိုလိုတာက ပိုပြီး ရှင်းလင်းပြတ်သားစွာ မြင်တယ်ပေါ့။ သကဒါဂါမိမိမဂ်၊ သကဒါဂါမိမိဖိုလ်ကို ရပြီးတဲ့အခါ ဝိပဿနာမြှင့်ရင် အနာဂါမိမိမဂ် အနာဂါမိမိဖိုလ်ကို ရောက်တယ်။ အေး၊ အနာဂါမ်ဖြစ်ပြီးတဲ့အခါ အနာဂါမ် ပုဂ္ဂိုလ်ရဲ့ ဝိပဿနာကိုဆက်ပြီး မြှင့်ရတယ်။ အဲဒီလို မြှင့်လိုက်တော့မှာ အဲဒီ ဝိပဿနာရဲ့ အရှိန်အဟုန်နဲ့၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရပြီး ကိလေသာတွေ အားလုံး ကုန်သွားတာဖြစ်တယ်။

အဲဒီတော့ ပဋ္ဌဝဂ္ဂီတွေဟာ သောတာပန်အဆင့်ပဲ ရှိသေးတယ်။ ဒါကြောင့်မို့ သကဒါဂါမ် အဆင့်၊ အနာဂါမ် အဆင့်၊ ရဟန္တာ အဆင့် ရောက်ဖို့ရန်အတွက် ဘာလုပ်ရမလဲဆိုရင် ဒီဝိပဿနာအလုပ်ပဲ ဆက်ပြီး အားထုတ်ရမယ်ပေါ့။ ဝိပဿနာ ဆိုတာဟာ လက္ခဏာကို သိမြင်တဲ့ အသိဉာဏ်တစ်မျိုးပဲ။ ဒီလက္ခဏာတွေ ပိုပြီး ရှင်းလင်း ပြတ်သားစွာ မြင်လာအောင် မြတ်စွာဘုရားက "**အနတ္တလက္ခဏာ**" ကို ထပ်ဟောတာ ဖြစ်တယ်။

အဲဒီတော့ သာမညလက္ခဏာဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ (၃)မျိုးပဲ ရှိတာကိုး။ ဒီ (၃)မျိုးပဲ ထပ်ပြီး ရှင်းလင်းဟောကြားတယ်လို့ ပြောရမယ်။ အဲဒီလို ရှင်းလင်း ဟောတဲ့အခါမှာ ခေါင်းစဉ်က "**အနတ္တလက္ခဏ**" လို့ ဘာဖြစ်လို တပ်သလဲဆိုရင် မြတ်စွာဘုရားက ဒီတရားတော်ကို စပြီးဟောတဲ့အခါ "**ရူပံ ဘိက္ခဝေ အနတ္တာ**" ဆိုတာကနေ စတယ်။ ဘာဖြစ်လို့ ဒီစကားလုံးကနေ စသလဲဆိုရင် အနိစ္စ ဒုက္ခတို့ ဆိုတာက ဘုရားမပွင့်လဲ ရှင်းရှင်းလင်းလင်း သိသာတယ်ပေါ့။ သို့သော်လည်း အဆင့်မြင့်တဲ့ အနိစ္စ မြင်တာတော့ မဟုတ်လောက်ဘူးပေါ့နော်။ မမြဲတဲ့ သဘောလေးတွေကို သာမာန်အားဖြင့် ကြည့်မယ်ဆိုရင် ကိုယ်မျက်စိအောက်မှာပဲ မမြဲဘူး ဆိုတာလေးတွေကို စဉ်းစားလို့ ရလာတယ်ပေါ့။ နောက်ပြီးတော့ အဆင်မပြေဘူး ဆင်းရဲတယ်ဆိုတဲ့ သဘောလေးတွေကိုလည်း စဉ်းစားလို့ရတယ်။

သို့သော် အနတ္တဆိုတဲ့ ဒီအဆင့်ကို ရောက်ဖို့ရန် အလွန်ခဲယဉ်းတယ်။ ဒါကြောင့်မို့ "**အနတ္တလက္ခဏာ**" ဆိုတာ ဘုရားပွင့်မှ သိခွင့်ရတယ်။ မြတ်စွာဘုရား မပွင့်ခင်တုန်းက ဘာသာရေး လောကကြီး တစ်ခုလုံးဟာ အတ္တ ဆိုတဲ့ အစွဲကြီးပေါ်မှာ ရပ်တည်နေကြတယ်။ အတ္တ ဆိုတဲ့ အယူအဆကြီး တစ်ခုကို ယူဆထားပြီးတော့ ဟောဒီ အတ္တနဲ့ပဲ သံသရာကိုရှင်းပြတယ်။ ကံကိုလည်း ရှင်းပြတယ်။

တချို့က "သံသရာတို့ ကံတို့ အယူအဆတွေဟာ ဟိန္ဒူ ဝါဒမှာလည်းပါတယ်။ ဗုဒ္ဓတရားတွေဟာ အဲဒီကနေ ကူးထားတယ်၊ ယူထားတယ်" လို့ ဒီလို ပြောကြတယ်။ အနှစ်သာရချင်း မတူဘူးဆိုတာကို မစဉ်းစားမိကြဘူးပေါ့။ ဟိန္ဒူဝါဒတို့ ဗြဟ္မဏဝါဒတို့က အတ္တ ပေါ်မှာ မှီပြီးတော့ ကံနဲ့သံသရာကို ရှင်းပြတာ။ ဗုဒ္ဓက အတ္တ ဆိုတာ မရှိဘူးဆိုတာကို အတိအကျပြောတာ။ အတ္တမရှိဘဲနဲ့ အတ္တပေါ်မှာ အခြေမပြုဘဲနဲ့ ကံတို့၊ သံသရာတို့ ရှင်းပြတာဆိုတော့ လုံးဝမတူဘူး။ ကံဆိုတဲ့ စကားလုံးလေး တူတာနဲ့၊ သံသရာဆိုတဲ့ စကားလုံးလေး တူတာနဲ့ တူတယ်လို့ ဒီလိုမအောက်မေ့နဲ့။ အခြေပြုတာချင်းက အလွန်ကို ကွဲလွဲတယ်။ အတ္တဆိုတာ မရှိဘူးလို့ တိတိပပ ငြင်းပြီးတော့ အဖြေထုတ်တာဟာ မြတ်စွာဘုရားတစ်ပါးပဲ ရှိတယ်။ ဒါကြောင့်မို့ အနတ္တဆိုတာ အရေးကြီးလို့ ဒီနေရာမှာ ခေါင်းစဉ်တပ်ပြီး ဟောထားတာဖြစ်တယ်။

**အနတ္တ**တရား ဟောလိုက်သဖြင့် တခြား ဘာသာတွေနဲ့ လုံးဝဆန့်ကျင့်သွားတယ်။ အယူအဆရေးရာမှာ တခြားဘာသာတွေနဲ့ လုံးဝမတူဘူးဆိုတာကို ဒီ**အနတ္တ** ဆိုတဲ့ စကားလုံးကနေ ထုတ်ဖော် ပြောတာဖြစ်တယ်။ ဒါမြတ်စွာဘုရားရဲ့ တရားတော်က **အနတ္တ**လို့ ထင်ထင်ရှားရှား ဟောကြားထားတာ ဖြစ်ပေမယ့်လို့ လောက လူတွေ၊ ဘာသာတရားတွေ အားလုံးက အတ္တဆိုတဲ့ အယူအစွဲကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားကြတယ်။ ဒါကြောင့် တော်တော်များများက **အနတ္တ** ဆိုတာကို လက်မခံကြဘူး။

အနောက်တိုင်းက ဗုဒ္ဓကျမ်းစာနဲ့ ပက်သက်ပြီး စာအုပ်တွေ မြောက်မြားစွာရေးတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ အတ္တအယူအဆကို မြဲမြဲစွဲထားတယ်။ သူက ဘာပြောတုန်း ဆိုတော့ "**အနတ္တလက္ခဏာသုတ်**" ဆိုတာ ဘုရားဟောတာ မဟုတ်ဘူး၊ ရဟန်းတွေက တီထွင်ထားတာလို့ဆိုတယ်။ သူ့ရဲ့ ထင်မြင်ယူဆချက်ကို ရေးတယ်။ သူက ဘာ အထောက်အထားပြလဲ ဆိုရင် "**အတ္တာ ဟိ အတ္တနော နာထော**" ဆိုတဲ့ စကားကို အထောက်အထားအဖြစ် ပြတယ်။ မြတ်စွာဘုရားဟောတာတဲ့။ ကဲ "**အတ္တာဟိ အတ္တနော နာထော**" ကျတော့ ဘုရားဟောတာလို့ သူဘာလို့ ပြောနိုင်တာတုန်း။ အခု ပြောတဲ့ "**အနတ္တလက္ခဏာသုတ်**" ကျတော့ ဘုရားဟောတာ မဟုတ်ဘူးလို့ သူ ဘာ အထောက်အထားနဲ့ ပြောမှာတုန်း။

အားလုံး ၂၅၀၀ ကျော်တုန်းက စကားတွေချည်းပဲ။ အဲဒီတော့ ကိုယ်ထင်ရာကိုယ် ရေးတဲ့ သဘောပဲ။ "**အနတ္တ လက္ခဏ သုတ်**"ကို မယုံရင် "**အတ္တာဟိ အတ္တနော နာထော**" ကိုလည်း မယုံနဲ့လေ။ ဘာဖြစ်လို့ တုန်းဆိုတော့ လွန်ခဲ့တဲ့ ၂၅၀၀ တုန်းက ဟောခဲ့တဲ့ တရားချည်းပဲ ဖြစ်နေလို့ပါပဲ။

အဲဒီတော့ ကိုယ့်အကြိုက်လေးနဲ့တွေ့ရင် ဘုရားဟော။ ကိုယ့်အကြိုက်နဲ့ မတွေ့ဘူးဆိုရင်တော့ ဘုရားဟော မဟုတ်ဘူးဆိုတဲ့ ဒီစကားဟာ လုံးဝ အဓိပ္ပာယ် ကင်းမဲ့တယ်။ ဒီအချက်တွေဟာ အလွန်သတိထားရမယ့် အချက်တွေဖြစ်တယ်။ ဗုဒ္ဓဝါဒ Buddhismလို့ နာမည်တပ်ပြီးတော့ မိမိရဲ့ အယူအဆတွေ ထည့်ပြီး ရေးနေတာဟာ အလွန် အန္တရာယ်များတယ်။ Buddhismလို့ ရေးမယ့် အစား Myismလို့ ရေးတာ ပိုကောင်းမယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ကိုယ့်ဝါဒကိုယ်ပြောလေ။ ရှင်းရှင်းနော်။ ကိုယ့်ဝါဒကို ဘုရားဟောလို့ ဆိုင်းဘုတ်တပ်တာတော့ မကောင်းဘူးပေါ့။

"**အတ္တာဟိ အတ္တနော နာထော**" ဆိုတဲ့ မြတ်စွာဘုရားဟောလိုတဲ့ အဓိပ္ပာယ်မှန်က မိမိသည်သာလျှင် မိမိရဲ့ ကိုးကွယ်ရာလို့ ဆိုလိုတယ်။ ဒီ **သမုတိသစ္စာ** ရှုထောင့်က နေပြီးတော့ ပြောတဲ့ စကားကို **ပရမတ္တ** ရှုထောင့်ကနေကြည့်ပြီး သူက ဟိန္ဒူဝါဒနဲ့ ရောပစ်လိုက်တယ်။ "**အတ္တာ**=Universal soul၊ **အတ္တနော**=Individual Soul ရဲ့၊ **နာထော**=ကိုးကွယ်ရာဘုရားကြီးပဲ" လို့ ဒီလို ဘာသာပြန်လိုက်တယ်။ **ဟိန္ဒူဝါဒ**မှာ **အတ္တ**က (၂)မျိုးရှိတာကိုး။ **ပရမတ္တမ** ဆိုတာ တစ်ခု၊ **အတ္တမ** ဆိုတာ တစ်ခု။

**ပရမတ္တမ** ဆိုတာ ဘာကိုပြောတာလဲဆိုရင် ထာဝရဘုရားကြီးကို ပြောတာဖြစ်တယ်။ အဲဒီ ထာဝရဘုရားကြီးဆိုတဲ့ Soul လို့ ပြောတာကျတော့ Soulကို Capital Letterနဲ့ရေးတယ်။ ဒါကြောင့်မို့ Godကို ဘယ်တော့မဆို Capital Letterနဲ့ပဲ ရေးတယ်။ ကြီးမြတ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်။ အဲဒီ Universl Soul ဆိုတဲ့ စကားလုံးကိုလည်း သူက Capital Letter နဲ့ရေးတယ်။ အဲဒါဟာ **ပရမတ္တမ**က ဖန်ဆင်းရှင်ကြီးကို ရည်ညွှန်းတာဖြစ်တယ်။ အဲဒီ **ပရမတ္တမ**က ဖန်ဆင်းလိုက်တဲ့ အခါမှာ လူတွေ နတ်တွေ အားလုံးသတ္တဝါတွေရဲ့ သန္တာန်မှာ ရှိတဲ့ အတ္တလေးဟာ ပေါ်လာတယ်။ ဒါ Individual Soul လို့ခေါ်တယ်။ အသီးသီး အသီးသီး အတ္တကလေးတွေ



http://mmteashop.com

ရှိကြတယ်။ အဲဒီမှာ "**အတ္တ**ဆိုတဲ့ ဖန်ဆင်းရှင် Soul ကြီးဟာ **အတ္တ**လို့ ခေါ်တဲ့ Individual Soul ရဲ့ **နာထော**-ကိုးကွယ်ရာ အရှင်သခင်ကြီးပဲ" လို့ ဒီလို့ အဓိပ္ပာယ် ဖွင့်ဆိုထားတယ်။ အလွန် ပုံပျက်ပန်းပျက် ဖြစ်အောင် မြတ်စွာဘုရားဟောတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ဖျက်ဆီးပစ်တာ။ ဒါတွေလည်း သတိထားဖို့တော့ ကောင်းတာပေါ့နော်။ ဘယ်သူတွေ မှားမှား ကိုယ်မမှားဖို့တော့ အရေးကြီးတာပေါ့။

ကောင်းပြီ၊ "**အနတ္တလက္ခဏသုတ်**" နဲ့ ပတ်သက်ပြီး သူတို့က ဘုန်းကြီးတွေ တီထွင်ထားတဲ့ သုတ်ပါလို့ ပြောတယ်။ မြတ်စွာဘုရားက **အတ္တဝါဒ**ပါတဲ့၊ **အနတ္တဝါဒ** မဟုတ်ပါဘူးလို့ ဒီလို ပြောကြတယ်။ အဲဒီ စာအုပ်တွေ ဖတ်မိလို့ရှိရင် သတိထားမိဖို့ ပြောတာ။ မဖတ်ရင်တော့ ကိစ္စမရှိဘူး။ ဖတ်လို့ရှိရင် ခေါင်းထဲမှာ အမှိုက်တွေ ရောက်လာတတ်တယ်။ ကိုယ့်ခေါင်းကြီးကို အမှိုက်ပုံကြီးဖြစ်အောင် မလုပ်သင့်ဘူးပေါ့နော်။

"**အနတ္တလက္ခဏသုတ်**" မှာ မြတ်စွာဘုရားက **အနတ္တ**ရဲ့ အဓိပ္ပာယ်ကို ရှင်းတဲ့ အခါမှာ တစ်ခါတစ်ရံ အနိစ္စရှုထောင့်က ရှင်းတယ်။ တစ်ခါတစ်ရံ **ဒုက္ခ** ရှုထောင့်ကနေ ရှင်းတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီခေတ်က လူတွေရဲ့ ခေါင်းထဲမှာ "**အတ္တ**" ဆိုတာ စွဲနေတာကိုး။ **အတ္တ** မဟုတ်ဘူး။ **အနတ္တ** ဆိုပြီး တော့ Negative နဲ့ **အတ္တ**ကို ငြင်းပယ်တဲ့အခါ ဘယ်ရှုထောင့်ကနေ မြတ်စွာဘုရားက ငြင်းပယ်သလဲဆိုရင် **အနိစ္စ**ရှုထောင်၊ **ဒုက္ခ**ရှုထောင့်ကနေ ငြင်းပယ်တယ်။

အဲဒီမှာကြည့်၊ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီတွေကို **အတ္တ**မဟုတ်ဘူးဆိုတာ ရှင်းပြတယ်။ ဘယ်လို ရှင်းပြတုန်းဆိုတော့ ခန္ဓာငါးပါးနဲ့ ပတ်သတ်ပြီး "ရူပံ **ဘိက္ခဝေ အနတ္တာ**" ဆိုတဲ့ စကားလုံးလေးနဲ့ စတယ်။ "ရဟန်းတို့၊ ရုပ်တရားဟာ **အတ္တ**မဟုတ်ဘူး၊ **အနတ္တ** ဖြစ်တယ်"။

အိန္ဒိယ နိုင်ငံမှာ ထွန်းကားနေတဲ့ အတွေးအခေါ် **အတ္တ** မဟုတ်ဘူး။ ဒါဖြင့် **အတ္တ** ဆိုတာ ဘာကိုပြောတာတုန်း။ အတ္တနဲ့ ပတ်သက်ပြီး အလွန်ကျယ်တယ်။ အမျိုးမျိုးတွေးခေါ်ပြီး ပြောကြတယ်။ အဲဒီတော့ သိသာတာတွေကို ပြောမယ်ဆိုရင် "**အတ္တ**ဆိုတာ ခန္ဓာကိုယ်ကို ကြီးစိုးတဲ့အရာ၊ ခန္ဓာကိုယ်ကို အုပ်စိုးနေတဲ့ အရာဖြစ်တယ်။ ခန္ဓာကိုယ်ကို ဘယ်သူက အုပ်စိုးနေလဲ ဆိုရင် အတ္တက အုပ်စိုးနေတယ်။ စိတ်က အုပ်စိုးနေတယ်ဆိုရင် စိတ်က အတ္တပဲ။ ရုပ်က အုပ်စိုးနေတယ်ဆိုရင် ရုပ်က **အတ္တ**ပဲ။ အဲဒါဟာ"**သာမီ**"လို့ခေါ်တယ်။ "**သာမီ**" ဆိုတာ ခန္ဓာကိုယ်မှာ ပိုင်ရှင်ရှိတယ်ပေါ့။ အဲဒီ ပိုင်ရှင်ဟာ မြန်မာလူမျိုးတွေ ပြောတဲ့စကားလို လူသေသွားတဲ့အခါ လိပ်ပြာ၊ ဝိဉာဏ်ကောင်ဟာ ထွက်သွားတယ်။ ပြီးတော့ နောက်ဘဝ ကူးသွားတယ်။ ဘဝကူးသွားတယ်ဆိုတဲ့ စကားဟာ အပြောသက်သက် မဟုတ်ဘဲနဲ့ တကယ့်ကို ခန္ဓာကိုယ်ထဲက အသက်ကလေးဟာ ထွက်သွားပြီး နောက်ဘဝ ဝင်စားတယ်လို့ ပြောရင် ဒါ **အတ္တဒိဋ္ဌိ** ပဲဖြစ်တယ်။ စကားအနေနဲ့တော့ သုံးတာပဲ။ မြတ်စွာဘုရားလဲ စကားအနေနဲ့တော့ သုံးတာပဲ။ **သမုတိသစ္စာ**ပိုင်း ပြောလို့ရတယ်နော်။

တိဘက်ဗုဒ္ဓဘာသာဝင်တွေက လူတစ်ယောက် သေသွားလို့ရှိရင် အဲဒီ Soul သို့မဟုတ် Spirit အသက်၊ ဝိဉာဉ်ကောင်၊ လိပ်ပြာက ဘဝကူးဖို့ရာ အတွက် (၄၉) ရက် အချိန် စောင့်နေရသေးတယ်။ နောက်ဘဝအတွက် သွားဖို့ရာ အဆင်သင့် မဖြစ်သေးလို့နော်။ ဗမာတွေကျတော့ အိမ်ပေါ်က (၇) ရက် မဆင်းဘူးဆိုတာလည်း ဒါလည်းပဲ waiting လုပ်တဲ့ သဘောပဲ။ ကလေးအမေ သေသွားလို့ရှိရင် လိပ်ပြာခွဲတာတို့ ဘာတို့ လုပ်ကြသေးတယ်။ ဘယ်က လိပ်ပြာမှန်းလဲ မသိဘူးနော်။ အဲဒီ အယူအစွဲလေးတွေက ရှေးကတည်းက ရှိနေတာ။ ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်အရ ဆိုရင် ခုသေ ခုဘဝသစ် ရောက်သွားတာ။

အေး အိမ်ပေါ်မှာ ချောက်ချောက် ချက်ချက် လုပ်နေတယ်၊ အယောင်ပြနေတယ် ဆိုရင် ပြိတ္တာ ဖြစ်နေတာပေါ့။ အဲဒါလည်း ဘဝတစ်ခုပဲပေါ့။ လူတွေကတော့ ဘာပြောတုန်း ဆိုရင် မကျွတ်သေးဘူးတဲ့။ ကိုယ်ကလည်း ကျွတ်တာမှတ်လို့။ ကိုယ်လည်းပဲ မကျွတ်သေးဘူးနော်။ အမှန်ကတော့ အဲဒီလို ဖြစ်တာဟာ ဘဝတစ်ခုကို ရောက်သွားတာပဲ။ ဘဝတစ်ခု အဆုံးသတ်တာနဲ့ နောက်ဘဝတစ်ခုကို စောင့်စရာ မလိုဘူး၊ ချက်ချင်း ရောက်သွားတာ။

ဒီနေရာမှာ **အတ္တ**ဆိုတာကို သူတို့က ဘာပြောတုန်းဆိုရင် ခန္ဓာကိုယ်မှာ ပိုင်ရှင်ရှိတယ်။ ပိုင်ရှင်ဆိုတာ အိမ်မှာ ပိုင်ရှင် ရှိသလို့ ခန္ဓာကိုယ်ကိုလည်း ပိုင်တဲ့သူ ရှိတယ်။ အဲဒီ ပိုင်တဲ့သူက ဒီခန္ဓာကိုယ်ကြီးဟောင်းရင် ပစ်သွားပြီးတော့ နောက်ခန္ဓာကိုယ် အသစ်ရှိရာကို ရောက်သွားတယ်။ သူ့တို့ တွေးတဲ့ အတွေးတွေပေါ့။ အဲဒါကို "**သာမီ**" လို့ခေါ်တယ်။

နောက် "**နိဝါသီ**" ခန္ဓာကိုယ်ထဲမှာ အမြဲနေတယ်၊ အိပ်နေလည်းရှိတာပဲ။ ဘယ်အချိန်မဆို သူအမြဲရှိနေတယ်။ ခန္ဓာကိုယ်ရဲ့ အိမ်ရှင်၊ အမြဲနေထိုင်သူအဖြစ် **အတ္တ**ကို ရည်ညွှန်းပြီး ပြောကြတယ်။ နောက်တစ်ခု ဘာပြောတုန်းဆိုရင် **အတ္တ**က လုပ်စရာတွေကိုလုပ်တယ်။ ထမင်းစားတာ ဘယ်သူကစားလဲ၊ အဲဒီ **အတ္တ**က စားတယ်။ တီဗီကြည့်တာ ဘယ်သူက ကြည့်တာလဲ ဆိုရင် **အတ္တ**က ကြည့်တာနော်။ ဟိုဟာဒီဟာ ပြောတာတွေ၊ လုပ်ငန်းကိုင်ခန်း လုပ်တာတွေ ဘယ်သူက လုပ်တာလဲ၊ ဟောဒီ **အတ္တ**က လုပ်တာ။ သူက အားလုံးလုပ်နေတာပေါ့။ အတ္တက မျက်စိကို အသုံးချတယ်။ နားကို အသုံးချတယ်၊ နှာခေါင်းကို အသုံးချတယ်၊ လျှာကို အသုံးချတယ်။ လုပ်တာ မှန်သမျှ အတ္တကတဲ့။ အဲဒီ **အတ္တ**ကို "**ကာရက**" လို့ခေါ်တယ်။

တစ်နည်းအားဖြင့် အတ္တကိုပြုလုပ်သူ "ကာရက"။ အကျိုးကို ခံစားသူ "**ဝေဒက**" လို့ခေါ်တယ်။ ခံစားသူ၊ လုပ်သူ ဆိုတာ တကယ်ရော ရှိရဲ့လားဆိုရင် "**ကမ္မဿ ကာရကော နတ္ထိ**"ကံကို လုပ်တဲ့ ပုဂ္ဂိုလ်မရှိဘူး။ အကြောင်းတရား ဖြစ်ပေါ်တာကိုပဲ လုပ်တယ်လို့ ပြောတာဖြစ်တယ်။ "**ဝိပါကဿ စ ဝေဒကော**" အကျိုးကို ခံစားသူ (ခံစားတဲ့ အတ္တဆိုတာ)လည်း မရှိဘူး။ အကျိုးတရား ဖြစ်ပေါ်မှုသာဖြစ်တယ်။ "**သုဒ္ဓဓမ္မာ ပဝတ္တန္တိ ဧဝေတံ သမ္မဒဿနံ**" သဘောတရားသက်သက် ဖြစ်နေခြင်းမျှသာ ဖြစ်တယ်လို့ မြင်မှ တကယ့် "**သမ္မဒဿန**" မှန်ကန်တဲ့ အမြင်လို့ ဒီလိုပြောတာနော်။ အဲဒါကြောင့်မို့ "**ကာရက**" ဆိုတဲ့ ပြုလုပ်သူလည်း မရှိဘူး။ "**ဝေဒက**" ဆိုတဲ့ ခံစားသူလည်း မရှိဘူး။ "**အဓိဋ္ဌာယက**" စီမံ ဆောင်ရွက်သူဆိုတဲ့ ပုဂ္ဂိုလ်လည်း မရှိဘူးတဲ့။

တကယ်တော့ ရုပ်နဲ့ နာမ်နှစ်ခု ပေါင်းစပ်မိလို့ Energy ဖြစ်လာတာ။ ဖြစ်လာပြီး စကားပြောတယ်၊ ပြုလုပ်တယ်။ အဲဒါဘယ်လောက် ထင်ရှားသလဲဆိုရင် Robot ဆိုတဲ့ စက်ရုပ်ကလေးကိုကြည့်ပေါ့။ Robot ဆိုတဲ့ စက်ရုပ်ထဲမှာ Battery ထည့်ထားပြီး လိုအပ်တဲ့ အချက်အလက်လေးတွေ အကုန်ပြည့်စုံအောင် ထည့်ရင် အဲဒီ စက်ရုပ်က စကားပြောတယ်၊ နှုတ်ဆက်တယ်။ ဒီလိုကိုး။ ဘုန်းကြီးတို့ အမေရိကန်ရောက်တုန်းက ကယ်လီဖိုးနီးယား ပြည်နယ်က ဆိုင်တစ်ဆိုင်ထဲကို ဝင်သွားလိုက်တဲ့အခါ အဲဒီဆိုင်ဝမှာ လူကြီးတစ်ယောက် ရပ်နေတယ်။ ဘုန်းကြီးတို့ အနားနားရောက်တော့ welcomeလို့ နှုတ်ဆက်တယ်။ နောက် သေချာကြည့်လိုက်တော့ စက်ရုပ်ကြီးက ပြောတာ ဖြစ်နေတယ်။

ဒါဖြင့် စက်ရုပ်က ပြောရင် စက်ရုပ်ထဲမှာ ဘာရှိသလဲ ဖျက်ကြည့်လိုက်။ ဘာမှ မရှိဘူး။ ဘာဖြစ်လို့ စကားပြောသလဲဆိုရင် စီမံဖန်တီးထားတာတွေ ပေါင်းစပ်လိုက်လို့ Energy ဖြစ်လာတာ။ ကြည့်၊ နာရီလေးလည်း စကားပြောတာပဲ။ အခုခေတ်ဆိုရင် Talking Clock ဆိုတာတွေရှိတယ်။ အချိန်ကျရင် စကားပြောတယ်။ အဲဒီသဘောပဲ၊ ဘုန်းကြီးတို့ သန္တာန်မှာ ရုပ်နဲ့ နာမ် ပေါင်းစပ်လိုက်တဲ့ အခါ စကားလည်းပြောတယ်၊ စားလည်း စားတယ်၊ သွားလည်း သွားတယ်၊ လုပ်လည်း လုပ်တယ်။ အဲဒါကြောင့်မို့ သတ္တဝါလို့ မှတ်ထင်တဲ့ အထင်ဖြစ်နေတာ။ တကယ်ကတော့ ရုပ်နဲ့နာမ် ပေါင်းစပ်မိလို့ ဖြစ်နေတာသာဖြစ်တယ်။ နာရီလေးက လှည့်ပတ်သွားနေပြီး အချိန်ကျတဲ့အခါ အချိန်ကိုပြောတယ်။ "ဘယ်နှစ်နာရီရှိပြီး" လို့။ ဒီနာရီထဲက ဘယ်အကောင်က ပြောနေတာလဲ ဆိုပြီး ဖျက်ကြည့်ရင် တွေ့မလားအကောင်၊ ဘယ်တွေ့ မလဲနော်။

ဒေး၊ အဲဒါလိုပဲ၊ ဘုန်းကြီးတို့ သန္တာန်မှာ တကယ် စူးစိုက်ကြည့်လိုက်မယ်ဆိုရင် အကောင်ဆိုတာ တွေ့မှာ မဟုတ်ဘူးတဲ့။ **အတ္တ** ဆိုတာ တွေ့မှာ မဟုတ်ဘူး။ စီမံဖန်ဆင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ တွေ့မှာမဟုတ်ဘူး။ အားလုံးအချိုးကျ ပေါင်းစပ်လိုက်တဲ့ အခါမှာ Energy ဖြစ်လာပြီး စကားပြောတာတွေ၊ လှုပ်ရှားတာတွေ ဖြစ်ပေါ်လာတာသာ ဖြစ်တယ်။ အဲဒီလို မြင်ဖို့ လိုတယ်လို့ ပြောတာနော်။

အဲဒီတော့ ဘုန်းကြီးတို့ တစ်တွေရဲ့ ခန္ဓာကိုယ်မှာ ဘယ်လိုပဲ စကားပြောပြော၊ ဘယ်လိုပဲ ရယ်ရယ်၊ ဘယ်လိုပဲ ငိုငို၊ ဘာတွေပဲ လုပ်နေနေ စကားပြောသူဆိုတာ မရှိဘူး၊ ရယ်သူဆိုတာ မရှိဘူး၊ ငိုသူဆိုတာ မရှိဘူး၊ မလုပ်လုပ်သူဆိုတာ မရှိဘူး။ အတ္တဆိုတာဟာ မရှိတဲ့ အတွက် "**သုည**" ဆိုတဲ့ အဓိပ္ပာယ်နဲ့ **အနတ္တ**ကို နားလည်ရတယ်။

ဒေး၊ ကောင်းပြီ၊ **အနတ္တလက္ခဏသုတ်**မှာ မြတ်စွာဘုရားက **အနတ္တ**ကို ဘယ်ရှုထောင့် က ဟောသလဲဆိုရင် **ဒုက္ခ** ရှုထောင့်က ဟောတယ်။ "**ရူပံ ဘိက္ခဝေ အနတ္တာ**- ရဟန်းတို့၊ ရုပ်ဟာ **အနတ္တ**၊ **အတ္တ**မဟုတ်ဘူး" တဲ့ ။ စဉ်းစားဖို့ နည်းပေးလိုက်တယ်။ "**ရူပဉ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ**" ရုပ်ဟာ **အတ္တ**လို့ ဆိုရင်တဲ့ "**နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ**- ဒီ ရုပ်ဟာ ဖျားတာ နာတာ ထိခိုက်တာ နစ်နာတာ ဘယ်တော့မှ မရှိရဘူး" တဲ့။

ဒီနေရာမှာ "**အာဗာဓာယ**" ဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး တောင်မြို့ဆရာတော်ဘုရားကြီးက "ဖျားနာခြင်း"။ ရှေးဆရာတော်ဘုရားကြီးတွေက "နာကျင်ခြင်း" လို့ ဘာသာပြန်ကြတယ်။ မဟာစည်ဆရာတော်ဘုရားကြီးက "**အာဗာဓာယ**" ရဲ့ အဲဒီအဓိပ္ပာယ်တွေကို သူ့စိတ်ထဲမှာ မှန်တယ်လို့ မထင်ဘူး။ "**အာဗာဓာယ**" ကို "နှိပ်စက်ခြင်းငှာ" လို့ မဟာစည်ဆရာတော်ဘုရားကြီးက ပြန်ဆိုတယ်။

အဲဒီတော့ "**အာဗာဓာယ**" ဆိုတာ ဖျားနာတာလား၊ ထိခိုက်နစ်နာတာလား၊ (သို့မဟုတ်) နှိပ်စက်တာလားဆိုတာ ရွေးရလိမ့်မယ်။ "**အာဗာဓ**" ဆိုတာ အနာရောဂါ ဆိုတဲ့ အဓိပ္ပာယ်နော်။ ရုပ်ဟာ နာကျင်တတ်တယ်၊ ဖျားနာတတ်တယ်။ ဒါဟာ အဓိပ္ပာယ်တစ်ခု။ ရုပ်ဟာ နှိပ်စက်တတ်တယ်ဆိုတာ အဓိပ္ပာယ်တစ်ခု။ အဲဒီတော့ အဓိပ္ပာယ် (၂)ခုလုံး မမှားဘူးလို့ ပြောရမယ်။ သို့သော် "**အာဗာဓ**" ဆိုတဲ့ စကားလုံးဟာ "တော ၄၀" ထဲမှာလည်း ပါတယ်။ (တော ၄၀ ဆိုလို့ ဘာတော ညာတောတွေ သွားအောက်မေ့မနေနဲ့) ဝိပဿနာဉာဏ်နဲ့ ပတ်သက်ပြီး "**အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော**" ဆိုတဲ့ "တော ၄၀" ကိုပြောတာနော်။

အဲဒီအထဲမှာ "**အာဗာဓတော**" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုတဲ့အခါ ဘယ်လိုဖွင့်တုန်း ဆိုတာကြည့်။ လောက လူတွေမှာ "**အာဗာဓ**" ဆိုတဲ့ ရောဂါ ဖြစ်နေပြီ ဆိုရင် ကိုယ့်ကိုယ်ကို မပိုင်တော့ဘူး။ ကိုယ်သွားချင်ရာ သွားလို့မရဘူး။ နာကျင်ကိုက်ခဲ ထိခိုက်ဒဏ်ရာ ရှိနေပြီဆိုရင် ကိုယ်သွားချင်ရာ သွားလို့ မရတော့ဘူး။ အဲဒီ အဓိပ္ပာယ်ကို ယူပြီးတော့ "**အသေရိဘာဝဇနကတာယ**" လို့ အကြောင်းပြဖွင့်တယ်။ အဓိပ္ပာယ်ကတော့ အသေရိ ဆိုတာ ကိုယ်လုပ်ချင်ရာ လုပ်လို့ မရဘူး၊ ကိုယ်လုပ်ချင်ရာ မလုပ်နိုင်ခြင်းကို ဖြစ်စေတတ်တာကို "**အာဗာဓ**" လို့ ခေါ်တာ။ "**ရောဂါ**" ဆိုတဲ့ အဓိပ္ပာယ်ပဲ။

နောက်တစ်ခုက ဘာတုန်းဆိုရင် "**အာဗာဓပဒဋ္ဌာနတာယ**" နာကျင်ခြင်း၊ ထိခိုက်ခြင်းရဲ့ အဓိကအကြောင်း ဖြစ်လို့ပါပဲတဲ့။ ရုပ်ရှိနေရင် နာမှာပဲ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ ရှိနေရင် နာနေမှာပဲ။ အဲဒီတော့ "**အာဗာဓ**" ဆိုတဲ့ အဓိပ္ပာယ်က ဒုက္ခလို့ ပြောတာဖြစ်တယ်။ ဒုက္ခကို ရည်ညွှန်းတာ။

အဲဒီတော့ မဟာစည် ဆရာတော်ဘုရားကြီး ပြောသလိုနှိပ်စက်တယ် ဆိုတာလည်း ဒုက္ခပဲ၊ နာကျင်တယ် ဆိုတာလည်း ဒုက္ခပဲ။ ဒါပေမယ့် မဟာစည် ဆရာတော်ဘုရားကြီး နာကျင်တယ် ဆိုတဲ့ အဓိပ္ပာယ်ကို မမှန်ဘူးလို့ တိတိလင်းလင်း ဆိုထားတယ်။ ဘုန်းကြီးတို့ သဘောပြောရရင် "**အာဗာဓတော**" ဟာ "တော ၄၀" ထဲမှာ ပါသည့် အတိုင်း နာကျင်တယ်ပြောလည်း မှန်တယ်။ ထိခိုက်နစ်နာတယ်၊ နှိပ်စက်တယ် ပြောရင်လည်း မှန်တယ်လို့ ပြောချင်ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တိုင် ဘာသာပြန်ထားတဲ့ **ဝိသုဒ္ဓိမဂ်** ဘာသာပြန်မှာ "**အာဗာဓတော**"ကို နာကျင်ခြင်း၊ ရောဂါဝေဒနာ ဖြစ်ခြင်းလို့ ပြန်ထားတယ်။ အဲဒီစကားလုံးပဲ၊ **အနတ္တ**ကို ဒုက္ခ ရှုထောင့်ကနေပြီး ဟောတာဆိုတော့ ရုပ်ဟာ "**အာဗာဓ**" နာတယ်။ ရုပ်ဟာ ပင်ကိုယ်က မစွမ်းနိုင်ဘူး၊ စွမ်းရည် သတ္တိ မရှိဘူး။ နာကျင်တယ်၊ ဖျားနာနေတာနဲ့ အလားတူတယ်။ ဟောဒီ အဓိပ္ပာယ်နဲ့ ယူမယ် ဆိုရင် အဓိပ္ပာယ် ပြန်ဆိုချက် နှစ်ခုလုံးကို မှားတယ်လို့ ပြောလို့ မရဘူးနော်။

အဲဒီတော့ နာကျင်တယ်လို့ ပဲ ပြန်ပြန်၊ ဖျားနာတယ်လို့ပဲ ပြန်ပြန်၊ နှိပ်စက်တယ်လို့ ပဲ ပြန်ပြန် " အာဗာဓ" ဆိုတာ ဟာ ဒုက္ခ ရဲ့ သဘောကို ပြတယ်လို့ ပဲ မှတ်ရမယ်။ ဝိသုဒ္ဓိမဂ် လာ "တော ၄၀" ကိုကြည့်။ အဲဒီ အထဲမှာ "အာဗာဓတော" ဆိုတဲ့ အဓိပ္ပာယ် ရတယ်။

ဒေးကောင်းပြီ၊ "အာဗာဓါယ" ကို ရှေးဆရာကြီး တွေ ပြန်ဆိုတဲ့ အတိုင်း "နာကျင်ခြင်း ငှာ"၊ ရုပ်ဟာ အကယ်၍ အတ္တဆိုရင်မနာရဘူး။ ဘာဖြစ်လို့ တုန်းဆိုရင် အတ္တ ဆိုတဲ့ သဘာဝ တရားက ပိုင်စိုးတာကိုး။ သူတိုင်တိုင် စီမံ ခန့်ခွဲတာ၊ ပိုင်စိုးတာ ဖြစ်သည့် အတွက်ကြောင့် နာကျင်မှု ဆိုတာ မဖြစ်စေရဘူး။ ရုပ်ဟာ သူ့ကိုယ်သူ စိုးပိုင်ဖို့ နေနေသာသာ သူ့ဟာသူပဲ နာနေရတာဆိုတော့ ဘယ်လိုလုပ် စိုးပိုင်မှာလဲ၊ မစိုးပိုင်ဘူး။ ခန္ဓာငါးပါးဟာ သူ့ဟာသူ နာနေတာ။ ကိုယ်နာတာတောင် ကိုယ်ပျောက်အောင် မကုနိုင်တာ၊ ဘယ်လိုလုပ်ပြီး သူများကို ကုပေးနိုင်မှာတုန်း။

ဒါကြောင့် "**အာဗာဓ**" ဆိုတဲ့ အဓိပ္ပာယ်ဟာ နာကျင်တာပဲ ဖြစ်ဖြစ်၊ နှိပ်စက်တာပဲ ဖြစ်ဖြစ် အဓိပ္ပာယ်အားဖြင့်တော့ ဆီလျော်ပါတယ်လို့ပဲ မှတ်ရမယ်။ ရုပ်ဟာ နာကျင်တတ်တယ်၊ နှိပ်စက်တတ်တယ်။ ဒါကြောင့် အကယ်၍ အတ္တလို့ ဆိုရင် ဒီရုပ်ဟာ မနာရဘူး၊ မနှိပ်စက်ရဘူး၊ မဖျားနာရဘူး။

ဒါတင်မကသေးဘူးတဲ့ ။ "လဗ္ဘေထစ ရူပေ ဇဝံ မေ ရူပံ ဟောတု၊ ဇဝံ မေ ရူပံ မာ အဟောသိ" ရုပ်တရားဟာ ဒီလိုဖြစ်၊ ဒီလို မဖြစ်နဲ့လို့ ထိန်းချုပ်နိုင်စွမ်း ရှိရမယ်တဲ့။ နာရင် မနာရဘူးပေါ့၊ ဖျားရင် မဖျားရဘူး၊ မပျက်စီးရဘူး၊ ဒုက္ခမရောက်ရဘူး၊ ငါ့ရုပ်ကလေးဟာ သန်သန်မာမာပဲ၊ ဒီလို ထိန်းချုပ်လို့ရမလား၊ မရနိုင်ပါဘူး။ ရုပ်တရားဟာ ပျက်စီးမယ်၊ ဖျားနာမယ်၊ ဒုက္ခ ဖြစ်စရာကြုံရင် ကြုံမယ်။ ဒီလို ဖြစ်တာဟာ ဒုက္ခရှုထောင့်ပဲလေ။ ရုပ်ဟာ နာတတ်တယ်၊ ကျင်တတ်တယ်၊ နာတတ် ကျင်တတ် ရုံတင်မကဘူး၊ မနာအောင် ၊ မကျင်အောင် လုပ်လို့မရဘူး။ ဒီလို ပြောတာနော်။ အဲဒါ ဒုက္ခ ရှုထောင့် ကနေ အနတ္တ ကို ပြောတာ ဖြစ်တယ်။

"ရူပံ ဘိက္ခဝေ အနတ္တာ" ရုပ်ဟာ အနတ္တတဲ့။ ဒါကြောင့် မို့ ရုပ်ဟာ နာတယ်၊ နှိပ်စက်တယ်။ ရုပ်ကလေးကို ကိုယ့်ဆန္ဒ အတိုင်းဖြစ်အောင် လုပ်လို့ လည်း မရဘူး။ ပြုပြင်ပြောင်းလဲလို့လည်း မရဘူး။ ဒါကြောင့် အနတ္တဖြစ်တယ်။ ဒါ ဒုက္ခ ရှုထောင့်ကနေ မြတ်စွာဘုရားဟောတဲ့ အနတ္တပဲ။

**ဝေဒနာ အနတ္တဖြစ်ပုံ**

ထို့အတူပဲ ဝေဒနာကိုလည်း ရုပ်အတိုင်းပဲ ဟောတယ်။ "**ဝေဒနာ အနတ္တာ**" ဝေဒနာ ဆိုတာ အားလုံးသိကြတဲ့ အတိုင်း စိတ်ရဲ့ ခံစားမှု တစ်မျိုးပဲ ဖြစ်တယ်။ စိတ်ထဲမှာ ဖြစ်ပေါ်လာတယ်။ ပျော်ရွှင်ခံစားခြင်းဟာလည်း ခံစားတာပဲ၊ ဝမ်းနည်းတာလည်း ခံစားတာပဲ၊ ချမ်းသာတာလည်း ခံစားတာပဲ၊ ဆင်းရဲတာလည်း ခံစားတာပဲ။ ချမ်းသာမှုလည်း မဟုတ်ဘူး၊ ဆင်းရဲမှုလည်း မဟုတ်ဘူး ဆိုတာဟာ ခံစားတာပဲ။ အဲဒီ ခံစားမှု ဝေဒနာတွေဟာလည်းပဲ အတ္တ မဟုတ်ပါဘူးတဲ့။ ဘာဖြစ်လို့တုန်းဆိုရင် ဝေဒနာဟာ ဒီအတိုင်း တည်မြဲနေတာမှာ မဟုတ်ဘဲကိုး။ ဝေဒနာဟာလည်း ထိခိုက်နစ်နာ ပျက်စီးတတ်တဲ့ သဘောတရားကြီးပဲ။ အဲဒီ ဝေဒနာဟာလည်း ထိန်းချုပ်လို့ ရလားဆိုတော့ မရဘူး။ ကိုယ်ဖြစ်ချင်တဲ့ အတိုင်း မဖြစ်ဘူး။ ဒါကြောင့် **အနတ္တ**။

http://mmteashop.com

myanmar tea shop
www.mmteashop.com

**သညာ အနတ္တဖြစ်ပုံ**

သညာ ဆိုတာကိုလည်းကြည့်ဦး။ "**သညာ အနတ္တာ**" လူတွေရဲ့ စိတ်ထဲမှာ အာရုံ တစ်ခုကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် အာရုံကို မှတ်သားပြီးသားဖြစ်နေတယ်။ မှတ်မိလွယ်လို့ရှိရင် အမှတ်သညာ ကောင်းလိုက်တာလို့ ပြောကြတယ်။ အာရုံတစ်ခုကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် မှတ်လိုက်တယ်။ အဲဒီ မှတ်မှု သညာဟာလည်းပဲ **အတ္တ**မဟုတ်ဘူး။ ဘာဖြစ်လို့တုန်းဆိုရင် အဲဒီ သညာလေးဟာ ဒီအတိုင်း နေတာမဟုတ်ဘူး။ သူဟာလည်း "**အာဗာဓ**" ဒုက္ခ ရောက်နေတယ်။ နှိပ်စက်ခံနေရတယ်။ ဘာကြောင့် နှိပ်စက်ခံရလဲ ဆိုရင် ဖြစ်ပြီးလာလို့ရှိရင် သူဟာ မြဲနေတာမဟုတ်ဘူး။ ပျက်သွားတာ။ ဒါကြောင့် အနှိပ်စက်ခံရတာလို့ ဆိုတာပေါ့။ အဲဒီ သဘာကိုပဲ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်အောင် လုပ်လို့ မရဘူးတဲ့။ သူ့ဟာသူလည်း စွမ်းဆောင်နိုင်မှု မရှိဘူးတဲ့။ ဒါကြောင့် **သညာ**ဟာ **အနတ္တ**ဖြစ်တယ်။

**သင်္ခါရ အနတ္တဖြစ်ပုံ**

**သင်္ခါရ**ဆိုတဲ့ သဘာဝတရားတွေကို ကြည့်လိုက်ဦး။ တွေးတော ကြံတာတို့၊ စေ့ဆော်တာတို့ ဒီသဘာဝတရားတွေ၊ စေတသိက်တွေ အားလုံးဟာ **အနတ္တ**ပဲ ဖြစ်တယ်။ ဘာဖြစ်လို့တုန်း ဆိုတော့ သူတို့ လည်း မြဲနေတာမဟုတ်ဘူး၊ ဖြစ်မှု ပျက်မှုတွေက နှိပ်စက်နေကြတာပဲ။ သူတို့လည်း နှိပ်စက် ခံနေကြရတာပါပဲ။ အကယ်၍ **အတ္တ** ဆိုရင် အနှိပ်စက် မခံရဘူးပေါ့။ အေး ၊ အနှိပ်စက် မခံရဘူးဆိုမှ အတ္တ။ ခုတော့ အနှိပ်စက်ခံနေရတဲ့ အတွက်ကြောင့် အနတ္တဖြစ်တယ်။ သူတို့ ကိုယ်တိုင်လည်း ဖြစ်ချင်တိုင်း မဖြစ်ကြဘူး။ ဒါကြောင့် **သင်္ခါရ**ဟာလည်း **အနတ္တ**။

**ဝိညာဏ အနတ္တ ဖြစ်ပုံ**

အသိစိတ်ဆိုတဲ့ ဝိညာဉ်လေးလဲကြည့်ဦး။ "**ဝိညာဏံ အနတ္တာ**" ဝိညာဏဟာလည်းပဲ အနှိပ်စက်ခံနေရတာပဲ။ ဘာက နှိပ်စက်တာလဲ ဆိုတော့ ဖြစ်ပြီး ပျက်တာက နှိပ်စက်နေတာပဲ ဖြစ်တယ်။ သူကိုယ်တိုင်က အနှိပ်စက် ခံနေရရုံတင် မကဘူး၊ ကိုယ်ဖြစ်ချင်တဲ့ အတိုင်း ဒီဝိညာဏ်လေးဟာ ဖြစ်ခွင့်မရှိဘူး။ ဒါကြောင့် အနတ္တ။

မြတ်စွာဘုရားက ပဥ္စဝဂ္ဂီရဟန်းတွေကို အထက်မဂ်တွေရဲ့ ဝိပဿနာကို ရှင်းရှင်းလင်းလင်း သိအောင်လို့ ဒုက္ခရှုထောင့် ကနေ အနတ္တကို ရှင်းပြနေတာဖြစ်တယ်။ အဲဒီလို ဖြစ်စွာဘုရားက အနတ္တကို ဦးတည်ပြီးတော့ ရှင်းပြနေပေမယ့်လို့ ဝိပဿနာ ဆိုတာ အနိစ္စလည်း မြင်ရမယ်၊ ဒုက္ခလည်း မြင်ရမယ်၊ အနတ္တလည်း မြင်ရမယ်။ (၃) မျိုးလုံးမြင်မှ ပြည့်စုံမယ်နော်။ ဒါကြောင့်မို့ မေးခွန်းတွေ ထုတ်တယ်။ မေးခွန်းထုတ်တာကို ဖြေတယ်ဆိုတာ သင်ထားတဲ့အတိုင်း ဖြေတာမဟုတ်ဘူး။ သူတို့ အလေးအနက် စဉ်းစားပြီးတော့မှ တကယ် သဘောကျလို့ ဖြေတဲ့ အဖြေ ဖြစ်တယ်နော်။

မြတ်စွာဘုရားက "**တံ ကိံ မညထ ဘိက္ခဝေ**" ကဲ၊ ငါမေးမယ်၊ ဘယ်လို ယူဆကြသလဲ၊ ဘယ်လိုပြောကြမလဲ။ "**ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ**" ရုပ်တရားဟာ **နိစ္စ**လား **အနိစ္စ**လား ဆိုတော့ သူတို့ စဉ်းစားတယ်။ အလေးအနက် စဉ်းစားပြီးမှ ဖြေတဲ့ အဖြေက "**အနိစ္စပါဘုရား**"တဲ့။ ကျက်ထားလို့ ဖြေတဲ့ အဖြေမျိုး မဟုတ်စေရဘူး။ ရုပ်တရားတွေ မမြဲတာကို သူတို့ ကိုယ်တိုင် ဝိပဿနာဉာဏ်နဲ့ ရှုပြီးဖြေတာ။ အဲဒါကြောင့် သူတို့ စိတ်ထဲမှာ မြဲတဲ့ရုပ် ဆိုတာ ဘယ်မှာ ရှာမတွေ့ဘူး။ မဖြစ်ခင်ကလည်း ရှိနေတာ မဟုတ်ဘူး။ ဖြစ်ပြီးတဲ့ နောက်မှာလည်း တစ်နေရာမှာ စုဝေးတည်ရှိနေတာ မဟုတ်ဘူး။ နဂိုကရှိနေတာ မဟုတ်ဘဲ အကြောင်းတရားတွေကြောင့် ဖြစ်လာတာ။ ဘယ်နေရာမှာမှ ရှိနေတာ မရှိဘူး။

ဆိုပါစို့ စောင်းသံဟာ စောင်းအိုး၊ စောင်းကြိုးထဲမှာ နဂိုက ရှိနေတာ မဟုတ်ဘူး။ လက်နဲ့ စောင်းအိုးမှာ တပ်ဆင်ထားတဲ့ စောင်းကြိုးလေးကို တီးလိုက်မှ ဒီ အသံလေးဟာ ထွက်ပေါ်ဖြစ်တယ်။ ပြီးတော့ စောင်းသံလေးဟာ စောင်းထဲ ပြန်ဝင်သွားတာ မဟုတ်ဘူး။ သို့မဟုတ် တစ်နေရာမှာ သွားစုပြီး တည်နေကြတာလည်း မဟုတ်ဘူး။ နဂိုက ရှိနေတာမဟုတ်ဘဲ အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာတယ်။ အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာပြီးတဲ့ နောက်မှာလည်း လုံးဝ ပျောက်ကွယ်သွားတယ်။ အနိစ္စဆိုတာ အဲဒါကို ပြောတာနော်။ စာပေကျမ်းဂန်မှာတော့ ဖြစ်လာပြီးတဲ့ နောက်မှာ မရှိတော့တာဟာ **အနိစ္စ**၊ မြန်မာလိုတော့ မမြဲဘူး၊ မမြဲဘူးနဲ့ ပြောကြတယ်။

ကဲ ကောင်းပြီ "**နိစ္စလား အနိစ္စလား**" ဆိုတာ ရုပ်တရားတွေကို ကြည့်လိုက်တဲ့ အခါ ပဥ္စဝဂ္ဂီ တွေက ဖြစ်ပြီးရင် ပျက်သွားကြတာပဲဆိုတာ သူတို့ သဘောကျ ပြီးဖြစ်လို့ "**အနိစ္စပါဘုရား**" လို့ဖြေကြတယ်။

မြတ်စွာဘုရားက ဆက်မေးတယ်။ "**အဲဒီ မမြဲတဲ့ ရုပ်ဟာ သုခလား၊ ဒုက္ခလား**" "**ဒုက္ခပါဘုရား**" လို့ ဖြေတယ်။ ထာဝရ မြဲနေရင် ဒါဟာ ကျေနပ်စရာချည်းပဲပေါ့။ မမြဲတော့ ကျေနပ်စရာ မကောင်းလို့ ဒုက္ခ။ ဘာကြောင့် ဒုက္ခလို့ ပြောရသလဲဆိုရင် ဖြစ်မှု ပျက်မှုက ကပ်ပြီးတော့ အနှောင့်အယှက်ပေးနေလို့ ဒုက္ခလို့ ပြောရတာ။ အနှောင့်အယှက် ပေးနေတာ ချည်းပဲလေ။ ဒါကြောင့်မို့ "**ဥဒယဗ္ဗယ ပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ**" လို့ အဓိပ္ပာယ် ဖွင့်ဆိုထားတာ။ ဖြစ်မှု ပျက်မှုက အမြဲတမ်း အနှောင့်အယှက်ပေးတာကို ခံနေရလို့ "**ဒုက္ခ**" လို့ ဒီလိုပြောတာနော်။ ဒီဒုက္ခဟာ ဘယ်ကလာတဲ့ ဒုက္ခလဲဆိုရင် အနိစ္စရှုထောင့်ကလာတဲ့ ဒုက္ခ။ မမြဲလို့ ဒုက္ခ။ ဒုက္ခလက္ခဏာကို ထင်ရှားစေတယ်။ **အနိစ္စ**ကို သိရင် **ဒုက္ခ**ကို သိတယ်ပေါ့။ ဒါကြောင့်မို့ စာပေကျမ်းဂန်တွေမှာ ဆိုထားတယ်။ "**အနိစ္စ**ကိုမြင်ရင် **ဒုက္ခ**ကိုမြင်တယ်။ **အနတ္တ**လည်း မြင်တယ်" ကွင်းဆက်ကို ပြထားတာနော်။

နောက်တစ်ခါ မြတ်စွာဘုရားက မေးပြန်တယ်။ "**ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ။ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ**" တိ။

အဲဒီလို မမြဲဘူး ဆင်းရဲတယ်၊ ပြောင်းလဲတဲ့ သဘောရှိတဲ့ ရုပ်တရားကို ငါ့ဟာလို့ ရှုလို့ သင့်တော်ပါ့မလား၊ ငါလို့ရော ရှုလို့ သင့်တော်ပါ့မလား၊ မသင့်တော်ဘူး။ ငါရဲ့ အတ္တလို့ ရှုလို့ သင့်တော်ပါ့မလား၊ မသင့်တော်ဘူးလို့ ဒီလိုဖြေထားတယ်။ ဒါကလည်း **အနိစ္စ**ရှုထောင့်ကနေ **အနတ္တလက္ခဏာ**ကို ဖော်ကျူးပေးတာ။ ခုနက ဒုက္ခ ရှုထောင့်ကနေပြီးတော့ **အနတ္တ**ကို မြတ်စွာဘုရားက ဖော်ကျူးပေးထားတာဖြစ်တယ်။ အခု စကားကျတော့ **အနိစ္စ**ရှုထောင့်ကနေပြီး **အနတ္တ**ကို ရှင်းလင်းထင်ရှား စေတာဖြစ်တယ်။ ရှင်းတာကတော့ **အနတ္တ**ပဲပေါ့။ အဲဒီမှာ "**ဧတံ မမ**" ဆိုတာ တဏှာရဲ့ အတွေး၊ "**ဧသော ဟ မသ္မိ**" ဆိုတာ မာနရဲ့ အတွေး၊ "**ဧသော မေ အတ္တာ**" ဆိုတာ ဒိဋ္ဌိရဲ့ အတွေးဖြစ်တယ်။ အဲဒီအတွေးသုံးပါး "**ပပဉ္စတရား သုံးမျိုး**" ရဲ့ အမြင်ကို ဒီနေရာမှာ ဒီလို ရှင်းပြတာနော်။

ရုပ်တရားနဲ့ ပတ်သက်ပြီးတော့ အဲဒီလို ဟောသလိုပဲ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့နဲ့ ပတ်သက်ပြီးတော့လည်းပဲ မြတ်စွာဘုရားက တစ်ခုစီ တစ်ခုစီ မေးတယ်။ မေးလိုက်တဲ့ အခါမှာ သူတို့ သဘောကျတဲ့ အတိုင်း ပဥ္စဝဂ္ဂီ တွေက ဖြေကြတယ်။ "**အနိစ္စပါဘုရား**" "**အနိစ္စဆိုရင် ဒုက္ခလား၊ သုခလား**" "**ဒုက္ခပါဘုရား**" အဲဒီလို မမြဲ ဆင်းရဲတတ်တဲ့၊ ပြောင်းလဲတတ်တဲ့ တရားကို "**ငါ့ဟာ၊ ငါ၊ ငါ့ရဲ့ အတ္တပဲ**" လို့ ရှုရင် သင့်တော်ပါ့မလား၊ မသင့်တော်ပါဘုရား လို့ ဖြေကြတယ်။

အဲဒီမေးဖြေနေကြတာက သူတို့ရဲ့ ဝိပဿနာဉာဏ်ကို ရင့်သန်စေတာ။ ဒါကို မြတ်စွာဘုရားက အလေးအနက်ထားပြီး မေးစစ်နေတာဖြစ်တယ်။ ဒါ ဝိပဿနာ ကျင့်စဉ်တစ်ခုကို ကျင့်နေတာလို့ပဲ မှတ်ယူရမယ်။ အဆင့်မြင့်တဲ့ ဝိပဿနာတစ်ခုကို ရှင်းသထက် ရှင်းအောင် မြတ်စွာဘုရားက အဲဒီလိုဟောထားတာ။

မြတ်စွာဘုရားက ကောင်းပြီတဲ့၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ခန္ဓာငါးပါးနဲ့ ပတ်သတ်ပြီး ရုပ်တရားတွေဟာ ဘယ်တုန်းက ရုပ်တရားပဲ ဖြစ်ဖြစ် (၁) အတိတ်က ရုပ်တရားပဲဖြစ်ဖြစ်၊ (၂) အခု ပစ္စုပ္ပန်ရှိနေတဲ့ ရုပ်တရားပဲဖြစ်ဖြစ်၊ (၃) အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ရုပ်တရားပဲဖြစ်ဖြစ်၊ (၄) ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာမယ့်

http://mmteashop.com

ရုပ်တရားပဲဖြစ်ဖြစ်၊ (၅) သူများ သန္တာန်မှာ ဖြစ်ပေါ်လာမယ့် ရုပ်တရားဖြစ်ဖြစ်၊ (၆) ကြမ်းတမ်းတဲ့ ရုပ်တရား၊ သိသာထင်ရှားတဲ့ ရုပ်တရားပဲ ဖြစ်ဖြစ်၊ (၇) သိမ်မွေ့တဲ့၊ မသိသာ မထင်ရှားတဲ့ ရုပ်တရားပဲ ဖြစ်ဖြစ်၊ (၈) အောက်တန်းကျတဲ့ ရုပ်တရားပဲ ဖြစ်ဖြစ်၊ (၉) အထက်တန်းကျတဲ့ ရုပ်တရားပဲ ဖြစ်ဖြစ်၊ (၁၀) ဝေးတဲ့ နေရာမှာရှိတဲ့ ရုပ်တရားပဲ ဖြစ်ဖြစ်၊ (၁၁) နီးတဲ့ နေရာမှာ ရှိတဲ့ ရုပ်တရားပဲဖြစ်ဖြစ်၊ ရုပ်ဆိုတာ ဘယ်ရုပ်ပဲ ဖြစ်ဖြစ် "**နေတံ မမ နေသောဟမသ္မိ နမေ သော အတ္တာ**" ငါ့ဟာ မဟုတ်ဘူး၊ ငါလည်း မဟုတ်ဘူး၊ ငါ့ရဲ့ အတ္တလည်း မဟုတ်ဘူးလို့ "**ယထာဘူတံ သမ္မပညာယဒဋ္ဌဗ္ဗံ**" ဝိပဿနာဉာဏ်နဲ့ ရှုမြင်ပါ။ မြတ်စွာဘုရားက guide line ပေးနေတာပေါ့။ ဒီအတိုင်း မြင်အောင်ကြည့်လို့ ပြောတာ။ မှန်ကန်တဲ့ ဉာဏ်အမြင်နဲ့ ရှုရမယ်။

ထို့အတူပဲ ဝေဒနာဟာလည်း အတိတ်က ဝေဒနာပဲ ဖြစ်ဖြစ် အခု ပစ္စုန်ပ္ပန်ကို သိလိုက်တာနဲ့ နည်းယူပြီး အတိတ်ကဟာပဲဖြစ်ဖြစ် အနာဂတ်လာမယ့် ဟာပဲဖြစ်ဖြစ် ကိုယ့်သန္တာန်ကဟာပဲ ဖြစ်ဖြစ်၊ သူများ သန္တာန်ကဟာပဲ ဖြစ်ဖြစ် အတူတူပဲ။ အဲဒါတွေ အားလုံးကို ငါ့ဟာ၊ ငါပဲ၊ ငါ့ရဲ့ အတ္တလို့ မမြင်ဘဲ ငါ့ဟာ မဟုတ်ဘူး၊ ငါ မဟုတ်ဘူး၊ ငါ့ရဲ့ အတ္တ မဟုတ်ဘူးလို့ မှန်ကန်တဲ့ အမြင်နဲ့ရှုမြင်ရမယ်။

အဲဒီလို ရှင်းရှင်း ရှင်းရှင်းနဲ့ သူတို့ဟာ ရုပ်အကြောင်းကို သေသေချာချာ အသေးစိတ် သဘောကျအောင် တရားနာတယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ ကိုလည်း သဘောကျအောင် အဲဒီလို တရားနာတယ်။ ကောင်းပြီ ငါ့ဟာလည်း မဟုတ်ဘူး၊ ငါလည်း မဟုတ်ဘူး။ ငါ့ရဲ့ အတ္တလည်း မဟုတ်ဘူးလို့ မှန်မှန်ကန်ကန် မြင်လာပြီ ဆိုလို့ရှိရင် အဲဒီလို မှန်မှန်ကန်ကန် မြင်လာခြင်းရဲ့ အကျိုးကျေးဇူးက ဘာလဲ ဆိုတာကို မြတ်စွာဘုရားက ဆက်ဟောထားတယ်။ **ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော သုတဝါ** ဆိုတာ ဘုရားဆီက တရားကို ကြားထားတဲ့ ပုဂ္ဂိုလ်ကို ပြောတာနော်။ ဘယ်သာဝကပဲ ဖြစ်ဖြစ် မကြားဖူးဘဲနဲ့ ဘယ်အရာကိုမှ ကိုယ်ပိုင်ဉာဏ်နဲ့ မသိနိုင်ဘူး။ ရှင်သာရိပုတ္တရာလို ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တောင်မှပဲ ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်း သိနိုင်တာ မဟုတ်ဘူး။

ဒါကြောင့်မို့ "**သုတဝါ**" ရှေးဦးစွာ တရားကို နာယူမှတ်သားရမယ်။ သင်ယူရမယ်။ "သုတဝါ အရိယ သာဝကော" ကြားဖူး နားဝ ရှိပြီး သင်ယူထားတဲ့ အရိယာ တပည့်ဟာ (ဓမ္မစကြာ တုန်းက မြတ်စွာဘုရားက "**အနနုဿုတေသု ဓမ္မေသု**" သူများ ဆီက သင်ထားတာ မဟုတ်ဘူးနော်။ ကြားလည်း မကြားဖူးဘူးနော်။ ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းသိတာကို ပြောတာဖြစ်တယ်။ အခုကျတော့ မြတ်စွာဘုရားဟောလို့ ကြားဖူးနားဝ ရှိထားတဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်တုန်းဆိုတော့ "**ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ**" ရုပ်တရားတွေ ဖြစ်ပျက်နေတဲ့ သဘောတွေကို ကောင်းကောင်း မြင်လာတဲ့အခါ ရုပ်တရားအပေါ်မှာ ငြီးငွေ့လာတယ်။ ငြီးငွေ့တယ် ဆိုတာ သာယာမှုကို ရှာမတွေ့တော့တာ။ မသာယာ တော့ဘူး။ မလိုချင်တော့ဘူး။ လိုချင်နေလို့ ခက်တာကိုး။ တွယ်တာမှုတွေ မရှိတော့ဘူး။ သာယာမှု ၊ ကျေနပ်မှုတွေဟာ ရုပ်တရားပေါ်မှာ မရတော့ဘူး။ ခါတိုင်းက ရုပ်ကလေးနဲ့ ပျော်ပြီး ရုပ်ကလေးနဲ့ ကျေနပ်နေတာကိုး။ အခုတော့ ပျော်ရွှင်မှု ၊ ကျေနပ်မှု မရတော့ဘူး။ အဲဒါကို ငြီးငွေ့တယ်လို့ ပြောတာနော်။

(အဲဒီလို မဟုတ်ဘဲနဲ့ "ငြီးငွေ့" ဆိုတာ ရှိသေးတယ်။ ပါးစပ်ကတော့ "ငြီး" နေတာပဲ၊ ဒါပေမယ့် "ငွေ့" နေတယ်။ ဒီနားပဲ၊ ဒီရုပ်ကလေးထဲပဲ လှည့်ပြီးတော့ ငွေ့နေတာ။ အဲဒါကျတော့ ငြီးငွေ့တာမဟုတ်ဘူးတဲ့။ ငြီးပြီးတော့ ငွေ့နေတာဖြစ်တယ်။ ငြီးတယ်ဟေ့၊ ဒုက္ခ ဒုက္ခ နဲ့ ငြီးပြီးတော့ ဒီနားပဲ ငွေ့လည် ကြောင်ပတ် လုပ်နေတာ) ငြီးငွေ့တယ် ဆိုတာ ကျေနပ်စရာ၊ သာယာစရာ ရှာမတွေ့တော့ဘူးဆိုတာ ပြောတာပေါ့။ ကျေနပ်စရာ မရှိတော့ဘူးဆိုရင် ပစ်လိုက်ချင်တာပေါ့။

"**နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ**" ငြီးငွေ့လာသည့် အတွက်ကြောင့် အဲဒီ ရုပ်တရားပေါ်မှာ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တွေပေါ်မှာ မတွယ်တော့ဘူး။ အတိုချုပ်က ဝိပဿနာဉာဏ် အားလုံးကို ရည်ညွှန်းပြီးတော့ "**နိဗ္ဗိန္ဒတိ**" သင်္ခါရတွေ အပေါ်မှာ လုံးဝ ငြီးငွေ့သွားပြီ၊ သာယာမှုတွေ ရှာမတွေ့တော့ဘူး၊ သင်္ခါရ ကင်းသွားတဲ့ သင်္ခါရ မရှိတော့တဲ့ နေရာ ၊ သင်္ခါရတွေ ချုပ်ငြိမ်းသွားတဲ့ နေရာ သာလျှင် နှစ်သက်စရာ ကောင်းတယ် ဆိုတာကို တွေ့တယ်ပေါ့နော်။

အဲဒီတော့ "**နိဗ္ဗိန္ဒ**" သာယာမှုကို မတွေ့တဲ့ အခါ "**ဝိရဇ္ဇတိ**" မတွယ်တာတော့ဘူး။ တပ်မက်စိတ်တွေ မရှိတော့ဘူး။ အဲဒါက မဂ်စိတ်ပေါ်တာ ကိုပြောတာ။ "**နိဗ္ဗိန္ဒတိ**" က ဝိပဿနာဉာဏ် ရင့်သန်တာကိုပြောတာ။ "**ဝိရဇ္ဇတိ**" ဆိုတာ မဂ်အဆင့်ကို ပြောတာ။ "**ဝိရာဂါ ဝိမုစ္စတိ**" တပ်မက်မှုတွေ ကင်းသွားတဲ့အခါ ကျတော့ လွတ်မြောက်သွားတယ်။ ဖိုလ်စိတ်ဖြစ်တာကိုပြောတာ။ ဆိုလိုတာက ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသွားပြီတဲ့။ "**နိဗ္ဗိန္ဒတိ**" ဝိပဿနာဉာဏ်၊ "**ဝိရဇ္ဇတိ**" မဂ်၊ "**ဝိမုစ္စတိ**" ဖိုလ် ဒီဟာကိုပြောတာနော်။

"**ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ အဟောသိ**" ကိုယ်လွတ်တာကို လွတ်တယ်လို့ သိတဲ့ဉာဏ် ဖြစ်သွားတယ်။ လောက လူတွေက အလုပ်ကလေးတစ်ခု ပြီးသွားတဲ့ အခါမှာ Freedom ဖြစ်သွားပြီလို့ ပြောကြတယ်။ ဘယ်ဟုတ်မလဲ၊ ကြိုးတန်လန်းနဲ့ပဲ။ သားတွေ သမီးတွေနဲ့ လွတ်လက်သွားပြီလို့ ပြောကြတယ်လေ။ သားကလည်း စာမေးပွဲတွေ ပြီသွားလို့ ရာထူးတွေ ရပြီး သူ့ဟာသူ နေတယ်၊ သမီးကလည်း ဒီလိုပဲ။ အကုန်လွတ်လပ်သွားပြီ ဘယ်ဟုတ်မလဲ၊ တော်ကြာကျတော့ မြေးက ရောက်လာရော၊ မလွတ်လပ်ဘူးဆိုတာ ထင်ရှားတယ်ပေ့ါနော်။ စိတ်ရဲ့ လွတ်လပ်မှု ကိလေသာတွေ အညစ်အကြေးတွေက ကိုယ့်သန္တာန်မှာ ရှိနေသေးသမျှ ဘယ်တော့မှ လွတ်လပ်တယ်လို့ ပြောလို့မရဘူး။ **ဝိမုတ္တိ**ဆိုတဲ့ လွတ်လပ်မှုဟာ စိတ်ထဲက အတွယ်အတာတွေ အားလုံးလွတ်သွားတာမှ လွတ်လပ်တယ်လို့ ခေါ်တာ။ ပြင်ပက အလုပ်ကိစ္စတွေ ပြီးသွားတာကို လွတ်လပ်တယ်လို့ ခေါ်တာ မဟုတ်ဘူး။

အေး ကောင်းပြီ၊ အဲဒီလို ဖြစ်ပြီးတဲ့ အခါမှာ ဘာတွေကို ထပ်ပြီး သိလာတုန်းဆိုတော့ နောက်ဘဝ ငါမွေးစရာ မရှိတော့ဘူး။ ငါ့ရဲ့ ဇာတိတရားဟာ ကုန်သွားပြီ။ "**ဝုသိတံ ဗြဟ္မစရိယံ**" မြတ်သော အကျင့်ကိုလည်း ပြည့်ပြည့်စုံစုံ ကျင့်ပြီးသွားပြီ။ "**ကတံ ကရဏီယံ**" လုပ်စရာတွေကိုလည်း ငါလုပ်ပြီးသွားပြီ။ ရဟန္တာ ဖြစ်တော့မှ အလုပ်ဟာ ပြီးတာ။ ပုထုဇဉ်တွေဟာ ဘယ်တော့မှ အလုပ်မပြီးဘူးလို့ ဆိုလိုတယ်။ သောတာပန်တွေလည်း အလုပ်မပြီးသေးဘူး။ သကဒါဂါမ်တွေ၊ အနာဂါမ်တွေလည်း အလုပ်မပြီး သေးဘူး။ ရဟန္တာကျတော့မှ အလုပ်ပြီးတာ။

ဒါကြောင့် "**ကာလော ဃသတိ ဘူတာနိ**" ဆိုတဲ့ ဂါထာ လေးမှာ အချိန်ကလူတွေကို စားပစ်နေတယ်။ သတ္တဝါတွေကို စားရင်း သူ့ကိုယ်သူလည်း စားနေတယ်။ အချိန်က ကုန်သွားတာကိုး။ အဲရဟန္တာတွေကျတော့ အချိန်ကို စားပစ်လိုက်တာ။ သူ့မှာ အချိန်တွေ ပိုသွားပြီ။ လူတွေကျတော့ အချိန်ပိုတယ်လို့ မရှိဘူး။ ဘာဖြစ်လို့တုန်း ဆိုတော့ လုပ်စရာ တန်းလန်းနဲ့မို့၊ ဒါပေမယ့် လူတွေက ထင်တယ်။ ငါ့မှာ အချိန်တွေ ပိုနေပြီ၊ လုပ်စရာတွေ မရှိတော့ဘူး။ ငါ့မှာ အားနေတယ်၊ လွတ်လပ်နေတယ်လို့ ဒီလို ထင်တယ်။ မဟုတ်ဘူး၊ ရဟန္တာကမှ အချိန်တွေပိုတာ။

ပုထုဇဉ်တွေဟာ လုပ်စရာတန်းလန်းနဲ့ နေရတာ၊ မလုပ်သေးတာပဲ ဖြစ်တယ်။ ပျင်းတဲ့ သူဆို အမြဲတမ်းအချိန်တွေ ပိုနေတာပဲ။ အဲဒီတော့ ရဟန္တာပုဂ္ဂိုလ်ကျမှ အချိန်တွေကို အနိုင်ယူလိုက်တာပဲ။ သူ့မှာ လုပ်စရာတွေ အကုန်ပြီးသွားပြီ။ "ဘာမှ လုပ်စရာ မရှိတော့ဘူး"လို့ ဒီလိုသိမြင်လာတယ်။

မြတ်စွာဘုရားက **အနတ္တလက္ခဏသုတ်**မှာ ဝိပဿနာ ကျင့်စဉ်အနေနဲ့ ဒီလို ရှင်းပြလိုက်တဲ့အခါ၊ ဟောလိုက်တဲ့အခါမှာ ပဉ္စဝဂ္ဂီတွေရဲ့ စိတ်ဟာ တဏှာ အစွဲအလမ်းတွေ သူ့တို့ရဲ့ သန္တာန်မှာ (ဒိဋ္ဌိကတော့ ကျွတ်ခဲ့ပြီးသားပေ့ါနော် ) လုံးဝကင်းသွားပြီ။ အာသဝေါတရားတွေက စိတ်ကို လွှမ်းမိုး မထားနိုင်တော့ဘဲနဲ့ စိတ်ဟာ လုံးဝ စင်ကြယ်တဲ့ အဆင့်ကို ရောက်သွားတယ်။ လုံးဝ လွတ်လပ်သွားတယ်။

"**အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု**" ဆိုလိုတာက ရဟန္တာဖြစ်သွားကြပြီ၊ အဲဒီအခါ ကျတော့မှာနော်။



http://mmteashop.com

**အနတ္တလက္ခဏသုတ်**ကို နာရင်း ဝိပဿနာကျင့်စဉ်ကို တိုးမြှင့်ပြီး ကျင့်လိုက်ကြတာ ပဥ္စဝဂ္ဂီ ငါးဦးစလုံး တစ်ပြိုင်နက် ရဟန္တာဖြစ်သွားကြတယ်။

သောတာပန်ဖြစ်တုန်းကတော့ တစ်ရက်စီ တစ်ရက်စီ ဖြစ်ကြတယ်။ ရဟန္တာဖြစ်တဲ့ အခါကျတော့ တစ်ရက်တည်း၊ တစ်ချိန်တည်း ဖြစ်သွားတယ်။ အထက် ဝိပဿနာမှာ သွားပြီးတော့ တူကြတာ။ ရှင်သာရိပုတ္တနဲ့ ရှင်မောဂ္ဂလာန်တို့မှာ ရှင်သာရိပုတ္တက ရှင်အဿဇိရဲ့ တရားကို နာရလို့ သောတာပန်ဖြစ်တယ်။ ရှင်သာရိပုတ္တကနေ တဆင့် ဟောပြောလို့ ရှင်မောဂ္ဂလာန်က သောတာပန် ဖြစ်သွားတယ်။ တစ်ချိန်စီ သောတာပန် ဖြစ်ကြတယ်။ ဟော၊ နောက်ထပ် ဝိပဿနာ ကျင့်စဉ်တွေကို ကျင့်ကြတဲ့ အခါ ရှင်မောဂ္ဂလာန်က (၇)ရက်နဲ့ ရဟန္တာဖြစ်သွားတယ်။ ရှင်သာရိပုတ္တကျတော့ (၁၅) ရက်ကြာတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူက အသေးစိတ်လိုက်နေလို့။ "**အနုပဒ ဓမ္မ ဝိပဿနာ**" ရှင်သာရိပုတ္တရဲ့ ဝိပဿနာက အသေးစိတ်ရှုတယ်။ ဉာဏ်ကြီးတော့ အသိဉာဏ်နဲ့ ချဲ့ကားကြည့်တဲ့အခါ အချိန်ပိုကြာတယ်လို့ ဒီလိုဆိုလိုတာပေါ့နော်။ ရဟန္တာတော့ ဖြစ်ကြတယ်၊ တစ်ချိန်စီ ဖြစ်ကြတာပေါ့။

အဲဒီတော့ ပဥ္စဝဂ္ဂီ ငါးပါးက တစ်ရက်စီ တစ်ရက်စီ သောတာပန်ဖြစ်လာပေမယ့် **အနတ္တလက္ခဏသုတ်**ကို နာယူရတဲ့ အချိန်မှာ သကဒါဂါမ် ဖြစ်တယ်။ အနာဂါမ် ဖြစ်တယ်။ နောက်ဆုံးမှာ ရဟန္တာဖြစ်သွားကြတယ်။ အေး ဒါက **အနတ္တလက္ခဏသုတ်**ကို အနှစ်ချုပ်ကို ဟောကြားခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်ကောင်း ပရိသတ် အပေါင်းတို့သည် ဝိပဿနာ ကျင့်စဉ်တစ်ခုကို ကျင့်ကြံကြိုးကုတ် ကြိုးစားအားထုတ်ခြင်းဖြင့် ခန္ဓာငါးပါး အပေါ်မှာ "**နိဗ္ဗိန္ဒတိ**" ဆိုတဲ့ ဝိပဿနာဉာဏ် ရင့်သန်လာမယ်ဆိုရင် "**နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ**" မဂ် ဉာဏ်ကို ရကြမှာဖြစ်တယ်။ အဲဒီ မဂ်ဉာဏ်ကို ရပြီးရင် "**ဝိရာဂါ ဝိမုစ္စတိ**" ဆိုတဲ့ ဖိုလ်ဉာဏ်ကို ရကြမှာဖြစ်တယ်။ အဲဒီ ဖိုလ်ဉာဏ်ကို ရတဲ့ အခါကျတော့ လွတ်လပ်တယ်လို့ ကိုယ့်ကိုယ်ကို သိလာလိမ့်မယ်။ အဲဒီလို သိလာပြီးတဲ့အခါ ဘဝဆိုတာကို ဇာတိက အစ အဆုံးသတ်ပြီး လုပ်စရာရှိတာတွေ အကုန်လုပ်ပြီးပြီ၊ စိတ်လေးဟာ ကိလေဟာ အာသဝေါတွေကနေ လွတ်ကင်းသွားတဲ့ ပုဂ္ဂိုလ်အဖြစ် ရယူနိုင်ကြရအောင် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓု။**



http://mmteashop.com

myanmar tea shop
www.mmteashop.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://mmteashop.com